

မင်းသိင်္ခ
ထူးသော..ဝတ္ထုတိုများ



စာမူခွင့်ပြုအမှတ် (        )
မျက်နှာဖုံးခွင့်ပြုအမှတ် (        )
မျက်နှာဖုံးပန်းချီ - ကောင်းခံ
၁၉၉၅-ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - (၃၀)ကျပ်

ကွန်ပျူတာစာစီ
ဒီဇိုင်းလစ်ဆိုအော့ဖ်ဆက်
စာအုပ်ချုပ်
} ရန်ကုန်

စီစဉ်သူ
မနော်ဘဲ(လ်)နိုင်

[illegible]သူ ဦးချမ်းမြင့် (၀၁၈၄၉)
[illegible]စာပေ
အမှတ် - ၉၆၇၊ ပဒေသာရပ်၊
[illegible]ကြီးကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်[illegible]
ရိုက်နှိပ်သူ
ဒေါ်ကြင်လှန်ဘောင် (၀၃၅၂၉)
[illegible]
[illegible] လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၈၄၉၅၇

# မင်းသိခ

၏

# တူသောဝတ္ထုတိုများ

ဖြန့်ချိရေး [illegible]
အမှတ် ၁၅၄၊ ၃၃လမ်း၊
[illegible]
ရန်ကုန်စာအုပ်တိုက်ကြီး၊

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော [illegible] ငြိမ်ဝပ်ပိပြားမှုနှင့် [illegible] ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

စည်းကမ်းလိုက်နာ - ဘေးကင်းကွာ
စည်းကမ်းရှိမှ - တိုးတက်မည်
စည်းမျဉ်းလိုက်ညီ - ဘေးကင်းသည်

မင်းသိင်္ခ

ပဲခူးတစ်ခွင့်နှင့်တကွသောအိမ်မီးနားချ



# ဖဲထုပ်နှင့်တူသော အိမ်နီးနားချင်း

ဖဲထုပ်၏ မူလအစ၌ ဖဲချပ်ပေါင်း ခုနစ်ဆယ့်ရှစ်ချပ်ပါလေ၏။ ထို ဖဲခုနစ်ဆယ့်ရှစ်ချပ်တွင် မေဂျာဟု ခေါ်သော ဖဲချပ်ပေါင်း နှစ်ဆယ့်နှစ်ချပ်နှင့် မိုင်နာဟု ခေါ်သော ဖဲချပ်ပေါင်း ငါးဆယ့်ခြောက်ချပ် ပေါင်းစပ်ထားခြင်းပင် ဖြစ်၏။ မေဂျာ ဖဲချပ်နှစ်ဆယ့်နှစ်ချပ်မှာ ရုပ်ပုံကားချပ်များဖြစ်၏။ ထိုရုပ်ပုံများမှာလည်း မှော်ဆရာပုံ၊ ဘုရင်မပုံ၊ လူပျိုတော်ပုံ၊ စစ်ရထားပုံ၊ အရူးပုံ စသည်ဖြင့် နှစ်ဆယ့်နှစ်မျိုးသော ပုံတို့ဖြင့် ပြီး၏။

မိုင်နာဖဲချပ်ငါးဆယ့်ခြောက်ချပ်မှာမူ အုပ်စုအားဖြင့် လေးစုခွဲထား၏။ ထိုအုပ်စုလေးစုမှာ တုတ်အုပ်စု၊ ဓားအုပ်စု၊ ခွက်အုပ်စု၊





ကြယ်အုပ်စုဟူ၍ ဖြစ်၏။ တုတ်အုပ်စုတွင်လည်း တုတ်တစ်ချောင်း၊ တုတ်နှစ်ချောင်း၊ တုတ်သုံးချောင်းမှစ၍ တုတ်ဆယ်ချောင်းပါဝင်ပြီး တုတ်ဆယ်ချောင်း၏ အထက်တွင်မူ တုတ်မင်းစေဟူ၍ ရှိ၏။ ထိုတုတ်မင်းစေကို အင်္ဂလိပ်ဘာသာအားဖြင့် (Paga of Wands) ဟူ၍ ခေါ်၏။ ထိုတုတ်မင်းစေ၏ အထက်တွင်မူ တုတ်သူရဲကောင်း၊ တုတ်ဘုရင်မ၊ တုတ်ဘုရင် ဟူ၍ ရှိ၏။

ထို့အတူပင် ဓားအုပ်စုတွင်လည်း ဓားတစ်၊ ဓားနှစ်၊ ဓားသုံး၊ ဓားတစ်ဆယ်အထိရှိပြီး၊ ထိုအထက်တွင် ဓားမင်းစေ၊ ဓားသူရဲကောင်း၊ ဓားဘုရင်မ၊ ဓားဘုရင်ဟူ၍ ရှိပြန်လေ၏။

ထို့အတူ ခွက်အုပ်စုတွင်လည်း ခွက်တစ်မှ ခွက်တစ်ဆယ်အထိရှိပြီး၊ ခွက်မင်းစေ၊ ခွက်သူရဲကောင်း၊ ခွက်ဘုရင်မ၊ ခွက်ဘုရင်ဟူ၍ ရှိလေ၏။ ကြယ်၌လည်း ထိုနည်းလည်းကောင်းပင် ဖြစ်လေ၏။

ထိုဖဲချပ်တို့ကို ပြုလုပ်သောအခါ၌ အစဦးတွင် တိရစ္ဆာန်၏ သားရေများဖြင့် ပြုလုပ်ခဲ့ကြ၏။ ထိုဖဲချပ်တို့သည် အစဦးကာလက လောင်းကစားပြုလုပ်သူတို့၏ ကိရိယာမဟုတ်။ အနောက်တိုင်း ရှေးဦး ဂမ္ဘီရ ပညာရှင်များ အသုံးပြုခဲ့သော ဂမ္ဘီရအတတ်၏ ကိရိယာသာလျှင် ဖြစ်၏။ အနောက်တိုင်း ဂမ္ဘီရ ပညာကို 'ဩကာတစ်ဇင်း' ဟု ခေါ်၏။

ထိုပညာရှင်တို့သည် ၎င်းတို့၏ ပညာကို ကမ္ဘာတည်သရွေ့ တည်စိမ့်သောငှာ လက်ဆင့်ကမ်း သယ်ဆောင်မည့်သူတို့ကို ရှာဖွေရာ လောင်းကစားသမားတို့ကို တွေ့လေ၏။ ထိုပညာရှင်တို့၏ အယူအဆအရ လူ၏မူလစိတ်တွင် ယှဉ်ပြိုင်လိုစိတ်၊ လောဘစိတ်၊

ထိတ်လန့်ကြောက်ရွံ့လိုသောစိတ်၊ မနာလိုစိတ်၊ စသည်တို့သည် ကိန်းဝပ်နေသည်။ ထိုစိတ်တို့ကို တစ်ပြိုင်နက်တည်း ကွန့်မြူးနိုင်သော အရာမှာ လောင်းကစားခြင်းသာလျှင် ဖြစ်သည်ဟု အခိုင်အမာ ယုံကြည်ခဲ့ကြ၏။

ထို့ကြောင့် ၎င်းတို့၏ ပညာကို လောင်းကစားပညာအဖြစ် ဖန်တီးကာ ကမ္ဘာဦးလောင်းကစားသမားတို့၏ လက်သို့ဝကွက်၍ အပ်ခဲ့လေ၏။ ထိုသို့အပ်သောအခါ၌ တုတ်အုပ်စု ဖဲချပ်အား ညှင်းဖဲအဖြစ် ဖန်တီးလိုက်၏။ သို့ရာတွင် ညှင်းတစ်မှ ညှင်းတစ်ဆယ် အထိ ထားပြီး၊ တစ်ဆယ်၏ အထက်တွင် မင်းစေဖဲချပ်ကို ဖြုတ်ပစ်လိုက်၏။ မင်းစေ၏ အထက်တွင်ရှိသော သူရဲကောင်း ဖဲချပ်ကိုမူ ဂျက်ဖဲချပ်အဖြစ် ပြုလုပ်လိုက်၏။ ကျန်သောဘုရင်မနှင့် ဘုရင်ကိုမူ နဂိုအတိုင်းထားလိုက်၏။

ရှေးဟောင်း ဩကာတစ်ဇင်း ပညာရှင်များသည် တစ်မှ တစ်ဆယ်အထိကို တိုင်းသူပြည်သားဟု သဘောထား၏။ သူရဲကောင်း၊ ဘုရင်မနှင့် ဘုရင်ကိုမူ အုပ်ချုပ်သူများဟု သဘောထား၏။ တိုင်းသူပြည်သား ဖဲချပ်နှင့် အုပ်ချုပ်သူအကြား ဆက်စပ်ပေးသော ဖဲချပ်မှာ မင်းစေဖဲချပ်ဖြစ်၏၊ သို့ရာတွင် လောင်းကစားအဖြစ် ပုံပြောင်းလိုက်သောအခါ မင်းစေဖဲချပ်အား ဖြုတ်ပစ်လိုက်သည်ကိုမူ သတိပြုရန် လိုပေသည်။

အထက်က ဆိုခဲ့သည့်အတိုင်း တုတ်ဖဲကို ညှင်းဖဲအဖြစ် ပြုလုပ်လိုက်သကဲ့သို့ ဓားဖဲချပ်များကိုလည်း စပိတ် ဖဲချပ်များအဖြစ် ပြုလုပ်လိုက်၏။ ခွက်ဖဲချပ်များကိုလည်း ဟတ်ဖဲချပ်များအဖြစ်





ပြုလုပ်လိုက်၏။ ကြယ် ဖဲချပ်များကိုလည်း ဒိုင်းမွန်းဖဲချပ်များအဖြစ် ပြုလုပ်လိုက်၏။

ထို့အပြင် မေဂျာဖဲချပ်နှစ်ဆယ့်နှစ်ချပ်ကိုလည်း ထုတ်ပစ်လိုက်၏။ ထိုနှစ်ဆယ့်နှစ်ချပ် အနက်မှ (Foll) 'ဖူးလ်'ဟု ခေါ်သည့် အရူးဖဲချပ် တစ်ချပ်ကိုမူ ဂျိုကာဟု နာမည်ပြောင်းကာ လောင်းကစား ကိရိယာ ဖဲချပ်တစ်ချပ်၌ သွတ်သွင်းပေးလိုက်၏။ အုပ်စုလေးစု ခွဲထားသော တုတ်၊ ဓား၊ ခွက်၊ ကြယ်၊ သို့မဟုတ် ညှင်း၊ စပိတ်၊ ဟတ်၊ ဒိုင်းမွန်းဟူသော ဖဲချပ်တို့တွင် တိုင်းသူပြည်သား ဖဲချပ်လေးဆယ်နှင့် အုပ်ချုပ်သူ ဖဲချပ်ဆယ့်နှစ်ချပ်သာလျှင် ရှိတော့၏၊ တိုင်းသူပြည်သားနှင့် အုပ်ချုပ်သူအကြားတွင် ဆက်စပ်ပေးသော မင်းစေ ဖဲချပ်ကိုမူ ဖြုတ်ပစ်လိုက်၏။

အဘယ်ကြောင့် ထုတ်ပစ်ရသည်ကို 'ဩကာတစ်ဇင်း ပညာရှင်' တို့က ဤသို့ဆို၏။

ဘုရင်ဆိုသည်မှာ လာဘ်မစား၊ ထို့အတူ မိဖုရားကြီးလည်း လာဘ်မစား။ ထို့အတူ သူရဲကောင်းလည်း လာဘ်မစား၊ လာဘ်စား နိုင်သူမှာ ထိုသုံးဦးနှင့် တိုင်းသူပြည်သားအကြားတွင်ရှိသော မင်းစေ သာလျှင် ဖြစ်၏။ ထို့ကြောင့် ဖဲချပ်ကို တစ်မှတစ်ဆယ်အထိ ထားပြီး၊ တစ်ဆယ်အထက်တွင် ဂျက်၊ ကွင်း၊ ကင်း ဟူ၍သာ ထား သင့်သည်။ (Page) ပေ့ချ်ဟူသော မင်းကပ်စိုးမြှောင်ဖဲချပ်ကို မထား သင့်ဟု ယူဆကြ၏။

မူလ ဩကာတစ်ဇင်း ပညာ၏ ကိရိယာအဖြစ် သုံးစဉ်က ဖဲထုပ်တွင် (Page) ဖဲကို အသုံးပြုခဲ့သော်လည်း လောင်းကစား

ကိရိယာအဖြစ် သုံးသောအခါ၌ ထုတ်ပစ်လိုက်ခြင်းမှာ လာဘ်စားခြင်းသည် လောင်းကစားခြင်းထက် ဆိုးဝါးသည်ဟု ယူဆသည်ကလည်း တစ်ကြောင်း လောင်းကစားသမားသည် အရှုံးသဖြင့် တည်တံ့နိုင်သော်လည်း လာဘ်စားသူမှာမူ အရှုံးသဖြင့် မတည်တံ့နိုင်ဟု ယူဆသောကြောင့် ဖဲထုပ်မှ အပြီးအပိုင် ထုတ်ပစ်ခဲ့ခြင်းဖြစ်၏။

ရှေးဟောင်း ဩကာတစ်ဇင်းပညာရှင်တို့သည် သူတို့၏ပညာ၊ သူတို့၏အမွေဖြစ်သော ဖဲထုပ်ကို ကမ္ဘာတည်သရွေ့ တည်စိမ့်သောငှာ လာဘ်စားသူ၏ သဘောသရုပ်ပါသော မင်းကပ်စိုးမြှောင် ဖဲလေးချပ်ကို ထုတ်ပစ်ခဲ့သည်ဟု အဆိုရှိ၏။

၎င်းတို့ အယူအဆ မည်မျှမှန်သည်ကို မပြောနိုင်သော်လည်း ဖဲထုပ်ပေါ်ခဲ့သည်မှာမူ နှစ်ပေါင်းရှစ်ထောင်ကျော်လေပြီ၊ ဤမျှ သက်တမ်းရှည်ခြင်းမှာ လာဘ်စားသူလေးဦး ထုတ်ပစ်ခဲ့ခြင်းကြောင့် ဖြစ်တန်ရာသည်ဟု ယူဆလိုကလည်း ယူဆနိုင်၏။

ထိုသို့မဟုတ်လျှင်လည်း ယှဉ်ပြိုင်လိုစိတ်၊ လောဘစိတ်၊ ကြောက်ရွံ့ထိတ်လန့်စိတ်၊ မနာလိုစိတ်တို့သည် လူ၏ မူလစိတ်၌ တွယ်ကပ်နေသည်ဖြစ်ရာ ထိုစိတ်တို့ကို ကွန့်မြူးနိုင်သော လောင်းကစားခြင်းသည် လူ၏ သည်းခြေကြိုက်သော အရာတစ်ခုဖြစ်သောကြောင့် ဤမျှနှစ်ပေါင်းကြာအောင် တည်ခဲ့သည်ဟုလည်း ဆိုနိုင်၏။

မည်သို့ဖြစ်စေ၊ ဖဲထုပ်များသည် ခေတ်အဆက်ဆက် သူ့နည်းသူ့ဟန်နှင့် တည်ရှိနေ၏။ ကစားသူများလည်း ရှိနေကြ၏။ ထိုသူများ သေသွားလျှင်လည်း အသစ်သစ်သော ကစားသူများ ပေါ်ပေါက်လာဦးမည်ဖြစ်၏။





ဖဲကစားခြင်းကို လူတို့နှစ်သက်သည်မှာ ငွေကြောင့်ချည်းပဲ မဟုတ်။ ယှဉ်ပြိုင်ခွင့်ရခြင်း၊ ရင်တထိတ်ထိတ် အသည်းတအေးအေး ဖြစ်ရခြင်း၊ နိုင်ရင်တော့ ကော်တာပဲဟူသော မျှော်လင့်ချက် တိုက်အိမ်များ တည်ဆောက်နိုင်ခွင့်ရခြင်း၊ တစ်ဘက်လူနိုင်သွားသည်ကို မနာလိုကြောင်း ပြောင်ပြောင်တင်းတင်း ပြောခွင့် (သို့မဟုတ်) အမူအရာဖြင့် ပြခွင့်ရခြင်းစသော အခြင်းအရာတို့ကြောင့် ဖြစ်တန်ရာ၏။

ဖဲကစားသူတို့သည် ဒီအတိုင်း လှန်၍ကြည့်လျှင်လည်း ဒီဖဲချပ်၊ ပွတ်၍ကြည့်လျှင်လည်း ဒီဖဲချပ်ဟု သိလျက်နှင့်ပင် လှန်၍ကြည့်သူနည်း၏။ ပွတ်၍ကြည့်သူများ၏။ အဘယ်ကြောင့် ပွတ်ကြည့်သနည်း ဟူမူ တစ်ချက်တည်းလှန်၍ကြည့်ပါမူ အဖြေကို ချက်ချင်းသိရ၏။ ထိုသို့မကြည့်ဘဲ ပွတ်၍ကြည့်လျှင် အဖြေမှန်ကို မသိမီစပ်ကြား အမျိုးမျိုးအဖုံဖုံ ယူဆခွင့်ရှိ၏။ ထိုယူဆခွင့်သည် ဖဲသမား၏ အရသာများအနက် တစ်ခုသော အရသာဖြစ်၏။

ကျွန်ုပ်သည် ဖဲသမားတစ်ဦးဖြစ်၏။ ထို့ကြောင့် စစ်ကြိုခေတ်က နာမည်ကြီးခဲ့သော ပိတုန်းဖဲထုပ်၊ အေဝမ်းဖဲထုပ်၊ စစ်ပြီးခေတ်တွင် နာမည်ကြီးခဲ့သော ဂဏန်းသုံးလုံးတူ ဖဲထုပ်များ၊ သုံး သုံးလုံး၊ ကိုးသုံးလုံး၊ ရှစ်သုံးလုံး စသည့်ဖဲထုပ်များ၊ ကြောင်နက် တံဆိပ်ဖဲထုပ်၊ ကိုးရိုးကားရား အမျိုးသမီးပုံများဖြင့် တန်ဆာဆင်ထားသော ပလတ်စတစ်ဖဲထုပ်၊ နာရီတံဆိပ် ဖဲထုပ်စသည်ဖြင့် မြောက်မြားစွာသော ဖဲထုပ်တို့ကို ကစားခဲ့ဖူးပါသည်။

အချို့သောဖဲထုပ်များသည် လက်ထဲတွင် ကိုင်၍ ကုလားဖန်ထိုးလိုက်လျှင် ‘ရှမ်း’ခနဲ မြည်၏။ အချို့သော ဖဲထုပ်များမှာ ‘ချပ်ချပ်. . . ချပ် ချပ်’ မြည်၏။ အချို့သော ဖဲထုပ်မှာ လက်ထဲတွင်ကိုင်လိုက်လျှင် စီးစီးပိုင်ပိုင်ရှိ၏။ အချို့သော ဖဲထုပ်များမှာ ကိုင်လိုက်လျှင် ပေါ့ရွှတ်ရွှတ်ဖြစ်နေ၏။ ထို့ကြောင့် ဖဲချပ်မစေ့ဟု ထင်မှတ်ကာ ရေတွက်ကြည့်ရတတ်၏။ ထိုသို့ရေတွက်သောအခါတွင် ဖဲချပ်သည် စေ့ပါ၏။ သို့ရာတွင် ထိုဖဲတို့၏ သဘာဝက ပေါ့ရွှတ်ရွှတ်နိုင်ခြင်းသာလျှင် ဖြစ်၏။

အချို့သော ဖဲထုပ်များမှာ ကစားခံ၏။ တော်တော်နှင့် မနွမ်းပေ။ အချို့သော ဖဲထုပ်များမှာမူ အကစားမခံပေ။ တစ်လှည့်နှစ်လှည့် ကစားလိုက်သည်နှင့်ပင် ဖွတ်ဖွတ်ညက်ညက် ကြေသွား၏။

ကျွန်ုပ်ဆိုလိုသည်မှာ ဖဲထုပ်တို့တွင် အမျိုးမျိုးအဖုံဖုံသော သဘာဝတို့သည် ရှိကုန်၏ဟု ဆိုလိုခြင်းဖြစ်၏။ ထိုအကြောင်းကို လူတိုင်း လက်ခံနိုင်မည် မဟုတ်ပေ။ ဖဲကစားဖူးသော ဖဲသမားတို့သာလျှင် လက်ခံပေလိမ့်မည်။

ထို့အတူ ကျွန်ုပ်၌လည်း အိမ်နီးချင်းများသည် ရှိ၏။ ထိုအိမ်နီးချင်းတို့သည်လည်း သဘာဝအမျိုးမျိုး ရှိကြကုန်၏။ တစ်ဦးနှင့်တစ်ဦး မတူကြပေ၊ ထိုအကြောင်းကို မြို့ထဲတိုက်ခန်းများတွင် နေသူများသည် သိနိုင်မည်မဟုတ်။ များသောအားဖြင့် ထိုတိုက်ခန်းများတွင် နေသူများသည် မိမိအခန်းဘေးတွင် နေသူသည် မည်သည့်အသက်မွေးဝမ်းကျောင်းဖြင့် အသက်မွေးသည်ကိုပင် အချို့သည် မသိနိုင်ကြ၊ ကိုယ့်အခန်းကိုယ်နေ၊ သွားစရာရှိလျှင် ကိုယ်အခန်းကိုယ်ပိတ်၍ ထွက်သွားကြ၏။





ထို့ကြောင့် အခန်းချင်းကပ်လျက် အနှစ်နှစ်ဆယ် နေခဲ့ကြသော်လည်း တစ်ဦးကိုတစ်ဦး နှုတ်မဆက်ဖြစ်ဘဲ နေခဲ့ကြသည်လည်း ရှိ၏၊ ထို့ကြောင့် ထိုနေရာမျိုး၌ အိမ်နီးချင်းဟူသော စကားသည် တိတိကျကျ အကျုံးမဝင်လှချေ။ ရပ်ကွက်ထဲတွင် အိမ်ငှား၍ဖြစ်စေ၊ အိမ်ဝယ်၍ဖြစ်စေ၊ အိမ်ဆောက်၍ဖြစ်စေ နေသူများ၌ကား အိမ်နီးချင်းဟူသည် ရှိ၏။

ကျွန်ုပ်သည် ရပ်ကွက်တစ်ခုအတွင်း၌ နေခဲ့၏။ ထို့ကြောင့် အိမ်နီးချင်းများ ရှိခဲ့၏။ ထိုအိမ်နီးချင်းတို့သည် သဘာဝအမျိုးမျိုး ရှိကြ၏။ အချို့ကို ပေါင်းရသည်မှာ စီးစီးပိုင်ပိုင် ရှိကြ၏။ အချို့မှာ ပေါ့ရွှတ်ရွှတ်နိုင်၏။ အချို့မှာ တစ်ခါဆက်ဆံလိုက်သည်နှင့်ပင် ဆယ်ခါလန်၍သွား၏။ ထို့ကြောင့် ထိုအိမ်နီးချင်းများသည် ကျွန်ုပ်ကစားဖူးသော ဖဲထုပ်များနှင့် တူ၏ဟု ကျွန်ုပ်ကဆိုရခြင်း ဖြစ်၏။

❑ ❑ ❑ ❑ ❑

ကျွန်ုပ်၏ အမည်မှာ ဘသိန်းဖြစ်၏။ ကျွန်ုပ်သည် ရန်ကုန်မြို့ရှိ ဈေးတစ်ဈေးတွင် အုန်းသီး၊ ငှက်ပျောသီး ရောင်းသောအလုပ်ဖြင့် အသက်မွေး၏၊ သို့ရာတွင် ကျွန်ုပ်တို့၏ ဈေးမှာ နံနက် ခုနစ်နာရီမှ ဆယ့်တစ်နာရီခန့်သာလျှင် လူစည်ကား၏။ ဆယ့်နှစ်နာရီကျော်သည်မှ ဈေးပိတ်သည်အထိ လွန်စွာလူပါးလေ၏။

ထို့ကြောင့် ကျွန်ုပ်တို့ဈေးသူဈေးသားများသည် ဆယ့်နှစ်နာရီကျော် သည်နှင့် “အိပ်ချိန်”ဟု တစ်ဦးကို တစ်ဦး လှမ်း၍နောက် တတ်ကြ၏။ အမှန်တကယ်လည်း အချို့သော ဈေးသည်များသည် အိပ်ကြ

၏၊ အချို့သည် လူစု၍ လက်ဖက်စားခြင်း၊ ဖျင်းသုတ်စားခြင်း၊ စကားပြောခြင်း၊ ကျားထိုးခြင်းများကို ပြုလုပ်ကြ၏။

မျက်စိလည် လမ်းမှား၍ ဝယ်သူတစ်ဦးတစ်လေ လာလျှင်မူ ထ၍ ရောင်းကြ၏။ ထို့နောက် အိပ်သူပြန်အိပ်၏။ စားသူပြန်၍စား၏။ ကျားထိုးသူပြန်၍ ထိုး၏။

ကျွန်ုပ်သည် ဆယ့်နှစ်နာရီထိုးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ဆိုင်ကို မူတူးဟုခေါ်သော ကုလားလေးဖြင့်လွှဲကာ ကျွန်ုပ်မှာမူ အချိန်းအချက်ရှိသော ဖဲဝိုင်းများသို့ သွားလေတော့၏။ ဖဲဝိုင်းစောစောပြီးလျှင်လည်း ဆိုင်သို့မသွားတော့ဘဲ အိမ်သို့သာ ပြန်လာ၏။

ကုလားလေး မူတူးက အချိန်တန်လျှင် ဆိုင်သိမ်း၍ ကျွန်ုပ်ထံသို့ ရောက်လာမြဲဖြစ်၏။

အကြောင်း အမျိုးမျိုးကြောင့် ဖဲဝိုင်းများမရှိသည်မှာ ကြာပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည်လည်း ဆယ့်နှစ်နာရီထိုးသည်နှင့် ဈေးမှ အိမ်သို့သာ တိုက်ရိုက်ပြန်လာတတ်၏။ အိမ်၌ အနေများလာသောအခါ အိမ်နီးချင်းများကို သတိပြုမိလာ၏။

ဤသို့ သတိပြုမိလာသည်ဟု ဆိုသောကြောင့် ယခင်က သတိမပြုသလောဟု ဆိုဖွယ်ရာရှိ၏။ အမှန်စင်စစ် ကျွန်ုပ်၏ အိမ်နီးချင်းများသည် လူသစ်များဖြစ်၏။

ယခင်က လူဟောင်းများ မရှိကြတော့ပေ၊ အားလုံးလိုလို ပြောင်းသွား ကြပြီဖြစ်၏၊ ဈေးကောင်းရသောကြောင့် မိမိတို့၏ အိမ်များ မြေများကို ရောင်းချကာ မြို့စွန် ဆင်ခြေဖုံးများဆီသို့ ပြောင်းရွှေ့ သွားကြပြီ ဖြစ်၏။





ယခု ဆက်ဆံရသည်မှာ လူသစ်များဖြစ်၏။ မျက်နှာချင်းဆိုင်တည့်တည့်အိမ်မှ ကျွန်ုပ်၏မိတ်ဆွေ ကိုဝကြီးဆိုသူမှာ မရှိတော့ပြီ။ ၎င်း၏ အိမ်ဟောင်းကြီးကို တခြားလူတစ်ယောက်က လာ၍ဝယ်သဖြင့် ၎င်းက မြို့စွန်သို့ ပြောင်းသွားပြီဖြစ်၏။ ထိုအိမ်ကို လာ၍ ဝယ်သူမှာလည်းကိုဝကြီးကဲ့သို့ပင် လူဝကြီးတစ်ဦးဖြစ်၏။ သို့ရာတွင် ထိုသူသည် ကိုဝကြီးထက် အရပ်မြင့်၏။ ကိုဝကြီးသည် ဥပမိရုပ်ကောင်း၏။ ထို့ပြင် ကိုဝကြီးထက်ငွေကြေး တတ်နိုင်၏။

သူသည် ကိုဝကြီး၏ အိမ်ဟောင်းကြီးကို ဝယ်ကာ ဖျက်ချပြီး တိုက် ဆောက်၏။ ၎င်း၏တိုက်မှာ လွန်စွာလှပ၏။ ထိုတိုက်ကို 'ပုလဲ ဂေဟာ'ဟု ထိုသူက အမည်ပေးကာ ဆိုင်းဘုတ်ကလေးတစ်ခု ချိတ်ဆွဲထား၏။

ထိုသူသည် အိမ်ဆောက်ပြီးသောအခါ၌ မိသားစုနှင့်အတူ ပြောင်းရွှေ့လာ၏။ ပြောင်းရွှေ့လာပြီး များမကြာမီ၌ပင် အိမ်တက်မင်္ဂလာလုပ်၏။ ထိုအိမ်တက်မင်္ဂလာပွဲသို့ ထိုသူ၏မိတ်ဆွေ အမြောက်အမြားသည် အမျိုးမျိုးအဖုံဖုံသော မော်တော်ကားများဖြင့် ရောက်၍ လာ၏။

ကျွန်ုပ်အပါအဝင် ရပ်ကွက်တွင်းမှ လူများကိုလည်း ထိုအိမ်တက်မင်္ဂလာသို့ ဖိတ်ကြားသဖြင့် ကျွန်ုပ်တို့လည်း ရောက်ရှိသွား၏။ ထိုသူသည် ကားများဖြင့် ရောက်လာသော သူ၏မိတ်ဆွေများကို ဦးစားပေး၍ တည်ခင်းဧည့်ခံ၏။ ကျွန်ုပ်အပါအဝင် ရပ်ကွက်သူ ရပ်ကွက်သားများကိုမူ ကောင်းမွန်စွာလည်း ဧည့်မခံ။ ကျွေးမွေးခြင်းလည်း မပြုသောကြောင့် ထိုသူသည် ကျွန်ုပ်တို့အား မကောင်းတတ်၍

သာ ဖိတ်ကြားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့နှင့် မိတ်ဆွေဖြစ်လိုပုံမရကြောင်း အားလုံးလိုလိုက ရိပ်မိကြ၏။ ထိုသူနှင့် သူ၏မိတ်ဆွေများသည် အော်ကြီးဟစ်ကျယ် ပြောဆိုကြ၏။ ရယ်မောကြ၏၊ နောက်ပြောင်ကြ၏။ ကျွန်ုပ်အပါအဝင် ရပ်ကွက်သူ ရပ်ကွက်သားများမှာမူ ပါးစပ်အဟောင်းသားဖြင့် ငေး၍ကြည့်နေကြရ၏။

သူတို့အချင်းချင်း ပွဲကျသော ပြက်လုံးများမှာလည်း ကျွန်ုပ်တို့နှင့် ပတ်သက်ခြင်း မရှိသောကြောင့် ရယ်၍လည်းမဖြစ်၊ မရယ်ဘဲငုတ်တုတ်ကြီး ကြောင်အမ်းအမ်းနှင့် ထိုင်နေရသည်မှာ လည်းခက်လှတော့၏။

ထိုသူသည် ပုလဲနှင့်ငါး ဌာနမှ အရာရှိဟု သိရ၏ ကျွန်ုပ်၏မျက်စိထဲတွင်မူ ထိုသူသည် ပုလဲနှင့်မတူ၊ ငါးနှင့်သာ တူနေ၏ငါးမှာလည်း ငါပုတင်းနှင့်သာ တူနေ၏။ ဖောင်းကားသော သူ၏ဗိုက်ကြီးမှာ အတော်စားထားကြောင်း ဖော်ပြနေ၏။ ရပ်ကွက်တွင်းမှသူများသည် အလျှိုလျှို ထ၍ပြန်သွားကြ၏။ ကျွန်ုပ်နှင့် ကိုမြစိန်ဆိုသောသူနှစ်ဦးသာ ကျန်ရစ်ခဲ့၏။ ၎င်းကိုမြစိန်က ကျွန်ုပ်အား. .

"မပြန်နဲ့ဗျာ၊ စားသောက်ပြီးမှကို ပယ်ပယ်နယ်နယ်ပြောပြီးမှ ပြန်မယ်" ဟု ပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့နှစ်ဦးသည် စိတ်ရှည်ရှည်ဖြင့် စောင့်ခဲ့ရာ ဧည့်သည်များ အတော်အတန် ရှင်းသွားသောအခါ ထိုသူက. .

"ဟော့. . ဒီမှာ ဧည့်သည်နှစ်ယောက်ဟော့၊ မုန့်နှစ်ပန်းကန်ပြင်ပါဦးဟ" ဟု နောက်ဘက်သို့လှမ်း၍ ပြောလိုက်လေ၏။





များမကြာမီ၌ပင် မုန့်ဟင်းခါး နှစ်ပန်းကန်ရောက်လာ၏။ သို့ရာတွင် အကြော်များ မပါတော့ပေ။ ကျွန်ုပ်နှင့် ကိုမြစိန်သည် မုန့်ဟင်းခါးကို စားကြ၏။ ထိုအခါ ထိုသူက. .

"တစ်လမ်းလုံး ဖိတ်ထားတာပဲ၊ မလာကြသေးပါလား" ဟု ကျွန်ုပ်တို့အား မေးသလိုလို ပြောသလိုလို စကားဖြင့် စတင်နှုတ်ခွန်းဆက်လေတော့၏။ ထိုအခါ ကိုမြစိန်က. .

"လာကြပါတယ်ဗျာ၊ အိမ်စေ့တက်စေ့လာကြပါတယ်၊ မော်တော်ကားနဲ့ လာတဲ့ဧည့်သည်တွေကို ဦးစားပေးစောင့်ရင်းနဲ့ပဲ နောက်ဆုံးမှာ မစောင့်နိုင်လို့ပြန်သွားကြတယ်။ မိတ်ဆွေကြီးမကြားလို့ပါ၊ အပြင်မှာ ကမ္ဘာမကျေသီချင်းတောင် ဆိုသွားကြသေးတယ်"ဟု နောက်တီးနောက်တောက် လေသံဖြင့် ပြောလိုက်၏။ ထိုအခါ ထိုသူသည် မျက်နှာတစ်ချက် ပျက်သွား၏။ ထို့နောက်မှ ငါးပုတင်းနှင့်တူသော ထိုသူသည် ကျွန္ဒြေဆည်လိုက်လေ၏။ ထို့နောက် ထိုသူက

"ဟုတ်မှာပါဗျာ၊ ကျုပ်ကလဲ ရုံးကမိတ်ဆွေတွေ၊ ဌာနဆိုင်ရာကလူတွေမလစ်ဟင်းအောင် ဧည့်ခံနေရတာယ်ဗျာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ကိုမြစိန်က. . .

"ပြန်သွားတဲ့ လူတွေကလဲ မိတ်ဆွေကြီးကို မှာသွားပါတယ်။ သူတို့အတွက် အားမနာပါနဲ့တဲ့၊ သူတို့အစား ကျွန်တော်တို့ နှစ်ယောက်ကို ထားခဲ့ပါတယ်တဲ့၊ ကျွန်တော်တို့နှစ်ယောက်ကိုပဲ အကြော်တွေဘာတွေနဲ့ ကျကျနနကျွေးလိုက်ပါတဲ့" ဟု ပြောလိုက်လျှင် ထိုသူသည် ကျွန်ုပ်တို့၏ စားပွဲကိုဂရုတစိုက်ကြည့်လိုက်ရာ အကြော်မပါကြောင်းတွေ့ရှိသွားလေ၏။ ထိုအခါ နောက်သို့ လှည့်ကာ. .

"ဟော့.. ဒီမှာ အကြော်တွေဘာတွေ လာချပေးလေ" ဟု ပြောလိုက်မှပင် ပဲကြော်တစ်ချပ်နှင့် တစ်ခြမ်းလောက်ကို ခြေ၍ထားသော ပန်းကန်ကလေး ရောက်ရှိလာလေ၏။

ထိုသူသည် ကျွန်ုပ်တို့အနီးတွင် ဝင်၍ထိုင်လိုက်၏။ထို့နောက် ထိုသူက. . .

"ဒီရပ်ကွက်ကလေး အေးအေးချမ်းချမ်း ရှိတယ်ဆိုပြီး ပြောင်းလာတာ၊ တစ်ခုတော့ရှိတယ်၊ ဒီမှာက အစိုးရဝန်ထမ်းနည်းတယ်နော်၊ ပျံကျလုပ်စားတဲ့လူတွေ များတယ်နဲ့တူတယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ ကိုမြစိန်က. .

"မှန်ပါတယ် ခင်ဗျား၊ ဟောဒီလူကြီးက ကိုဘသိန်းတဲ့၊ ဈေးထဲမှာ အုန်းသီး၊ ငှက်ပျောသီးရောင်းတယ်၊ ကျွန်တော်ကလဲ ဟောဒီ ဈေးထဲက ယောကျ်ားငါးစိမ်းသည် ပါပဲ။ ငါးလုပ်ငန်းပေါ့ဗျာ၊ ပုလဲတော့မပါဘူး။ မိတ်ဆွေကြီးနဲ့ ကျုပ်နဲ့က လုပ်ငန်းတစ်ဝက်တူပါတယ်၊ မိတ်ဆွေကြီးက ပုလဲနဲ့ငါးလုပ်ငန်း ကျုပ်က ရိုးရိုးငါးလုပ်ငန်း ဟဲ. . ဟဲ. . မနှစ်တုန်းက ကျုပ်လဲအိမ်ပြင်ဆောက်တယ်။ ကျုပ်အိမ်ကိုတော့ 'ငါးဂေဟာ'လို့ နာမည်ပေးထားတယ်" ဟု ပြောလိုက်လေ၏။ ထိုသူသည် စိတ်အညစ်ကြီး ညစ်နေပုံရ၏။ ထို့နောက် ကျွန်ုပ်ဘက်သို့ လှည့်ကာ. .

"ခုခေတ်မှာကတော့ ပွဲတော်တော်ထိုးကြတယ်ဗျ။ ခင်ဗျားကတော့ အရောင်းအဝယ် ကောင်းမှာပဲနော်" ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က ပြောမည်ဟန်ပြင်စဉ်၌ပင် ကိုမြစိန်က. .





"သိပ်ပြီး အရောင်းအဝယ် ကောင်းတာပေါ့ဗျာ၊ အခုခေတ်မှာ လူတွေကလဲ ဘာတွေဖြစ်ကုန်တယ်မသိဘူး။ အိမ်တိုင်းလိုလို ကန်တော့ပွဲတွေနဲ့ဗျ"ဟု ကြားဖြတ်၍ အဖြေပေးလိုက်လေ၏။

ထိုအခါ ငါးပုတင်းနှင့်တူသော ထိုသူက. .

"မြန်မာပြည်မှာ ကျုပ်လိုလူချည်းပဲဆိုရင်တော့ မိတ်ဆွေကြီးရဲ့ ငှက်ပျောသီးအုန်းသီးဆိုင်တွေ ပိတ်ထားရလိမ့်မယ်နဲ့ တူတယ်"ဟု သူသည် အယုံအကြည် မရှိကြောင်း ကြေညာလိုက်လေ၏။ ထိုအခါ ကိုမြစိန်က. .

"ဟုတ်ပါလိမ့်မယ်ဗျာ။ ဒါပေမယ့် လူတော်တော်များများက မိတ်ဆွေကြီးလို မဟုတ်ဘူးဗျ။ ဟိုအတွက်ပူရ၊ ဒီအတွက်ပူရနဲ့၊ ပူရပါ များလာတော့ အားငယ်လာကြတယ်၊ အဲဒီလို အားငယ်လာတော့ အားကိုးရှာကြတယ်။ အားကိုးရှာတော့ ဟိုနတ် မ,နိုးနိုး၊ ဟိုဘိုးတော် မ,နိုးနိုးနဲ့ ပွဲထိုးကြတာပေါ့။ ရိုးရိုးသားသား ယုံကြည်လို့ ကန်တော့ပွဲထိုးတဲ့ လူကိုတော့ အပြစ်မပြောပါဘူးဗျာ။ ဒါပေမယ့် ဘဝမှာ အကျပ်အတည်းတွေ့လို့ အားကိုးရှာတဲ့ သဘောနဲ့ နတ်မ,နိုးနိုး၊ ဘိုးတော် မ,နိုးနိုးနဲ့ ကန်တော့ပွဲထိုးတဲ့ လူတွေကိုတော့ သနားမိတယ်ဗျာ၊ မရှိရတဲ့ကြားထဲ ကန်တော့ပွဲဖိုးက ကုန်ရဦးမယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ငါးပုတင်းနှင့်တူသောသူက. .

"ခင်ဗျားတို့ နှစ်ယောက်တော့ မပါပါဘူးဗျာ၊ ခင်ဗျားတို့ရပ်ကွက်က လူတွေဟာ နဲနဲလေးတော့ ကျုပ်တို့နဲ့ စရိုက်ချင်းကွာတယ်။ တကယ်ဆိုရင်ဗျာ ကိုယ်က ဒီရပ်ကွက်ထဲ နေတာပဲ၊ အိမ်ရှင်ပေါ့၊ တခြားက ကားနဲ့လာတဲ့ လူတွေက ဧည့်သည်ပေါ့ဗျာ၊

အိမ်ရှင်က ဧည့်သည်ကို ဦးစားပေးရမှာပေါ့။ ဒီလို သဘောမထားဘဲ ဧည့်သည်ကို ဦးစားပေးရမလားဆိုပြီး ပြန်သွားကြတာကတော့ ရိုင်းတာပေါ့”ဟု ပြောလေ၏။

ထိုအခါ၌ ကျွန်ုပ်တို့လည်း မုန့်ဟင်းခါးစား၍ ပြီးပြီဖြစ်ရာ နေရာမှ ထကြ၏။ ကိုမြစိန်က. .

“ဒီမှာ မိတ်ဆွေကြီး၊ ဒီရပ်ကွက်က တစ်မျိုးဗျ၊ အဲဒီလို အဆင်မပြေ ဖြစ်ပြီးရင် အသုဘကျရင် လိုက်မပို့ကြဘူး။ အဲဒီတော့ မိတ်ဆွေကြီးတို့အိမ်မှာ အဲဒီလို ကိစ္စများ ကြုံရင်တော့ လိုက်ပို့ကြမှာ မဟုတ်ဘူး။ မော်တော်ကားနဲ့ ဧည့်သည်တွေကိုပဲ ကြိုကြိုတင်တင် မှာထားပေတော့”ဟု ဆို၍ အိမ်ပေါ်မှ ဆင်းခဲ့ကြလေ၏။

ထိုအချိန်မှစ၍ ငါးပူတင်းနှင့်တူသော ထိုသူသည် မည်သည့် အလှူအတန်း လုပ်သည်ဖြစ်စေ၊ ကျွန်ုပ်တို့ ရပ်ကွက်တွင်းမှ လူများ အား ဖိတ်ကြားခြင်း မရှိတော့ပေ။ ၎င်း၏ ကားနှင့် မိတ်ဆွေများကို သာ ဖိတ်ကြား၏။ ရပ်ကွက်တွင်းမှ လူများကို ဆေးဖော်ကြောဖက် မျှပင် မလုပ်တော့ပေ။

တိုက်ဆိုင်၍လား မဆိုနိုင်ပေ၊ များမကြာမီ၌ပင် ထိုသူ၏ ယောက္ခမကြီး ကွယ်လွန်လေ၏။ ထိုသူ၏ မော်တော်ကားနှင့် မိတ်ဆွေများသည် လာရောက် မေးမြန်းကြ၏။ သို့ရာတွင် ဖင်ပူအောင် ပင် မထိုင်ကြ၊ ပြန်သွားကြပြီ ဖြစ်၏။

ရပ်ကွက်မှ လူများလည်း လာရောက်မေးမြန်းဖော်ပင် မရ၊ ထို့ကြောင့် အသုဘအိမ်မှာ အလောင်းနှင့် အိမ်သားများသာ ရှိလေ၏။ အပြင်လူဆို၍ ကျွန်ုပ်နှင့် ကိုမြစိန်သာ ရှိ၏။ ကျွန်ုပ်နှင့် ကိုမြစိန် သည် ကွာစိကို တဖြောက်ဖြောက်ဝါးရင်း စကားစမြည် ပြောနေကြ၏။





ညဥ့်နက်ပိုင်းသို့ ရောက်သောအခါ၌ ကျွန်ုပ်က ချမ်းအေးလွန်း သဖြင့် အိမ်သို့ ပြန်လေ၏။ ကိုမြစိန်သာလျှင် ကွာစိ တစ်ပန်းကန် နှင့် ကျန်နေခဲ့၏။ ကိုမြစိန်သည် ငါးပူတင်းနှင့် တစ်ညလုံး စကား ပြောနေ၏။ နံနက်မိုးလင်းသောအခါ ကျွန်ုပ်နှင့် ကိုမြစိန်သည် လက်ဖက်ရည်ဆိုင်တွင် ဆုံလေ၏။

“ဘယ်လိုလဲဗျ၊ ခင်ဗျား ညက မိုးအလင်းပဲလား” ဟု ကျွန်ုပ် ကမေးလိုက်ရာ ကိုမြစိန်

“မိုးလင်းတာပေါ့ဗျာ၊ အခုမှကို အသုဘအိမ်က ထပြီးပြန်လာ ခဲ့တာ၊ အိမ်တောင် မရောက်သေးဘူး။ ညက တစ်ညလုံး ဟိုလူကို လိမ္မာရေးခြားရှိအောင် ဆုံးမနေရတာယ်။ ဒီလူဟာလောကအကြောင်း ဘာတစ်ခုမှ မသိဘူးဗျ၊ သနားစရာ အတော်ကောင်းတဲ့လူ” ဟု ပြောလေ၏

“သူက လောကအကြောင်း မသိတော့ ဘာအကြောင်းတွေ သိလဲ ကိုမြစိန်ရဲ့”ဟု ကျွန်ုပ်က မေးလိုက်လေ၏၊ ထိုအခါ ကိုမြစိန် က လက်ဖက်ရည်ကို အပြီးသတ် မော့သောက်လိုက်ရင်း. .

“ဒီလူ မော်တော်ကားအကြောင်း၊ တိုက်အိမ်တွေအကြောင်း၊ အဖိုးတန်တဲ့ ခြံကြီးတွေအကြောင်း၊ နောက်တစ်ခေါက် နိုင်ငံခြားကို ဘယ်ပုံဘယ်နည်း သွားရမယ့်အကြောင်းတော့ ကောင်းကောင်း သိတယ်ဗျ” ဟု ပြောလေ၏။

“သူသိတာတွေက သူ့ဘဝအတွက် လုံလောက်သားပဲဗျ”ဟု ကျွန်ုပ်က ဝင်၍ ပြောလိုက်လေ၏။

“အဲဒါ အရေးမကြီးဘူးဗျ၊ ဒီလူကလဲ ဘာမှ မလုပ်တတ်ဘူး၊ ယောက်ျားဆိုလို့ ကျုပ်နဲ့သူ နှစ်ယောက်တည်း ရှိတာ၊နေ့လယ်လောက်မှာ ခေါင်းဝယ်ပြီး သူ့ယောက္ခမကို ခေါင်းထဲထည့်ဖို့ကိစ္စ ရှိသေးတယ်၊ သူကလဲ မသာဆိုရင် အလွန်ရွံ့ဆိုပဲဗျ၊ ကျုပ်တစ်ယောက်တည်းတော့ ဒုက္ခပါပဲဗျာ။ အဲဒါကြောင့် ခင်ဗျားကို အကူအညီ တောင်းမလို့၊ ခင်ဗျားက ဖဲသမားဆိုတော့ ဒါမျိုးတွေနဲ့ ရင်းနှီးမှာပေါ့”ဟု ကိုမြစိန်က ပြောလေ၏။

“တောက်တီးတောက်တဲ့ဗျာ။ ကျုပ်က သိပ်ပြီး ကြောက်တတ်တာဗျ၊ ပြီးတော့ ကျုပ်က ဖဲသမားဆိုပေမယ့် မသာအိမ်မှာ ရိုက်တဲ့ ဖဲသမားမျိုး မဟုတ်ဘူးဗျ” ဟု ကျွန်ုပ်က ပစ်ပစ်ခါခါ ငြင်းဆိုလိုက်လေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်သည် ကိုမြစိန်နှင့် လမ်းခွဲခဲ့လေ၏၊ ကိုမြစိန်သာ ထိုအသုဘအိမ်၌ ရက်လည်သည်အထိ ဝိုင်း၍ လုပ်ကိုင်ပေးနေကြောင်း တွေ့ရလေ၏။ သို့ရာတွင် ငါးပူတင်း၏ ယောက္ခမအလောင်းကိုမူ ခေါင်းအတွင်းသို့ မည်သို့မည်ပုံ သွင်းလိုက်သည်ကိုမူ ကျွန်ုပ်အနေဖြင့် မမေးဖြစ်ခဲ့ပါ။

ကျွန်ုပ်သည် ထိုအဘွားကြီး ရက်လည်သောနေ့၌ ရက်လည်ဆွမ်းသွပ်ကို သွား၍ စားသောက်ပြီးနောက် ငါးပူတင်းနှင့်တူသော အိမ်သို့ မသွားဖြစ်တော့ပါ။ ထိုသူကိုလည်း ကျွန်ုပ်သည် မိတ်ဆွေ မဖြစ်လိုပါ၊ ထိုသူသည် အပေါစား ဖဲထုပ်နှင့် တူ၏။

အပေါစား ဖဲထုပ်သည် တစ်ဝိုင်းလောက် ကစားသည်နှင့် ဖွတ်ဖွတ်ညက်ညက် ကျေလေ၏။ ထိုသူသည်လည်း တစ်ခါ ဆက်ဆံ





သည်နှင့် ဆယ်ခါလန်၍ သွားလောက်အောင် အိမ်နီးချင်းမျိုးဖြစ်ပေသည်တကား။

❑ ❑ ❑ ❑ ❑

## ဒုတိယအိမ်နီးချင်း

ဒုတိယအိမ်နီးချင်း အကြောင်းကို ပြောရန် လိုပါသည်။ထို အိမ်နီးချင်းသည် ကျွန်ုပ်အိမ်၏ မျက်စောင်းထိုးအိမ်တွင် နေ၏။ သူသည် လွန်စွာ ကုတ်ချောင်းချောင်းနိုင်သော လူတစ်ဦး ဖြစ်၏။ သူ့ထက်ပို၍ စိတ်ဝင်စားစရာ ကောင်းသော သူမှာ သူ၏ မိန်းမပင် ဖြစ်၏။ ထိုမိန်းမသည် အရပ်အမောင်းကောင်း၏၊ ပေါင်လုံးကြီးများ ကြီး၏။ ထိုပေါင်လုံးကြီးများနှင့်အတူ အခြားသော ကိုယ်ခန္ဓာ အစိတ်အပိုင်းများလည်း ကြီးလှ၏။ လမ်းလျှောက်သောအခါ ခြေတံကို ပစ်၍ပစ်၍ လျှောက်တတ်သောကြောင့် မလှမ်းမကမ်း ရှေ့တည့်တည့်နေရာလောက်မှ ကြည့်လျှင် ထိုမိန်းမ လမ်းလျှောက်လာသည်မှာ ဆင်မကြီးတစ်ကောင် တရွေ့ရွေ့ လှမ်းလာသည်နှင့်တူ၏။ ထို့ကြောင့် ရှေးလူကြီးများပြောသော ‘ဆင်မယဉ်သာ’ ဆိုသည်မျိုး ပေလော မပြောတတ်ပေ။ ထိုမိန်းမသည် လူကောင်ထွားသလောက် အသံမှာလည်း အလွန်သေး၏။ သူ၏ အသံသည် ပတ္တာကျပ်နေသော တံခါးကို တွန်း၍ ဖွင့်သည့်အခါ၌ မြည်သောအသံကဲ့သို့ ညှစ်သံပါ၏။

ငရင်းတို့ လင်မယားလည်း အိမ်တက်မင်္ဂလာ လုပ်၏၊ ငရင်းတို့၏ အိမ်တက်မင်္ဂလာမှာ ငါးပူတင်း၏ အိမ်တက်မင်္ဂလာနှင့် ကွာ၏။ ဆင်မယဉ်သာ၏ခင်ပွန်း ကုတ်ချောင်းချောင်း ငတိသည် ကျွန်ုပ်တို့၏ ရပ်ကွက်အတွင်းမှ လူများကို ခေါ်၍. .

"ကျွန်တော် အိမ်တက်မင်္ဂလာ လုပ်ချင်တယ်ဗျာ၊ ဒါပေမယ့် ဘာမှ မလုပ်တတ်ဘူး၊ ကူညီကြပါဦး၊ ဟောဒီမှာ ကျွန်တော် တတ်နိုင်တဲ့ ငွေကတော့ ဒါပဲ" ဟု ဆိုကာ ငွေထုပ်ကို ချ၍ပေး၏။

"လူတွေဖိတ်ဖို့ ကိစ္စလဲ ခင်ဗျားတို့ စိတ်တိုင်းကျပဲ ဖိတ်ပါဗျာ။ ကျွန်တော်ကတော့ ဒီရပ်ကလူတွေပဲ ကျွေးချင်တာပါ၊ တခြားက ကျွန်တော့်မိတ်ဆွေတွေလဲ မဖိတ်တော့ပါဘူး"ဟု ပြောလေ၏။

ထိုအခါ ကိုမြစိန်ကြီးသည် ငွေထုပ်ကို ကောက်၍ ကိုင်ပြီးနောက်. .

"ဘုန်းကြီးကျောင်းကိုတော့ အောင်မင်္ဂလာကျောင်းတိုက်ရယ်၊ ပါဠိတက္ကသိုလ်ကျောင်းရယ် ပေါင်းပြီး ပင့်လိုက်မယ်၊ ကျွေးတာကတော့ မန္တလေးကြာဇံချက် ကောင်းတယ်"ဟု ဆိုကာ ကျန်သောသူများနှင့် တိုင်ပင်၍ စတင် စီစဉ်တော့၏။ ကုတ်ချောင်းချောင်းလူကမူ. .

"ခင်ဗျားတို့ ကြိုက်သလိုသာ လုပ်ကြပါဗျာ"ဟု ပြောလေ၏၊

ထို့နောက်တွင်ကား ကျွန်ုပ်တို့ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ အထူးသဖြင့် ကျွန်ုပ်တို့ လမ်းထဲမှ လူများသည် မိမိအိမ်ကဲ့သို့ သဘောထားကာ ထိုအိမ်သို့ ဝင်ကြ၏။ ထွက်ကြ၏။ ချက်ကြ၏။ ပြုတ်ကြ၏။ လုပ်ကြ၏။ ကိုင်ကြ၏။





ဆင်မယဉ်သာမကြီးကလည်း အပြောအဆို ညက်လှ၏။ အားလုံးကို အဆင်ပြေအောင် ခေါ်ပြောဆက်ဆံ၏။ သူ၏ ဦးလေးအရွယ် ရှိနေပြီဖြစ်သော ကျွန်ုပ်ကိုပင် ဦးလေးဟု မခေါ်ဘဲ'အကို' ဟု ခေါ်၏။ သူ၏ အကိုဟူသော ခေါ်သံမှာလည်း အကိုအစစ် မဟုတ်၊ ဆောင်းဇာတ်ကားတွင် ကရင်မလေးအဖြစ် သရုပ်ဆောင်ရသော စံရှားတင်က တော်လှန်ရေး ရဲဘော်အဖြစ် သရုပ်ဆောင်ရသော ထွန်းဝေအား ခေါ်သကဲ့သို့ 'အဝ်ကို'ဟု အသံထွက်လေ၏။

"အဝ်ကို ညီမတို့အိမ်ကို နေ့တိုင်းလာလည်ရမယ်နော်၊ ညီမတို့က အဖော်ရှိတာ မဟုတ်ဘူး ပျင်းနေမှာ"ဟု သူ၏ မျက်လုံးဝိုင်းကြီးများကို ဝင့်၍ ပြောလိုက်သောအခါ၌ ကျွန်ုပ်၏ တစ်ကိုယ်လုံးသည် ငှက်ပျောသီးခြောက်ကဲ့သို့ရှုံ့၍သွားလေ၏။ ဆင်မယဉ်သာကြီးသည် တစ်ချိန်လုံး ကျွန်ုပ်ကို 'အဝ်ကို'နေတော့၏။ ထို့ကြောင့် ကျွန်ုပ်တို့ လမ်းထဲမှ သန်းသန်းဆိုသော မိန်းကလေးက ကျွန်ုပ်၏ နံဘေးမှ ကပ်၍ ထင်းများကို သယ်သွားရင်း. . .

"အဝ်ကို ထင်းကလေး ဘာကလေး ဝိုင်းသယ်ပါဦး" ဟု ကျွန်ုပ်အား နောက်ပြောင်သွားလေတော့၏။

ဤသို့နှင့်ပင် ကုတ်ချောင်းချောင်းငတိနှင့် ဆင်မယဉ်သာတို့၏ အိမ်တက်မင်္ဂလာသည် စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွားလေတော့၏။ ထိုအချိန်မှစ၍ ငရင်းတို့နှစ်ဦးသည်လည်း ဤရပ်ကွက်တွင် မြေဂရမ်ပေးစ လွန်ခဲ့သော နှစ်ပေါင်းကိုးဆယ်ကပင် နေခဲ့ကြသည့် အလား ရပ်ကွက်သူ ရပ်ကွက်သားစစ်စစ်ကြီး ဖြစ်သွားလေတော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး သုံးလခန့် ကြာသောအခါ၌ သန်းသန်းဆိုသော မိန်းကလေးက ကျွန်ုပ်၏ ဆိုင်သို့ ဝင်လာပြီး. .

"အစ်ကို ဟိုစုံတွဲအကြောင်း သိပြီးပြီလား" ဟု မေးလေ၏။

"ဟင်အင်း၊ ငါမသိဘူး၊ ဘာဖြစ်လို့လဲ"ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်၏။

"ယောက်ျားလုပ်တဲ့လူက အမိပတိ ဇိမ်ပွဲစားကြီးဆိုပဲ၊ ကောင်မကလဲ မူးယစ်ဆေးဝါး ကယ်ရီလို့ ပြောတယ်၊ အရင်က တရုတ်သူဌေးတစ်ဦးရဲ့ မယားငယ်တဲ့။ ကောင်မကော အကောင်ကော မန္တလေးမှာ အဖမ်းခံနေရပြီ" ဟု ပြောလေတော့၏။

"အင်း ဟုတ်ချင်လဲ ဟုတ်မှာပေါ့ "ဟု ကျွန်ုပ်က ပြောလိုက်ရာ သန်းသန်းက. . .

"ကဲ သွားမယ် အစ်ကို" ဟု ပြောကာ ကျွန်ုပ်အား နောက်တီးနောက်တောက် လုပ်သွား၏။

ထို့နောက်တွင်လည်း ထိုစုံတွဲ၏ သတင်းသည် ဟိုမှဒီမှ အနံ့ထွက်လာလေ၏။ အမှန်စင်စစ်လည်း ထိုစုံတွဲသည် အိမ်ကို သော့ပိတ်၍ တစ်လခန့် ပျောက်နေ၏။ ပြန်၍ လာသောအခါ၌ ပစ္စည်းများ ကားအပြည့်တင်၍ ပြန်လာခဲ့ခြင်း ဖြစ်၏။ ပုန်းရည်ကြီးထုပ်များ၊ သနပ်ခါးတုံးများ၊ ပျားရည်ပုလင်းများမှအစ အတော်ကလေး စုံစုံလင်လင် ပါလာကြ၏။

"အစ်ကိုရေ သာခုသာ ခေါ်ပေတော့၊ ညီမတို့လင်မယား အညာမှာ သဲပုံစေတီတောင် မကျန်အောင် ဘုရားတွေ လိုက်ဖူးနေ





တာ"ဟု ပြောကာ ကျွန်ုပ်အား ပုန်းရည်ကြီးနှစ်ထုပ်နှင့် ထိုးမုန့်နှစ်ထုပ်ပေး၏။ ကျွန်ုပ်လည်း ကျေနပ်၍သွား၏။ ထို့ကြောင့် သာခုခေါ်၏။

သန်းသန်းမှာ ရှင်မတောင်သနပ်ခါးတုံး နှစ်တုံးရ၏။ သူလည်း ကျေနပ်သွားပုံရ၏။ ကိုမြစိန်ကြီးမှာမူ ပုန်းရည်ကြီး၊ ထိုးမုန့်၊ ပျားရည်အပြင်၊ ညောင်ဦးမှ ဝယ်လာသော ရွှေရောင် ယွန်းစီးကရက်ဘူးကလေးတစ်ဘူးကိုပင် ရသောကြောင့် သာခုခေါ်၏။

ဤအိမ်နီးချင်းကား ကိုးရိုးကားရား ရုပ်ပုံများဖြင့် တန်ဆာဆင်ထားသော ပလပ်စတစ် ဖဲထုပ်နှင့် တူ၏။ ကြည့်ရသည်မှာ လျှပ်ပေါ်လော်လီသည်ဟု ထင်ရသော်လည်း ထိုဖဲထုပ်သည် အကစားခံသောကြောင့် ဖဲသမားတို့ နှစ်သက်ကြသည်သာတည်း။

❑ ❑ ❑ ❑ ❑

## တတိယအိမ်နီးချင်း

တတိယအိမ်နီးချင်းအကြောင်းကို ပြောပြရန် လိုပါသည်။ ထိုအိမ်နီးချင်းသည် ကျွန်ုပ်၏အိမ်နှင့် ကပ်လျက်အိမ်ကို ဝယ်ပြီး အိမ်သစ်ပြင်ဆောက်၍ နေသောသူ ဖြစ်၏။ သူ၏အမည်မှာ ကိုစိန်ဖေဟူ၍ ဖြစ်၏။ သူသည် မူလတန်းကျောင်းအုပ် လုပ်ခဲ့ဖူးသည်ဟု သိရ၏။ စကားပြောလျှင် သူ့ကိုယ်သူ 'ဆရာတို့က' ဟု ခေါ်း၍ ပြောလေ့ရှိ၏။

သူသည် အိမ်ပြင်၍ဆောက်သောအခါ၌ ကျွန်ုပ်၏ မြေကို ခြောက်လက်မ ခိုး၍ ဆောက်လေ၏။ သူ၏ အိမ်ခေါင်းရင်းတွင် လာ၍ ဆောက်သူကလည်း သူ့ထံမှ မြေခြောက်လက်မကိုခိုးယူပြန်၏။ ထိုအခါ၌ ဦးစိန်ဖေသည် မခံမရပ်ဖြင့်ကာ မြေတိုင်းစာရေးကို ခေါ်၍ မြေတိုင်းလေတော့၏။

ခြောက်လက်မ ခိုးယူထားကြောင်း ထင်ရှားလျှင် ဦးစိန်ဖေက ရပ်ကွက်လူကြီးများကို ပြသတိုင်းတန်းလေတော့၏။ ထို့ကြောင့် သူ၏ ခေါင်းရင်းအိမ်မှ လူသည် ရေတံလျှောက်ကြီးကို ဖြတ်ပစ်လိုက်ရ၏။ ပြတင်းပေါက်မှ တံခါးများကို အသေပိတ်ပစ်လိုက်ရ၏။ ပြတင်းပေါက်ပေါ်တွင် လုပ်ထားသော ဆန်းရှိတ်ပင် ဖြိုချပစ်လိုက်ရ၏။

ထိုကိစ္စများ ပြီးသွားသောအခါ၌ ကျွန်ုပ်မှာလည်း ဖဲဝိုင်း မရှိသောကြောင့် အားလပ်နေသည်ဖြစ်ရာ တစ်စုံတစ်ယောက်ကို ပြသနာရှာဦးမှပဲဟု တွေးကာ မြေတိုင်းစာရေးကို ခေါ်၍ မြေတိုင်းခိုင်းလေတော့၏။ ထိုအခါ ဆရာဦးစိန်ဖေသည် ကျွန်ုပ်ထင်သကဲ့သို့ ကျွန်ုပ်၏ မြေကို ခြောက်လက်မ ခိုးထားခြင်း မဟုတ်၊ တစ်ပေတိတိ ခိုးထားကြောင်း တွေ့ရလျှင် ကျွန်ုပ်လည်း ရပ်ကွက်လူကြီးများကို ပြသ၍ တိုင်းတန်းရလေ၏။ ဓာတ်ပုံများ ရိုက်ကူး၍ မှတ်တမ်းတင်ရလေ၏။

ဆရာဦးစိန်ဖေသည် မျက်ဖြူဆိုက်နေပြီ ဖြစ်၏။ သူ၏ ခေါင်းရင်းအိမ်မှ လူကို လုပ်သကဲ့သို့ ကျွန်ုပ်က သူ့အား လုပ်ရပါမူ သူ၏ အိမ်နံရံ တစ်ချပ်လုံး ဖြိုချပစ်ရမည် ဖြစ်၏။





ထိုအဖြစ်ကို ကြားလျှင် ဦးစိန်ဖေ၏ ခေါင်းရင်းအိမ်မှလူသည် ကျွန်ုပ်အိမ်သို့ မဖိတ်ခေါ်ရပါပဲလျက် လာ၍ လည်၏။ ထို့နောက် ထိုသူက. .

“မိတ်ဆွေကြီး အမှုကို ကျုပ် ဝယ်ချင်လိုက်တာဗျာ၊ ဘာမှ မဟုတ်ပါဘူး၊ ဒီလူကြီးကို နှိပ်စက်ချင်လို့ပါ” ဟု ပြောင်ပြောင်တင်းတင်း ပြောလေ၏။ ကျွန်ုပ်ကလည်း ထိုလူကြီးအား ‘ဆရာတို့က ဆရာတို့က’ဟု ပြောလေ့ရှိသည်ကို နားကလောနေရကား ကျွန်ုပ်အမှုကို မရောင်းနိုင်ပေ၊ ရှိုးသမားစကားဖြင့် ပြောရပါမူ ဒီတစ်လှည့်တွင် ရှိသမျှ ပုံ၍ ရှိုးရမည့်အလှည့် ဖြစ်၏။

ကျွန်ုပ်သည် ဦးစိန်ဖေကြီးအား. . .

“ဘယ်လိုလဲ ဆရာကြီး” ဟု မေးလိုက်ရာ ဦးစိန်ဖေကြီးက “ကျုပ်လဲ မတိုင်းမိဘဲ ဆောက်လိုက်မိပါတယ်ဗျာ၊ အိမ်နီးချင်းတွေပဲ မြေကလေး တစ်ထွာ တစ်မိုက်အတွက် နင်လား၊ ငါလား ပြောကြဆိုကြဖို့ မရှိပါဘူး၊ ကျုပ်တို့တောမှာဆိုရင် သူ့မြေကိုယ့်မြေ တစ်လံနှစ်လံ ဝင်ပြီး ဆောက်ကြတာ” ဟု ပြောလေတော့၏။

“တောမှာတော့ ဟုတ်ပါလိမ့်မယ် ဆရာကြီး၊ မြို့မှာဆိုတော့ မရဘူး။ ခြောက်လက်မလောက် ကိုယ့်မြေထဲ ရောက်နေရင် တချို့ဆို ရေတံလျှောက်တွေ ဖြတ်ခိုင်း၊ ပြတင်းပေါက်မိုးတွေ ဖြိုခိုင်း လုပ်ကြတာ မဟုတ်လား၊ ခြောက်လက်မဆိုရင်တော့ ကျွန်တော်အနေနဲ့ ဘာမှ မပြောပါဘူး။ အခုဟာက တစ်ပေခင်ဗျ။ အဲဒီတော့ ကျွန်တော့် အနေနဲ့ မတရားလဲ မလုပ်ချင်ပါဘူး။ ဆရာကြီး လုပ်တဲ့နည်းအတိုင်းပဲ ကျွန်တော့်မြေ ကျွန်တော် လိုချင်တယ်။ ကျွန်တော်မြေထဲ ရောက်နေတဲ့

ဆရာကြီးရဲ့ အဆောက်အဦး ဖျက်ပေးဖို့ပါပဲ" ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးစိန်ဖေ၏ မျက်နှာသည် ဝါအဝင်၌ စွန့်ပစ်ခြင်းခံရသော နတ်အုတ်သီးကဲ့သို့ ရှုံ့တွ၍ သွားလေတော့၏။

အိမ်ကိုဖျက်ပစ်ရန် အခက်အခဲရှိသော ဆရာဦးစိန်ဖေသည် ကျွန်ုပ်အား ငွေသုံးသောင်း အလျှော်ပေးရလေတော့၏။ ကျွန်ုပ်၏ မြေတစ်ကွက်လုံး ဝယ်လျှင်ပင် သုံးသောင်းနှင့်ပင် ရနိုင်၏။ ယခုမူ မြေတစ်ပေအတွက် ငွေသုံးသောင်းကို ကျွန်ုပ်က လက်ဖြောက်တီး၍ ယူလိုက်လေ၏။

ဦးစိန်ဖေကြီးကား ကစားလိုက်သည်နှင့် ခါးကျိုးသွားသော ရှစ်သုံးလုံး ဖဲထုပ်နှင့် တူ၏။

ကျွန်ုပ်မှာမူကား ကုလားဖန်ထိုးရခက်သော အေဝမ်းဖဲထုပ်နှင့် တူ၏။ သို့ရာတွင် ကျွန်ုပ်တို့နှစ်ဦးသည် အိမ်နီးချင်းများသာတည်း။

❑ ❑ ❑ ❑ ❑

## စတုတ္ထအိမ်နီးချင်း

ယခု ပြောပြရန်လိုသည်မှာ စတုတ္ထအိမ်နီးချင်း အကြောင်းသာတည်း။ ထိုသူသည် ကျွန်ုပ်၏ အိမ်မှ လက်ယာဘက် မျက်စောင်းထိုး နေရာလောက်တွင် နေသူဖြစ်၏။ ထိုသူ၏အမည်မှာ ကိုချစ်သဲဟူ၍ဖြစ်၏။

ထိုသူ့တွင် အပြစ်ပြောရန် များများစားစားမရှိပေ၊ သို့ရာတွင် မျက်စိနောက်စရာ တစ်ခုတော့ ကောင်း၏။ လမ်းသွားလျှင် လက်တစ်





ဖက်ဖြင့် ပုဆိုးကို မ,၍သွားတတ်၏။ အခြားသော လက်တစ်ဖက်တွင်မူ ကိုင်းနှစ်ဖက်ပါသော အိတ်ကလေးကို ဆွဲ၍ သွားတတ်၏။

ထို့ကြောင့် ကျွန်ုပ်တို့က ထိုသူအား 'ပုဆိုးမ၊ အိတ်ဆွဲ ကိုချစ်သဲ' ဟု ခေါ်ကြ၏။

ကျွန်ုပ်တို့အိမ်၌ ဧည့်သည်ရောက်လျှင် ကိုချစ်သဲကို အကြောင်းကြားရ၏။ ကိုချစ်သဲတွင် ပုံစံစာရွက်ကလေးရှိ၏။ ကျွန်ုပ်တို့က အကြောင်းကြားလျှင် ကိုချစ်သဲက ထိုပုံစံစာရွက်တွင် အိမ်ရှင်အမည်၊ ဧည့်သည်အမည်၊ လာရောက်သည့်ကိစ္စ၊ မှတ်ပုံတင်နံပါတ် စသည်တို့ကို ရေးစွက်၍ လက်မှတ်ရေးထိုးပေးရ၏။

တစ်ခုထူးဆန်းသည်မှာ ကျွန်ုပ်က ဧည့်သည်ရောက်ကြောင်း သွားရောက် အကြောင်းကြားသည့်အခါတိုင်း၌ ကိုချစ်သဲထံ၌ ထိုစာရွက်မျိုး နောက်ဆုံးတစ်ရွက်သာ ကျန်သည့်အခါနှင့်ချည်း တိုက်ဆိုင်နေတတ်၏။

"ဒီတစ်ရွက်က နောက်ဆုံးပဲကိုဘသိန်း စာရွက်တွေလဲ ရိုက်ရဦးမယ်ဗျာ၊ ဖယောင်းစက္ကူက အခုဆို အရင်ဈေး မရတော့ဘူး၊ ငါးကျပ်လောက် ပေးရတယ်၊ စက္ကူကလဲ ဈေးကြီးတယ်ခင်ဗျ၊ ဒီတစ်ခါတော့ အလှူငွေကောက်မှဖြစ်မယ်"ဟု ပြောလေ့ရှိ၏။

ထိုအခါ ကျွန်ုပ်က. .

"ကိုချစ်သဲရယ်၊ ကောက်ဆို ကျပ်ကပဲ အလှူငွေ စထည့်ပါရစေ"ဟုဆိုကာ ငွေတစ်ကျပ် ထည့်ခဲ့ရ၏။

ကျွန်ုပ်တို့ တစ်လမ်းလုံးက ကိုချစ်သဲအား လေးစားကြ၏၊ သူသည် ရုံးတစ်ရုံးမှ ရုံးလုလင်တစ်ဦးဖြစ်၏။ သို့ရာတွင် ကျွန်ုပ်

တို့ လမ်းထဲ၌မူ သူ့အား ကျွန်ုပ်တို့က ကျေကျေနပ်နပ်ကြီး လူကြီး အရာ တင်မြှောက်ထားကြ၏။

သူသည် လူကြီးပီသ၏။ လမ်းထဲတွင် သူ့ကိုအသိမပေးဘဲ ဘာကိုမျှ လုပ်၍မရပေ။ သူ့ကို အသိမပေးဘဲ လုပ်လျှင် သူသည် မကြိုက်။ သူ့ကို အသိပေးပြီးလုပ်လျှင်မူ ဘာမဆို လုပ်၍ရ၏။ သို့သော် သူနှင့် ညှိနှိုင်းရန်တော့ လိုပေသည်။

ကျွန်ုပ်တို့ အနေနှင့်လည်း ညှိနှိုင်း၍ရသောအဆင့်ကိုပင် သဘောကျလှပြီဖြစ်၏၊ ထို့ကြောင့် ကျွန်ုပ်တို့နှင့် သူသည် အဆင်ပြေနေ၏။ သို့ရာတွင် ကိုချစ်သဲ၌ ပေါင်းရသင်းရခက်သော အချက်အလက်များကား ရှိပေ၏။ ထိုအချက်အလက်များကား သူ၏ ဗဟုသုတနည်းမှု၊ အကြားအမြင် မကျွယ်ဝမှု၊ နေရာတကာ ပိုသေကားကျ လုပ်မှုတို့ပင်ဖြစ်၏။

ဥပမာဆိုရသော် ကျွန်ုပ်တို့အား မိုးတွင်းအချိန်၌ ရေလောင်းအိမ်သာတွင်း ပြုလုပ်ရန် ဇွတ်အတင်း တိုက်တွန်းလေ၏၊ မိုးတွင်း၌ တွင်းတူးလျှင် တွင်းပြိုလွယ်၏၊ ရေများဝင်သောကြောင့် အုတ်စီ၊ ပန်းရံကိုင် လုပ်ငန်းများ၌လည်း အခက်အခဲတွေ့၏။

ရေထုတ်ပစ်ရန်လည်း အလုပ်များပို၏။ မိုးရွာနေသောကြောင့်

ထို့ကြောင့် ကျွန်ုပ်တို့က. . .

"မိုးကုန်မှ လုပ်ပါရစေဗျာ" ဟု ပြောသော်လည်း ကိုချစ်သဲက မရပေ။

"ဒါတော့ ကျုပ် မပြောတတ်ဘူး၊ စီမံချက်ပဲ" ဟု ကိုချစ်သဲက ပြောလေ၏။ ကျွန်ုပ်တို့မှာလည်း လုပ်ကြရလေ၏။ စရိတ်စကမှာ





လိုအပ်သည်ထက် နှစ်ဆခန့် ကုန်ကျသွား၏။

ဤအဖြစ်မျိုးနှင့် ကြုံသောအခါ၌ ကျွန်ုပ်တို့သည် ကိုချစ်သဲအား စိတ်မဆိုးလိုသော်လည်း ကျွဲမြီးတိုရလေတော့၏။

သို့ရာတွင် ကိုချစ်သဲသည် ကျွန်ုပ်တို့၏ အိမ်နီးချင်းပင်ဖြစ်၏။ သူသည် မည်သည့်အမျိုးအစားဖဲထုပ်နှင့် တူသည်ဟု ကျွန်ုပ်အနေနှင့် မပြောတတ်အောင် ရှိပေတော့၏။ သို့ရာတွင် ကျွန်ုပ်တို့ ဖဲသမားကြိုက်ဖဲထုပ်မျိုး မဟုတ်သည်မှာ သေချာလှ၏။

ကျွန်ုပ်တို့ လမ်းသူလမ်းသားများသည် ကျွန်ုပ်တို့ တစ်လမ်းလုံးအား အုပ်ချုပ်ရန်အတွက် လူများ ရွေးကြရ၏။ ထိုသို့ ရွေးချယ်ရာတွင် ကျွန်ုပ်တို့ တစ်ဦးချင်းအနေနဲ့ ကြိုက်သောသူ ဖြစ်ချင်မှဖြစ်ပေလိမ့်မည်" သို့ရာတွင် ကျွန်ုပ်တို့သည် မှားယွင်း ရွေးချယ်မိသည်ဟု မရှိသေးပါ၊ မိမိကြိုက်ချင် ကြိုက်မည်၊ မကြိုက်ချင် နေမည်၊ သို့ရာတွင် ကျွန်ုပ်တို့သည် လူကြီးဖြစ်ထိုက်သူကိုသာ အစဉ်သဖြင့် ရွေးချယ်မိ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ကိုချစ်သဲကိုသာ အစဉ်သဖြင့် ရွေးချယ်နေမိသောကြောင့် ဖြစ်၏။

ကိုချစ်သဲကား ကျွန်ုပ်တို့၏ လူကြီးဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ အိမ်နီးချင်းလည်း ဖြစ်ပေတော့သတည်း။

❑ ❑ ❑ ❑ ❑

## ပဉ္စမအိမ်နီးချင်း

ပဉ္စမအိမ်နီးချင်းအကြောင်းကို ပြောရန် လိုပေသည်။ ထိုသူမှာ ကျွန်ုပ်၏ ခြေရင်းအိမ်တွင် လာရောက်ငှားရမ်းနေထိုင်သော

သူဖြစ်၏။ အသက်မှာလည်း ကြီးလှပြီဖြစ်၏၊ မုတ်ဆိတ်မွေးထား၏၊ ထိုမုတ်ဆိတ်မွေးတို့မှာလည်း ဆွတ်ဆွတ်ဖြူနေပြီ ဖြစ်၏။

ထိုအိမ်နီးချင်းမှာ တရုတ်ကပြားအဘိုးအိုကြီး ဖြစ်၏၊ သူ့ကို ကျွန်ုပ်တို့က 'အတယ်ကြီး'ဟုပင် ခေါ်ကြ၏။ သူသည် တစ်ကိုယ်ရေ တစ်ကာယသမားတစ်ဦးဖြစ်၏။

ညနေစောင်းသည်နှင့် တစ်ပြိုင်နက် သူ၏အိမ်ရှေ့ရှိ ကွပ်ပျစ်ကလေးပေါ်တွင် ထိုင်နေလေ့ရှိ၏၊ ဝါးယပ်တောင်လေးကိုလည်း တဖျပ်ဖျပ် ခတ်နေလေ့ရှိ၏၊ သူ၏ရှေ့တွင် လွန်စွာသေးကွေးသော ရေနွေးကရားကလေး တစ်လုံးရှိ၏။ ရေနွေးပန်းကန်လေးမှာလည်း လွန်စွာသေးလှ၏။

သူသည် ရေနွေးကို မကြာခဏ ငုံ့သောက်၏။ ထို့နောက် ယပ်တောင်ကလေး တဖျပ်ဖျပ်ခတ်ကာ လောကကြီးကို နှစ်ခြိုက်စွာ ကြည့်နေလေ၏။

ကျွန်ုပ်တို့ အိမ်နီးချင်းများသည် သူ့ထံသို့သွား၍ စတင်မိတ်ဆက်ကာ ပေါင်းသင်းကြ၏။ သူ၏ ကွပ်ပျစ်ပေါ်တွင် ဝင်၍ ထိုင်ကြ၏။ သူ၏ ရေနွေးကရားကလေးကို ငုံ့ကြ၏။ ထို့နောက် ရေနွေးကို သောက်ကြ၏။ သူသည် ရေနွေးကုန်သည်နှင့် တစ်ပြိုင်နက် ကပျာကယာ ထ၍ထည့်၏။

"အားနာစရာပဲ၊ ကျွန်တော်တို့ လာသောက်တာနဲ့ အတယ်ကြီး ရေနွေးလဲ ကုန်ပြီ"ဟု ကျွန်ုပ်တို့သည် အားနာသော အကြောင်းကို ပြောကြ၏။ ထိုအခါ ထိုအိမ်နီးချင်းက. . .





"ရေနွေးတစ်ကရားနဲ့ မိတ်ဆွေရတာကိုပဲ ကျုပ်က ကျေးဇူးတင်လှပါပြီ၊ ကျုပ်ကို လူတွေက အတယ်ကြီးတဲ့၊ အဲဒီလို ခေါ်တဲ့နေ့က စပြီ ကျုပ်လဲ ရေနွေးအိုးပဲ တယ်နေရတာပဲ၊ ဟဲ. . ဟဲ"ဟု ရယ်စရာ ပြောလေ၏။

အတယ်ကြီးသည် လွန်စွာ ရယ်စရာပြော၏။ ကျွန်ုပ်တို့ အနေနှင့် တစ်နေကုန် တစ်နေခန်း အလုပ်လုပ်ကြရ၏။ ထို့ကြောင့် မကျေနပ်မှုများ၊ အားမလို အားမရ ဖြစ်မှုများ၊ မခံချင်ဖွယ်ရာများ၊ ရင်တထိတ်ထိတ် အသည်းတဖိုဖို ကိစ္စများ၊ နောင်တရမှုများ စသည့်အထွေထွေ အရပ်ရပ်သော စိတ်ဝေဒနာများကို သိမ်းပိုက်၍ အိမ်သို့ပြန်ခဲ့ကြရ၏။

ထို့နောက် အတယ်ကြီး၏ ကွပ်ပျစ်ဆီသို့ ရောက်ခဲ့ကြ၏။ အတယ်ကြီးသည် တစ်နည်းမဟုတ် တစ်နည်းဆိုသလို ကျွန်ုပ်တို့ သိမ်းပိုက်ထားသောအရာကို ချေဖျက်ပစ်လိုက်တတ်၏။ ကျွန်ုပ်တို့၏ မချမ်းမြေ့မှုများကို ဆေးကြောပစ်လိုက်တတ်၏။ အဘယ်ကြောင့်ဆိုသော် အတယ်ကြီးသည် လောကကြီးကို ကျွန်ုပ်တို့ မြင်သကဲ့သို့ မမြင်။

ကျွန်ုပ်တို့က လောကကြီးကို ခက်သောသဏ္ဌာန်နှင့် မြင်၏။ အတယ်ကြီးက ခပ်လွယ်လွယ် မြင်၏။ ကျွန်ုပ်တို့က ညည်းတွားသောဘက်မှ ကြည့်ရှု၏။ အတယ်ကြီးက ရယ်မောသောဘက်မှ ကြည့်ရှု၏။ ကျွန်ုပ်တို့အား အစဉ်သဖြင့် ရယ်မောတတ်ရန် သင်ကြားပေး၏။

ဥပမာတစ်ခုဆိုပါမူ. . .

တစ်ခုသောညနေတွင် ကိုမြစိန်သည် အတယ်ကြီး၏ ကွပ်ပျစ်သို့ ရောက်လာ၏၊ ကျွန်ုပ်တို့သည် အတယ်ကြီး၏ ကွပ်ပျစ်တွင် နေကြ၏။

"မောင်မြစိန်. . . မမြင်တာ နှစ်ရက် သုံးရက်ရှိပြီ ဘယ်ရောက်နေသလဲ"ဟု အတယ်ကြီးကမေး၏။

"မပြောပါနဲ့တော့ အတယ်ကြီးရယ်"ဟု ကိုမြစိန်က ဆိုလေ၏။

"အဲဒီ မပြောပါနဲ့ဆိုတာကိုပဲပြောပါဦးဗျာ"ဟု အတယ်ကြီးက ပြောပြန်၏။

"ဒီလို အတယ်ကြီးရဲ့၊ ကျွန်တော်တို့နားမှာ ကောင်မလေးတစ်ယောက်ရှိတယ်။ အဲဒီကောင်မလေး ယောကျ်ားရလိုက်တာကို ကျွန်တော်မသိဘူး၊ ကျွန်တော်တင် မဟုတ်ဘူး၊ တစ်ရပ်ကွက်လုံးမသိဘူး၊ သူ့ ယောကျ်ားလေးက ကာစတန်မှာလုပ်တယ်၊ နယ်ကို အလုပ်တာဝန်နဲ့ သွားရတယ်ဆိုပဲ၊ ကောင်မလေးကိုယ်ဝန်ရလာပြီ ဗိုက်ကလေးတစ်နေ့ထက်တစ်နေ့ ဖောင်းလာမှ ယောကျ်ားရမှန်း သိတော့တယ်။ မနေ့က ဝမ်းနာလို့ ဆေးရုံကို ကျွန်တော်ပဲ လိုက်ပို့လိုက်ရတယ်၊ ကျောက်မြောင်းဈေးနားက သွားဖွားဆေးရုံလေ၊ အတယ်ကြီးသိတယ်မဟုတ်လား၊ အဲဒီဆေးရုံကို လိုက်ပို့လိုက်ရတယ်။ ကလေးမွေးခါနီးမှာ အဲဒီကောင်မလေး အော်လိုက်တာဟာ တအားပဲ အတယ်ကြီးရာ၊ ဆေးရုံနားက ဈေးသည်တွေတောင် လန့်သွားကြတယ်။ အဲဒီကောင်မလေးကိစ္စ လိုက်ပြီး လုပ်ပေးနေရတာပေါ့။ သူ့ ယောကျ်ားကလဲ နယ်မှာ၊ သူ့ အမေကြီးကလဲ အိုလှပြီ။ ဒီကောင်မလေးနှယ်ဗျာ၊ ယောကျ်ားယူတုန်းက ကျုပ်တို့မသိလိုက်ရဘူး၊ ကလေးမွေးမှ တစ်ဈေး





လုံးလန့်မတတ် ဖြစ်ရတော့တာပဲ"ဟု ကိုမြစိန်က ပြောလေ၏။

ထိုအခါ အတယ်ကြီးက. . .

"မိန်းကလေးတွေဟာ အမြောက်နဲ့တူတယ် ကိုမြစိန်ရဲ့၊ အမြောက်ဟာ ကျည်ဆန်ထည့်တဲ့အခါမှာ ရန်သူဘက်ကလဲ မသိလိုက်ဘူး၊ ကိုယ့်ဘက်ကတောင် မသိနိုင်ဘူး၊ ပစ်လိုက်ပြီဆိုရင်တော့ ကိုယ့်ဘက်ကလဲ ကြားရတယ် ရန်သူဘက်ကလဲ ကြားရတယ်။ အမြောက်ဆိုတာ ကျည်ဆန်ထည့်တဲ့အခါ အသံမမြည်ဘူး၊ ပစ်တဲ့အခါမှာ အားကြီးကျယ်တာပဲ"ဟု ပြောလိုက်ရာ ကျွန်ုပ်သည် အူတက်မတတ် ရယ်မောရလေ၏။

တစ်ခါတွင်လည်း ကျွန်ုပ်က. . .

"ဟော့ဟို ငါးပူတင်းနဲ့ တူတဲ့လူကို ကြည့်ရတာ ကျွန်တော့်မျက်စိထဲမှာ အတော့်ကို ခွကျတယ်။ ဒီလူဟာ အတော့်ကို ခြေဖျားထောက်တဲ့လူပဲ"ဟု ကျွန်ုပ်က ဒေါနှင့် မောနှင့်ပြောလိုက်ရာ အတယ်ကြီးက. . .

"ခြေဖျားထောက်တာ ဟုတ်ရှာမယ်မထင်ပါဘူး မောင်ဘသိန်းရယ်၊ ဖနောင့်နှစ်ဖက်လုံး သံစူးထားလို့ နည်းနည်းကြွပြီး လျှောက်တာထင်ပါရဲ့၊ အဲဒီလိုထင်လိုက်ရင် မောင်ဘသိန်းအတွက် စိတ်ချမ်းသာဖို့ ရှိပါတယ်"ဟု ပြောလိုက်ရာ ကျွန်ုပ်၏ ဒေါသစိတ်များသည် အတော်အတန် ပြေပျောက်သွားလေ၏။

တစ်ခါတွင်လည်း ကိုမြစိန်က. . .

"အတယ်ကြီး. . . ရေနံဆီတွေ အတော်ရှားနေပြီ"ဟု စကား, လိုက်လျှင် အတယ်ကြီးက. . .

ဒီပစ္စည်းရှားသင့်တာ ကြာပြီ၊ လျှပ်စစ်မီးကို ထွင်တဲ့ အက်ဒီဆင် မွေးကတည်းကိုက ရေနံဆီဆိုတာ ဒီကမ္ဘာပေါ်ကပျောက်သွားသင့်တာကြာပြီ၊ ဘာဖြစ်လို့များ အခုမှ သူကရှားရတာလဲ၊ အတော့်ကိုနောက်ကျနေပြီပဲ” ဟုပြောလိုက်ရာ ကိုမြစိန်၏ မကျေနပ်မှုသည် လွင့်ပါး ပျောက်ကွယ်သွားလေတော့၏။

တစ်ခါ၌လည်း ကျွန်ုပ်က. . .

“ဟိုလူက ဟိုဌာနကပေ့ါ၊ ဒီလူသိပ်ပြီး စားတယ်”ဟု ပြောရာ အတယ်ကြီးက. . .

“စားမှာပေ့ါ မောင်ဘသိန်းရယ်၊ ပါးစပ်ကြီးနဲ့ကိုးကွယ်”တဲ့ ရွတ်နောက်နောက် ပြော၍ကျွန်ုပ်၏ အမနာပ စကားများကို ဖျက်ပစ်လိုက်လေ၏။

တစ်ခါတွင်လည်း ကျွန်ုပ်ရော ကိုမြစိန်ပါ နို့မှုန့်ခွဲတန်းမရသဖြင့် မကျေမနပ်ဖြစ်ရင်း အတယ်ကြီး၏ ကွပ်ပျစ်သို့ ရောက်သွားကြ၏။

“ဒီနို့မှုန့်ဟာ ဒီကောင် ရောင်းစားမှာ” ဟု မကျေမနပ်လေသံဖြင့် ကိုမြစိန်က ပြောလိုက်ရာ အတယ်ကြီးက. . .

“မှန်တာပေ့ါကွာ၊ ချစ်သဲဟာ နို့မှုန့်ကို ရောင်းစားမှာ အမှန်ပဲကွ၊ မင်းတို့နှစ်ယောက် တစ်ယောက်ယောက် ရသွားရင်လဲ ရောင်းစားမှာပါပဲ၊ ဘာဖြစ်လို့လဲ ဆိုတာ မင်းတို့မှာလဲ နို့မှုန့်တိုက်ရတဲ့ ကလေးအရွယ် ကလေးမှမရှိပဲ၊ ရောင်းစားရမှာပါကွာ၊ အဲဒီတော့ မင်းတို့နှစ်ယောက်ရယ် ချစ်သဲရယ် ရောင်းစားမယ့် လူသုံးယောက်ထဲမှာ အရသင့်ဆုံးလူဟာ ချစ်သဲပဲကွ၊ ဘာဖြစ်လို့တုန်းဆိုတော့ သူကခွဲတမ်းစာရင်းတွေ လုပ်ရတယ်၊ ပစ္စည်းတွေသွားထုတ်ရတယ်၊





အဲဒီတော့ပင်ပန်းတဲ့ ကျေးဇူးအတွက် အဲဒီနို့မှုန့်ဘူးကို သူပဲယူသင့်ပါတယ်၊ နောက်တစ်ချက် သူပဲယူသင့်တဲ့ အကြောင်းကတော့ သူဟာ တို့ရဲ့ လူကြီးမဟုတ်လား”ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့ အတွက်ရေနွေးကြမ်းများ ငှဲ့ပေးလေ၏။ ကျွန်ုပ်တို့သည် ရေနွေးကြမ်း တစ်ယောက်တစ်ခွက်စီ သောက်ကြလေ၏။ ထို့နောက် ကျွန်ုပ်က-

“ဒီတစ်ခါတော့ ချစ်သဲကို လူကြီးတင်လို့ မဖြစ်ဘူး”ဟု ပြောရာ အတယ်ကြီးက. . .

“အေး. . ဟုတ်တယ်၊ မတင်နဲ့ကွ၊ ဒါပေမယ့် နောက်တင်မယ့် လူကြီးထဲမှာ ငါ့နာမည်မပါစေနဲ့၊ ငါမလုပ်နိုင်ဘူးကွ၊ ကျန်တဲ့လူတွေကိုပဲ ရွေးကြ”ဟု ပြောလေ၏။

ထိုအခါ ကိုမြစိန်က ငါးပူတင်းကို လူကြီးတင်ရန်ပြောရာ ကျွန်ုပ်က ကန့်ကွက်လိုက်လေ၏။

ငါးပူတင်းတော့ မလုပ်ပါနဲ့၊ ကိုမြစိန်ရယ်၊ ဒီလူက ခြေဖျားသိပ်ထောက်တယ်ဗျ”ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ကိုမြစိန်က . . .

“ဒီလိုဆိုရင်လဲ နောက်တစ်ယောက် အကြံပြုဦးမယ်”ဟု ပြောလေ၏။ ထိုအခါက ဆင်မယဉ်သာကြီး၏ ယောကျ်ား ကုတ်ချောင်းချောင်းလူကို တင်ရန် ပြောလေ၏။ ထိုအခါ ကိုမြစိန်က. .

“အဲဒီလူကတော့ မဖြစ်ဘူးကွ၊ သိပ်ပြီးလည်တယ်၊ ကိုယ့်လူရဲ့ခေါင်းရင်းအိမ်က ကျောင်းဆရာကြီးကို တင်ရင်မကောင်းဘူးလား” ဟု ပြောလေတော့၏။

"အဲ့ဒီလူလဲ၊ မလုပ်နဲ့ဗျာ၊ ဒီလူကြီးက ဒီအတိုင်းနေရင်းနဲ့ တောင် ဆရာက, ဆရာကနဲ့ အခြောက်တိုက် ဘဝင်မြင့်နေတာ၊ လူကြီးတင်လိုက်ရင် အားလုံး ဒုက္ခရောက်ကုန်မယ်"ဟု ကျွန်ုပ်က ကန့်ကွက်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်ကပင် သန်းသန်းကို လူကြီးတင်ရန် အဆိုပြုပြန်၏။ ထိုအခါ ကိုမြစိန်က. . .

"ဒီကောင်မလေးက နောက်တီးနောက်တောက်နဲ့ကွာ၊ အလုပ် မဖြစ်ပါဘူး"ဟု ချက်ချင်း ပယ်ချလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. .

"ဒီလိုဆိုရင်လဲ ကိုမြစိန်ရယ်၊ ခင်ဗျားပဲ လုပ်ဗျာ"ဟု ပြောရာ ကိုမြစိန်ကြီးက ထိတ်ထိတ်ပျာပျာဖြင့် ကန့်ကွက်လေတော့၏။

"မ. . . လုပ်ပါနဲ့ ကိုယ့်လူရာ၊ ကျုပ်က မနက်အစောကြီး ငါးဒိုင်ကိုသွားပြီး ငါးကြိုရတယ်ဗျ၊ တစ်ခါတလေ ညနေကတည်းက သွားပြီး ငါးဒိုင်မှာ အိပ်ရတယ်၊ လူကြီးဖြစ်တဲ့နေ့ဟာ ကျုပ်အိမ် တစ်အိမ်လုံး ခန္ဓာနိမ့်တဲ့နေ့ ဖြစ်သွားလိမ့်မယ်၊ ကျုပ်ကလေးတွေကို သနားပါဦးဗျာ၊ တကယ်ဆိုရင် ကိုယ့်လူလုပ်သင့်တာပေါ့"ဟု ကိုမြစိန် က ပြောလေတော့၏။

ထိုအခါ၌လည်း ကျွန်ုပ်က. .

"မလုပ်ပါနဲ့ ကိုမြစိန်ရယ်၊ မကြာခင် ဖဲဝိုင်းတွေ လာတော့ မှာ။ အဲ့ဒီကျရင် ကျုပ်က မနေနိုင်ဘူးဗျ"ဟု ငြင်းရလေ၏။

ထိုအခါ အတယ်ကြီးက. . .

"မင်းတို့ ရှာလို့မရရင် ငါရှာပေးမယ်"ဟု ဆိုလေတော့၏။ ကျွန်ုပ်တို့နှစ်ဦးစလုံး. . .





"လုပ်စမ်းပါဦး အတယ်ကြီးရယ်"ပြိုင်တူပြောလိုက်ကြလေ၏။ ထိုအခါ အတယ်ကြီးက. .

"ချစ်သဲဆိုတဲ့ကောင် မကောင်းဘူးလား"ဟု မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်တို့နှစ်ဦးစလုံးက. .

"သူပဲရှိတော့တာပဲ အတယ်ကြီးရယ်၊ သူ့ပဲတင်လိုက်ပါတော့" ဝန်ခံလိုက်ရလေတော့၏။ ထိုအခါ အတယ်ကြီးက. . .

"ဒီလိုကွ၊ မင်းတို့နှစ်ယောက်အနေနဲ့ ချစ်သဲအပေါ်မှာ မခံချင် နေတာက ငါတို့တင်လိုက်တဲ့ လူကြီးက ငါတို့အပေါ်မှာ အနိုင်ကျင့် တယ်လို့ ယူဆနေတာကိုး၊ အဲဒီတော့ ဒီလိုမယူနဲ့ကွာ၊ ငါတို့တင်တာ မဟုတ်ဘူး၊ ချစ်သဲကိုယ်နှိုက်က ဖြစ်သင့် ဖြစ်ထိုက်တဲ့ ဘုန်းကံပါရမီပဲ ပြောပြော၊ ဝဋ်ကြွေးပဲ ပြောပြော၊ ပြောချင်ရာပြောကွာ။ (ဒါတွေက အရေးမကြီးပါဘူး စကားလုံးတွေပါ) သူ့ဘာသာသူ ဖြစ်တာလို့ ယူဆလိုက်ရင် ကျေနပ်သွားမှာပါ၊ မင်းတို့လဲ မလုပ်နိုင်ဘူး၊ လုပ်နိုင်တဲ့ လူကိုလဲ မကျေနပ်ဘူးဆိုတဲ့ စိတ်ဟာ ရဲကျတာ တစ်မျိုးပဲကွ"ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်တို့၏ ရင်၌ပေါ့ပါး၍ သွားလေတော့၏။ ချစ်သဲအပေါ်၌သာ မဟုတ်၊ ကျန်သောသူများအပေါ်၌လည်း ကျေနပ် သွား၏။ ကျွန်ုပ်ဆိုလျှင် ငါးပူတင်းကြီးကိုပင် ကျေနပ်သွား၏။ ကျေနပ်သောအခါ၌ အရာအားလုံးသည် ကောင်းသွား၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ အိမ်နီးချင်းများသည် သူ့နည်းနှင့်သူ ကောင်းနေကြောင်း တွေ့ရလေ၏။ ထိုအိမ်နီးချင်းများသည် လွန်စွာ ကစား၍ကောင်းသော ဝိတုန်းတံဆိပ် ဖဲထုပ်များနှင့် တူ၍သွားလေ တော့၏။

ထိုအထဲတွင် ကျွန်ုပ်၏ အိမ်နီးချင်းတစ်ဦးလည်းဖြစ်၊ ကျွန်ုပ်တို့၏ ဆရာကြီးလည်းဖြစ်သော အတယ်ကြီးမှာ ပြောဖွယ်ရာမရှိ သူသည် ပိတုန်းဖဲထုပ်ကြီးနှင့် တူသကဲ့သို့ ငွေများကို ဖွေးခနဲ ဖွေးခနဲ လျော်နေသော ဖဲဒိုင်ကြီးနှင့်လည်း တူနေပေသည်တကား။ ။

❑ ❑ ❑ ❑ ❑





# ပရှပ်ဆီနှင့် တူသော မိန်းမ

တစ်နေ့သ၌ ကျွန်ုပ်သည် မိတ်ဆွေတစ်ဦး၏ ညွှန်ပြမှုကြောင့် တရားထိုင်ရန်အလို့ငှာ လွန်စွာချမ်းအေးသော တောင်ကုန်းမြို့ကလေး တစ်မြို့ဆီသို့ မီးရထားဖြင့် ခရီးထွက်ခဲ့လေ၏။ ကျွန်ုပ်၏ နံဘေးထိုင်ခုံ၌မူ အဘိုးကြီးတစ်ဦး လာရောက်ထိုင်လေ၏။ သူ့၌ ပစ္စည်းပစ္စယဟူ၍ မယ်မယ်ရရမပါရှိပေ။ လွန်စွာကြီးမားသော လွယ်အိတ်ကြီးတစ်လုံးနှင့် လွန်စွာကြီးမားသောတောင်ဝှေးကြီး တစ်ချောင်းသာ ပါလေ၏။ ထိုအဘိုးကြီးသည် အသားအလွန်ဖြူ၏။ ထို့အပြင်လွန်စွာရှည်လျား၍ ဖြူဖွေးလျက်ရှိကုန်သော မုတ်ဆိတ်တို့သည်လည်း ရှိ၏။





တိုက်ပုံအင်္ကျီနှင့်တူသော အင်္ကျီပွကြီး၊ ရှမ်းဘောင်းဘီကဲ့သို့သောဘောင်းဘီပွကြီးကိုလည်း ဝတ်ဆင်ထား၏။ ထိုအဝတ်အစားတို့ကြောင့် မြန်မာအဘိုးအိုတစ်ဦး မဟုတ်ကြောင်း သိသာနိုင်၏။ ကျွန်ုပ်သည် ထိုင်ခုံ၌ ထိုင်မိသည်နှင့် တစ်ပြိုင်နက် လွယ်အိတ်တွင်းမှ တရားထိုင်နည်း စာအုပ်ကို ထုတ်၍ ဖတ်ရှုနေလေ၏။ မုတ်ဆိတ်ဖြူအဘိုးကြီးမှာမူ ကျွန်ုပ်၏နံဘေး၌ လာ၍ထိုင်နေသည့် အချိန်မှစ၍ ၎င်း၏ တောင်ဝှေးကို ပစ္စည်းတင်သော စင်ပေါ်သို့တင်ခြင်း၊ လွယ်အိတ်တွင်းမှ ပစ္စည်းများကို ထုတ်ခြင်း၊ ပြီးလျှင်ပြန်ထည့်ခြင်း စသော သက်ကြီးရွယ်အိုတို့၏ အငြိမ်မနေတတ်သော အကျင့်ကို ပြလေတော့၏။ ထို့နောက် မုတ်ဆိတ်ဖြူအဘိုးကြီးသည် သူ၏ လွယ်အိတ်အတွင်းမှ မုန့်ထုပ်ကိုထုတ်၍ မုန့်တစ်ခုကို နှိုက်ယူစားသောက်လေ၏။ ကျွန်ုပ်သည် စာဖတ်နေရာမှ ၎င်း၏မုန့်ကိုလှမ်း၍ ကြည့်လိုက်လေ၏။ မုန့်မှာ ဓားလွီးမုန့်ဖြစ်၏။

မုတ်ဆိတ်ဖြူကြီးသည် ဓားလွီးမုန့်ကို စားပြီးနောက် ရေဘူးကို ထုတ်၍ ရေသောက်ပြန်၏။ ရေသောက်ပြီးသောအခါ၌ ဆေးတံကလေးကိုထုတ်၍ ဆေးအိုး၌ ဆေးဖြည့်ကာ ဆေးတံဖွာရင်း ငြိမ်၍သွားလေတော့၏။ ထိုအချိန်ထိရထားမှာ တုတ်တုတ်မျှ မလှုပ်သေး။ ခရီးသည်များမှာမူ တက်လိုက်ဆင်းလိုက် ပစ္စည်းများကို ခုံအောက်ထိုးသူထိုး၊ တန်းပေါ်တင်သူတင် နှုတ်ဆက်သူနှုတ်ဆက် စသည်ဖြင့် ပွက်လောရိုက်လျက် ရှိလေတော့၏။

ထို့နောက်တွင်ကား ခရီးသည်အားလုံးလိုလို နေသားတကျဖြစ်သွားသောကြောင့် ငြိမ်၍သွားလေတော့၏။ လိုက်ပို့သူအချို့နှင့်

ခရီးသည်အချို့သည် ဟိုတစ်စု သည်တစ်စုဆိုသလို စကြံလမ်းပေါ်၌ စကားပြောလျက်ရှိကြ၏။ ကျွန်ုပ်တို့၏ ပြတင်းပေါက်၌မူ တစ်ဘက်ခုံမှခရီးသည် လာရောက်၍ ကိုယ်တစ်ပိုင်းကို ပြတင်းပေါက်အပြင်ဘက်သို့ထုတ်ကာ ကုန်းတိကုန်းကွ အနေအထားဖြင့် ၎င်းအားလိုက်ပို့သော ပလက်ဖောင်းပေါ်မှလူအား မှာတမ်းရှည်ကြီး တစ်ခုကို မှာကြားနေလေ၏။ ထိုမှာတမ်းထဲတွင် အမ်ဒီအိမ်သို့ ပို့ရန်ပစ္စည်းများအကြောင်းလည်း ပါ၏။ ထိုပစ္စည်းများနှင့်အတူ သာကေတမှအနိုဝ်သည်ကြီး တစ်ဦးလည်းပါ၏။ အမ်ဒီကြီး၏ ကတော်မှာသောသစ်ခွပန်းအကြောင်းလည်းပါ၏။ အောက်မှလိုက်ပို့သူက ဟုတ်ကဲ့၊ ဟုတ်ကဲ့ဟုသာ ပြန်၍ပြောနေသံကိုလည်း ကြားရ၏။ နိုင်ငံခြားသို့ ထွက်မည့် သူ၏သားအတွက် ပါတ်စ်ပို့ကိစ္စ မည်သူ့ထံသို့ ပြောထားကြောင်း၊ ထိုကိစ္စအတွက် အဆင်ပြေမပြေ သွားရောက်မေးမြန်းရန်လည်းပါ၏။ အောက်မှလူက ဟုတ်ကဲ၊ ဟုတ်ကဲ့ဟု ပြန်၍ ဖြေသံကိုလည်း ကျွန်ုပ်ကြားရ၏။

ထို့နောက် အိမ်၌ တပ်ဆင်ထားသော လေအေးစက်မှာ ကောင်းစွာ မအေးတော့ဘဲ ရေများယိုကျနေခြင်း သာလျှင်အဖတ်တင်ကြောင်းလည်း ပါ၏။ ထို့ကြောင့် ရုံးမှလေအေးစက်များကို ပြင်လေ့ရှိသူအားခေါ်၍ လက်ဖက်ရည်လေး ဘာလေးတိုက်ခါ ပြင်ခိုင်းထားဖို့လည်းပါ၏။ အောက်မှလူကလည်း ဟုတ်ကဲ့ ဟုတ်ကဲ့ဟု ပြန်၍ ဖြေနေလေသည်။ ထို့အပြင် ၎င်း၏ ရုံးခန်းအတွင်းရှိ ဗီရိုအတွင်းမှ နှစ်သစ်ကူးတွင် သုံးရန် ရောက်ရှိနေပြီဖြစ်သော ဒိုင်ယာရီစာအုပ်များနှင့် ပြက္ခဒိန် များကိုပို့ရမည့် စာရင်းများလည်းပါ၏။ ထိုစာရင်းများထဲတွင်





ရုံးက လူတွေတောင်းမည် မပေးနဲ့ဟုလည်းပါ၏။ အောက်ကလူကလည်း ဟုတ်ကဲ့ ဟုတ်ကဲ့ဟု ပြန်၍ဖြေလေ၏။ ထို့နောက်မှ ကားကိုယူသွားပြီး ရေဆေးခြင်း၊ ဆီထိုးခြင်းများ ပြုလုပ်ပြီး ဂိုထောင်အတွင်း၌ ထည့်သိမ်းထားရန် မှာကြားလိုက်လေ၏။ ထိုအခါ အောက်မှလူကလည်း ဟုတ်ကဲ့ ဟုတ်ကဲ့ဟု ခေါင်းတညိတ်ညိတ်ဖြင့် ပြောကာ ပြန်သွားလေတော့၏။

ထိုအခါ၌ ထိုခရီးသည်သည် နောက်သို့ဆုတ်လိုက်ရာ ကျွန်ုပ်၏ခြေထောက်ကို နင်းမိလေတော့၏။ ခြေထောက်အဖျားကို နင်းမိသောကြောင့် ကျွန်ုပ်မှာ အတော်ကလေး နာကျင်သွားသည်ဖြစ်ရာ ‘အား’ဟု အော်လိုက်မိလေ၏၊ ထိုအခါထိုသူက ‘ဆောရီး၊ ဆောရီး’ဟု ပြောပြီး ၎င်း၏ ထိုင်ခုံဆီသို့ပြန်သွားလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ နံဘေးမှ မုတ်ဆိတ်ဖြူကြီးကို လှမ်းကြည့်လိုက်၏။ မုတ်ဆိတ်ဖြူကြီးသည် ၎င်း၏ခြေထောက် နှစ်ခုစလုံးကို ခုံပေါ်သို့ တင်၍ထားကြောင်း တွေ့ရလေ၏။ မုတ်ဆိတ်ဖြူကြီးသည် ကျွန်ုပ်အားပြုံးပြလိုက်လေ၏။

“ဒီလူမျိုးတွေက ဘာမှမမြင်တော့ဘူး၊ ဒါကြောင့် ကျုပ်က ခြေထောက်ကို နဂိုကတည်းက ခုံပေါ်တင်ထားတာ။ ကိုယ့်လူက သဘောမပေါက်တော့ အနင်းခံရတာပေါ့လေ။ ကိုယ့်လူဖတ်တဲ့ စာအုပ်ထဲမှာ ခြေထောက်ကိုနင်းမိရင် ဘာလုပ်ရမယ်ဆိုတဲ့နည်းများ ပါသေးသလား” ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"ကျုပ်ဖတ်နေတာ ရှေးဦးသူနာပြုစာအုပ် မဟုတ်ဘူး၊ ဒါတွေ ဘယ်ပါမလဲ" ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက သူ၏ လွယ်အိတ်အတွင်းမှ ပရုပ်ဆီပုလင်းကို ထုတ်ကာ ကျွန်ုပ်အား လှမ်းပေးရင်း. . .

"နည်းနည်း ပွတ်ထားလိုက်" ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း အနင်းခံရသော ခြေထောက်ကို ပရုပ်ဆီပွတ်မည်ဟု ခုံပေါ်သို့ တင်လိုက်ပြီး ကြည့်လိုက်ရာ သွေးခြည်များဥသွားကြောင်း တွေ့ရလေတော့၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက . . .

"သွေးခြည်ဥသွားပြီ ထင်တယ်၊ အရိုးအက်မသွားတာဘဲ ကံကောင်းတယ်မှတ်။ ဒီလူက တော်တော်စားတဲ့လူနဲ့ တူတယ်၊ သူ့ခန္ဓာကိုယ်ကြီးက နည်းတာမဟုတ်ဘူး။ အနင်းခံရတာချင်း တူပေမယ့် သိပ်ပြီးမစားတဲ့လူနင်းတာနဲ့ စားတဲ့လူနင်းတာ ကွာတယ်ငါ့လူ။ သိပ်ပြီးစားတဲ့သူနင်းရင် ပိုပြီးအီတယ်ကွယ့်" ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် ပရုပ်ဆီပုလင်းကိုဖွင့်၍ ပရုပ်ဆီအနည်းငယ်ကို ကော်ကာ နင်းမိသော နေရာသို့ ပွတ်လိုက်လေ၏။ ပရုပ်ဆီမှာ အတော်ကလေး ကောင်း၏။ ထို့ကြောင့်ပွတ်လိုက်သည်နှင့် ပွတ်လိုက်သောနေရာမှာ ပူနွေး၍သွားသောကြောင့် အနာသည် သက်သာသွားလေ၏။

"အတော်ကောင်းတဲ့ ပရုပ်ဆီပဲ" ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဘယ်လောက်ပဲကောင်းကောင်း ရောဂါပျောက်တဲ့ ပရုပ်ဆီဆိုတာ ဒီကမ္ဘာမှာ မပေါ်သေးဘူးကွ။ ပရုပ်ဆီဆိုတာ နည်းနည်းပါးပါး ထိမိခိုက်မိရင်ပွတ်လိုက်၊ လိမ်းလိုက်တာနဲ့ ပူခနဲနွေးခနဲဖြစ်ပြီး





သက်သာသလိုရှိပေမယ့် ဘယ်ရောဂါကိုမှ ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ဘူး၊ ရောဂါလဲမပျောက်ဘူး၊ လူတွေလဲသုံးနေတဲ့ ဆေးတစ်မျိုးကို ပြောပါဆို၍ ပရုပ်ဆီကိုပဲ ပြောရမယ်။ ဒါကြောင့် ငါတို့ ရှေးဟောင်း အဘိုး အဘွား တရုတ်လူမျိုးတွေက ခဏပန်းကောင်းပြီး ရေရှည်မကောင်းတဲ့လူကို စိတ်ဆိုးလို့ ဆဲရင် 'ပရုပ်ဆီ'လို့ ဆဲလေ့ ရှိတယ်။ အဆဲခံရတဲ့လူက သိပ်ပြီးနာတယ်။ ဘာပဲဖြစ်ဖြစ် ပရုပ်ဆီကလဲ မရှိရင် မဖြစ်ဘူးကွ။ နှာလေးဘာလေးမွန်ရင် နှာခေါင်းမှာ ပွတ်ရတယ်၊ ခေါင်းလေးဘာလေး ကိုက်တဲ့အခါ နားထင်မှာ ပွတ်ရတယ်၊ ချောင်းလေးဘာလေးဆိုးရင် လည်ပင်းမှာ ပွတ်ရတယ်၊ အသက်ရှူ ကျပ်ချင်သလိုလိုဖြစ်ရင် လက်ထဲမှာ ပွတ်ပြီး ရှူရတယ်၊ ချွေးငုပ်နေရင် ရေနွေးပူပူထဲခတ်ပြီး သောက်ရတဲ့အခါမျိုးလဲ ရှိသေးတယ်။ အခု ကိုယ့်လူလက်ထဲမှာ ရောက်နေတဲ့ ပရုပ်ဆီက ရှေးခေတ်က ပေါ်ဖူးတဲ့ ကျားဘမ်းပရုပ်ဆီကွယ့်" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ပုလင်းကို သေချာစွာ ကြည့်လိုက်လေ၏။ ပုလင်းမှာ မတ်စေ့ပုံသဏ္ဍာန် ထောင့်ကလေးများ ပါ၏။ အရောင်မှာ နီညိုရောင် ဖြစ်၏။ နဖာချေး၏ အရောင်နှင့် တူ၏။

ရှေးတုန်းကတော့ ကျားကြီးတစ်ကောင် အဝတ်ကြီးပတ်ပြီး ခေါင်းကိုက်နေတဲ့ပုံနဲ့ 'ကိုက်လိုက်တဲ့ခေါင်း၊ ကောင်းလိုက်တဲ့ ဘမ်း' ဆိုပြီး ကြော်ငြာခဲ့တဲ့ ကျားဘမ်းပရုပ်ဆီပေါ့။ ဘယ်လိုလူမျိုးတွေက ဘယ်လို သိမ်းထားတယ် မဆိုနိုင်ပါဘူး။ အခါအခါမှာ နှစ်ပေါင်းငါးဆယ်လောက် ပျောက်သွားတဲ့ ပရုပ်ဆီ၊ ဟိုနားဒီနားမှာ တစ်

ပုလင်းစ၊ နှစ်ပုလင်းစ ဝယ်လို့ရနေပြီ။ ပုလင်းကြီးနဲ့ တစ်မျိုး ထုတ်တယ်၊ ပုလင်းသေးနဲ့ တစ်မျိုးထုတ်တယ်၊ သံဘူးကလေးနဲ့လဲ တစ်မျိုးထုတ်တယ်” ဟု မှတ်ဆိတ်ဖြူကြီးက ပြောပြလေ၏။

“အတော်ကောင်းပါတယ်။ အခု မပူတော့ဘူး၊ အေးသလို ဖြစ်လာပြန်ပြီ” ဟု ကျွန်ုပ်က ကျွန်ုပ်၏ ခြေထောက်ကို ညွှန်ပြရင်း ပြောလိုက်လေ၏။

“ဟုတ်တယ်၊ ပူတစ်ခါ၊ အေးတစ်လှည့်ပဲ ကိုယ့်လူရေ။ ဒါကြောင့် ကျုပ်တို့ အဘိုးအဘွားတွေက ခုတစ်မျိုး၊ တော်တော်ကြာ တစ်မျိုး လုပ်တတ်သူတွေကို ‘ပရုပ်ဆီ’ လို့ ခဲလေ့ရှိတယ်။ အခဲခံ ရတဲ့လူက သိပ်ပြီး နာတာကွ၊ ဒါပေမယ့် ငါကတော့ ပရုပ်ဆီကို သဘောကျတယ်။ ပရုပ်ဆီက မိတ်ဆွေတိုးစေတယ်ကွယ့်။ ကျိုက်ထီးရိုး တောင်တက်တုန်းက ပရုပ်ဆီကို အကြောင်းပြုပြီး မိတ်ဆွေကောင်း တစ်ယောက် ရခဲ့တယ်။ ရွှေစက်တော်ကို သွားတုန်းကလဲ ပရုပ်ဆီကို အကြောင်းပြုပြီး မိန်းမကြီးတစ်ယောက်နဲ့ ငါနဲ့ မိတ်ဆွေဖြစ်ရတယ်။ ဟော. . . ကြည့်စမ်း၊ မင်းနဲ့ ငါနဲ့ မိတ်ဆွေ ဖြစ်ရပြန်ပြီ။ မင်း ဘာအလုပ် လုပ်စားတဲ့လူဆိုတာတော့ ငါ အတတ်မပြောနိုင်ဘူး၊ အသည်းငယ်တဲ့လူဆိုတာတော့ ငါပြောနိုင်တယ်။ ဘာဖြစ်လို့လဲဆို တော့ ခြေထောက်ကို နင်းမိတုန်းက အော်လိုက်တဲ့ အသံဟာ အသည်းကောင်းတဲ့လူဆိုရင် အမြောက်မှန်မှ အဲဒီလောက် အော်မှာကွ” ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ၎င်း၏ စကားကို သဘောကျသော ကြောင့် ပြုံးလိုက်လေ၏။ ထို့နောက်မှ ကျွန်ုပ်က. . .





“အော်တာတစ်ခုတည်းကို ကြည့်ပြီး ကျုပ်ကို အသည်းငယ် တယ်လို့ အတတ်ပြောတာတော့ နည်းနည်းလွန်တယ်ထင်တယ်”ဟု ပြန်၍ ပြောလိုက်ရာ မှတ်ဆိတ်ဖြူကြီးက. . .

“အော်တာတစ်ခုတည်းနဲ့ ပြောတာမဟုတ်ဘူး၊ နာရင် အော်တာ ဟာ သဘာဝပါပဲ။ ဒါပေမယ့် ကိုယ်ဒီလောက် နာနေပြီပဲ၊ နင်းတဲ့လူ ကို ဆောင့်ပြီး တွန်းလိုက်ပါလား။ ကိုယ့်လူ ဒီလိုလဲမတွန်းခဲ့ဘူး။ ဘာကြောင့် မတွန်းလဲဆိုတော့ ဟိုလူပြောတဲ့စကားတွေကို ကိုယ့်လူ ကြားလိုက်တာကိုး။ ဒီတော့ ကိုယ့်လူရဲ့ မသိစိတ်မှာ ဟိုလူကို အတော်ကြီးကျယ်တဲ့ လူကြီးအဖြစ် အမှတ်ပေးထားလိမ့်မယ်။ အဲဒါကြောင့် မတွန်းဝံ့တာ။ စုတ်စုတ်ပြတ်ပြတ် လူတစ်ယောက်သာ ကိုယ့်လူကို နင်းမိစမ်း၊ ကိုယ့်လူ ဒီလိုအော်ရုံအော်မှာ မဟုတ်ဘူး။ အခုတော့ ဟိုလူက ဆောရီး၊ ဆောရီးဆိုတာနဲ့ ကိုယ့်လူ ကျေနပ် လိုက်တယ်” ဟု ပြောပြန်လေ၏။ ကျွန်ုပ်မှာ တစ်စုံတစ်ရာ ပြန်၍ ပြောဆိုခြင်း မပြုဘဲ ပြုံးလိုက်လေ၏။

ထို့နောက် ကျွန်ုပ်က. . .

“ဘာပဲဖြစ်ဖြစ် ခင်ဗျားပရုပ်ဆီကို အကြောင်းပြုပြီး ခင်ဗျား ကိုတော့ ကျေးဇူးတင်ရမှာပဲ” ဟု ပြောလိုက်ရာ မှတ်ဆိတ်ဖြူကြီးက. . .

“ဟိုတုန်းက မိန်းမပျိုလေး တစ်ယောက်နဲ့ သူ့အမေဟာ ကျိုက်ထီးရိုး တက်လာတယ်။ ‘ရွှေရင်ဆို့’ အတက်လဲရောက်ရော အမေလုပ်တဲ့လူဟာ ခြေသလုံးကြွက်သားတွေ တက်ပါလေရော။ အဲဒီတော့ မိန်းမပျိုလေးလဲ အခက်ကြုံနေတယ်။ အဲဒီအခါမှာ ဘုရားဖူးလမ်းကြို လူငယ်တစ်ဦးက ပရုပ်ဆီပုလင်း ထုတ်ပေး

လိုက်တယ်။ အဘွားကြီးက အဲဒီ ပရုပ်ဆီလဲ လိမ်းရော ဝေဒနာက သက်သာခွင့် ရသွားတယ်၊ အဲဒါကနေ အကြောင်းပြုပြီး မိန်းမပျို ကလေးနဲ့ လူငယ်ကလေးဟာ ရင်းနှီးသွားတယ်။ နောက်ဆုံးမှာ ချစ်ကြိုက်ပြီး ညားသွားကြတယ် ဆိုပါတော့ကွယ်။ အဲဒီလို ဝတ္ထုသွား မျိုးတွေ ရှေးတုန်းကထုတ်တဲ့ ဒီဂျူဗာသက်စောင့် မဂ္ဂဇင်းမှာ အများကြီး ပါဖူးတယ်။ မဖြစ်နိုင်ဘူးလို့တော့ ပြောလို့ မရဘူး။ ပရုပ်ဆီ တစ်ပုလင်း ကို အကြောင်းပြုပြီး မိန်းမရချင်လဲ ရသွားနိုင်တယ်။ တကယ်လို့ ကိုယ့်လူဟာ ဒီအရွယ်ထိအောင် အမြီးမပေါက်သေးဘူး ဆိုရင်တော့ ပရုပ်ဆီကောင်းကောင်း တစ်ပုလင်းလောက်ဝယ်ပြီး ဆောင်ထား သင့်တယ်” ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် ပြန်၍ မပြောဘဲ ပြုံးလိုက်လေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၌ အိမ်ထောင်ရှိ၏။ ကျွန်ုပ် ရရှိထားသော မိန်းမသည်ပင်လျှင် ပရုပ်ဆီကို အကြောင်းပြု၍ ရရှိ ထားသောကြောင့် ဖြစ်၏။ ကျွန်ုပ်၏ မိန်းမသည် ပရုပ်ဆီကို အလွန်ကြိုက်၏။ မည်သို့ဖြစ်သည် မသိ။ ကျွန်ုပ်၏ မိန်းမသည် အိပ်ရာဝင်သည်နှင့် တစ်ပြိုက်နက် ပရုပ်ဆီပုလင်းကို ဖွင့်ကာ သူ၏ ကိုယ်ခန္ဓာနေရာအနှံ့အပြားသို့ ပွတ်လေတော့၏။ ကျွန်ုပ်မှာ ခြင်ထောင် တွင်းသို့ ဝင်သည့်အခါတိုင်း၌ ပရုပ်ဆီဂိုဒေါင်တွင်းသို့ ဝင်သကဲ့သို့ ခံစားရမိလေ၏။ ဤကိစ္စကို အကြောင်းပြု၍ အိမ်ထောင်ကျခါစက မကြာခဏ ရန်ဖြစ်ရလေ၏။ သို့ရာတွင် မည်သို့ ဖြစ်လေသည်မသိ။ နောင်အခါများ၌ ပရုပ်ဆီနံ့ မရလျှင်ပင် ကျွန်ုပ်သည် တစ်ခုခုလိုနေ သကဲ့သို့ ခံစားရပြီးလျှင် အိပ်၍ မပျော်သကဲ့သို့ ရှိလေတော့၏။





ထို့အပြင် ကျွန်ုပ်၏ ဇနီးသည် လွန်စွာ နားပူနားဆာနိုင်၏။ ပြဿနာမရှိလျှင် ပြဿနာ ရှာ၏။ ထို့ကြောင့် မကြာခဏဆိုသလို . .

“နင်ဟာ ပရုပ်ဆီလိုပဲ။ အလွန်ကို ပူစပ်ပူလောင်နိုင်တဲ့ မိန်းမပဲ”ဟု ပြောရလေ၏၊ ထိုအခါမျိုး၌လည်း ကျွန်ုပ်၏ မိန်းမသည် ငြိမ်၍မနေတတ်။

“ပရုပ်ဆီနဲ့တူတဲ့ မိန်းမနဲ့ မပေါင်းချင်ရင် မပေါင်းနဲ့။ ရေခဲ တုံးလို မိန်းမရှာပြီး ပေါင်းပေတော့၊ ရှင့်လိုလူမျိုးကို ဘယ်မိန်းမမှ ကျွန်မလို သည်းညည်းခံပြီး ပေါင်းမှာ မဟုတ်ဘူး” ဟု ပြန်၍ ရန်တွေ့တတ်လေ၏။

ထို့ပြင် ကျွန်ုပ်၏ မိန်းမမှာ နတ်ကို လွန်စွာ ယုံသူဖြစ်၏။ ရင်းယုံသော နတ်များမှာလည်း ဝက်သားကြောက်သော နတ်များ ဖြစ်၏။ တစ်နေ့တွင် ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် ကျွန်ုပ်ထံသို့ လာရောက်၍ ယနေ့ခေတ် အသုံးပြုနေသော ပရုပ်ဆီတော်တော်များ များနှင့် ဆပ်ပြာတို့မှာ ဝက်ဆီကို သုံးထားကြောင်း ပြောဖူးလေ၏။ ကျွန်ုပ်သည် ထိုသူ၏ စကားကို အယုံအကြည် မရှိပါ။ သို့သော် ကျွန်ုပ်၏ ဇနီးကို ထိုအကြောင်းကို ပြောပြလေ၏။ ထိုအခါ ကျွန်ုပ်၏ ဇနီးသည် ပရုပ်ဆီနှင့် နတ်အကြားတွင် ဝေခွဲမရ ဖြစ်ရ လေတော့၏။ ငယ်စဉ်ကပင် ပေါင်းခဲ့သော ပရုပ်ဆီကို ပေါင်းရမည် လော၊ ကြီးမှ ပေါင်းရသောနတ်ကို ပေါင်းရမည်လောဟု ဗျာများ ရလေတော့၏။ သို့ရာတွင် ခေါင်းကိုက်သောအခါ နတ်သည် မည်သို့မျှ မတတ်နိုင်၊ ပရုပ်ဆီကသာ တတ်နိုင်၏။ ထိုအခါ နတ် သည် တန်ခိုးမရှိ၊ ပရုပ်ဆီကသာ တန်ခိုးရှိ၏။ ကိုယ်လက်ကိုက်ခဲ

သောအခါ၌လည်း သူ၏ နတ်များသည် ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ကြ၊ ပရုပ်ဆီကသာ စွမ်းဆောင်နိုင်၏။ စေ့စေ့ပေါက်ပေါက်တွေးကြည့်သောအခါ၌ သူကိုးကွယ်သော နတ်များသည် သူအသုံးပြုသော ပရုပ်ဆီလောက်ပင် တန်ခိုးမကြီးကြောင်း သဘောပေါက်လာလေတော့၏။

မည်သို့ သဘောပေါက်သော်လည်း အစွဲအလမ်းဟူသည်ကား စွန့်လွှတ်ရန် ခက်ခဲ၏။ အစွဲအလမ်းတစ်ခု ရှိပြီဆိုလျှင် စွန့်လွှတ်ရန်အတွက် ပတ်ဝန်းကျင်လို၏။ သတ္တိလို၏။ အရည်အချင်းများစွာလို၏။ ထို့ကြောင့် ကျွန်ုပ်၏ ဇနီးသည် နံပြားကိုလည်း မစွန့်ရဲ၊ ပရုပ်ဆီကိုလည်း မသုံးဘဲ မနေနိုင်၊ ထို့ကြောင့် ပရုပ်ဆီသုံးခါနီး၌. . .

"ကိုယ်တော်တို့ ပရုပ်ဆီထဲမှာ အမဲဆီတွေပါရင် ခွင့်လွှတ်ပါ" ဟု တောင်းပန်တိုးလျှိုးသော အလေ့တစ်ခု ပေါ်ပေါက်လေတော့၏။

နောင်တွင် တောင်းပန်တိုးလျှိုးသော စကားမပြောဘဲ ပရုပ်ဆီပုလင်းကို ဖွင့်ခါ အပေါ်သို့ မြှောက်လေတော့၏။ ထိုအပြုအမူကို မြင်သောတောမှ အဒေါ်ကြီးတစ်ဦးက. . .

"စားစရာသောက်စရာဆိုရင်တော့ အဘိုးကို အဒေါ်တို့ဆီမှာလဲ မြှောက်တဲ့အလေ့အထ ရှိပါတယ်၊ ပရုပ်ဆီကိုတော့ မမြှောက်ပါဘူး၊ မိန်းကလေးရယ်" ဟု ပြောဖူးလေ၏။

ထိုအချိန်မှာပင် ရထားထွက်ရန် ဥသြဆွဲလေ၏။ ထိုဥသြဆွဲသံ၏ မရှေးမနှောင်း၌ပင် မျက်နှာချင်းဆိုင်ထိုင်ခုံသို့ မိန်းမတစ်ဦး ရောက်လာပြီး ထိုင်လေ၏။ ထိုမိန်းမမှာ အသက် (၃၀) ကျော်အရွယ်ခန့် ရှိ၏။ ထိုမိန်းမအား အဒေါ်ကြီးတစ်ဦးက လိုက်ပို့၏။ ထိုမိန်းမသည် ပြတင်းပေါက်မှ နေ၍ လိုက်ပို့သော အဒေါ်ကြီးအား





"ဒေါ်သိန်းရယ်၊ ကမန်းကတန်းထွက်လာခဲ့တာ ပရုပ်ဆီတောင် ပါမလာဘူး။ ကျွန်မက ခရီးသွားရင် ခေါင်းကိုက်တတ်တယ်။ အခုလဲ မနက်အစောကြီး ရေချိုးတာ ခေါင်းထဲမှာ အုံတုန်တုန်နဲ့"ဟု ပြောစဉ်၌ပင် ရထားသည် ဘီးလိမ့်စ ပြု၏။ ထိုမိန်းမလည်း လိုက်ပို့သော အဒေါ်ကြီးအား လက်ပြပြီး ကိုယ်ကိုမတ်ကာ ကျနွှဲရရ ထိုင်နေ၏။ ထိုသို့ ထိုင်လိုက်စဉ်တွင် ကျွန်ုပ်၏ လက်ထဲမှာ ပရုပ်ဆီပုလင်းကို မြင်တွေ့သွားလေ၏။ ထိုအခါ ကျွန်ုပ်က ၎င်းအား လှမ်း၍ ပေးရင်း. . .

"ခေါင်းကိုက်ရင် နဲနဲပွတ်ထားလိုက်ပါလား၊ ကျားဘမ်းပရုပ်ဆီ အစစ်ကလေး"ဟု ပြောပြီး ပေးလိုက်ရာ ထိုမိန်းမလည်း အငန်းမရ လှမ်းယူရင်း. . .

"ကျေးဇူးတင်လိုက်တာရှင်" ဟု ပြောရင်း ပရုပ်ဆီကို အားရပါးရ ကော်ကာ နားထင်ကို ပွတ်၏။ ဇက်ကို ပွတ်၏။ ထို့ပြင် လက်ထဲတွင် ပွတ်၍လည်း အားရပါးရ ရှူလေ၏။ ထိုသို့ ရှူလိုက်ပြီး. . .

"ကျေးဇူးတင်လိုက်တာရှင်" ဟု ပြောကာ ပရုပ်ဆီပုလင်းကို ပြန်၍ မပေးဘဲ ကိုင်မြဲကိုင်ထားလေ၏။ ထို့နောက် အိမ်သာဘက်သို့ ထသွားလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက ကျွန်ုပ်အား. . .

"ကိုယ့်လူက ကိုယ့်ပစ္စည်းလဲ မဟုတ်ဘဲနဲ့ ဟိုကတောင် မတောင်းသေးဘူး။ ဘာဖြစ်လို့ လောကွတ်သွားလုပ်နေရတာတုန်း"ဟု ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က. . .

"သူ့ခမျာ၊ ခေါင်းကိုက်နေရှာတယ်ဗျာ" ပြောလိုက်လေ၏။

"သူ ခေါင်းကိုက်နေကြောင်း ကိုယ့်လူက ဘယ့်နှယ်လုပ် သိသတုန်း"ဟု မေးလေ၏။

"စောစောက ဟိုမိန်းမကြီးကို ပြောလိုက်တာ ကြားတယ်လေ" ဟု ကျွန်ုပ်က ပြန်၍ ပြောလျှင် မုတ်ဆိတ်ဖြူကြီးက. . .

"အဲဒီလိုကြားတာနဲ့ဘဲ သူခေါင်းကိုက်တယ်ဆိုတာ တကယ် ယုံလိုက်ရောလား ကိုယ့်လူရဲ့၊ မိန်းမတွေဆိုတာ သူတို့ပြောတာနဲ့ သူတို့ဖြစ်တာ တခြားစီ ဖြစ်နေတတ်တယ်။ အဲဒါကြောင့် သူတို့ စကားကို မယုံရင် အကောင်းဆုံးပဲ ကိုယ့်လူ၊ ဘာပဲဖြစ်ဖြစ်လေ ကျုပ်ရဲ့ ပရုပ်ဆီဘူးလေး မဆုံးရင် တော်ပါပြီ" ဟု ပြောလေတော့၏။ ထို့ကြောင့် ထိုမိန်းမထံမှ ပရုပ်ဆီ ပုလင်း ပြန်ရရှိရေးမှာ ကျွန်ုပ်အတွက် တာဝန်တစ်ခု ဖြစ်နေလေတော့၏။ ထိုအချိန်၌ ထိုမိန်းမသည် အိမ်သာမှ ပြန်လာလေတော့၏။ ထို့နောက် ကျွန်ုပ်အား ပရုပ်ဆီ ပုလင်းကို ပြန်၍ပေး၏။ ကျွန်ုပ်လည်း မုတ်ဆိတ်ဖြူကြီးထံသို့ ထို ပရုပ်ဆီပုလင်းကို ပြန်၍ ပေးလိုက်လေတော့၏။ ထိုအခါ ထိုမိန်းမက. . .

"အစ်ကိုကြီး ပရုပ်ဆီပုလင်းကလဲ ရထားတစ်စင်းလုံး လိုက်ပြီး ငှားနေတော့တာပဲလား"ဟု မေးလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက ကျွန်ုပ်ဘက်သို့ လှည့်၍ မျက်လုံးပြူးပြလိုက်လေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်သည် မျက်နှာချင်းဆိုင်မှ မိန်းမနှင့်ပါ စတင် ခင်မင်သွားလေတော့၏။ မုတ်ဆိတ်ဖြူကြီးသည် ပရုပ်ဆီ အနည်းငယ်ကို ဖက်ပိုး၌ အနည်းငယ် ပွတ်၍ ပုလင်းကို လွယ်အိတ် ထဲသို့ ထည့်ကာ အိမ်သာဘက်သို့ ထွက်သွားလေတော့၏။ ထိုအခါ၌ မျက်နှာချင်းဆိုင်မှ မိန်းမက ကျွန်ုပ်အား. . .





"မုတ်ဆိတ်ဖြူကြီးနဲ့ အဘိုးကြီးက ရှင့်ပရုပ်ဆီဘူးကို သူ့ လွယ်အိတ်ထဲထည့်လိုက်ပြီ၊ နောက်တော့ မေ့ပြီး သူနဲ့ ပါသွား လိမ့်မယ်" ဟု သတိပေးလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"အဲဒီပရုပ်ဆီဟာ မုတ်ဆိတ်ဖြူကြီးဟာ" ဟု ပြောလိုက်မှပင် မိန်းကလေးလည်း သဘောကျ၍ တခစ်ခစ် ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက်. . .

"ကျွန်မကလဲ မသိမဆိုင် အကုသိုလ်တွေ များနေလိုက်တာ"ဟု ပြောလေ၏။ မုတ်ဆိတ်ဖြူကြီးလည်း ပြန်လည်ရောက် ရှိလာပြီး နေရာ၌ ထိုင်လေ၏။ ထို့နောက် မုတ်ဆိတ်ဖြူကြီးနှင့် ကျွန်ုပ်တို့ စကားစမြည် ပြောကြလေ၏။ ကျွန်ုပ်သည် မိတ်ဆွေတစ်ဦး၏ ညွှန်ပြမှုကြောင့် တရားထိုင်ရန် အလို့ငှာ တောင်ပေါ်မြို့လေး တစ်မြို့ဆီသို့ သွားခြင်းဖြစ်ကြောင်း ပြောလေ၏။ ထိုအချိန်၌ပင် ရထားသည် ဘူတာတစ်ခု၌ ရပ်ရန် စက်ရှိန်ကို လျှော့လိုက်လေ၏။ မိန်းကလေးက. . .

"ဘာ ဘူတာလဲ"ဟု ကျွန်ုပ်အား မေးလေ၏။ ကျွန်ုပ်ကလည်း မသိသောကြောင့် မုတ်ဆိတ်ဖြူကြီးအား. . .

"ဘာ ဘူတာလဲ" ဟု ထပ်၍ မေးလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"ကိုယ့်လူဖတ်နေတဲ့ စာအုပ်ထဲမှာ ကြည့်လို့ မရဘူးလား"ဟု ပြန်၍ မေးလေ၏။

"ကျုပ်ဖတ်နေတဲ့ စာအုပ်က ဘူတာခရီးစဉ် စာအုပ်မှ မဟုတ်ဘဲဗျ"ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . .

"အခုရပ်တာ ပဲခူးဘူတာ"ဟု ပြောလေ၏။ ထိုအခါကျမှပင် ကျွန်ုပ်လည်း ရထားအနီးသို့ လာရောက်ရောင်းချသော ဈေးသည်များထံမှ တစ်စုံတစ်ခုသော စားစရာ သောက်စရာများကို ဝယ်ရန်အတွက် ကြည့်ရှုလေ၏။ ထို့နောက် ကြက်ဥနှင့် ကြော်ထားသော ပေါင်မုန့်တစ်ခုကို ဝယ်လိုက်လေ၏။ ကျွန်ုပ်၏ ရှေ့မှ မိန်းမကလည်း ပုစွန်ကြော်တစ်ခုကို ဝယ်လိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးကမူ ငှက်ပျောသီးတစ်ဖီးကို ဝယ်လိုက်လေ၏။ ရထားထွက်သောအခါ ကျွန်ုပ်သည် ပေါင်မုန့်ကြော်ကို စားကြည့်၏။ ပေါင်မုန့်ကြော်မှာ အကျန်ကို နွှေးထားသောကြောင့် စား၍ မကောင်းဘဲ ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ပေါင်မုန့်ကြော်ကို လွှင့်ပစ်လိုက်၏။ မိန်းကလေး၏ ပုစွန်ကြော်မှာလည်း အကျန်ပင် ဖြစ်၏။ မိန်းကလေးသည် ကျိတ်မှိတ်၍ စားသော်လည်း နောက်ဆုံး၌ လွှင့်ပစ်လိုက်ရလေတော့၏။ မုတ်ဆိတ်ဖြူကြီးမှာမူ ငှက်ပျောသီးတစ်လုံးကို အခွံနွှာကာ စားနေပြီ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"ဘယ်လိုလဲ ကောင်းရဲ့လား"ဟု မေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . .

"ကောင်းပါ့ဗျာ" ဟု ပြန်၍ ပြောလေ၏။

"ကျုပ်ဝယ်တဲ့ ပေါင်မုန့်ကြော်ကြီးက အကျန်ကို ပြန်နွှေးထားတာဗျာ၊ ဒါကြောင့် လုံးဝကို စားလို့မရဘူး" ဟု ပြောလိုက်လေ၏။

"လူလုပ်တဲ့ပစ္စည်းနဲ့ သဘာဝပစ္စည်း ကွာတယ်၊ တကယ်လို့ လိမ်စရာရှိရင် လူလုပ်တဲ့ပစ္စည်းမှ လိမ်လို့ လွယ်တယ်။ သဘာဝပစ္စည်းမှာ မလွယ်ဘူး၊ အဲဒါကြောင့် မသေချာတဲ့နေရာမှာ ဝယ်ပြီး





စားသောက်မယ်ဆိုရင် သဘာဝ အစားအသောက်ကို ဝယ်ပြီး စား၊ ကျုပ်ဟာ အမြဲလိုလို ခရီးသွားနေသူတစ်ဦးပဲ၊ ဒါပေမယ့် ထမင်းသုပ်အသုပ်တို့၊ ဘာလီရည်အတုတို့၊ ဆေးသကြားဖျော်ထားတဲ့ လက်ဖက်ရည်တို့ တစ်ခါမှ မဝယ်မိဖူးဘူး၊ ကျွန်ုပ် ဝယ်စားရင် ငှက်ပျော်သီးတို့၊ သခွော်သီးတို့ အဲဒါမျိုးပဲဝယ်စားတာ၊ ဒါနဲ့ နေစမ်းပါဦး၊ ကိုယ့်လူဖတ်နေတဲ့ စာအုပ်ထဲမှာ ဒီအချိန်မျိုး ပေါင်မုန့်ကြော် ဝယ်စားရင် အကျန်နဲ့ မိနေမယ်ဆိုတာ မပါဘူးလား" ဟု မုတ်ဆိတ်ဖြူကြီးက မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . .

"တောက်တီးတောက်တဲ့ဗျာ။ ကျုပ် ဖတ်နေတဲ့ စာအုပ်က မုန့်ဝယ်စားနည်း စာအုပ်မှ မဟုတ်ဘဲ" ဟု ပြန်ပြောလိုက်လေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့ သုံးဦးသားသည် ရင်းနှီးသိကျွမ်းကြပြီးနောက် တောင်ပေါ်မြို့ကလေးဆီသို့ ရောက်လာကြလေတော့၏။ မျက်နှာချင်းဆိုင်မှ မိန်းကလေးမှာမူ တောင်ပေါ်မြို့ကလေးမှ ၎င်း၏ အစ်မထံသို့ သွားရောက်လည်ပတ်ခြင်းဖြစ်ကြောင်း သိရလေ၏။ ကျွန်ုပ် တရားထိုင်မည်ဖြစ်ကြောင်း သိရသောကြောင့် ပဲငပိကြော်များ၊ မုန့်ညှင်းချဉ်များ လှူဒါန်းပါရစေဟု ခွင့်တောင်းကာ ကျွန်ုပ်ထံ လာရောက်၍ လှူဒါန်းလေ၏။ ကျွန်ုပ်သည် မိတ်ဆွေညွှန်ပြသော ဆရာနှင့် တွေ့ဆုံကာ (၄၅)ရက် တိုင်တိုင် တရားထိုင်လေတော့၏။ (၄၅)ရက်ပြည့်သော အခါ၌ ပြန်ခဲ့လေတော့၏။ ကျွန်ုပ်ပြန်မည့်နေ့တွင် မျက်နှာချင်းဆိုင် ထိုင်ခုံမှ မိန်းကလေးလည်း ထိုမြို့မှ ပြန်ခဲ့လေ၏။

ဘူတာတွင် တွေ့သဖြင့် လက်မှတ်ကို အတူယူကြရာ ထိုင်ခုံချင်း အတူကျလေတော့၏။ လမ်းတွင် ကျွန်ုပ်က ခေါင်းကိုက်သည်

ဆိုသောကြောင့် သူက ပရုပ်ဆီပုလင်းကလေးကို ထုတ်ပေး၏။ ဘူတာ တစ်ခုသို့ ရောက်၍ မုန့်ဝယ်ခါနီး၌ သူကပင် ကျွန်ုပ်အား. . .

"ဒီတစ်ခါဝယ်ရင် သဘာဝပဲ ဝယ်နော်"ဟု သတိပေးသဖြင့် ကျွန်ုပ်လည်း ငှက်ပျောသီး၊ သဘော်သီး၊ လိမ္မော်သီးတို့ကို ဝယ်ယူလေ၏။ ထို့နောက် နှစ်ယောက်သား ပျော်ရွှင်စွာ စားသောက်ကြလေတော့၏။

ဤသို့နှင့်ပင် သူနှင့် ကျွန်ုပ်သည် ရင်းနှီးသွားကြလေတော့၏။ ရင်းနှီးသည်ဆိုခြင်းထက် နီးစပ်သွားကြသည်ဆိုလျှင် ပို၍ မှန်ပေလိမ့်မည်။ ရန်ကုန်သို့ ရောက်သောအခါ၌လည်း ကျွန်ုပ်၏ ရုံးသို့ မကြာခဏ သူက လာ၏။ ကျွန်ုပ်ကလည်း သူ၏ ရုံးသို့ မကြာခဏ သွား၏။ ထို့နောက်တွင်ကား သူက ကျွန်ုပ်အား မောင်ဟု ခေါ်လာ၏။ ကျွန်ုပ်ကလည်း သူ့အား ခင်ဟု ခေါ်ဖြစ်လာလေတော့၏။ ကျွန်ုပ်၏ မိန်းမကြီး မသိအောင် ကျွန်ုပ်သည် ခင့်ထံသို့ ရောက်ရှိခဲ့လေ၏။ ကျွန်ုပ်မှာ လူပျိုမဟုတ်၊ အိမ်ထောင်နှင့် ဖြစ်၏။ ထို့အတူ ခင့်မှာလည်း အပျိုမဟုတ်၊ တစ်ခုလပ်မကလေး ဖြစ်၏။ ကျွန်ုပ်တို့နှစ်ဦး၏ အချစ်ရေးသည် ကြာလေလေ ခိုင်မြဲလေလေ ဖြစ်လာလေတော့၏။ တစ်ဦးကိုတစ်ဦး မမြင်ရလျှင် မနေနိုင်အောင် ဖြစ်လာကြ၏။ ထိုအဖြစ်မှာ ပရုပ်ဆီတစ်ပုလင်းမှ စခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ကျွန်ုပ်မှာ မကြာခဏ သတိရမိလေ၏။

ကျွန်ုပ်တို့၏ ဖူးစာမှာ ပရုပ်ဆီဖူးစာဟုပင် ဆိုနိုင်လေ၏။ တစ်ညတွင် ကျွန်ုပ်သည် ခင့်ထံသို့ သွားလေ၏။ ထို့နောက် ခင်၏ အခန်းတံခါးကို ခေါက်လိုက်လေ၏။ အတွင်းမှ ခင်က. . .





"ဘယ်သူလဲ" ဟု မေးလေ၏။ ကျွန်ုပ်က. . .

"မောင်ပါ"ဟု ပြန်၍ ဖြေသော်လည်း ခင်သည် တံခါးဖွင့်မပေးပေ။ ထို့ကြောင့် ကျွန်ုပ်က. . .

"မောင်လေကွာ တံခါးဖွင့်လေကွာ"ဟု ဆိုသော်လည်း တံခါးမဖွင့်ပေးပေ၊ ကျွန်ုပ်သည် နှစ်နာရီနီးပါး တံခါးအပြင်ဘက်၌ ရပ်နေရ၏။ နောက်ဆုံးတွင် လက်လျှော့၍ ပြန်ခဲ့ရလေ၏။ လမ်းထိပ်သို့ ရောက်သောအခါ၌ အတွေးတစ်ခု ပေါ်လာ၏။ ထို့ကြောင့် ခင့်ထံသို့ ပြန်လာပြီး တံခါးကို ခေါက်ပြန်၏။ အတွင်းမှ ခင်က. . .

"ဘယ်သူလဲ" ဟု မေးပြန်၏။ ကျွန်ုပ်က မောင်ဟု မဖြေတော့ဘဲ. . .

"ခင်ပါ" ဟု ဖြေလိုက်လေ၏။

ထိုအခါ အတွင်းမှ ခင်သည် တံခါးဆီသို့ အူလျားဖားလျား ပြေးလာပြီးလျှင် တံခါးကို ကပျာကယာ ဖွင့်လေ၏။ ထို့နောက် ကျွန်ုပ်၏ လည်တိုင်ကို သိုင်းဖက်လိုက်လေတော့၏။ ပြီးလျှင်. . .

"မောင်က သိပ်ပြီး သဘောပေါက်လွယ်တာပဲ၊ ခင်လေ တစ်ခု စဉ်းစားနေတာ၊ မောင်ရယ်၊ ခင်ရယ်ဆိုပြီး နှစ်မျိုးနှစ်စား ရှိနေသမျှ တစ်ဦးနဲ့တစ်ဦး သပ်သပ်စီ ဖြစ်နေမယ်၊ တစ်ပေါင်းတည်း တစ်စည်းတည်း မဖြစ်နိုင်ဘူးလို့ စဉ်းစားနေတာ၊ ဒါကြောင့် ခင့်အဖို့တော့ မောင်ဆိုတာ မရှိဘူး၊ ခင်ပဲ ရှိရမယ်၊ ခင်ဟာလဲ ခင်ပဲ၊ မောင်ဟာလဲ ခင်ပဲ ဖြစ်နေရမယ်၊ အဲဒါကို မောင် သဘောပေါက်တယ်နော်" ဟု ပြောလိုက်ရာ ကျွန်ုပ်လဲ. . .

"ဒီလောကကြီးမှာ မောင်မရှိတော့ဘူးလေ၊ ခင်ပဲ ရှိတော့တယ်"

ဟု ပြောလိုက်ရာ ခင်သည် သဘောကျလွန်း၍ တခစ်ခစ် ရယ်ကာ ကျွန်ုပ်အား အကြိမ်ပေါင်းများစွာ နမ်းရှုံ့လေ၏။

အထက်ပါ အဖြစ်အပျက်များသည် နှစ်ပေါင်းအတန်ကြာခဲ့ပြီ ဖြစ်၏။ ကျွန်ုပ်လည်း အိမ်မှ ဇနီးနှင့် ခင်တို့၏ အကြားတွင် ကောင်းစွာ နေတတ်လာပြီဖြစ်၏။ အိမ်က ဇနီးလည်း ပြောမရသည့် အဆုံး၌ ကျွန်ုပ်အား လက်လျှော့လိုက်ရပြီ ဖြစ်၏။ ကျွန်ုပ်သည် ခင့်ထံသို့ ပြောင်သွားခွင့် ရလာပြီ ဖြစ်၏။

တစ်နေ့တွင် ကျွန်ုပ်သည် ခင့်ထံသို့ သွားခဲ့၏။ တံခါးကို ခေါက်လိုက်၏၊ အတွင်းမှ ခင်က. . .

"ဘယ်သူလဲ" ဟု မေးလိုက်၏။ ကျွန်ုပ်က. . .

"ခင်ပါ" ဟု ဖြေလိုက်၏။ သို့ရာတွင် တံခါးမဖွင့်ဘဲ ရှိပြန်လေတော့၏။ ထိုအခါ၌ ကျွန်ုပ်သည် တံခါး အပြင်ဘက်တွင် တစ်နာရီခွဲခန့် ရပ်စောင့်နေပြီးနောက် ပြန်ထွက်ခဲ့လေ၏။ သို့ရာတွင် နိုးနိုးမထွက်ခဲ့ဘဲ အပြင်မှ ကလန့်ထိုးခဲ့လေ၏။ ထို့နောက် မျက်စောင်း ထိုးရှိ လက်ဖက်ရည်ဆိုင်သို့ဝင်ကာ အိမ်ခန်းကို မမှိတ်သော မျက်စိနှင့် ကြည့်နေခဲ့လေ၏။ အတော်အတန်ကြာသောအခါ၌ ခင်၏ အခန်း၌ ကပ်လျက်အခန်းမှ မိန်းမကြီးသည် ကျွန်ုပ်ထိုးခဲ့သော ကလန့်ကို ဖြုတ်ပေးနေကြောင်း တွေ့ရလေ၏။ ကျွန်ုပ်သည် စိတ်ဝင်စားစွာဖြင့် လက်ဖက်ရည်ဆိုင်တွင်းမှ မှုန့်ထည့်ထားသော မှန်ဘီရိုကို ကွယ်ကာ ကြည့်နေလေ၏။ အချိန်မှာ ည (၉)နာရီထိုးနေပြီ ဖြစ်၏။ ဤညမှာ တနင်္လာနေ့ည ဖြစ်သောကြောင့် ခင့်ထံသို့ လာလေ့မရှိဘဲ ဘုရားသို့ တက်ကာ ဘုရားပေါ်တွင် အိပ်လေ့ရှိသော ညမျိုး ဖြစ်၏။





များမကြာမီ၌ပင် တံခါးကလန့်ကို ဖြုတ်ပေးသော မိန်းမကြီးသည် သူ၏ အခန်းသို့ ပြန်သွားကာ တံခါးကို ပိတ်လိုက်လေ၏။ ထိုအခါ၌ ကျွန်ုပ်၏ ခင်သည် ဝဲယာသို့ စေ့စေ့စပ်စပ် ကြည့်ရှုလိုက်၏။ ထိုသို့ ကြည့်ရှုပြီး များမကြာမီ၌ပင် သူ၏ အခန်းတွင်းမှ ယောက်ျားတစ်ဦး ထွက်လာလေ၏။ ထိုသူမှာ ကိုယ်ခန္ဓာ အလွန်ကြီးမားကြောင်းလည်း ကျွန်ုပ် သတိပြုမိ၏။ ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်အတွင်းမှ ပြေးထွက်ကာ ထိုသူ၏ ဂုတ်ကို ဖမ်းဆွဲလိုက်လေ၏။ ထိုသူကို ကျွန်ုပ် ကောင်းစွာ မှတ်မိ၏။ ထိုသူသည် တစ်ခါက ရထားပေါ်တွင် ကျွန်ုပ်၏ခြေထောက်ကို နင်းသွားဖူးသောသူ ဖြစ်၏။ ထိုသူသည် ကြောက်လန့်တကြားနှင့် ရုန်းကာ ကျွန်ုပ်၏ ခြေထောက်ကို နင်းကာ ထွက်ပြေးလေတော့၏။

ကျွန်ုပ်က ခင့်အား. . .

"နင် မိန်းမယုတ်ပဲ။ ဟိုကောင်ကြီးဟာ နင့်လင်ငယ် မဟုတ်လား"ဟု ကျွန်ုပ်က ပြောရာ ခင်သည် ကျွန်ုပ်၏စကားကို အလေးအနက် မထားဘဲ မြေကြီးပေါ်တွင် တစ်စုံတစ်ခုကို ရှာဖွေနေ၏။ ထို့နောက်တွင် တွေ့ရှိသွားကာ ကောက်ယူလိုက်လေ၏။ ကောက်ယူလိုက်သော အရာမှာ ပရုပ်ဆီပုလင်းကလေးပင် ဖြစ်တော့၏။

"နင်ဟာ ပရုပ်ဆီလို မိန်းမမျိုးပဲ"ဟု ပြောလိုက်ရာ ခင်က. . .

"အဲဒီတော့ ရှင်က မပေါင်းချင်ဘူးပေါ့။ မပေါင်းချင်ရင် ဈောင်းပေတော့" ဟု ပြောလေ၏။

ကျွန်ုပ်သည် သူ၏ ပါးကို လှမ်း၍ ရိုက်လိုက်၏။ ထို့နောက် ထွက်လာခဲ့လေတော့၏။ ထိုအချိန်ကစ၍ ကျွန်ုပ်၏ စိတ်များ

ဂနာမငြိမ် ဖြစ်လာ၏။ ထိုအခါ ကျွန်ုပ်၏ မိတ်ဆွေကောင်းတစ်ဦးက တောင်ပေါ်မြို့ကလေးတစ်မြို့တွင် တရားပြသော ဆရာတစ်ဦး ရှိကြောင်း၊ တရားသွား၍ ထိုင်သင့်ကြောင့် ပြောပြန်လေ၏။ ထို့နောက် ထိုတောင်ပေါ်မှ ဆရာထုတ်ထားသော တရားစာအုပ် ကလေးတစ်အုပ်ကိုလည်း လက်ဆောင် ပေးလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် တောင်ပေါ်မြို့ကလေးသို့ သွားရန်အတွက် ဘူတာရုံသို့ ထွက်ခဲ့လေ၏။ ထို့နောက် ရထားပေါ်သို့ တက်ကာ ကျွန်ုပ်၏ ထိုင်ခုံ၌ ထိုင်လိုက်လေ၏။ ခရီးသည်များသည် တက်သူ တက်၊ ဆင်းသူဆင်း ပြုနေကြလေ၏။ ခရီးသည်အချို့နှင့် လိုက်ပို့သူအချို့ သည် စင်္ကြံလမ်းပေါ်တွင် စကားပြောနေကြလေ၏။ ကျွန်ုပ်သည် လက်ဆောင်ရထားသော တရားစာအုပ်ကို ထုတ်၍ ဖတ်ရှုနေလေ၏။ ထိုအချိန်မှာပင် ကျွန်ုပ်၏ နံဘေးသို့ တစ်စုံတစ်ယောက် လာ၍ ထိုင်၏။ ကျွန်ုပ်သည် ထိုသူ့ကို လှည့်၍ ကြည့်လိုက်လေ၏။ ထိုသူမှာ နှစ်ပေါင်းများစွာက ဤအတိုင်း ဆုံခဲ့ဖူးသော မုတ်ဆိတ်ဖြူ အဘိုးကြီး ဖြစ်၏။ မုတ်ဆိတ်ဖြူကြီးလည်း ကျွန်ုပ်ကို ကောင်းစွာ မှတ်မိသွားလေ၏။ ထိုအခိုက်မှာပင် အခြားသောခုံမှ တစ်စုံတစ်ယောက် သည် ကျွန်ုပ်တို့ ပြတင်းပေါက်သို့ လာရောက်ကာ ၎င်းကို လိုက်ပို့ သူနှင့် စကားပြောလေတော့၏။ ၎င်းပြောသော စကားထဲတွင် အမ်ဒီကြီးထံသို့ ပို့ရန်ပစ္စည်းများ စာရင်းလည်း ပါ၏။ ထိုစာရင်းထဲ တွင် ဗွီဒီယိုအခွေများ၏ အမည်များလည်း ပါ၏။ အမ်ဒီကတော်ကြီး မှာထားသော ခွေးမျိုးကောင်း တစ်ကောင်၏အကြောင်းလည်း ပါ၏။ ၎င်း၏ အိမ်မှ ရေခဲသေတ္တာ ပျက်နေသည်ကို ရုံးမှ ခိုင်းနေကျလူကို





ခေါ်၍ ပြင်ခိုင်းရန်လည်း ပါ၏။ ထို့နောက် ဓာတ်ဆီကို နေ့စဉ် မှန်မှန် ထုတ်၍ ထားရန်လည်း ပါ၏။ ထိုသူသည် အလုံးစုံမှာပြီး သောအခါ၌ လိုက်ပို့သူ ပြန်သွား၏။ ထိုသူက နောက်သို့ ဆုတ်လိုက် ရာ ကျွန်ုပ်၏ ခြေထောက်ကို နင်းမိလေ၏။ ထိုအခါ ကျွန်ုပ်သည် ထိုသူအား ဆောင့်၍ တွန်းလိုက်၏။ ထိုသူက 'ဆောရီး၊ ဆောရီး'ဟု ပြော၏။ သို့ရာတွင် ကျွန်ုပ်က. . .

"ဒီမှာ ကိုယ့်လူ၊ ကိုယ့်လူခြေထောက်ကို ဆောင့်နင်းပြီး ဆောရီး ဆောရီးလို့ (၁၅) ခါ ပြောမယ်၊ ကျေနပ်မလား"ဟု ပြောလိုက်ရာ ထိုသူသည် ကျွန်ုပ်၏ ခြေထောက်ကို ကိုင်ကာ အနူးအညွတ် တောင်းပန်သွားလေ၏။ ကျွန်ုပ်သည် နင်းမိသော ခြေထောက်ကို ခုံပေါ်သို့ တင်၍ ကြည့်လိုက်ရာ ခြေဖျားကလေး များ သွေးခြည်ဥသွားကြောင်း တွေ့ရလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူ အဘိုးကြီးက သူ၏ လွယ်အိတ်အတွင်းမှ ပရုပ်ဆီပုလင်းလေးကို ထုတ်ကာ ကျွန်ုပ်အား ပေးလိုက်လေ၏။ ကျွန်ုပ်သည် မယူဝံ့မယူရဲ ဖြစ်နေလေ၏။ သို့ရာတွင် ခြေထောက်က နာလွန်းသဖြင့် ပရုပ်ဆီ ပုလင်းကို ယူကာ ဒဏ်ရာပေါ်တွင် ပရုပ်ဆီကို သုတ်လိမ်းလိုက်လေ၏။ ထို့နောက် မုတ်ဆိတ်ဖြူကြီးအား ယခင်က ဤနေရာ၌ ဤသို့ တွေ့ကြုံရပုံမှအစ နောက်ဆုံး ဖြစ်ပျက်ခဲ့သည့် အတွေ့အကြုံအထိ ပြောပြလိုက်လေတော့၏။ ထိုအချိန်၌ မျက်နှာချင်းဆိုင်ခုံသို့ မိန်းမ တစ်ဦး ရောက်လာလေ၏။ ထိုမိန်းမသည် သူ့အား လိုက်ပို့သော မိန်းမကြီးအား အိမ်၌ ပရုပ်ဆီပုလင်း ကျန်ခဲ့ကြောင်းကို ပြောပြ လေ၏။ ထို့ပြင် ခေါင်းကိုက်နေကြောင်းကိုလည်း ပြောလေ၏။ ထိုအချိန်မှာပင် ရထားသည် ဥသြဆွဲ၍ စတင်ထွက်ခွာနေပြီ ဖြစ်၏။

မျက်နှာချင်းဆိုင်မှ မိန်းမသည် ကျွန်ုပ်၏ လက်ထဲမှ ပရုပ်ဆီပုလင်းကို လှမ်း၍ ကြည့်လိုက်လေ၏။ ကျွန်ုပ်သည် ပရုပ်ဆီပုလင်းကို အဖုံးပိတ်လိုက်ပြီးနောက် မုတ်ဆိတ်ဖြူကြီး၏ လက်သို့ ပြန်၍ ပေးလိုက်လေ၏။ ထိုသို့ ပေးလိုက်ရင်း. . .

"ပရုပ်ဆီကောင်း သိပ်ပြီး ရှားတယ်၊ လူတွေ့တိုင်း လျှောက်ပြီး ဝေမနေနဲ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. .

"ကိုယ့်လူ တရားထိုင်ဖို့ သွားဦးမှာ မဟုတ်လား၊ မသွားနဲ့ ကိုယ့်လူ အပိုပဲ။ ကိုယ့်လူတရားရမှာ မဟုတ်ဘူး။ ကိုယ့်လူရင်ထဲမှာ အတေးအမှတ်တွေ ရှိနေတယ်။ ကိုယ့်လူရဲ့ စိတ်ဟာ အတေးအမှတ်တွေရဲ့ လှောင်အိမ်ထဲမှာ မိနေတယ်၊ စိတ်ဆိုတာက တိမ်ကလေးလို လွင့်ပြီး စမ်းရေကလေးကို စီးနေမှ ကောင်းတာ၊ အဲဒီလို လွတ်လွတ်လပ်လပ်လေး ရှိနေမှ လွတ်မြောက်မှုနဲ့ပိုပြီး နီးစပ်လိမ့်မယ် ထင်တယ်။ အခုအခါမှာတော့ ကိုယ့်လူဟာ ဒီလို မဟုတ်ဘူး။ ပရုပ်ဆီကို မုန်းနေပြီ။ ပြီးတော့ ပရုပ်ဆီနဲ့တူတဲ့ မိန်းမကိုလည်း မုန်းနေပြီ။ အမှန်က လောကကြီးဆိုတာ အကြောင်းမဲ့ မောက်မာသူတွေ၊ လောဘအတွက် ယောက်ယက်ခတ်နေတဲ့သူတွေ၊ ရမ္မက်ထူပြောတဲ့သူတွေ၊ လျှပ်ပေါ်လော်လီတဲ့သူတွေ၊ ပရုပ်ဆီနဲ့တူတဲ့ မိန်းမတွေလည်း ရှိမှ ပြည့်စုံမှာပေါ့ကွာ။ ပြီးတော့ မောက်မာသူတွေ၊ လောဘတွေ၊ ရမ္မက်တွေ၊ လော်လီဖောက်ပြားမှုတွေ၊ ဂုဏ်ယူဝင့်ကြွားဝါမှုတွေကြောင့် အသက်ဝင် လှုပ်ရှားနေတာ မဟုတ်လား၊ အဲဒီအရာတွေကို ဖယ်လိုက်ရင် လောကကြီးဟာ ဆိတ်ဆိတ်ငြိမ်နေတဲ့ တုံးကျိုးဘောကြီးအဖြစ်ကို





ရောက်သွားမှာပေါ့" ဟု ပြောလိုက်လေ၏။

ကျွန်ုပ်သည် မည်သို့ဖြစ်သည် မသိ၊ မုတ်ဆိတ်ဖြူကြီး၏ စကားကို ကောင်းစွာ နားလည်သွား၏။ ထို့ကြောင့် ရင်ထဲတွင် ပေါ့သွား၏။

"ကျုပ် ပဲခူးဘူတာမှာ ဆင်းပြီး ပြန်တော့မယ်" ဟု ကျွန်ုပ်က ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက သူ၏ ပရုပ်ဆီပုလင်းလေးအား ကျွန်ုပ်ကို လက်ဆောင်အဖြစ် ပေးလိုက်လေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ အိမ်သို့ ပြန်လာခဲ့လေတော့၏။ ခင် (သို့မဟုတ်) ပရုပ်ဆီနှင့်တူသော မိန်းမထံသို့လည်း မည်သည့်အခါမျှ မသွားတော့ပေ။ သို့ရာတွင် ကျွန်ုပ်သည် ထိုမိန်းမအား မုန်းတီးခြင်း မရှိပါ။ ထို့အတူ ချစ်ခြင်းလည်း မရှိပါ။ ကျွန်ုပ်သည် ချစ်ခြင်း၊ မုန်းခြင်းမှ လွတ်မြောက်သွားသည်ဟု ဆိုနိုင်၏။ ထိုမိန်းမအပေါ်၌သာ မဟုတ်၊ အရာရာတိုင်း၌ ချစ်ခြင်း၊ မုန်းခြင်း၏ မျဉ်းကြောင်းများကို ကျော်ဖြတ်လာနိုင်ပြီဖြစ်၏။ ထို့ကြောင့် မုတ်ဆိတ်ဖြူကြီးထံမှ ရခဲ့သော ပရုပ်ဆီပုလင်းလေးအား ဘုရားစင်ပေါ်သို့ အမြတ်တနိုး တင်ထားလိုက်လေတော့သတည်း။

## မှတ်ချက်

ဤဝတ္ထု၌ပါသော ကျွန်ုပ်ဆိုသည်မှာ စာရေးသူ မဟုတ်။ ထို့အတူ မည်သူ တစ်စုံတစ်ယောက်မျှလည်း မဟုတ်ပါ။

တစ်ဖန် ထိုကျွန်ုပ်သည်. . .

စာရေးသူကိုယ်တိုင်လည်း ဖြစ်နေ၏။

အခြားသော တစ်စုံတစ်ယောက်လည်း ဖြစ်နေပြန်၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်နှင့် အခြားသူဟူသော စည်းကြောင်းသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ထိုစည်းကြောင်းသည်လည်း မှိန်သည်ထက် မှိန်၍ သွားသောကြောင့် ဖြစ်၏။

**စာရေးသူ**





## မိုးကောင်းကင်နှင့်တူသော

## သူငယ်ချင်း

အဲဒီတုန်းက ကျွန်တော် (၁၀)တန်းကျောင်းသားပဲ ရှိသေးတယ်။ အစိုးရကျောင်းမှာ မတက်ဘဲအလွတ်ပညာသင်ကျောင်းမှာ ကျွန်တော် သွားတက်တယ်။ အဲဒီ အလွတ်ပညာသင်ကျောင်းက ရန်ကုန်မှာ မြင်းပွဲတွေ ဘာတွေလုပ်တဲ့ မြင်းကွင်းနားမှာ ရှိတယ်။ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် အတူတက်ကြတယ်။ ကျွန်တော်ရယ် အုံးမြင့် ဆိုတဲ့အကောင်က တော်တော်ချာတဲ့ကောင်။ စာမလိုက်နိုင်ရှာဘူး၊ ပြီးတော့ ဒီကောင်က မကြိုးစားဘူး။ မြသွေးကတော့ မပြောနဲ့တော့ ကျောင်းကို မှန်မှန်မတက်ဘူး။ သူ့ရဲ့ ကျောင်းလွယ်အိတ်မှာလည်း ကျောင်းစာအုပ်ကို မရှိဘူး။ မြင်းတစ်, စာအုပ်တွေနဲ့ လွယ်အိတ်က ဖောင်းနေတယ်။ ဒီကောင်ကတော့ ကျောင်းသားနဲ့ကို မတူဘူး။





တစ်နေ့ မြင်းသမားတွေ ထိုင်တဲ့ လက်ဖက်ရည်ဆိုင်မှာ အချိန်ကုန်တော့တာပဲ။ မြင်းစာအုပ်တွေနဲ့ လာမယ့်အပတ် ဘယ်မြင်း နိုင်မယ်ဆိုတာ တွက်နေတော့တာပဲ။

မြသွေးအနေနဲ့ ကောင်းတာတစ်ခုတော့ရှိတယ်။ ဒီကောင် မြင်းနိုင်လာရင် ကျွန်တော်နဲ့ အုံးမြင့်ကို လာခေါ်ပြီး ထမင်းကျွေးတယ်။ ဘိုင်စကုတ်ပြတယ်။ အကျီတွေဘာတွေ ချုပ်ပေးတယ်။ လုံချည် တွေလည်း ဝယ်ပေးတယ်။ မြသွေး အနေနဲ့ နောက်တစ်ခုကောင်းတာ ရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီကောင် မြင်းရှုံးရင် ကျွန်တော်တို့ဆီလာပြီး ဒုက္ခမပေးဘူး။ အဲဒီတော့ ကျွန်တော်နဲ့ အုံးမြင့်က မြင်းပွဲနေ့ဆိုရင် မြသွေးနိုင်ပါစေလို့ အလိုလို ဆုတောင်း လျက်သား ဖြစ်နေကြတယ်။

ပြီးတော့ မြသွေးဆိုတဲ့ ကောင်က တစ်လမှာ ကျောင်း နှစ်ရက်ထဲတက်တာ။ ကျောင်းလခပေးတဲ့နေ့မှာ တစ်ရက်တက်တယ်။ (၁၅) ရက်နေ့မှာ တစ်ရက် တက်တယ်။ (၁၅) ရက်နေ့ တစ်ရက် တက်တာကတော့ ကျွန်တော့်ကို ပိုက်ဆံပေးဖို့ တက်တာ။ ကျွန်တော်က သူ့အတွက် မှတ်စုစာအုပ်တွေ ကူးပေးရတယ်။ အဲဒီအတွက် သူက လခရှင်းတဲ့ သဘောပဲ။ (၁၅)ရက်အတွက် (၉/-)ပေးတယ်။ ကျန် (၁၅) ရက်အတွက်ကိုတော့ ကျောင်းလခပေးတဲ့နေ့မှာ ကျွန်တော့်ကိုပါ ရောပြီးပေးတယ်။ အဲဒီတော့ ကျွန်တော်က မြသွေးဆီက တစ်ဆယ် (၁၈/-) ရတယ်။

စာမေးပွဲဖြေဖို့ (၃) လပဲလိုတဲ့အခါမှာ ကျွန်တော်က မြသွေးကို "စာမေးပွဲ ဖြေဖို့ (၃)လပဲ လိုတော့တယ် ကိုယ့်လူရေ့၊ ကျောင်းလေးဘာလေး လာတက်ဦး"လို့ သတိပေးတယ်။ အဲဒီအခါမှာ ဒီကောင်က ဘာပြန်ပြောသလဲဆိုတော့. . .

"ဟေ့ကောင်. . . အောင်ထွန်း။ ငါ့ကို မဆုံးမပါနဲ့. . .။ ငါ မုန်းတဲ့အရာထဲမှာ အဆုံးအမဆိုတဲ့ အရာပါတယ်ကွ။ ငါချစ်တဲ့အရာကတော့ ငါ့ကို မြှောက်ပေးခြင်းပဲ။ ငါ့ကိုချစ်ရင် ငါလုပ်တဲ့အလုပ်ဟာ ကောင်းကောင်း မကောင်းကောင်း မြှောက်ပေးပါ။ ငါ့ကို မဆုံးမပါနဲ့။"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် တော့်တော်ကို စိတ်ဆိုးသွားတယ်။ ကျွန်တော်က သူ့ကို စေတနာနဲ့ ပြောတာမဟုတ်လား။ ကျွန်တော့်စေတနာကို အသိအမှတ် ပြုဖို့ ကောင်းတယ်။ ကျွန်တော် စိတ်မဆိုးဘဲ နေပ့ါမလား။ အဲဒါကြောင့်လဲ ကျွန်တော်က. . .

"(၁၀)တန်း မအောင်ရင် မင်းအနေနဲ့ ခွေးဖြစ်သွားမယ်။ အဲဒါကို ငါက စိုးရိမ်လို့ ပြောတာ"လို့ ကျွန်တော်က ဒေါနဲ့မောနဲ့ ပြောလိုက်တယ်။ အဲဒီတော့ မြသွေးက ထိတ်ထိတ်ပျပျာနဲ့. . .

"ဟေ့ကောင်. . . အောင်ထွန်း၊ ငရဲကြီးလိမ့်မယ်။ အဲဒီလိုမပြောနဲ့။ (၁၀)တန်း မအောင်လို့ ခွေးဖြစ်တဲ့လူ တစ်ယောက်မှ မရှိဘူး။ မင်းအဖိုးလည်း (၁၀)တန်း မအောင်ပါဘူး။ ငါ့ဘကြီးလည်း (၁၀)တန်း မအောင်ဘူး။ မင်းပြောသလို မဖြစ်ပါဘူးကွာ။ လူကြီးသူမတွေကို





မစော်ကားပါနဲ့ကွာ။ ငရဲကြီးလိမ့်မယ်။ အင်း. . . ခုမှ သတိရတယ်။ မင်းတုန်းမင်းကြီးတောင် (၁၀)တန်း မအောင်ဘူး"လို့ ကျွန်တော့်ကို ပြောတယ်။

"ဟေ့ကောင် မြသွေး။ လူလည်မလုပ်နဲ့။ အဲဒီလူတွေနဲ့ ဘာမှ မဆိုင်ဘူး။ မင်းကို ငါပြောတာ။ အဲဒီ လူတွေကတော့ (၁၀)တန်း မအောင်ရင် ဘာမှမဖြစ်ဘူး။ မင်းတို့ ငါတို့ကတော့ (၁၀)တန်း မအောင်ရင် ခွေးဖြစ်မှာ သေချာတယ်"လို့ ကျွန်တော်က ပြန်ပြီး ပြောလိုက်တယ်။

အဲဒီလိုပဲ (၁၀)တန်း ဖြေတဲ့အချိန် ရောက်လာတယ်။ ကျွန်တော်တို့ (၃)ယောက်စလုံး ကြည့်မြင်တိုင်က အေဘီအမ် ကျောင်းမှာ သွားဖြေရတယ်။ ကျွန်တော့် ခုံနံပါတ်ကို ကျွန်တော် မှတ်မိသေးတယ်။ ကျွန်တော်က (၈၄၈)။ အုံးမြင့် ခုံနံပါတ်ကလည်း ကျွန်တော်နဲ့ သိပ်ပြီး မဝေးဘူး။ မြသွေး ခုံနံပါတ်ကတော့ (၉၀၀၀) ကျော်မှာ။ အတိအကျတော့ မမှတ်မိဘူး။ ဒီကောင်က ကျွန်တော့်ကို တွေ့တော့. . .

"(၁၀)တန်းအောင်ချင်လို့ မဟုတ်ပါဘူးကွာ။ ငါ့သူငယ်ချင်း တစ်ယောက်က (၁၀)တန်း မအောင်ရင်ခွေးဖြစ်မယ်ပြောလို့ ငါက ခွေးဖြစ်မှာကြောက်လို့ လာပြီး ဖြေတာ"လို့. . . ကျွန်တော့်ကို ရိတိတိလာပြောသေးတယ်။ ကျွန်တော်က စိတ်ဆိုးပြီး. . .

"ဟေ့ကောင်. . . လူယုတ်မာ။ မင်းအတွက် ငါက စေတနာနဲ့ ပြောတာ။ မင်း ငါ့ကို အူကြောင်ကြောင် မပြောနဲ့။ မင်းပါးစပ်

ထဲကသွားတွေ အောက်ပြုတ်ကျသွားလို့ တစ်ချောင်းစီ ကောက်နေရမယ်"လို့ ကြိမ်းလိုက်တယ်။ အဲဒီတော့ ကျွန်တော်တကယ် စိတ်ဆိုးသွားမှန်း ဒီကောင်က သိတယ်။

"မင်း ငါ့ကို တကယ် စိတ်ဆိုးသွားသလား။ မဆိုးပါနဲ့ကွာ။ ငါက ကျီစားတာပါ"ဆိုပြီး ကျွန်တော့်ခေါင်းကို တစ်ချက်ခေါင်ခနဲ ခေါက်လိုက်တယ်။ ပြီးတော့ ဒီကောင်က. . .

"လူတစ်ဖက်သားက ကိုယ့်ကိုနောက်ရင် ပြန်ပြီး နောက်ရတယ်ကွ။ ကျီစားရင် ပြန်ပြီး ကျီစားရတယ်။ နောက်မှန်းမသိ ကျီစားမှန်းမသိ စိတ်ဆိုးတဲ့ ကောင်မျိုးဟာ ဘယ်တော့မှ မကြီးပွားဘူး။ မှတ်ထားဝေ့ုံးလေးရဲ့" လို့ပြောပြီး သူဖြေရမယ့် အခန်းဖက်ကို ထွက်သွားတယ်။ အဲဒီတော့ ကျွန်တော်က ပါးစပ်က ပွစိပွစိနဲ့ ဆဲပြီးတော့ ကျန်ရစ်ခဲ့တယ်။ အဲဒါကို ဘေးနားမှာရှိတဲ့ အုံးမြင့်က. . .

"မြသွေးရေ. . . မင်းကို ဆဲနေတယ်ကွ"လို့ လှမ်းပြီး အော်ပြောတယ်။ အဲဒီတော့ မြသွေးက လှည့်ပြီး. . .

"ငါသိပါတယ်. . . ဒီကောင် ငါ့ကိုဆဲနေတယ်ဆိုတာ။ ဘယ်လိုဆဲသလဲ ဆိုတာတောင် သိသေးတယ်။ လဒထိပ်နီနဲ့ မျောက်မောင်းမစပ်ပြီး မွေးတဲ့ကောင်စားလို့ ငါ့ကို ဆဲမှာကွ"လို့ မြသွေးက ပြန်ပြီး ပြောတယ်။ အဲဒီတော့ ကျွန်တော် မနေနိုင်တော့ဘူး။ ရယ်တော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီကောင့်ကို ဆဲတာ အဲဒီအတိုင်း ဆဲနေတာ။





အဲဒီလိုနဲ့ စာမေးပွဲဖြေကြတယ် ဆိုပါတော့။ ဖြေပြီး (၂)လလောက် ကြာတော့ အောင်စာရင်း ထွက်တယ်။ ကျွန်တော်လည်း မအောင်ဘူး။ အုံးမြင့်လည်း မအောင်ဘူး။ ကျောင်းမတက်တဲ့ မြသွေးက စွတ်ရွတ်ပြီးအောင်သွားတယ်။ အဲဒီနေ့မှာပဲ မြသွေးက ကျွန်တော့်ဆီရောက်လာတယ်။ ကျွန်တော့်ကိုတွေ့တော့ ကျွန်တော်က စကားနာ ထိုးမယ်လို့ ထင်နေတာ။ ဒီကောင်က တော်ပါတယ်။ စကားနာ မထိုးရှာဘူး။

"ဒီနှစ်မအောင်လည်း နောက်နှစ်ပေါ့ကွာ။ စိတ်မပျက်ပါနဲ့"လို့ အားပေးရှာတယ်။ ပြီးတော့ စိတ်ပြေလက်ပျောက် ဖြစ်အောင်ဆိုပြီး သူက ကျွန်တော်နဲ့ အုံးမြင့်ကို ပုဂံကို ဘုရားဖူးခေါ်သွားတယ်။ ပုဂံက ပြန်လာပြီးတော့ နောက်နှစ် ကျောင်းတက်ဖို့ ကျောင်းစရိတ်တွေ သူက အကုန်ခံတယ်။ သူ မြင်းနိုင်ထားတယ်ဆိုပြီး စာအုပ်တွေ ဝယ်ပေးတယ်။ အင်္ကျီတွေ ချုပ်ပေးတယ်။ အဲဒီနောက်မှာတော့ မြသွေးနဲ့ ကျွန်တော်တို့ မတွေ့ကြတော့ဘူး။ သူ့အကြောင်းလည်း စုံစမ်းလို့မရတော့ဘူး။ ကျွန်တော်တို့လည်း ကျောင်းသားအရွယ်က လွန်မြောက်ပြီး ရုံးတွေ ဘာတွေမှာ ဝင်အလုပ်လုပ်နေကြပြီ။ ဒီကောင်နဲ့ (၇) နှစ်လောက် ကွဲသွားတယ် ဆိုပါတော့။

တစ်နေ့မှာ ရုံးဆင်းတဲ့ အချိန်ကြီးပေါ့။ ကျွန်တော်က အညောင်းပြေသဘောနဲ့ ကန်တော်ကြီးကို ပတ်ပြီး လမ်းလျှောက်ပြန်လာတာ။ အဲဒီမှာ မမျှော်လင့်ဘဲ မြသွေးနဲ့ ပြုန်းခနဲ သွားတွေ့တယ်။

ဒီကောင့် အသားတွေကလည်း မုန့်ကျွဲသည်းလိုပဲ နီကြောင်ကြောင်နဲ့။ ဒီကောင်က ကျွန်တော့်ကို တွေ့တော့ ပြုံးပြတယ်။ ကျွန်တော်ကလည်း အားရဝမ်းသာ. . .

"ဟေ့ကောင်. . မြသွေး၊ မင်းဘယ်ပျောက်နေတာလဲ၊ နေပါဦး၊ မင်းအသားရောင်တွေကလည်း တစ်မျိုးပါလား"လို့ ကျွန်တော်က ပြောမိတယ်။ အဲဒီအခါမှာ မြသွေးက. . .

"ဟေ့ကောင်. . အောင်ထွန်း။ ငါ့အသားအရေတွေက တစ်မျိုးပဲဆိုတော့ ဘယ်လိုဖြစ်နေလို့လဲ"လို့ ပြန်မေးတယ်။

"ငါ့မျက်စိထဲမှာ မင်းရဲ့ အသားရောင်ဟာ အရင်လို မဟုတ်ဘူး၊ မုန့်ကျွဲသည်းအရောင်လို ဖြစ်နေတယ်"လို့ ပြန်ပြီး ပြောလိုက်တော့ ဒီကောင်က ရယ်တယ်။

"မုန့်ကျွဲသည်းနဲ့ မတူဘူးကွ။ ငါ့အသားရောင်က ပုန်းရည်ကြီး အရောင်နဲ့ တူနေတာ။ ငါထောင်က လွတ်လာတာ (၂) ရက်ပဲ ရှိသေးတယ်။ ငါ (၁၀) တန်း အောင်တဲ့ နှစ်မှာ ဖဲဝိုင်းမှာ လူ တစ်ယောက်ကို ဓားနဲ့ ထိုးမိလို့ ငါထောင်ကျသွားတယ်။ ဖြစ်တာက မုံရွာဖက်မှာ ဖြစ်တာပေါ့။ မင်းတို့မသိလိုက်ဘူး။ ငါ ထောင် (၁၀) နှစ် ကျသွားတယ်"လို့ မြသွေးက ကျွန်တော့်ကို ပြောတယ်။

ကျွန်တော် တော်တော်ပဲ စိတ်မကောင်း ဖြစ်သွားတယ်။

"မင်းနှယ်ကွာ - ငါနဲ့ အိုးမြင့်ဆီကို အကြောင်းကြားသင့်တာပေါ့။ ဘာဖြစ်လို့ အကြောင်း မကြားတာလဲ"လို့ ကျွန်တော်က အပြစ်တင်လိုက်တယ်။ အဲဒီအခါမှာ မြသွေးက. . .





"ကိုယ့်ဒုက္ခနဲ့ကိုယ် ရှိပါစေကွာ။ ငါတော့ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ဘူး။ ပြီးတော့ မင်းတို့အကြောင်းကို ငါထောင်ထဲမှာ ကတည်းက စုံစမ်းကြည့်တယ်။ မင်းတို့နှစ်ယောက်စလုံး ဆင်းဆင်း ရဲရဲနဲ့ တနေ့လုပ်စားနေရတယ်ကြားလို့ ငါ စိတ်မကောင်းပါဘူး" လို့တောင် ကျွန်တော့်ကို ပြန်ပြီးပြောလိုက်သေးတယ်။

"ဆင်းရဲတာတော့ မှန်ပါတယ်ကွာ။ ဒါပေမယ့် ချို့ချို့ငဲ့ငဲ့တော့ မရှိလှပါဘူး။ ဘာပဲဖြစ်ဖြစ် အခုလို တွေ့တုန်းကြုံတုန်း မင်းနဲ့ငါ စကားပြောချင်သေးတယ်"လို့ ကျွန်တော်က ပြောတော့ သူက နှစ်လိုဖွယ်ရာ ပြုံးတယ်။

"မင်း ငါပြောတဲ့ စကားတွေက နားထောင်ချင်လား"လို့ သူက ပြန်ပြီး မေးတယ်။

"မဟုတ်ဘူး၊ မင်းလည်းပြော၊ ငါလည်းပြောမယ်" လို့ ကျွန်တော်က ပြန်ပြီးပြောတော့ သူက ပြုံးတယ်။

"ငါက မင်းကို စကားပြော ခိုင်လုံတဲ့အကြောင်း ရှိတယ်။ မင်းကရော ငါ့ကို စကားပြောဖို့ ခိုင်လုံတဲ့ အကြောင်းရှိရဲ့လား"ဟု သူက ပြန်မေးတယ်။

"ရှိတာပေါ့ မြသွေးရ။ ပထမ တစ်ချက်က မင်းနဲ့ ငါနဲ့က သူငယ်ချင်းပဲ။ တစ်ယောက်နဲ့ တစ်ယောက် စကားပြောရမှာပေါ့။ ဒုတိယ အချက်က မင်းအနေနဲ့ မဖြစ်သင့်တာတွေ မဖြစ်အောင် ငါက ပြောရဦးမယ် မဟုတ်လား" လို့ ကျွန်တော်က ပြောလိုက်တဲ့ အခါမှာ မြသွေးက ရယ်ပြန်တယ်။ ပြီးတော့. . .

"မင်းက ငါ့ကိုဆုံးမ မလို့လား။ မဆုံးမပါနဲ့ကွာ။ ဆုံးမတာတို့ ငါ့ကို တားမြစ်တာတို့ဆို ငါ မကြိုက်ဘူး။ ငါ ပြောပြီးပါပကောလား။ ငါကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် ငါ့ကို မြှောက်ပေးပါ"လို့ ပြောပြန်တယ်။ အဲဒီတော့ ကျွန်တော်က. . .

"ငါဟာ မင်းရဲ့ ငါအနေနဲ့ မိတ်ဆွေကောင်းဖြစ်တယ်ကွ။ မိတ်ဆွေကောင်းဆိုတာ မြှောက်မပေးရဘူး။ မကောင်းတာကို တားမြစ်ရမယ် မဟုတ်လား"လို့ ကျွန်တော်က ပြောလိုက်တော့ ဒီကောင်က

"မဟုတ်တာတွေ လာပြီး ပြောမနေနဲ့ ငါ့အနေနဲ့ မိတ်ဆွေကောင်း မလိုချင်ဘူး။ ငါ့ကို မြှောက်ပေးတဲ့လူပဲ လိုချင်တယ်။ ငါ့ကို ဘယ်လောက် မြှောက်ပေးနိုင်သလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး အဲဒီမိတ်ဆွေရဲ့ တန်ဖိုးကို ငါ သတ်မှတ်တယ်။ ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါ စကားမပြောရင် ကောင်းမယ်။ ဘာကြောင့်လဲသိလား။ ငါ့ခေါင်းထဲကို သူတစ်ပါးရဲ့ အကြံအစည်တွေ၊ အတွေးအခေါ်တွေ မရောက်စေချင်ဘူး။ ငါ့ စိတ်ကလေးဟာ မူလနဂိုအတိုင်း သန့်သန့်ရှင်းရှင်းကလေး ရှိနေတယ်။ အဲဒါလေးကို ညစ်ကြေသွားအောင် မလုပ်ပါနဲ့ကွာ။ အဲဒီတော့ ငါပြန်မယ်။ နောက်မှတွေ့ကြသေးတာပေါ့"လို့ မြသွေးက ပြောတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။

"မပြန်ပါနဲ့ဦး သူငယ်ချင်းရာ။ ငါ့ကို စကားပြောခွင့် မပေးရင်လည်းနေပါ။ မင်းပဲပြောပါ၊ ငါ နားထောင်ပါ့မယ်"လို့ ပြောလိုက်တော့ ဒီကောင်က. . .





"အဲလို လုပ်စမ်းပါ အောင်ထွန်းရာ။ ငါပဲ ပြောမယ်၊ မင်းနားထောင်"လို့ ပြောပြီး ကျွန်တော့်လက်ကို ဆွဲတယ်။ ပြီးတော့ ကန်စပ်မှာ နှစ်ယောက်သား ထိုင်ကြတယ်။ ပြီးတော့ မြသွေးက သူ့အိတ်ထဲက ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ပြီး နတ်သမီးမီးခြစ်ကို 'ရှဲ'ခနဲနေအောင် ခြစ်လိုက်တယ်။ ပြီးတော့ ဆေးလိပ်ကို မီးတို့ပြီး ရဲခနဲ၊ ရဲခနဲနေအောင် ရှိုက်ဖွာလိုက်တယ်။ ပြီးတော့ မီးခိုးတွေကို ကောင်းကင်ဆီကို မှုတ်ထုတ်လိုက်တယ်။

"ဥပဒေနဲ့ မကင်းတာ ငါဘာမှ မလုပ်တော့ဘူး။ အရင်ကလည်း ငါ့အနေနဲ့ လောင်းကစားပဲလုပ်တာ။ ဒီကရှေ့လျှောက်ဆိုရင် လောင်းကစားတောင် လုပ်ဖြစ်တော့မှာ မဟုတ်ပါဘူး။ ငါ့အနေနဲ့ စီးပွားရေးကို ဖိဖိစီးစီး လုပ်ရတော့မှာ။ ငါ ချမ်းသာမှ ဖြစ်မှာ။ ဘာကြောင့်လဲသိလား။ မင်းတို့ကို ငါ့အနေနဲ့ ပေးနိုင်ကမ်းနိုင်မှာပေါ့။ အခုတော့ ငါ့ အခြေအနေဟာ သုညအောက် ယူဇနာတစ်ရာ ရောက်နေပြီ။ အဲဒီကနေ ပြန်ပြီး ကြိုးစားယူရမှာပဲ"လို့ သူက ပြောတယ်။ အဲဒီတော့ ကျွန်တော်က. . .

"သူဌေးဖြစ်အောင် လုပ်တဲ့နည်း ရှိသလား"လို့ မေးလိုက်တယ်။

"အခြားလူတွေအတွက်တော့ မပြောနိုင်ဘူး။ ငါ့အတွက်တော့ နည်းရှိတယ်။ သူဌေးဖြစ်တဲ့နည်း၊ အောင်မြင်ကျော်ကြားတဲ့နည်း၊ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်တဲ့နည်း အားလုံးရှိတယ်။ အဲဒီနည်းကို ပြောပြပါလို့ ငါ့ကိုမမေးနဲ့။ ငါပြောမပြတတ်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ငါ့ရဲ့နည်းဟာနည်းမဟုတ်တဲ့နည်း ဖြစ်နေလို့ပဲ။ အနာဂတ်မှာ ငါလျှောက်မယ့်လမ်းဟာလည်း ဖြောင့်ဖြူးနေတယ်ဆိုတာ

ငါသိတယ်။ အဲဒီလမ်းကိုလည်း မမေးနဲ့။ အဲဒါကလည်း လမ်းမဟုတ်တဲ့လမ်းပဲ။ ရှိတော့ရှိတယ်။ ပြောလို့လည်း မရဘူး၊ ပြလို့လည်း မရဘူး”လို့ မြသွေးက ပြောပြန်တယ်။

အဲဒီတော့ ကျွန်တော်က. . .

“မင်းပြောသလိုဆိုရင် မိုးကောင်းကင်လိုပဲ ရှိတော့ရှိတယ်။ ကိုင်လို့တွယ်လို့ မရဘူးဆိုပါတော့”လို့ ပြောလိုက်တော့ မြသွေးက ရယ်ပြန်တယ်။

“မင်းပြောသလို မိုးကောင်းကင်လို့ပဲ ထားလိုက်ပါတော့။ ဒါပေမယ့် မိုးကောင်းကင်လိုလည်း မဟုတ်သေးဘူး။ နည်းမဟုတ်တဲ့နည်း၊ လမ်းမဟုတ်တဲ့ လမ်းနဲ့ ငါအလုပ် လုပ်မယ်။ အဲဒီအခါမှာ ငါ ချမ်းသာရမယ်။

အဲဒီအခါမှာ မင်းတို့နှစ်ယောက်ကို ငါ ကြည့်ရှုမယ်”လို့ ပြောလိုက်တယ်။ အဲဒီတော့ ကျွန်တော်က. . .

“စီးပွားရေး လုပ်တယ်ဆိုတာ နည်းစနစ်တွေ၊ ကျွမ်းကျင်သူတွေရဲ့ အဆိုအမိန့်တွေ ရှိတယ် မဟုတ်လား။ အဲဒီအတိုင်း မင်း မလုပ်ဘူးလား” လို့ မေးလိုက်တယ်။

“မင်းပြောတာတွေက ငါ့အတွက် ကျဉ်းမြောင်းလွန်းပါတယ်။ ငါက လွတ်လွတ်လပ်လပ်မှ ကြိုက်တာ။ ငါ့ဟာ မှန်မမှန် မင်းစောင့်ကြည့်ပေါ့” လို့ သူကပြောပြီး ဆေးလိပ်တိုကို ရေကန်ထဲ





ပစ်ချလိုက်တယ်။ ပြီးတော့ နှစ်ယောက်သား နှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြတယ်။ အဲဒီနောက်တော့ မတွေ့ဖြစ်တော့ပါဘူး။

◆ ◆ ◆ ◆

တစ်ယောက်နဲ့ တစ်ယောက်မတွေ့ကြတာကြာတဲ့အခါမှာတော့ တစ်နှစ်လောက် နေတော့ မြသွေးတစ်ယောက် ကျွန်တော့်ရုံးကို ရောက်လာတယ်။ ပြီးတော့ ဒီကောင်က. . .

“ဟေ့ကောင်. . . မင်းတို့ရုံးက အပြင်ကို ထွက်လို့ရသလား” လို့ မေးလိုက်တယ်။

ကျွန်တော်လည်း ဒီကောင့်ကိုမြင်တော့ အတော့်ကို အံ့ဩသွားတယ်။ အကောင်းစား သက္ကလတ်နဲ့ ချုပ်ထားတဲ့ ဥရောပဝတ်စုံကို ဝတ်ထားတယ်။ လက်ထဲမှာလည်း အလွန်ကြီးမားတဲ့ သားရေအိတ်ကြီး တစ်လုံးကို ဆွဲထားတယ်။ သူ့ရဲ့ လက်ဝဲဘက်လက်မှာ ‘နိုးလက်’ နာရီတစ်လုံး ပတ်ထားတယ်။ ပြီးတော့ အလွန် အရည်အသွေးကောင်းတဲ့ ‘မြ’ကျောက်တစ်ခုကို လက်စွပ်ကွင်းပြီး ဝတ်ထားတာတွေ့ရတယ်။ ဘာပဲဖြစ်ဖြစ် ဒီကောင်တော့ အတော့်ကို စီးပွားဖြစ်နေပြီဆိုတာ ထင်ရှားပါတယ်။

“တို့ရုံးက အပြင်တွေ ဘာတွေ ထွက်လို့ ရပါတယ်ကွ။ မင်းက တို့ရုံးကို ထောင်များအောက်မေ့နေသလား”လို့ ကျွန်တော်က ပြန်ပြီး ပြောလိုက်တယ်။ ဒါပေမယ့် သူက ဘာမှ မပြောပါဘူး။

အဲဒီ စိတ်နှလုံးနဲ့ ငါ အလုပ်လုပ်တယ်။

အဲဒီစိတ်နှလုံးနဲ့ ငါ ထမင်းစားတယ်။ အဲဒီစိတ်နှလုံးနဲ့ ငါ ရေသောက်တယ်။ အဲဒီစိတ်နှလုံးနဲ့ ငါ ခရီးသွားတယ်။ အဲဒီနှလုံးနဲ့ ငါ စီးပွားရှာတယ်။

ဒါပဲ သူငယ်ချင်း. . .”

မြသွေးသည် ကျွန်တော့်အနီးမှ ထွက်ခွာသွားပြီ ဖြစ်၏။ ကျွန်တော့်မှာမူကား သူပြောခဲ့သော စကားများကို လုံးစေ့ပတ်စေ့ နားလည်အောင် စဉ်းစားရင်း ပလက်ဖောင်းပေါ်တွင် ငူငူကြီး ကျန်ရစ်ခဲ့လေသည်တကား။

vvvvv

ရန်ကုန်စာပေ



# မိုးတိမ်နှင့်တူသော လူတစ်ယောက်

မြန်မာပြည်၏အထက်ပိုင်းတွင် တောကြီးတစ်တောသည် ရှိ၏။ ထိုတော၌ ကျွန်းပင်များ ကျွန်းပင်ကဲ့သို့ မြင့်မားသော ပင်စည်ပင်ဆောက်ကြီးမားသည့် အပင်များသည် ထူထပ်သိပ်သည်းစွာ ပေါက်ရောက်လျက်ရှိ၏။

ထိုတောသည် အမျိုးပေါင်းအရာထောင်သောတောပန်းတို့ ဖြင့်ပြီး၏။ ထို့အတူ အမျိုးပေါင်း အရာထောင်သောပျားပိတုန်းလိပ်ပြာတို့သည်ရှိ၏။ ထို့အတူ ပျားအုံကို ဖွဲ့၍ဖွဲ့၍စားတတ်သော ဝက်ဝံတို့သည်လည်း အမြောက်အများရှိ၏။ ထို့ကြောင့် ထိုတောကို 'ဝက်ဝံတော'ဟု ခေါ်ကြကုန်၏။ ထို့အတူ ထိုတောနှင့် နီးကပ်သောတောင်ကိုလည်း 'ဝက်ဝံတောင်' ဟု ခေါ်၏။ အချို့ကလည်း ထိုဝက်ဝံတောကြောင့် ထိုတောင်သည် ဝက်ဝံတောင်ဖြစ်သည်မဟုတ်။ ထိုတောင်ကို၊ အဝေးမှကြည့်လျှင် ဝက်ဝံကြီးတစ်ကောင်နှင့် အလားသဏ္ဍာန်တူသောကြောင့် မူလကပင် ဝက်ဝံတောင်ဟု ခေါ်ခဲ့ကြ၏။





ထို့ကြောင့် ထိုဝက်ဝံတောင်နှင့် နီးသောတောကိုလည်း 'ဝက်ဝံတော'ဟု ခေါ်ခဲ့ကြသည်ဟု ဆို၏။

အဆိုနှစ်ခုသည် ခိုင်မာလာသောအခါ၌၊ အငြင်းပွားဖွယ်ရာ ဖြစ်တော့၏။ မည်သို့ဆိုစေ 'ဝက်ဝံတောင်' သည် တောင်အဖြစ် လှပနေ၏။ ထို့အတူ 'ဝက်ဝံတော' သည်လည်း တောအဖြစ် လှပနေ၏။

ထိုလှပသော ဝက်ဝံတောင်ကို မော်တော်ကားလမ်း တစ်ခုသည် ကွေ့ပတ်၍ အရစ်ဖော်ထား၏။ ထို့အတူ လှပသော ဝက်ဝံတောကိုလည်း စမ်းချောင်းငယ်တစ်ခုသည် အလယ်တည့်တည့်မှ ဖြတ်၍ အစင်းဖော်ထား၏။

ထိုလှပသော တောနှင့်၊ ထိုလှပသောတောင်တွင် မကောင်းသောအရာတစ်ခုသည်ရှိ၏ ထိုအရာမှာ ခရီးသည်တို့ မကြာခဏ ဓားပြတိုက်ခံရခြင်းဟူသော နာမည်ပျက်ပင်ဖြစ်၏။

တောင်အလှနှင့် တောအလှကို ပျက်စီးစေလောက်အောင် ထိုနာမည်ပျက် အမည်းကွက်ကြီးက လွှမ်းအုပ်ထား၏။ ထို့ကြောင့် ခရီးသည်တို့သည် 'ဝက်ဝံတောင်' ဟု ဆိုလိုက်လျှင် နှာခေါင်းရှုံ့ကြကုန်၏။ ထို့အတူ 'ဝက်ဝံတော'ဟု ဆိုလိုက်လျှင်လည်း လက်ကာကြကုန်၏။

ထိုခရီးသည် အဆင်မသင့်လျှင် စည်းစိမ်ပြုတ်၊ အသက်ဇီဝိန်ပင် ကြွေနိုင်သည်ဟု ထင်မှတ်ကြကုန်၏။ ထိုဝက်ဝံတောနှင့် ဝက်ဝံတောင်သည် ခရီးသည်တို့အား ဓားပြတိုက်နေသည်မှာ တစ်ဦးတစ်ယောက်တည်းသာရှိ၏။ ထိုသူကား သေနတ်သမား လူရမ်းကားဖြစ်၏။

ပုဒ်မ၊ ကဏန်းပေါင်း မြောက်များစွာဖြင့် ဝရမ်းထုတ်ထားရသော ဝရမ်းပြေးတစ်ဦးလည်း ဖြစ်၏။ သူသည် ထိုတောနှင့်ထိုတောင်တွင် သောင်းကျန်းနေသော်လည်း တစ်ယောက်တည်းဖြစ်၍ အရှာရခက်လှ၏။ သက်ဆိုင်ရာမှ တောနင်း၍ ရှာလျှင်လည်း ထိုတစ်ယောက်တည်းဆိုးသွမ်းနေသော လူဆိုကား တောနှင့်တောင်ကိုစွန့်၍ ရုပ်ဖျက်ကာ အခြားနေရာသို့ ရှောင်တိမ်း ထွက်ခွာသွားတတ်၏။ သက်ဆိုင်ရာမှ ထောင်၍ဖမ်းရန် အမျိုးမျိုးအဖုံဖုံ စီစဉ်ခဲ့၏။

ခရီးသည်ယောင်ဆောင်၍ ၎င်းဓားပြတိုက်မည့်နေရာသို့ သွားခဲ့ကြ၏။ သင်းက ထိုသူတို့အား ဓားပြတိုက်ဖို့ဝေးစွ၊ ချောင်း၍မျှပင် မကြည့်ခဲ့ပေ။ ထိုအခါမျိုး၌ ရှာသူတို့သည် ဖတ်ဖတ်မောကြကုန်၏။ 'မရှိတော့ဘူးနဲ့ တူပါရဲ့ကွာ'ဟု ထင်မှတ်ကာ စိတ်ချလက်ချနေပြီဆိုလျှင် ဓားပြမှုများ ပေါ်ပေါက်လာပြန်၏။ ထို့ကြောင့် ကလေးများ သူခိုးပုလိပ် လုပ်တမ်းကစားသကဲ့သို့၊ ထိုဝရမ်းပြေးလူဆိုးနှင့် ပုလိပ်တို့သည် ကစားနေကြလေ၏။ ၎င်းတို့ကစားပွဲသည် ကြာညောင်းလာသောအခါ၌ အသက်မရှိသော တောနှင့်တောင်သည် အချောင် နာမည်ပျက်ရရှာလေတော့သတည်း။

တစ်နေ့သ၌ အထက်ကဆိုခဲ့သော ဝက်ဝံတောင်ကို မုတ်ဆိတ်ဖြူအဘိုးအိုတစ်ဦးသည် တရွေ့ရွေ့တက်လာလေသည်။ ထိုအဘိုးအိုမှာ မြန်မာပြည်ပေါက် တရုတ်ကပြား တစ်ဦးဖြစ်၏။ သူသည် မြန်မာစကားနှင့် မြန်မာစာကို ကျွမ်းကျင်စွာတတ်၏။ မြန်မာဓလေ့စရိုက်နှင့် စိတ်နေသဘာဝတို့ကို ချစ်မြတ်နိုး၏။ အသက်အရွယ်အိုမင်းပြီ ဖြစ်သောကြောင့် ၎င်း၏ ဆံမုတ်ဆိတ်တို့သည် ဥဗျိုင်း၏ အတောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေပြီဖြစ်၏။





သူသည် လွယ်အိတ်ကြီးတစ်လုံးကို လွယ်လျက်၊ သူ၏ အရပ်ထက် များစွာမြင့်မားသော ဝါးတောင်ဝှေးကြီးကို တဒေါက်ဒေါက် ထောက်လျက် တောင်ကို ကွေ့ပတ်ကာ တက်လာခဲ့၏။

တောင်ထိပ်သို့ ရောက်သောအခါ၌ အခြားတစ်ဘက်သို့ တရွေ့ရွေ့ ဆင်းသွားလေ၏။ ထိုသို့ ဆင်း၍သွားရာ တောင်ခြေရှိ ချောက်ကမ်းပါးတစ်ခုသို့ ရောက်လေ၏။ ထိုနေရာသို့ အရောက်၌ မိုးစုတ်စုတ်ချုပ်သွားလေတော့၏။

သို့ရာတွင် မုတ်ဆိတ်ဖြူကြီးသည် ပူပင်ခြင်းမရှိပေ။ ချောက်ကမ်းပါး၏ ထိပ်တွင်ရှိသော ညအိပ်ထမင်းဆိုင်ကလေးသို့ ဝင်လိုက်လေ၏။ သူသည် ထမင်းဆိုင်ရှင်အား. . .

"ကျုပ်ဒီမှာ ညစာလဲစားမယ်။ ညအိပ်လဲတည်းခိုမယ်။ အဲဒီအတွက်လဲ ကျသင့်တဲ့အဖိုးအခကို ပေးပါ့မယ်"ဟု ပြောလိုက်လေ၏။ ထိုအခါ ညအိပ်ထမင်းဆိုင်ရှင်သည် တည်းခိုခွင့် ပေးလိုက်လေတော့၏။

မုတ်ဆိတ်ဖြူကြီးသည် ညစာထမင်းတစ်ပွဲ မှာယူစားသောက်၏။ ထိုသို့မှာယူစားသောက်ပြီးနောက် ၎င်းအတွက် ရရှိသော ကင်းကောခုတင်ကလေးတွင်ထိုင်ကာ ၎င်း၏ အိတ်တွင်းမှ လက်မခန့်ရှိသော ပိတ်စကလေးများကို စိတ်ရှည်လက်ရှည် ချုပ်နေလေ၏။ ၎င်းပိတ်စကလေးများသည် လွန်စွာသေးငယ်သော်လည်း အဘိုးကြီးသည် ပဆစ်ကွက်သဏ္ဌာန်ဖော်၍ စပ်စောင်တစ်ထည် ချုပ်နေခြင်းဖြစ်၏။

ထိုအချိန်၌မှာပင် ရာဇဝတ်အုပ်တစ်ယောက်နှင့် ပုလိပ်သားခုနစ်ယောက်သည် ထိုဆိုင်သို့ ရောက်ရှိလာလေ၏။ ထမင်းမှာယူစားသောက်ကြ၏။ ညအဖို့ အိပ်စက်ရန်ကင်းကော့ကလေးများ

တောင်းယူကြ၏။ သို့ရာတွင် ၎င်းတို့သည် ချမ်းအေးလွန်းသောကြောင့် အိပ်စက်ခြင်း မပြုနိုင်ဘဲ မီးဖိုကြီးဘေးတွင် စုပြုံ၍ထိုင်နေကြလေ၏။

ထိုပုလိပ်များ ရောက်ရှိလာပြီးနောက် လူငယ်တစ်ဦး ရောက်ရှိလာလေ၏။ ထိုလူငယ်သည် ဘင်ဂျိုတစ်လုံးကို လွယ်လျက် ပတ္တူလွယ်အိတ်တစ်လုံးကို လက်မှဆွဲလျက် ဝင်လာခြင်း ဖြစ်၏။ လူငယ်သည်လည်း ထမင်းဆိုင်ရှင်ထံ၌ ညအိပ်ခွင့်တောင်းလေ၏။ ထို့နောက် လူငယ်သည် ထမင်းတစ်ပွဲ မှာယူစားသောက်လေ၏။ ထမင်းစားခါနီးတွင် လူငယ်သည် ၎င်း၏ ပတ္တူလွယ်အိတ်အတွင်းမှ အရက်ပုလင်း တစ်လုံးကိုထုတ်လိုက်လေ၏။ ထိုအရက်ပုလင်းမှာ အဖိုးတန်အရက်ပုလင်းဖြစ်၏။ လူငယ်သည် ဖန်ခွက်တစ်လုံးကို တောင်းယူပြီးနောက် ငှဲ့၍သောက်မည်ပြုပြီးမှ ပုလိပ်များကိုမြင်လျှင်. .

"ဪ. . မိတ်ဆွေတို့ရယ် သောက်ကြပါဦးဗျာ"ဟု ပြောရာ ရာဇဝတ်အုပ်က နေပါစေဟု ပြောသော်လည်း ၎င်းလူငယ်ကမူ မိမိသောက်ရန်အတွက် ဖန်ခွက်ထဲတွင် လက်နှစ်လုံးခန့် ငှဲ့ယူထားပြီးနောက် အရက်ပုလင်းကို ပုလိပ်များ၏ အလယ်သို့ချပေးလိုက်လေ၏။ ထိုသို့ချပေးရင်း 'သောက်ကြပါဗျာ၊ ကျုပ်ကခင်ဗျားတို့ကို ကျေးဇူးပြုတာပါ၊ ကျုပ်တို့လို ကုန်သည်အဖို့ ခင်ဗျားတို့ရှိတာ သိပ်ပြီးကောင်းတာပဲ။ တောင်ခြေမှာ ကားပျက်သွားလို့ တချို့က တောင်ပေါ် မတက်ဘဲ တစ်စုတစ်ဝေးတည်း လာလမ်းအတိုင်း ပြန်သွားကြတယ်။ ကျုပ်ကတော့ တစ်ယောက်တည်း တောင်ပေါ် စွတ်တက်လာခဲ့တာ နေလဲဝင်သွားရော ဒီဆိုင်ကလေး တွေ့လို့တော်သေးတာပေါ့ဗျာ။





ဒါပေမယ့် စိတ်ကတော့ သိပ်ပြီးမချဘူး။ ဆိုင်ထဲကို လှမ်းကြည့်လိုက်တော့လဲ ဘာမှအားကိုးလို့ မရမယ့် မုတ်ဆိတ်ဖြူအဘိုးကြီး တစ်ယောက်ပဲ တွေ့ရတယ်။ ကျုပ်မှာအဲဒီအထိ တထိတ်ထိတ်ပဲ နောက်ဆိုင်ထဲကို ဝင်လိုက်မှ မိတ်ဆွေတို့တစ်စုကို မြင်လဲမြင်လိုက်ရော အားကို ရှိသွားတာပဲ။ ကျုပ်ဖြင့် ဒီဆိုင်ထဲမှာ စိတ်ချလက်ချ အိပ်ဝံ့ပါပြီဗျာ"ဟု ပြောလိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ်က ၎င်း၏တပည့် ပုလိပ်သားတစ်ဦးကို ဖန်ခွက်ယူခိုင်းပြီး လူငယ်ဘက်သို့ လှည့်ကာ. . .

"ဘာမှမပူပါနဲ့ ကိုယ့်လူရယ်။ ကျုပ်တို့ရှိပါတယ်။ စိတ်ချလက်ချသာအိပ်စမ်းပါ။ ဒါပေမယ့် ဒီလိုနေရာမျိုးကိုတော့ နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် တစ်ယောက်တည်း မလာလေနဲ့ဗျို့။ ဒီနေရာအကြောင်း ကြားဖူးတယ် မဟုတ်လား။ ဝရမ်းပြေး ဓားပြကြီး 'ငဖီး' ဆိုတာ အလွန်သောင်းကျန်းတာကလား။ ပစ္စည်းလဲ ယူတယ်။ လူလဲသတ်ချင် သတ်တယ်။ ကျုပ်တို့လဲ အထက်အမိန့်အရ ငဖီးကိုတောနင်းရှာဖို့ လာခဲ့ကြတာပဲ"ဟု ဆိုကာ လူငယ်ပေးသော အရက်ကိုမော့ချလိုက်လေ၏။

"ဟုတ်ပါရဲ့ဗျာ၊ အဲဒီနာမည်ကြီးကို ကြားဖူးပါရဲ့။ ဘယ့်နှယ်ဟာကြီးမှန်းလဲ မသိပါဘူးဗျာ၊ သူ့နာမည်ကြီးကို ကြားလိုက်တာနဲ့ ကျုပ်မျက်စိထဲမှာ ငှက်ပျောသီးကြီးကို သွားမြင်မိတယ်ဗျာ၊ ငှက်ပျောသီးကို ရေရင် ကျုပ်တို့က တစ်ဖီးနှစ်ဖီးလို့ ရေတယ်မဟုတ်လား"ဟု လူငယ်ကပြောလိုက်လေ၏။ ထိုအခါ ပုလိပ်များသည် လူငယ်၏ စကားကိုသဘောကျလွန်းသောကြောင့် ဝါးခနဲ ရယ်ကြလေ၏။

ရာဇဝတ်အုပ်သည် အရက်တစ်ခွက်ကို ထပ်၍ မော့ချလိုက်ပြီး ကျန်အရက်များကို သူ၏တပည့်များဘက်သို့ ပေးလိုက်လေ၏။ သူ၏တပည့်များသည် အရက်ကိုမျှတ၍ သောက်ကြလေ၏။

ရာဇဝတ်အုပ်သည် တံတွေးကို 'ပစ်'ခနဲ ထွေးလိုက်ပြီးနောက်

"ကိုယ့်လူ" ငဖိုးကိုတွေ့ဖူးသလား'ဟု မေးလိုက်လေ၏။ ထိုအခါ လူငယ်သည်. . .

"တွေ့လဲမတွေ့ဖူးပါဘူးဗျာ၊ တွေ့လဲမတွေ့ချင်ပါဘူးဗျာ"ဟု ထိတ်ထိတ်ပြာပြာ ပြန်၍ဖြေလေ့၏။ ရာဇဝတ်အုပ်သည် ၎င်း၏အိတ်တွင်းမှ ဓာတ်ပုံတစ်ပုံကိုထုတ်၍. . .

"မတွေ့ဖူးရင် ဒီကိုလာကြည့်၊ ရန်ကုန်ပုလိပ်မင်းကြီးရုံးက ပို့ပေးလိုက်တဲ့ ငဖိုးရဲ့ ဓာတ်ပုံဆုငွေ တစ်ထောင်လဲထုတ်ထားတယ်။ ငဖိုးကမအေးပြမှုနဲ့ ထောင်ကျဖူးတယ်။ ဒါကြောင့်မို့ သူ့ရဲ့ရီကော့ဟာ ပုလိပ်ဘက်မှာ ရှိထားတာပေ့ါ၊ အရက်ငါးပေဆယ်လက်မတဲ့၊ ကိုယ်လုံးတုတ်တုတ်အသားမည်းမည်း ဟောဒါ့သူ့ဓာတ်ပုံ"ဟု ဆိုကာလူငယ်အားပြလေ၏။ လူငယ်လည်း ထမင်းကို အမြန်သုတ်စား၍ လက်ဆေးပြီး ရာဇဝတ်အုပ်ထံသို့ လျှောက်သွားလေ၏။ ထို့နောက်ရာဇဝတ်အုပ်ထံ ဓာတ်ပုံကို တောင်းယူပြီး အောက်လင်းမီးတွင်သွား၍ကြည့်လေ၏။

"အတော့ကို အရုပ်ဆိုးတဲ့လူပဲဗျာ၊ အစိုးရက ဆုငွေတစ်ထောင်တည်းထုတ်ထားတာ နဲတာပေ့ါဗျာ၊ ဒီလမ်းကဖြစ်သွားတဲ့ ကုန်သည်တွေဆီက အလှူခံပြီး ဆုငွေထပ်ပြီးတိုးသင့်တယ်ဗျာ။ အဲဒီလိုလုပ်မယ်ဆိုရင်ကျုပ်က ငွေတစ်ထောင်လောက် ထည့်လိုက်ချင်ပါရဲ့ဗျာ။





ပြီးတော့လဲ ကြည့်စမ်းပါဦး၊ ဒီလူ့မျက်နှာနှယ် ကြောက်စရာကောင်းလိုက်တာ။ ကျုပ်နဲ့များ နှစ်ယောက်တည်းတွေ့ရင်တော့ သေနတ်နဲ့ချိန်ဖို့တောင်မလိုဘူး၊ သူ့မျက်နှာမြင်တာနဲ့ ကြောက်ပြီး ရှိတာတွေ အကုန်ပေးမိမှာပဲ"ဟု ပြောဆိုကာ လူငယ်သည် ဓာတ်ပုံကို ရာဇဝတ်အုပ်လက်သို့ ပြန်ပေးပြီး. . .

"ကဲဗျာ၊ ကျုပ်ကိုခွင့်ပြုပါဦး၊ ကျုပ်သွားအိပ်တော့မယ်ဗျာ"ဟု ဆိုကာ လူငယ်သည် ၎င်းအတွက် ရထားသော ကင်းကော့ခုတင်ဆီသို့သွားလေ၏။ ထိုခုတင်မှာ မုတ်ဆိတ်ဖြူကြီး၏ ခုတင်နှင့်လွန်စွာနီးလေ၏။

လူငယ်သည် ၎င်း၏ဘင်ဂျိုကို ခေါင်းရင်းတွင်ထောင်၍ လွယ်အိတ်ကို ခေါင်းအုံးအောက်တွင် ထည့်လိုက်လေ၏။ ပြီးလျှင်ကုတ်အကျီကို ကြယ်သီးများတပ်ပြီး လက်ပိုက်ကာ ခုတင်ပေါ်၌ ဆန့်ဆန့်ရပ်ရပ် လှဲချလိုက်လေ၏။ ထိုသို့လှဲချရင်း မုတ်ဆိတ်ဖြူအဘိုးကြီးဘက်သို့ ခေါင်းကိုလှည့်ကာ. . .

"အဘိုးကြီးအိပ်ပြီလား"ဟု ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူအဘိုးကြီးက. . .

"ဒါနဲ့နေပါဦး ငါ့လူရယ်၊ ဝရမ်းပြေးငဖိုးကို ဖမ်းမိရင်ကိုရင်ကတော့ တကယ်ငွေတစ်ထောင်ပေးမှာလား"ဟု မေးလိုက်လေ၏။ ထိုအခါလူငယ်က. . .

"တကယ်ပေ့ါ အဘိုးကြီးရဲ့၊ ခင်ဗျားက ငွေတစ်ထောင်လိုချင်လို့လား သွားမလုပ်နဲ့၊ ငဖိုးဆိုတဲ့ကောင်က သိပ်ပြီးဆိုးတာ၊ သေနေလိမ့်မယ်" ဟု ပြောလေ၏။ မုတ်ဆိတ်ဖြူကြီးက 'တခစ်ခစ်' ရယ်ရင်း. . .

"ငါ့အနေနဲ့ ငွေနှစ်ထောင်လိုချင်ရင် မင်းကိုအခုဖမ်းလိုက်ရုံပဲ ပေါ့ကွာ"ဟုလူငယ်အနီးသို့ ကပ်ကာခပ်တိုးတိုးပြောလိုက်လေ၏။ "အဘိုးကြီး ဘာစကား ပြောတာလဲ"ဟု လူငယ်က ခပ်တိုးတိုး ခပ်ငေါ့ငေါ့ပြန်၍ ပြောလိုက်လေ၏။

"ဗမာစကားပြောတာပေါ့ကွ၊ မင်းနားမလည်ဘူးလား၊ နားမလည်ရင် ဟောဟိုပုလိပ်တွေနဲ့ စကားပြောရလိမ့်မယ်"ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

"ဘယ်လိုလုပ် ကျုပ်ကဝရမ်းပြေး၊ ဓားပြငဖိုးကြီး ဖြစ်နေရမှာတုန်း၊ ဟိုရာဇဝတ်အုပ်ဆီမှာ ဓာတ်ပုံရှိတယ်၊ သွားပဲကြည့်ပါဦး၊ ငဖိုးဆိုတဲ့ ဓားပြကြီးက အသက်လေးဆယ်လောက်ရှိပြီတဲ့"ဟု လူငယ်က ခပ်တိုးတိုး ပြောလိုက်လေ၏။

"မင်းပြောတာလဲ ဟုတ်ပါတယ်၊ အဲဒီငဖိုးဆိုတဲ့ ကောင်က လောကကြီးမှာ မရှိတော့ဘူး၊ ဘယ်ရှိတော့မလဲကွ၊ မင်းကသတ်ပစ်လိုက်ပြီကိုး၊ အဲဒီငဖိုးနေရာမှာ မင်းကဝင်ပြီး အလုပ်လုပ်နေတာပေါ့၊ ပုလိပ်တွေက ငဖိုးရဲ့ ဓာတ်ပုံကြီးနဲ့ရှာ၊ ဘယ်တွေ့မတုန်းကွ၊ အဲဒီတော့ ဆုငွေတစ်ထောင်ကို မင်းဆီကထုတ်၊ ကျန်တစ်ထောင်ကို အစိုးရဆီက ထုတ်ယူရမလား၊ ဆုငွေနှစ်ထောင်လုံးကို မင်းကပဲ စိုက်ပေးမလား"ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်ရာ လူငယ်သည် မုတ်ဆိတ်ဖြူကြီး၏ လက်တွင်းသို့ ငွေစက္ကူထုပ် နှစ်ထုပ်ကိုထည့်ပေးလိုက်လေတော့၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"ဒီလိုလဲ မဖြစ်သေးဘူးကွ၊ ပုလိပ်တွေမရှိတော့တာနဲ့ အဲဒီငွေနှစ်ထောင်ကို မင်းကငါ့ဆီကလုပြီး သွားနိုင်သေးတယ်၊ အဲဒီတော့





မင်းရဲ့ ခြောက်လုံးပြူးထဲက ကျည်ဆန်တွေကို ငါ့ကိုထုတ်ပေးထားဦး"ဟု ဆိုပြီး မုတ်ဆိတ်ဖြူကြီးသည် လူငယ်၏ ခေါင်းအုံးအောက်မှ လွယ်အိတ်ကို ဆတ်ခနဲဆွဲယူလိုက်ပြီးလျှင် လွယ်အိတ်အတွင်းမှ သေနတ်ကို နှိုက်ကာကျည်ဆန်များကို ယူလိုက်လေ၏။ လွယ်အိတ်တွင်းမှ ကျည်ဆန်ပိုများကိုလည်း တပါတည်း နှိုက်ယူလိုက်ပြီးလျှင် သေနတ်နှင့် လွယ်အိတ်ကို လူငယ်အားပြန်၍ ပေးလိုက်လေ၏။

လူငယ်သည် စီးကရက်တစ်လိပ်ကို ရှိုက်ဖွာရင်း

"ဒီတစ်ခါတော့ မြွေပွေးပိုးထိပဲ"ဟု မကျေနပ်သော လေသံဖြင့်၊ ပြောလိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးမှာမူ တခစ်ခစ် ရယ်မောရင်း အိပ်သွားလေတော့၏။

နံနက်မိုးလင်းသောအခါ၌ မုတ်ဆိတ်ဖြူကြီးသည် ဆိုင်ရှင်အား နှုတ်ဆက်ကာ တောင်ဝှေးတဒေါက်ဒေါက်ခေါက်၍ ထွက်သွားလေ၏။ ပုလိပ်များလည်း လူဆိုးကြီး ငဖိုးအား ဖမ်းဆီးရန်အတွက် ဝက်ဝံတောသို့ ဆင်းသွားကြလေ၏။

ထိုအခါ၌ လူငယ်သည်ပြုံးလိုက်လေ၏။ ပြုံးလိုက်ပြီးလျှင် လွယ်အိတ်အတွင်းမှ သေနတ်ကို နှိုက်လိုက်ရာ သေနတ်ပြောင်းဝတွင် လိပ်၍ထိုးထားသော စက္ကူလိပ်ကလေး တစ်လိပ်ကို တွေ့ရလေ၏။ ထို့ကြောင့် ထိုစက္ကူလိပ်ကို ထုတ်၍ဖတ်ကြည့်ရာ အောက်ပါအတိုင်း ရေးထားသော စာကို တွေ့ရလေ၏။

ဟေ့ကောင်. . . ငဖိုးအတု၊ မင်းငါ့ကို စက္ကူတွေထပ်ပြီးသား၊ အဲဒါတွေအားလုံး ခေါင်းအုံးအောက်မှာ ထားခဲ့တယ်၊ မင်းယူချင်ရင် ပြန်ယူသွားဦး၊ ဒါပေမယ့် ဘင်ဂျိုကိုတော့ ငါယူသွားပြီဟေ့။

လူငယ်သည် ထိုစာကိုဖတ်ပြီးနောက်. . .

“အတော်လည်တဲ့လူကြီးပဲ၊ ပြီးတော့ဒီလူကြီးဟာ ဘာကြီးမှန်းလည်း မသိဘူး”ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေတော့သတည်း။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ၌မှာပင် ဝက်ဝံတောင်ရှိ ကားလမ်းပေါ်တွင် မော်တော်ကားတစ်စီးကို တုံးများချ၍ အရပ်ခိုင်းပြီးလျှင် တစ်ကိုယ်တော် ဓားပြတစ်ဦးက မျက်နှာကို အဝတ်စည်းကာ ဓားပြတိုက်လေတော့၏။ ကားပေါ်တွင် ခရီးသည်များနှင့်အတူ ပုလိပ်များသည် ရုပ်ဖျက်၍ လိုက်ပါလာခဲ့သည်ကိုမူ ထိုဓားပြသည် မသိရှာပေ။

ပုလိပ်များသည် ထိုဓားပြအား လက်ရဖမ်းမိရန် ကြိုးစား၏။ သို့ရာတွင် ဓားပြက ခုခံသဖြင့် ပြန်လည်ပစ်ခတ်ရလေ၏။ ဓားပြနှင့် ပုလိပ်တို့သည် ဝက်ဝံတောင်ပေါ်တွင် တိုက်ပွဲဖြစ်ကြကုန်၏။ ထို့နောက် ဓားပြသည် ပေါင်နှင့်လက်မောင်းတွင် ဒဏ်ရာရကာ တောင်ကမ်းပါးရုံမှ လျှောဆင်း၏။ ဝက်ဝံတောအတွင်းသို့ တရွေ့ရွေ့ဝင်လေ၏။ မှောင်မိုက်နေပြီဖြစ်သဖြင့် ခက်ခဲစွာဝင်ရလေ၏။ ၎င်း၏ နောက်မှလည်း ပုလိပ်များသည် လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့် လိုက်လာကြလေ၏။

ဓားပြသည် စမ်းချောင်းအတိုင်း လာခဲ့ရာ အချိန်အတော်ကြာသောအခါ၌ တောကြီးမျက်မည်းထဲတွင် မှန်အိမ်ကလေးထွန်းထားသော ခြေတံရှည်တဲအိမ်ကလေးကို ထူးဆန်းဖွယ်ရာ တွေ့မြင်ရလေ၏။ သူသည် အားတက်၍သွား၏။ ထို့ကြောင့် တဲအိမ်ကလေးဆီသို့ ကြိုးစား၍သွားရင်းနှင့်ပင် လဲကျ၍သတိလစ်မေ့မျောသွားလေ၏။



သတိရသောအခါ၌မူ အိမ်အတွင်းရှိ အတွင်းခန်းဆီသို့ ရောက်နေပြီဖြစ်ကြောင်း သတိပြုမိလေ၏။ ထို့ကြောင့် ခါးတွင်ချိတ်ထားသော သေနတ်ကို ဖြုတ်ခနဲ စမ်းလိုက်မိနေ၏။ ထိုအချိန်၌မှာပင် တဲအိမ်အနီးအပါးတွင် ဖိနပ်သံများ ကြားရလေ၏။ ထို့နောက် ထိုဖိနပ်သံများဆီမှ. . .

“ဗျို့ အဘိုးကြီး. . . ခင်ဗျားဒီအိမ်ကလား”ဟု မေးလိုက်သံကို ကြားရ၏။ တဲအိမ်ပေါ်မှ လူကလည်း. . .

“ကျုပ်ကိုလူလို့ ယူဆရင်၊ ကျုပ်ဟာ ဒီအိမ်ကပေါ့ဗျာ၊ ဒါမှမဟုတ်ဘဲ ရသေ့လို့ ယူဆရင်ကျုပ်က ဒီကျောင်းသင်္ခမ်းက ရသေ့ပေါ့ဗျာ”ဟူသောအသံကို ကြားလိုက်ရလေ၏။ လူငယ်သည် ထိုအသံကိုကြားဖူးသကဲ့သို့ ရှိသဖြင့် အတွင်းမှနေ၍ အပြင်သို့ ချောင်းကြည့်လိုက်ရာ တစ်ခါက ၎င်းနှင့် ထမင်းဆိုင်တွင် ဆုံခဲ့ဖူးသော မုတ်ဆိတ်ဖြူ အဘိုးကြီးဖြစ်ကြောင်း သိရလေတော့၏။

ထိုအခါ အောက်မှလူများက. . .

“ဒီဘက်ကို လူတစ်ယောက်ပြေးလာတာ မမြင်ဘူးလား”ဟု မေးလေ၏။ လူငယ်သည် ထရံပေါက်မှနေ၍ မုတ်ဆိတ်ဖြူကြီးဆီ သေနတ်ဖြင့် တည့်မတ်စွာ ချိန်လိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးကမူ ထိုသူများအား. . .

“ကြံကြီးစီရာဗျာ၊ မတွေ့ရပါဘူး၊ ခင်ဗျားတို့က ဘာတွေလဲ၊ ပုလိပ်တွေလား၊ လူဆိုးထွက်ပြေးသွားလို့ လိုက်ရှာနေတာလား၊ မရှာပါနဲ့ဗျာ၊ ဒီတောကဝက်ဝံသိပ်များတယ်ဗျ၊ လူဆိုးကိုခင်ဗျားတို့ မတွေ့ပေမယ့် ဝက်ဝံကတော့ တွေ့မှာပါပဲ၊ အဲဒီလူဆိုးကို ဝက်ဝံ


ရန်ကုန်စာပေ

ကုတ်လို့သေမှာပါပဲ၊ ခင်ဗျားတို့လဲ တောထဲက အမြန်ဆုံးပြန်ထွက်ကြဗျ၊ ဒီအချိန်မှာ ဝက်ဝံတွေသိပ်ပြီး သောင်းကျန်းတယ်" ဟု လှမ်း၍ ပြောလိုက်လေ၏။

ထိုအခါ အောက်မှလူတစ်ယောက်က. . .

"ခင်ဗျားကိုတော့ ဒီတောထဲက ဝက်ဝံတွေက မကုတ်ဘူးလားဗျာ"ဟု ပြန်၍ မေးလိုက်လေ၏။

"ကျုပ်က ဒီနေရာကိုလာနေတာ အရေးပိုင်မင်းရဲ့ ခွင့်ပြုမိန့်နဲ့ လာနေတာဗျ၊ ဟော့ဒီမှာ အမိန့်စာရွက်ရှိတယ်၊ အရေးပိုင်မင်းက မုတ်ဆိတ်ဖြူအဘိုးကြီးကို ဝက်ဝံတောအလယ်ခေါင်မှာ သီတင်းသီလ ဆောက်တည်ရန် နေထိုင်ခွင့်ပြုလိုက်သည်တဲ့၊ လက်မှတ်လဲထိုးထားတယ်၊ ရုံးတံဆိပ်လဲ ရိုက်ထားတယ်၊ ရုံးတံဆိပ်မှာ ခြူးကောင်နှစ်ကောင် ပါတယ်၊ ဘေးကစာတွေကတော့ အင်္ဂလိပ်လို ရေးထားလို့ ကျုပ်မသိဘူး"ဟု လှမ်း၍အော်ကာ ပြောလိုက်လေ၏။ ထိုအခါ ပုလိပ်များ အနက်မှ ရာဇဝတ်အုပ်ဖြစ်သူသည် မုတ်ဆိတ်ဖြူကြီး၏ တဲပေါ်သို့ တက်လာလေ၏။ ပြီးလျှင် မုတ်ဆိတ်ဖြူကြီးထံမှ စာရွက်ကိုယူ၍ ကြည့်၏။ ထိုသို့ကြည့်ပြီးနောက်. . .

"စာကတော့ မြို့ပိုင်မင်းရဲ့ စာအစစ်ပါပဲ၊ ဒီစာရှိတာနဲ့ပဲ ခင်ဗျားကို ဝက်ဝံက မကုတ်တော့ဘူးလား"ဟု မေးလိုက်လေ၏။

"ဝက်ဝံတွေက စာလဲဖတ်တတ်တယ်နဲ့တူတယ်။ ဒီစာကိုဒီမှာ ချိတ်ထားတာနဲ့ သူတို့မလာကြဘူးဗျ၊ ပြီးတော့လဲ ကျုပ်သိရသလောက်တော့ ဝက်ဝံတွေတော်တော်များများဟာ လူစကားနားလည်တယ်ဗျ။ ဒါပေမယ့် လူတော်တော်များများဟာ လူစကားနားမလည်တာ ကျုပ်





တွေ့ရတယ်ဗျ"ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ်က. . .

"ဒီတောထဲမှာ ဝရမ်းပြေးဓားပြကြီး ငဖိုးဆိုတာ ရှိတယ်။ သူကကော ခင်ဗျားကိုလာပြီး ဒုက္ခပေးတာ မရှိဘူးလားဟု မေးလိုက်လေ၏။

"ဓားပြသူခိုးတွေဟာ ကျုပ်နဲ့ တွေ့ရင်စိတ်ညစ်သွားကြတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မှာတိုက်စရာ ခိုးစရာ ဘာမှမရှိဘဲ"ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

"ခင်ဗျားဒီမှာ ဘယ်လိုစားသောက်သလဲ"ဟု ရာဇဝတ်အုပ်က မေးလိုက်လေ၏။

"စားတာကတော့ မထူးပါဘူး၊ ခင်ဗျားတို့လိုပါပဲ ပါးစပ်နဲ့စားတာပါပဲ"ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

"မဟုတ်ဘူးလေဗျာ၊ စားစရာဘယ်ကရသလဲလို့ မေးတာ"ဟု ပြန်၍ မေးလိုက်လေ၏။

"သြော်. . . ဒါလား ဒါကဒီလိုဗျ။ တစ်လတစ်ခါ မြို့ကိုတက်ပြီး ဆန်ကလေးကျိုကလေး၊ ဆားကလေး၊ အခြောက်အချမ်းလေး ဝယ်ရတာပေါ့ဗျာ၊ ဝယ်တယ်ဆိုတာ အလှူခံတာပါပဲ၊ ပြီးတော့လဲ ဟိုဘက်မှာ ဟင်းသီးဟင်းရွက်လေးဘာလေး စိုက်ခင်းလုပ်ထားသေးတယ်"ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

ရာဇဝတ်အုပ်သည် မုတ်ဆိတ်ဖြူကြီးအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက်. . .

"တရုတ်သူတော်ကောင်းကြီးပဲဗျ"ဟု ရေရွတ်လိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

“သူတော်ကောင်းမှာ၊ တရုတ်သူတော်ကောင်း၊ ဗမာသူတော်ကောင်း၊ ကုလားသူတော်ကောင်းရယ်လို့ မရှိဘူးဗျ၊ သူတော်ကောင်းဟာ သူတော်ကောင်းပဲ၊ သူယုတ်မာမှာ ဒီအတိုင်းပဲ တရုတ်သူယုတ်မာ၊ ကုလားသူယုတ်မာ၊ ဗမာသူယုတ်မာရယ်လို့ မရှိဘူး၊ သူယုတ်မာဟာ သူယုတ်မာပဲ လူမျိုးမှာ ကောင်းတယ် ဆိုးတယ် မရှိဘူး”ဟု ပြောလိုက်ရာ ရာဇဝတ်အုပ်က. . .

“အတော့ကို ဗမာရည်လည်တာပဲ”ဟု ဆိုကာ တဲပေါ်မှ ဆင်းသွားလေ၏။ ထို့နောက်ထိုပုလိပ်များသည် ခက်ခဲစွာ ပြန်သွားကြလေတော့၏။ ထိုအခါကျမှ မုတ်ဆိတ်ဖြူကြီးက အတွင်းဘက်သို့ လှည့်ကာ. . .

“ဟော့ငဖီးအတု မင်းဘာဖြစ်လို့ ငါ့ကိုအထဲက သေနတ်နဲ့ ချိန်ထားရတာလဲ၊ မင်းရဲ့သေမင်းတွေ မရှိတော့ဘူး၊ သေနတ်ကို ထားခဲ့ပြီး အပြင်ထွက်လာခဲ့တော့ဟု ဆိုလိုက်ရာ လူငယ်သည်သေနတ်ကို ခါးကြားတွင်ထိုးကာ အပြင်သို့ ထွက်လာလေတော့၏။ ထိုသို့ ထွက်လာပြီးနောက်. . .။

“ကျုပ်အခန်းထဲကနေပြီး သေနတ်နဲ့ချိန်ထားတာကို ခင်ဗျားက ဘယ်လိုလုပ်ပြီး သိနေရတာတုံး”ဟု လူငယ်က မေးလိုက်လေ၏။

“ငါနဲ့ ပုလိပ်တွေနဲ့ စကားပြောနေတဲ့အခါမှာ အထဲမှာ မင်းရှိနေတယ်လို့ ပြောလိုက်မှာကို မင်းကစိုးရိမ်မယ်လေကွာ၊ အဲဒီလို ပြောလိုက်တာနဲ့ မင်းကငါ့ကို မောင်းဖြုတ်ချလိုက်မယ်လေကွာ၊ အဲဒီအတွက် မင်းကငါ့ကို သေနတ်နဲ့ ချိန်ထားရမှာပေါ့”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။ ထိုအခါ လူငယ်က. . .





“ကျုပ် ခင်ဗျားတဲနားအရောက်မှာ သတိမေ့ပြီး လဲသွားတယ်ဗျ”ဟု ပြောလိုက်လေ၏။

“အဲဒါကို ငါကတွေ့လို့မင်းကို မရမက ပွေ့ချီပြီး အိမ်ပေါ်တင်လာရတာ”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

“ကျုပ်ဒဏ်ရာတွေမှာလဲ ပတ်တီးတွေဘာတွေနဲ့ပါလား”ဟု လူငယ်က ပြောပြန်လေ၏။

“ငါလဲ တတ်သ၍ မှတ်သ၍ လုပ်ပေးထားရတာကွ”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

“ဒီတောထဲမှာ ဝက်ဝံတွေ ရှိတယ်ဆိုတာ တကယ်ပဲလား မုတ်ဆိတ်ဖြူကြီး”ဟု လူငယ်က မေးလိုက်လေ၏။

“တောပုန်းကြီး ငဖီးဆိုကွ၊ တောအကြောင်းလဲ မသိပါလား၊ ဘယ်ကလာ ဝက်ဝံရှိရမှာလဲ”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

“နေစမ်းပါဦး၊ မုတ်ဆိတ်ဖြူကြီးရဲ့ ဟိုတစ်ခါ ထမင်းဆိုင်မှာ တွေ့တုန်းက ကျုပ်ကို ခေးပြမှုန်း ခင်ဗျား ဘယ်လိုလုပ်ပြီး သိသွားတာလဲ”ဟု လူငယ်က မေးလိုက်လေ၏။

“သိတာပေါ့ကွာ၊ မင်းက ဟိုဘက်တောင်ခြေမှာ ကားပျက်လို့ မင်းတစ်ယောက်တည်း ဒီဘက်ကို ထွက်လာတယ်လို့ ပြောတယ်။ အမှန် ဒီလိုမဟုတ်ဘူးကွ၊ မင်းက ကားကို ခေးပြတိုက်ပြီး ခရီးသည်တွေကို ကုန်းကြောင်းဆင်းလျှောက်ခိုင်းလိုက်တယ်။ ပြီးတော့ မင်းလွယ်လာတဲ့ ဘင်ဂျိုဟာ မင်းနဲ့ ဘာမှ မပတ်သက်ဘူး။ အဲဒါလဲ တိုက်ရာပါ ပစ္စည်းပဲ၊ မင်းသာ ဘင်ဂျိုသမားဖြစ်ရင် အဲဒီညက

ဘင်ဂျိုကလေး တီးနေမှာပေါ့ကွာ၊ ဒီဘင်ဂျိုကို ငါ ကောင်းကောင်း သိတယ်ကွ၊ ဒီဘင်ဂျိုဟာ ငါ့မိတ်ဆွေ ကိုဘကောင်းရဲ့ ဘင်ဂျို၊ ဘင်ဂျိုပေါ်မှာ 'ဘီကေ' ဆိုတဲ့ စာလုံးရေးထားတာ ပါတယ်ကွ။ ကိုဘကောင်း ငါ့ဆီလာတာ မင်းနဲ့တွေ့လို့ ပြန်ကွေ့သွားတာ။ နှစ်လတစ်ခါလောက် ဒီလူကြီး ငါ့ဆီလာလေ့ရှိတယ်။ လသာတဲ့ ညတွေဆို သူက ဘင်ဂျိုတီး၊ ငါက သီချင်းဆို၊ အတော့်ကို နေရာ ကျတာကလား၊ ပြီးတော့ မင်းက ဝရမ်းပြေးဖေါ်ကို မိရင် မင်းအနေနဲ့ တောင် ဆုငွေတစ်ထောင်လောက် ပေးလိုက်ချင်သေးတယ်လို့ ပြော တယ်မဟုတ်လား၊ အဲဒီ စိတ်ဓာတ်မျိုးဟာ ဝရမ်းထုတ်ခံထားရတဲ့ ဝရမ်းပြေးရဲ့ စိတ်ဓာတ်မျိုးပဲကွ။

ပြီးတော့ ခနီးသည်တွေကလဲ မင်းကိုပေးဖို့ ငွေစက္ကူအရွယ် စက္ကူတွေ အထပ်လိုက် ချုပ်လာခဲ့ကြတယ်။ မင်းက ငါ့ကို ငွေ နှစ်ထောင်ပေးရမယ်ဆိုတော့ အဲဒီ စက္ကူအထုပ်နှစ်ထုပ် ငါ့ကို ပေးလိုက်တာ မဟုတ်လား"ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။ လူငယ်သည် မုတ်ဆိတ်ဖြူကြီးအား မခိုးမခန့် ကြည့်လိုက်ပြီးလျှင်. .

"ခင်ဗျားက လူလည်ကြီးပါ၊ ခင်ဗျားဟာ ဘာနဲ့တူသလဲဆို ကြောင်ပါးကြီးနဲ့တူတဲ့ လူတစ်ယောက်ပဲ"ဟု မကျေမနပ်ဖြစ်ကာ ပြောလိုက်လေ၏။

"မဟုတ်ဘူးကွ၊ ငါဟာ ကြောင်ပါးကြီးနဲ့တူတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ ငါဟာ မိုးတိမ်နဲ့တူတဲ့ လူတစ်ယောက်ပဲ၊ အစဉ်သဖြင့် လွင့်မျောနေတယ်။ အစဉ်သဖြင့် ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်နေတယ်။ အစဉ်သဖြင့် လွတ်လပ်ပေါ့ပါးနေတယ်"ဟု မုတ်ဆိတ်ဖြူကြီးက





ပြောလိုက်လေ၏။ လူငယ်က အံကို ကြိတ်လိုက်၏။ ထို့နောက် "ဒါနဲ့ နေစမ်းပါဦး၊ ဝရမ်းပြေး ဖေါ်ကြီးက ဘယ်ကိုရောက်သွားတာ လဲ၊ ကျုပ်သတ်လိုက်တယ်လို့ ခင်ဗျား ပြောဦးမလား"ဟု လူငယ်က ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"ဟေ့ ဓားပြ အစုတ်ပလုပ် စကားများမနေနဲ့၊ ဟော့ဟိုမှာ ဆန်ပြုတ်နဲ့ ဝက်သားခြောက်ရှိတယ်၊ စားလိုက်ဦး"ဟု ပြောလိုက်လေ ၏။ ၎င်းကမူ လွန်စွာသေးသော ကြွေကရားလေးအတွင်းမှ ရေနွေးကြမ်း ကို ငှဲ့၍ သောက်လိုက်လေ၏။ လူငယ်လည်း ဆန်ပြုတ်နှင့်ဝက်သား ခြောက်ကင်ကို ထ၍ စားလေ၏။ စားပြီးသောအခါ၌. . .

"ဒီနေရာမှာ ကျုပ်အတွက် လုံခြုံမှု ရှိပါတယ်နော်" ဟု မေးလိုက်လေ၏။

"မကောင်းမှု ကျူးလွန်တဲ့လူအတွက် ဘယ်နေရာမှ မလုံခြုံ ဘူးကွ၊ ဒါပေမယ့်လဲ စားသောက်ပြီးရင် စိတ်ချလက်ချ အိပ်ပါ။ ပုလိပ်တွေတော့ ထပ်ပြီးလာဖို့ မရှိတော့ပြပါဘူး"ဟု မုတ်ဆိတ်ဖြူကြီး က ပြောလိုက်လေ၏။

ထိုအချိန်မှာပင် လသည် ထိန်ထိန်သာလျက်မြင့်တက်လာ လေ၏။ လရောင်သည်လည်း တဲအတွင်းသို့ ဖြာ၍ ကျလာ၏။ လူငယ်သည် လကို လှမ်း၍ ကြည့်ပြီးနောက်. . .

"လကလဲ ထိန်ထိန်သာနေတာပဲ၊ အတော့်ကို ကြည့်လို့ ကောင်းတာပဲ"ဟု ပြောလိုက်လေ၏။

"လသာတဲ့ညမှာ ဒီအချိန်ဆို ငါ့ပြတင်းပေါက်မှာ လမင်းကြီး ဟာ ထိန်ထိန်သာနေစမြဲပဲကွ၊ ငါ့ရဲ့တဲကလေးအနေနဲ့ အဖိုးတန်

ပစ္စည်းဆိုလို့ အဲဒီလမင်းကြီးပဲ ရှိတယ်။ အဲဒါကို မင်းအနေနဲ့ ဓားပြတိုက်လို့ပဲ ယူသွားယူသွား၊ ခိုးလို့ပဲ ယူသွားယူသွား ယူသွား ပေတော့”ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။ ထိုအခါ လူငယ်က. . .

“လကို ဓားပြတိုက်လို့ ရမလားဗျ”ဟု ပြန်၍ ပြောလိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးသည် တဟဲဟဲ ရယ်လိုက်ပြီးနောက်. . .

“လကိုလဲ ဓားပြတိုက်လို့ မရဘူး၊ ကြယ်တာရာတွေကိုလဲ မရနိုင်ဘူး၊ နေမင်းကြီးကိုလဲ မရနိုင်ဘူး၊ နေ့စဉ်တိုက်ခိုက်နေတဲ့ လေကိုလဲ ဓားပြတိုက်လို့ မရနိုင်ဘူး၊ ပြီးတော့ နွေမိုးဆောင်းဆိုတဲ့ ရာသီဥတုကိုလဲ ဓားပြတိုက်လို့ မရနိုင်ဘူး၊ သစ်ပင်ပန်းမာလ်တွေကိုလဲ ဓားပြတိုက်လို့ မရနိုင်ဘူး”ဟု ပြောလိုက်လေ၏။

“အဲဒါတွေက ဘယ်ဓားပြတိုက်လို့ ရနိုင်မလဲဗျ၊ တစ်ဦးတစ်ယောက်တည်းပိုင်တဲ့ ပစ္စည်းမှ မဟုတ်ဘဲ” ဟု လူငယ်က ပြောလိုက်လေ၏။

“မင်း ပြောတာလဲ ဟုတ်တယ်၊ ပြီးတော့ အဲဒါတွေက သဘာဝတရားကွ၊ အဲဒီတော့ တရားဆိုတဲ့ သဘောမှာ အကျုံးဝင်နေတဲ့အတွက် ဓားပြတိုက်လို့ မရဘူးကွ၊ မတရားမှုတစ်ခုဟာ မူလဖြူစင်နေတဲ့ တရားတစ်ခုအပေါ်မှာ လွှမ်းမိုးလို့ မရဘူးကွ၊ အဲဒါကိုတော့ ဓားပြဖြစ်နေတဲ့ အတောအတွင်း မင်း မြဲမြဲမှတ်ထားပေတော့”ဟု ပြောလိုက်ရာ လူငယ်က လရောင်ကို တွေ့နိုင်သော နေရာတွင် တုံးလုံးလှဲ၍ အိပ်လိုက်လေ၏။





ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် ဘင်ဂျိုကို ယူ၍ ဘင်ဂျိုတီးလေတော့၏။ လူငယ်သည် ဘင်ဂျိုသံကို နားထောင်ရင်း အိပ်စက်ရန် ကြိုးပမ်းလေ၏။ သို့ရာတွင် ဒဏ်ရာများမှာ ရာသီဥတုအေးလာသည်နှင့်အမျှ ကိုက်ခဲလာလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် ရေနွေးအိုးတည်ကာ ရေနွေးကို ပုလင်းတစ်လုံးတွင်ထည့်၍ လူငယ်၏ အနာကို ကပ်၍ကပ်၍ ပေးလေ၏။ နေ့စဉ်နှင့်အမျှ မုတ်ဆိတ်ဖြူကြီးသည် လူငယ်၏ အနာကို ပျောက်အောင် ပြုစုပေးလေ၏။

လူငယ်အား ၎င်း၏ ဆန်များ၊ ဝက်သားခြောက်များကိုလည်း ချက်ပြုတ်ကျွေးမွေးလေ၏။ လူငယ်သည် မုတ်ဆိတ်ဖြူကြီး၏ တဲ၌ ချမ်းသာစွာနားနေ၍ ဆေးကုသခွင့် ရလေ၏။ ကောင်းစွာ ကျန်းမာလာသောအခါ၌ စမ်းချောင်းထဲတွင် ဆင်း၍ ရေကူးလေ၏။ ဟိုမှသည် လျှောက်၏။ ဘင်ဂျိုကို မတီးတတ်ဘဲလျက် တဒေါင်ဒေါင် တီး၏။ ထို့နောက် မုတ်ဆိတ်ဖြူကြီး ချက်၍ ကျွေးသည်ကို တဝတပြစား၏။

ဤသို့ နေလာခဲ့ရာ ရက်အတန်ကြာသောအခါ၌ လူငယ်သည် တောတွင်းမှ အပြင်သို့ ထွက်ရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်၏။ ထိုအချိန်၌ လူငယ်က. . .

“မုတ်ဆိတ်ဖြူကြီး ဝရမ်းပြေး လူဆိုးကြီး ငဖီး ဘယ်လိုဖြစ်သွားတယ်ဆိုတာ ပြောပြစမ်းပါဦး”ဟု မေးလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

“အဲဒီကိစ္စကို မပြောချင်ဘူးကွယ်၊ ဒါပေမယ့် မင်းကလဲ နှစ်ကြိမ်ရှိပြီ၊ မေးတော့ ပြောပြရတာပေ့ါ၊ ဒီလိုကွ၊ ဟိုတုန်းက သူငယ်ချင်းသုံးယောက်ရှိတယ်၊ ငါရယ်၊ ငဖီးဆိုတဲ့ ကောင်ရယ်၊

ဘကောင်းဆိုတဲ့ ဘင်ဂျိုသမားရယ်ပေါ့ကွာ၊ အဲဒီငဖီးဆိုတဲ့ကောင်ဟာ လူကောင်းတစ်ယောက်ပဲ၊ မိန်းကလေးတစ်ယောက်ကို ချစ်မိရှာတယ်၊ အဲဒီမိန်းကလေးကြောင့်ပဲ ငဖီးဟာ ပျက်စီးသွားရရှာတယ်၊ မိန်းကလေးရဲ့ မိဘတွေက ငဖီးနဲ့ သူတို့သမီးကို သဘောမတူဘူး၊ အဲဒီတော့ ငဖီးဟာ ချမ်းသာရာချမ်းသာကြောင်း အလုပ်တွေအမျိုးမျိုးလုပ်တယ်၊ ဒါပေမယ့် တရားသဖြင့် အလုပ်တွေပါကွယ်၊ စကားစပ်မိလို့ ပြောရဦးမယ်၊ အဲဒီငဖီးရော ဘကောင်းရောဟာ ငါ့ထက် အသက် အများကြီး ငယ်ကြတယ်၊ သူတို့ကတော့ ငါ့ကို ဦးလေးသားချင်းလို ပေါင်းကြပါတယ်။ ငါကတော့ သူတို့ကို သူငယ်ချင်းလိုပဲ ပေါင်းတယ်၊ အဲဒီငဖီးဟာ တရားသဖြင့်ရလို့ ရှာဖွေလာတာလေးကို အနိုင်ကျင့်ပြီး အလုခံရတာကို ခုခံကာကွယ်ရင်းနဲ့ မမျှော်လင့်ဘဲ လူသတ်မှုဖြစ်သွားတယ်၊ အဲဒီလူသတ်မှုနဲ့ပဲ ထောင်ကျသွားရှာတယ်၊ ထောင်က လွတ်လာပြန်တော့လဲ သူ့ရဲချစ်သူဟာ ဆရာဝန် အဘိုးကြီးတစ်ဦးနဲ့ လက်ထပ်သွားပြန်တယ်၊ အဲဒီတော့ မထူးတော့ဘူးဆိုပြီး ဟောဒီ ဝက်ဝံတောင်မှာ ခိုအောင်းပြီး ဆိုးမိုက်နေခဲ့တာကွယ့်၊ အဲဒီတော့ ကြားဖြတ်ပြီး ပြောစရာတစ်ခုတော့ ရှိတယ်၊ သူ့ချစ်သူဟာ ထောင်က လွတ်လာတဲ့နေ့မှာ သူနဲ့ လာတွေ့သေးတယ်၊ ဒါပေမယ့် သူ့ကို မယူနိုင်တော့ကြောင်း ပြောတာပေါ့၊ အဲဒီတွေ့တဲ့ညမှာပဲ ငဖီးနဲ့ သူ့ ချစ်သူဟာ အတော်ကလေး နယ်လွန်သွားခဲ့ကြတယ်၊ နောက်တော့လဲ တကယ်ပဲ သူ့ချစ်သူဟာ ဆရာဝန်အဘိုးကြီးနဲ့ လက်ထပ်သွားခဲ့ရတယ်၊ လက်ထပ်တဲ့အချိန်မှာပဲ မိန်းကလေးဟာ ကိုယ်ဝန်နှစ်လလောက် ရှိနေပြီ၊ ကဲ ပြောရဦးမယ်ဟေ့၊ ထောင်ကလွတ်လာပြီး ငဖီးကို





အနိုင်ကျင့်တဲ့လူတွေ၊ စော်ကားတဲ့လူတွေ ပေါ်ပေါက်လာခဲ့တယ်။ ထောင်ထွက်ဆိုပြီး နှိမ်တဲ့လူတွေလဲ အမြောက်အမြားပေါ့ကွယ်၊ အဲဒီမှာ ချစ်သူကလဲကွဲ၊ အစစအရာရာ အဆင်မပြေတဲ့ ငဖီးဟာ တစ်နေ့မှာ မခံနိုင်တဲ့အဆုံး ရန်ဖြစ်တော့တာပဲဟေ့၊ ဒီလိုပဲ ရန်ဖြစ်ရော လက်လွန်ပြီး လူသတ်မှု ထပ်ဖြစ်ပြန်ရော၊ ဒီတော့ ငဖီးဟာ အဖမ်းမခံတော့ဘဲ ဟောဒီ ဝက်ဝံတောကြီးထဲ ထွက်ပြေးလာပြီး ဓားပြကြီး လုပ်နေတော့တာပဲ၊ တကယ့်အဖြစ်အပျက်က သနားစရာကွယ်။ အဲဒီလို ဓားပြမလုပ်ခင်မှာ ငဖီးကို ရာဇဝတ်အုပ်က သေနတ်နဲ့ ချိန်တယ်၊ အဲဒီသေနတ်ကို လုပြီး ထွက်ပြေးလာတော့ ငဖီးမှာ သေနတ်တစ်လက်လဲ ပါလာတာပေါ့၊ အဲဒီသေနတ်နဲ့ ငတ်ပြတ်လာတဲ့အခါမှာ ကားတွေကို ထွက်ပြီး ဓားပြတိုက်တာပေါ့၊ ပြီးတော့လဲ တောထဲဝင်ပြေးပြီး အောင်းနေတယ်၊ အဲဒီတော့ သူ့ရဲ့ မိတ်ဆွေဖြစ်တဲ့ ငါနဲ့ ဘင်ဂျိုဘကောင်းက တောနင်းပြီး သူ့ကို ရှာတယ်၊ ဘင်ဂျိုဘကောင်းက ဘင်ဂျိုသံပေးပြီး ဟောဒီတောအနှံ့ ရှာတာပေါ့၊ နောက်ဆုံးမှာ ငဖီးနဲ့ တွေ့တော့တာပဲ၊ တို့နဲ့တွေ့တဲ့ အခါမှာ ငဖီးဟာ ငှက်ဖျားဖြစ်နေတယ်၊ ငါက သူ့ကို ပြုစုရတယ်၊ ဘင်ဂျိုဘကောင်းကတော့ မြို့တက်ပြီး ဆေးဝယ်၊ ရိက္ခာဝယ်ပေါ့ကွာ၊ ရောဂါကလဲ တဖြည်းဖြည်းတိုးလာဆိုတော့ ဘကောင်းက တိတ်တဆိတ် ဆရာဝန်တစ်ယောက်နဲ့ကုဖို့ စီစဉ်ရတော့တာပေါ့၊ ဆရာဝန်အိမ်မှာ ငဖီးကိုပို့ပြီး ဆေးကုသခံဖို့ပေါ့ကွာ၊ အဲဒီလိုဖြစ်ဖို့ ကိစ္စကိုလဲ ဆရာဝန်ကတော်က ကူညီရှာတယ်ကွယ်၊ နောက်ဆုံးမှာ ဆရာဝန်ကြီးဟာ သူကိုယ်တိုင်ကလဲ အစိုးရအမှုထမ်း မဟုတ်၊ နေရာကလဲ

နယ်စွန်နယ်ဖျား၊ မိန်းမလုပ်တဲ့လူကလဲ အမျိုးအမျိုးအဖုံဖုံ သွေးဆောင်တယ်ဆိုတော့ ကုမယ်လို့ ဝန်ခံရတော့တယ်၊ သွေးဆောင်တဲ့နည်းထဲမှာ ငဖီးက စိန်ရွှေရတနာတွေရတဲ့နည်းဟာ အဓိကပေါ့ကွယ်၊ အဲဒီတော့ ဆရာဝန်က လက်ခံမယ်လို့လဲ ပြောလိုက်ရော ငါနဲ့ ဘင်ဂျိုဘကောင်းဟာ ညကြီးမိုးချုပ်မှာ ငဖီးကို ဆရာဝန်အိမ် ပို့လိုက်တယ်၊ အဲဒီဆရာဝန်ရဲ့အိမ်မှာ အသက်နှစ်ဆယ့်လေးနှစ်လောက်ရှိတဲ့ ဆရာဝန်ရဲ့သားတစ်ယောက် ရှိတယ်၊ အဲဒီကောင်လေးဟာ ငဖီးကို လူဆိုးကြီးမှန်းလဲ သိရော ဒုက္ခပေးဖို့ အမျိုးမျိုး စဉ်းစားတော့တာပေါ့၊ ငဖီးရောဂါ သက်သာလို့ ဆရာဝန်ကြီးအိမ်ကနေ ညဘက်ကြီး ပြန်လာတယ်၊ ကောင်လေးက မြင်းနဲ့ လိုက်ပို့တယ်၊ တောစပ်လဲရောက်ရော ငဖီးဆီက သေနတ်ကို ကောင်လေးက တောင်းတယ်၊ ငဖီးက ယုံကြည်လို့ ပေးလိုက်တယ်၊ အဲဒီသေနတ်နဲ့ပဲ ငဖီးကို ကောင်လေးက ပစ်သတ်လိုက်တယ်၊ ပြီးတော့ ငဖီးအလောင်းကို တောစပ်မှာ မြှုပ်ပစ်လိုက်တယ်၊ ငဖီးဟာ သိပ်မှားတယ်၊ ငါနဲ့ ဘင်ဂျိုဘကောင်းတို့ လာကြိုမှ အဲဒီအိမ်က ပြန်ခဲ့ပါလို့ အတန်တန် မှာထားပါရက်နဲ့ သူ့သဘောနဲ့သူ ပြန်ခဲ့တယ်၊ အဲဒါကြောင့် ဒင်းသေရတာ၊ အဲဒီကောင်လေးဟာ ငဖီးကိုသတ်ပြီး နောက်ပိုင်းမှာ မကြာခဏဆိုသလို ဝက်ဝံတောင်က ကားလမ်းကို လာပြီး ဓားပြတိုက်တယ်၊ ပုလိပ်ဘက်ကလဲ ငဖီးမှတ်လို့ မကြာခဏ တောနင်းပြီး ရှာတယ်။ ငါဟာ ငဖီးသေပြီးတဲ့နောက်ပိုင်းမှာ ဟောဒီတောကြီးထဲမှာ အေးအေးဆေးဆေး လာပြီး နေနေတာ။ အဲဒီလို နေနိုင်အောင်လဲ မြို့ပိုင်ဆီမှာ အမိန့်စာ တောင်းထားတယ် သစ်တောဘက်ကိုလဲ နေခွင့်တောင်းထားတယ်။





ငါ့ဆီကို ဧည့်သည်ဆိုလို့ နှစ်လတစ်ခေါက်ဆိုသလို လာတဲ့ ဘင်ဂျိုဘကောင်းတော့ ရှိတယ်။ ဒုတိယဧည့်သည်ကတော့ မင်းပေါ့ကွာ၊ အခု ငါပြောပြတဲ့ ဇာတ်လမ်းကို မင်းဟာ နားထောင်ပြီးတဲ့အခါ၊ မင်းဟာ မင်းအဖေ ငဖီးကို အဖေမှန်း မသိဘဲ သတ်မိပြီဆိုတာ နားလည်ပြီလား၊ အဲဒီတော့ ငါ့အနေနဲ့ မင်းကို အကောင်းဆုံး အကြံပေးချင်တာက မင်းအခုလုပ်နေတဲ့ အလုပ်တွေကို ရပ်တန်းက ရပ်ပစ်လိုက်ပါ။ အခုပြောခဲ့တဲ့ဟာတွေကိုလဲ ထမင်းလုံးတစ္ဆေခြောက်တယ်လို့ အောက်မေ့ပြီး မေ့ပစ်လိုက်ပါ"ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

ထိုအခါ လူငယ်သည် မုတ်ဆိတ်ဖြူကြီးအား မျက်လုံးစွေ၍ ကြည့်လိုက်ပြီးနောက်. . .

"ဘကောင်းတောင် မရိပ်မိဘူး၊ ဒီလောကကြီးမှာ ဒီအကြောင်းကိုသိတာဆိုလို့ ငါတစ်ယောက်တည်း ရှိတယ်"ဟု ပြောလိုက်၍ စကားဆုံးသည်နှင့် တစ်ပြိုင်နက် လူငယ်ထံမှ 'ခြောက်'ဟူသော အသံတစ်သံ ထွက်ပေါ်လာလေ၏။

မုတ်ဆိတ်ဖြူကြီးသည် လူငယ်အား လှမ်း၍ကြည့်လိုက်ရာ လူငယ်၏ သေနတ်ပြောင်းဝသည် မုတ်ဆိတ်ဖြူကြီးအား ချိန်၍ ထားလိုက်ပြီဖြစ်၏။ ထို့နောက် လူငယ်က. . .

"ဝမ်းနည်းပါတယ် မုတ်ဆိတ်ဖြူကြီး၊ ခင်ဗျားရဲ့ အကင်းပါးခြင်းဟာ ခင်ဗျားကို သေမယ့်ဆီကို ပို့ပြီး ကျုပ်အကြောင်းကို သိနေတဲ့ လူကို လောကကြီးမှာ အသက်ရှင်ခွင့် မပေးနိုင်ဘူး"ဟု ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"သတ်ချင်တော့ သတ်ပါကွာ၊ ငါလဲ အသက်ကြီးပါပြီ၊ မထူးတော့ပါဘူး၊ ဒါပေမယ့် ငါ့အလောင်းကို ငါ့အကောင်ကြီး ဖေါ်းနားမှာ မြှုပ်ပေးဖို့တော့ မေတ္တာရပ်ခံပါတယ်"ဟု ပြောလိုက်လေ၏။ လူငယ်က မဲ့ပြုံးပြုံးလိုက်၏။ ပြုံးလိုက်သည်တစ်ခဏ၌ပင် လူငယ် ထိုင်နေသော ဝါးခင်းကြမ်းပြင်သည် 'ဝုန်း'ခနဲ ပြုတ်ကျသွားလေ၏။ လူငယ်သည် အောက်တွင် လူတခြား သေနတ်တခြား ဖြစ်သွား၏။

လူငယ်ကျသွားသော အပေါက်မှပင် မုတ်ဆိတ်ဖြူကြီး ခုန်ဆင်း၍ လိုက်သွား၏။ အောက်သို့ ရောက်လျှင် ရောင်ချင်း လူငယ်၏ မျက်နှာကို ခြေထောက်ဖြင့် ခပ်ဆတ်ဆတ် လှမ်း၍ ကန်လိုက်၏။ လူငယ်မူးနေစဉ်၌ပင် မုတ်ဆိတ်ဖြူကြီးသည် လူငယ်အား လက်ပြန်ကြိုး တုပ်လိုက်ပြီ ဖြစ်၏။ သေနတ်ကိုလည်း ကောက်ယူလိုက်ပြီ ဖြစ်၏။

"ခက်တယ်လူကလေး၊ ကျုပ်ရဲ့ တဲထဲက ကြမ်းပြင်တွေဟာ အားလုံး အရှင်တွေကြီးပဲ၊ အချိန်မရွေး ပြုတ်ကျစေချင်တဲ့အခါ ပြုတ်ကျလို့ ရတယ်၊ မင်းအနေနဲ့ မင်းအဖေ ဖေါ်းကိုသာ သတ်လို့ ရမယ်၊ ဒီကောင်က လူအ,ကွ၊ ဒီကောင်က ပုံသေမှတ်ထားတတ်တဲ့ ကောင်မျိုး၊ ငါက ဒီလိုလူစားမျိုး မဟုတ်ဘူး၊ မိုးတိမ်လို လူစားမျိုး၊ ငါက ပုံသေ ဘယ်တော့မှ မထားဘူး၊ အဲဒါကို မင်းသဘောပေါက်၊ ကဲ. . . ကောင်လေး အူကြောင်ကြောင် မလုပ်ဘဲ မင်းက ရှေ့က သွားပေတော့။ မင်းကို လူသတ်မှု၊ ဓားပြမှုပေါင်း များစွာနဲ့ အရေး ယူဖို့ ပုလိပ်လက်ကို ပို့ရမယ်၊ အဲဒီလိုဆိုတော့ မင်းက ထင်မယ်၊ မုတ်ဆိတ်ဖြူကြီးက သိပ်ရက်စက်တယ်လို့၊ အမှန်က ဒီလို မဟုတ်ဘူး၊ မင်းကို ငါ အစစအရာရာ ခွင့်လွှတ်ပြီး ဆက်ဆံခဲ့တယ်၊ အခု





မင်းကို ဖမ်းပြီး ပုလိပ်လက် ပို့မှာလဲ ငါ့ကို သတ်မှာမို့ ပို့တာ မဟုတ်ဘူး၊ မင်းရဲ့ ကျေးဇူးကန်းတတ်တဲ့ အပြုအမူကြောင့် လောက မမွှက ဆုံးမတယ်လို့ ယူဆပါ၊ ငါ့ကို မင်းဘယ်နိုင်မလဲကွာ၊ ငါဟာ သဘာဝတရားနဲ့အတူ နေထိုင်နေတာပဲ၊ သဘာဝတရားဟာ ပကတိ အပြစ်မဲ့တယ်၊ အဲဒါကြောင့် အစဉ်ထာဝရ အနိုင်ရစမြဲပဲကွယ်"ဟု ပြောဆို၍ လူငယ်အား ရှေ့မှ သွားခိုင်းလေ၏။ ၎င်းကမူ အောက်ပါ သီချင်းကို ဘင်ဂျိုတီး၍ သီဆိုရင်း လိုက်ပါခဲ့လေတော့၏။

မနာလိုခြင်းထက်. . . ကြီးမားသော မကောင်းမှုရယ်လို့
မရှိနိုင်တယ်. . .
မရောင့်ရဲနိုင်ခြင်းထက်. . . ဝေ်မွှတ်ခြင်းရယ်လို့လဲ မရှိနိုင်
တယ်. . . လောဘရမ္မက်သည်. . . လေပြင်းမုန်တိုင်းထက်
ပြင်းထန်တယ်. . . ရောင့်ရဲခြင်းသည်သာလျှင်. . .
ကြွယ်ဝမှုကို ဖြစ်စေတယ်. . .
မိုးတိမ်ပမာ လွင့်မျောနေမယ့်. . .
လူသားတစ်ယောက် ရှိပါတယ်. . .

မုတ်ဆိတ်ဖြူကြီးသည် အထက်ပါအတိုင်း ဘင်ဂျိုကိုတီး၍ သီချင်းဆိုကာ လူငယ်နောက်မှ လိုက်ခဲ့လေ၏။ လူငယ်သည် ခေါင်းငိုက်စိုက်ကျလျက် ရှေ့မှ လျှောက်ခဲ့ရလေ၏။ မုတ်ဆိတ်ဖြူကြီး ၏ ဘင်ဂျိုသံ၊ သီချင်းသံသည် တောအနှံ့ တောင်အနှံ့ ပျံ့နှံ့ခဲ့ပြီဖြစ်၏။

ထိုနေရာတစ်ဝိုက်မှာ ဓားပြတိုက်တတ်သည်ဆိုသော အမဲကွက်ကြီးလည်း လွင့်ပျောက်သွားပြီ ဖြစ်၏။

သဘာဝတရားနှင့် တစ်သားတည်းနေသော သို့တည်းမဟုတ် မြိုးတိမ်နှင့်တူသော လူတစ်ယောက်သည် ကျေးဇူးကန်းသော သေနတ်သမား လူရမ်းကားကို အနိုင်ရလိုက်လေသည်တကား။

❖❖❖❖❖❖





# ဖယောင်းတိုင်နှင့် တူသော ယောက်ျား

ဗဟန်းဘက်တွင် မြန်မာထမင်းဆိုင်ကြီးတစ်ဆိုင် ရှိခဲ့ဖူး၏။ ထိုဆိုင်၏ အမည်မှာ 'ရွှေညာသူ'ဟူ၍ ဖြစ်၏။ ထိုရွှေညာသူထမင်းဆိုင်၏ ပိုင်ရှင်မှာ အသက်အရွယ်အားဖြင့် (၃၀)မျှပင် မရှိသေးပေ။ ထိုဆိုင်ရှင်မိန်းကလေးမှာ အညာဒေသမှ အတော်အတန် ကြွယ်ဝသော မိဘများမှ ပေါက်ဖွားလာသူဖြစ်၏။ သို့ရာတွင် ၎င်း၏ မိဘများမှာလည်း နှစ်အတန်ကြာကပင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်ကြပြီ ဖြစ်၏။ ထိုအခါ ထိုမိန်းကလေးသည် မိဘများ၏ အမွေကို ရလိုက်သော်လည်း ဆွေမျိုးရင်းချာဟူ၍ မရှိရကား စီးပွားရေးကိုလည်း မည်သို့မည်ပုံ လုပ်ကိုင်ရမည်ဟု မတွေးတတ်အောင် ရှိနေလေ၏။ ထိုအချိန်၌မှာပင် ၎င်းငယ်စဉ်က ထိန်းကျောင်းခဲ့သော 'ဒေါ်ပု' ဆိုသည့် မိန်းမကြီးသည် ခိုကိုးရာမဲ့ဖြစ်ကာ ရောက်ရှိလာလေ၏။ ထို့ကြောင့် ထိုရွှေညာသူမိန်းကလေးမှာ 'တိုးတိုးဖော်တိုင်ပင်ဖက်' လိုအပ်နေစဉ်အတွင်း ဒေါ်ပုကြီး ရောက်လာသဖြင့် အဆင်ပြေသွားလေတော့၏။





"ဒေါ်ပုရယ်. . . တင်တင့်မှာ အတွင်းပစ္စည်းလေးတွေကလဲ ရှိလေတော့ ဆွေမျိုးနီးစပ်ဆိုတာတွေကိုလဲ ခေါ်ပြီး မထားရဲဘူး၊ ဆွေမျိုးရင်းချာရယ်လို့ကလဲ မရှိပြန်ဆိုလေတော့ အခက်ကြုံနေတုန်း ဒေါ်ပု ရောက်လာတာ တင့်တင့်အဖို့တော့ ဝမ်းသာလို့ မဆုံးပါဘူး" ဟု ပြောလိုက်လေ၏၊ ထိုအခါ ဒေါ်ပုကြီးကလည်း. . .

"ဟဲ့. . . တင်တင်၊ နင့်ကို ရှင်းရှင်းပြောရရင် နင့်ကို ခင်လွန်းလို့ လာတာမဟုတ်ဘူး။ ငါ့မှာ ယောက်ျားနဲ့ကွဲပြီး ခိုကိုးရာမဲ့ဖြစ်လို့ ဒီအိမ်ကို အရဲစွန့်ပြီး လာခဲ့တာပဲ။ ဒီရောက်မှ ညည်းရဲ့မိဘ ငါ့ကျေးဇူးရှင်တွေ မရှိတော့ဘူးဆိုတာ သိရတယ်"ဟု အဖြစ်အပျက်ကို ပြောလေ၏။

"ဘယ်လိုအကြောင်းနဲ့ပဲ ရောက်လာရောက်လာ တင်တင်တစ်ယောက်တည်းထားပြီးတော့ ထွက်မသွားပါနဲ့ ဒေါ်ပုရယ်"ဟု တင်တင်က ပြောလိုက်ရာ ဒေါ်ပုက. . .

"မသွားပါဘူး။ ကုတ်နဲ့ ကော်ထုတ်တောင် မသွားပါဘူး။ ဒီက ထွက်သွားပြီး ငါဘယ်မှာ သွားနေမလဲ။ ဘယ်လိုစားမလဲ။ ညည်းလို အမွေရထားတဲ့ သူဌေးမလေးတစ်ယောက်နဲ့ အတူနေရတာ ငါ့အဖို့ နေဖို့လဲ မပူရ၊ စားဖို့လဲ မပူရ၊ ဝတ်ဖို့လည်း မပူရ၊ ဟီး. . ဟီး။ ငါဒီလောက် မိုက်ပါ့မလား တင်တင်ရယ်"ဟု ပြောလိုက်လေ၏။

"ကဲ. . ဒီလိုဆိုရင် တင်တင် ငယ်ငယ်တုန်းက ဒေါ်ပုကြီး ဘာဖြစ်လို့ ဒီအိမ်က ထွက်သွားတာလဲ"ဟု တင်တင်က မေးလိုက်ရာ ဒေါ်ပုက. . .

"ဩော်. . ဒါလား၊ အဲဒါက ညည်းတို့အဖေ ထောင်ထားတဲ့ အဝေးပြေး လော်ရီကားကြီးက ဒရိုင်ဘာ ကိုစံတုတ်ကြီးနဲ့ ခိုးရာလိုက်ပြေးတာ။ အဲဒီတုန်းက ငါက ရှူးတုန်းမိုက်တုန်း ညည်းတို့အရွယ်လောက် ရှိသေးတယ်" ဟု ပြောလိုက်လေ၏။

"ဟင့်အင်း. . . တင်တင်ကတော့ ရှူးလဲမရှူးဘူး၊ မိုက်လဲမမိုက်ဘူး"ဟု တင်တင်က ပြန်၍ပြောလိုက်လေ၏။

"ဒါကြောင့် ညည်းအပျိုကြီး ဖြစ်နေတာပေါ့၊ ငါ့မှာတော့ အသက်အစိတ်တောင် မပြည့်သေးခင်က ကိုစံတုတ်ကြီး အရှုံးကောင်းတာနဲ့ လိုက်ပြေးမိတာ အဲဒီမှာတင် ရေတိမ်နစ်တော့တာပဲ" ဟု ဒေါ်ပုကြီးက ပြောလိုက်လေ၏။

"အဲဒီလို လိုက်ပြေးပြီး နောက်တော့ ဦးစံတုတ်ကြီးနဲ့ ဘာဖြစ်လို့ ကွဲသွားတာလဲ"ဟု တင်တင်က ပြန်၍မေးလိုက်လေ၏။

"မကွဲလို့ရမလား၊ တင်တင်ရဲ့။ ဒီလူကြီးက သူ့ကိုယ်သူ လူပျိုဆိုပြီး ငါ့ကိုညာပြီး ခိုးသွားတာ။ သူ့မြို့လဲရောက်ရော သားကြီးမယားကြီး ရှိတယ်ဆိုတာ သိရတော့တာပဲ" ဟု ဒေါ်ပုကပြောရင်း ကရားမှ ရေနွေးကိုငှဲ့၍ မော့လိုက်လေ၏။

"အဲဒီကနေ နောက်ဘယ်လိုဖြစ်ရပြန်တာလဲ"ဟု တင်တင်က မေးမြန်းလေ၏။

"ဒီလိုပေါ့ ကိုစံတုတ်ကြီးက ငါ့ကို ပဲခူး ဇိုင်းဂနိုင်ဘက်မှာ အိမ်ခန်းကလေး ငှားပြီးထားတယ်။ အစမှာတော့ တစ်ရက်ခြား နှစ်ရက်ခြား ငါ့ဆီလာတယ်။ ဈေးဖိုးတွေဘာတွေလဲ မှန်မှန်ပေးတယ်။ နောက်တော့ တစ်လနေလို့တောင် တစ်ခေါက် မရောက်





တော့ဘူး။ အဲဒီလို မရောက်တဲ့အခါမှာ အစမှာတော့ ငါ့မှာ အတော့်ကိုပဲ အားငယ်မိတယ်။ နောက်တော့လဲ ဒင်းမလာတာကိုပဲ ငါ့အဖို့ ပွဲတော်ကြီး ဖြစ်နေတော့တာပဲ" ဟု ဒေါ်ပုက ပြောလေသည်။ ထိုအခါ တင်တင်သည် မျက်လုံးကလေး အကြောင်သား ဖြင့် ဒေါ်ပုမျက်နှာကို လှမ်း၍ကြည့်ရင်း. . .

"ဘယ်လိုကြောင့် ဦးစံတုတ်ကြီး မလာတာနဲ့ ဒေါ်ပုအတွက် ပွဲတော်ကြီး ဖြစ်နေရတာတုန်း" ဟု မေးလိုက်လေ၏။

"ဟဲ့. . အဲဒီအချိန်မှာ ငါက ငါနေတဲ့အိမ်ရဲ့ မျက်စောင်းထိုးမှာရှိတဲ့ မီးခြစ်ကျောက်တို့၊ တွယ်ချိတ်တို့၊ သားရေကြိုးတို့ ရောင်းတဲ့ကုလားနဲ့ တိတ်တိတ်ပုန်း ဖြစ်နေကြတာကိုး" ဟု ဒေါ်ပုက ပြောလေ၏။

"ဟင်း. . ဒေါ်ပုကြီးကလဲ ယောက်ျားတစ်ယောက် ယူပြီးပြီပဲ။ မကောင်းမှန်းသိရင် ရပ်တန်းကရပ်လိုက်ပေါ့၊ ထပ်ပြီး ရှုပ်ရသေးတယ်"ဟု တင်တင်က ပြောလိုက်လေ၏။

ထိုအခါ၌ ဒေါ်ပုသည် အနီးရှိ ဆေးပေါ့လိပ်ကို ကောက်ယူ၍ မီးညှိရှိုက်ဖွာရင်း. . .

"ယောက်ျားဆိုတာ ငါ့အဖို့တော့ ဖယောင်းတိုင်အတိုကလေး တစ်တိုလောက်တောင် တန်ဖိုးမထားဘူးဟဲ့၊ ဒါပေမယ့် မီးမရှိတဲ့ညမှ ဖယောင်းတိုင်အတိုကလေးကလဲ အသုံးဝင်နေပြန်ရော မဟုတ်လား။ ညရေးညတာမှာ ဖယောင်းတိုင်အတိုကလေး တစ်တိုတောင် မရှိရင် မဖြစ်သလိုဘဲ ယောက်ျားဆိုတဲ့ သတ္တဝါဟာလဲ တစ်ခါတလေ မှောင်ကြီးထဲ စမ်းတဝါးဝါးနဲ့ လျှောက်ရမယ့် အဖြစ်မျိုးမှာ လိုအပ်တယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ တင်တင်သည် ဒေါ်ပု၏ စကားကို နားထောင်ရင်း 'တခစ်ခစ်' ရယ်မောလေတော့၏။ ရယ်မောပြီးနောက်. . .

"ဒေါ်ပု ပြောလိုက်တော့မှ ယောက်ျားတွေဟာ ဖယောင်းတိုင် ဖြစ်သွားတော့တယ်" ဟု ပြောလိုက်လေ၏။

"အစစ်ပဲဟဲ့၊ ငါ့အတွက်တော့ ယောက်ျားဆိုတာ ဖယောင်း တိုင်ပဲ၊ ငါပြောဦးမယ်၊ ငါက သရဲကြောက်တတ်တယ်။ ပြီးတော့ အိမ်သာကိုလဲ ညဘက်မှ တက်လေ့ရှိတယ်၊ အိမ်သာတက်တဲ့အခါ မှာ ငါယူထားတဲ့ ယောက်ျားအားလုံး အိမ်သာအပြင်ဘက်မှာ မတ် တပ်ကလေး ရပ်ပြီး စောင့်နိုင်းတာပဲ၊ ယောက်ျားမရှိတဲ့အခါကျ တော့ အိမ်သာထဲက ရေအိုးနှုတ်ခမ်းပေါ်မှာ ဖယောင်းတိုင်အတို ကလေး ထွန်းပြီး တက်ရတာပေါ့၊ အဲဒီတော့ ငါက ယောက်ျား ဆိုတာ ညဘက်အိမ်သာတက်ရင် အဖော်လိုက်နိုင်းဖို့လောက် သဘော ထားတာ။ ဒင်းတို့ မရှိရင်တော့ ဖယောင်းတိုင်အတိုကလေး အားကိုး ရတာပဲ" ဟု ဒေါ်ပုကြီးက အားရပါးရ ပြောလေတော့၏။

တင်တင်မှာမူ ဒေါ်ပုကြီးစကားကို သဘောကျသဖြင့် တခစ်ခစ် ရယ်နေလေ၏။ ထိုအခါ ဒေါ်ပုက. . .

"ဒီမှာတင်တင်၊ ငါမရှိရင် ညည်းလဲ ယောက်ျားယူချင်ယူ၊ မယူရင်တော့ ညနေညတာမှာ အခက်တွေ့လိမ့်မယ်"ဟု ပြောလိုက် လေ၏။

"ဟင့်အင်း. . . တင်တင် ယောက်ျား မယူဘူး။ ဒါပေမယ့် ဒေါ်ပုကြီးလိုလဲ ယောက်ျားတွေကို ဖယောင်းတိုင်လို သဘောမထား ပါဘူး" ဟု တင်တင်က ပြန်ပြောလိုက်လေ၏။





အထက်ကဆိုခဲ့သည့်အတိုင်း ဒေါ်ပုကြီး ရောက်လာပြီးနောက် တင်တင့်အဖို့ အစစအရာရာ အဆင်ပြေသွားခဲ့ပြီ ဖြစ်၏။ နောက် ဆုံးတွင် မည်သည့်စီးပွားရေးမှ မလုပ်ဘဲ မိန်းမသားနှစ်ဦးတည်း တိုက်ကြီးတစ်လုံးအတွင်း၌ နေထိုင်ခြင်းသည် မသင့်တော်ဟု ဒေါ်ပု က ဆိုသဖြင့် ထိုတိုက်အိမ်ကြီးကို ရောင်းချကာ ရန်ကုန်မြို့ ဗဟန်း ဘက်တွင် အတော်အတန်ကျယ်၍ အတော်အတန် သပ်ရပ်သော အိမ်ကလေးတစ်လုံးပါ ပါသည့် မြေကွက်တစ်ကွက်ကို ဝယ်ယူ လိုက်လေ၏။ လွန်စွာကောင်း၏။ ဒေါ်ပုကြီးအား ချက်ရေးပြုတ်ရေး ၌ ကူညီရန်အတွက် မိန်းကလေးနှစ်ဦးကိုလည်း ခေါ်ထားလိုက်လေ ၏။ ထို့အပြင် ယောက်ျားလေးစားပွဲထိုး သုံးဦးကိုလည်း တစ်လ ၃၀/- ဖြင့် ငှားရမ်းထားသေး၏။ တင်တင်မှာမူ ကောင်တာစားပွဲ ၌ ထိုင်၍ ငွေသိမ်းခြင်းနှင့် သွားကြားထိုးတံပေးခြင်း အလုပ်ကိုသာ လုပ်ရလေ၏။

တင်တင်တို့၏ 'ရွှေညာသူ' ထမင်းဆိုင်မှ အမိက လူကြိုက် များသောဟင်းမှာ ပဲကြီးနှပ်နှင့်မန်ကျည်းရွက်သုပ် ဖြစ်၏။ တင်တင် တို့၏ ဆိုင်တွင် ထမင်းလခပေး၍ စားရန်အတွက် လူတစ်ယောက် လာ၍ ပြောသဖြင့် တင်တင်တို့က လက်ခံလိုက်လေ၏။ ထိုသူ၏ အမည်မှာ 'ကိုအုံးသာ' ဟူ၍ ဖြစ်၏။

ကိုအုံးသာသည် အစိုးရရုံးကြီး တစ်ရုံးမှ ဘီစီခေါ် ဌာနခွဲ စာရေးကြီးဖြစ်၏။ ၎င်း ကိုအုံးသာသည် ထမင်းစားသောအခါတိုင်း ၌ ဆားပေါ့သည်၊ ဆားလေးသည်၊ အချဉ်ပေါ့သည်၊ အနံ့များသည် ဟု အစဉ်သဖြင့် ချေးများလေ့ရှိ၏။ ထို့ကြောင့် တင်တင်နှင့် မကြာ

ခဏာ စကားများရလေတော့၏။ တင်တင်သည် ကိုအုံးသာကြီးနှင့် စကားများတိုင်း ဒေါ်ပုကြီးအား. . .

“ကိုအုံးသာကြီးကို တင်တင်ဖြင့် ကြည့်လို့မရဘူး။ အဲဒါ ဒေါ်ပု သူ့ကို ယူလိုက်ပါလား။ ဒါမှ ဒေါ်ပု ညဘက်အိမ်သာတက်ရင် အိမ်သာနားမှာ စောင့်ရတဲ့ဒုက္ခ သူတွေ့သွားမယ်” ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပုက ညဘက်အိမ်သာတက်ဖို့တော့ ဒီကောင်မျိုး မယူပါဘူးဟယ်၊ ဖယောင်းတိုင်အတိုလေးတစ်တို ရှိရင်ပြီးတာပဲ” ဟု ပြန်ပြောလေ၏။ ထိုအခါ တင်တင်က. . .

“ဒီလူကြီးလိုဟာမျိုးဟာ ဒေါ်ပုပြောသလို ဖယောင်းတိုင် တစ်တိုင်လောက်ပဲ သဘောထားဖို့ ကောင်းတယ်” ဟု ပြောလိုက်လေ၏။ ထိုအခါ ဒေါ်ပုကြီးသည် တဟဲဟဲရယ်ရင်း. . .

“တချို့ ကပ်ဖေးနဲ့တဲ့ လူတွေက ဖယောင်းတိုင်ကို ကြာကြာသုံးရအောင်ဆိုပြီး ရေစိမ်ထားလေ့ရှိတယ်။ အဲဒီ ရေစိမ်ထားတဲ့ ကပ်ဖေးနဲ့ ဖယောင်းတိုင်က ထွန်းတဲ့အခါ သိပ်ပြီး အသံမြည်တယ်။ ဟောဒီအုံးသာဆိုတဲ့ကောင်လဲ ဗျစ်တောက်ဗျစ်တောက်နဲ့ ရေစိမ် ဖယောင်းတိုင်ကြီး မီးထွန်းရသလိုပဲ” ဟု ပြောလိုက်လေ၏။

တင်တင်တို့၏ ဆိုင်တွင် စာရေးကြီး အုံးသာ လပေးဖြင့် စတင်စားသောက်ပြီး မကြာမီ၌ပင် အခြားလူတစ်ယောက်လည်း လပေးဖြင့် စားသောက်ပြန်၏။ ထိုသူမှာ ‘ကိုညို’ ဆိုသူဖြစ်၏။ ၎င်းကိုညိုသည် ပန်းချီဆရာတစ်ယောက်ဖြစ်၏။ သူသည် ထမင်း လခပေး၍ စားသည်ဆိုသော်လည်း ဆိုင်သို့မှန်မှန်လာသည် မဟုတ်။ တခြားတွင် အဆင်သင့်သလို စားချင်စားလိုက်၏။ တစ်ခါတစ်ရံ





တစ်လလုံးတွင် ဆယ်ရက်လောက်သာ လာ၍စားလေ့ရှိ၏။ ထို့ကြောင့် ၎င်းလာ၍ စားသောနေ့များ၌ တင်တင်တို့အနေနှင့် မစားဖြစ်သော ရက်များအတွက် ထောက်ထားကာ ဟင်းအပိုများ ထည့်ပေးလေ့ရှိ၏။ ဤသို့ထည့်ပေးသည်ကို စာရေးကြီး ကိုအုံးသာက မနာလို၊ မရှုစိမ့် ဖြစ်လေ့ရှိ၏။

တင်တင်သည် ကိုညိုနှင့် ပတ်သက်၍ ဒေါ်ပုအား. . .

“ဒေါ်ပု. . . ကိုညိုကြီးက ချေးတော့မများဘူး။ စားချင်တဲ့ နေ့မှာလာပြီးစားတယ်။ ဒါပေမယ့် သူလာတိုင်း အရက်နံ့ကပါလာ တာချည်းပဲ။ ဒေါ်ပု အဲဒီကိုညိုကြီးကို ယူလိုက်ပါလား။ ဒါမှညဘက် အိမ်သာတက်တဲ့အခါ သရဲမကြောက်တော့ဘူးပေါ့”ဟုပြောလိုက် လေ၏။ ထိုအခါ ဒေါ်ပုက. . .

“အိမ်သာအဖော်လိုက်ဖို့ သုံးရုံကတော့ ဒီလိုအရက်သမားမျိုး မယူသေးဘူး၊ ဖယောင်းတိုင်တစ်ထုပ်ဝယ်ထားမယ်ဟေ့”ဟု ပြောလိုက် လေ၏။

“ကိုညိုကြီးက သဘောကောင်းပါတယ် ဒေါ်ပုရဲ့”ဟု ပြောလျှင် ဒေါ်ပုက. . .

“ဒီလူမျိုး သဘောကောင်းတာပေါ့ဟယ်။ သူကဘာနဲ့တူသလဲဆို ထွန်းထားတဲ့ ဖယောင်းတိုင်နဲ့ မတူဘူး။ ယကြာချေလို့ သက်စေ့ ထွန်းထားတဲ့ ဖယောင်းတိုင်နဲ့ တူတယ်။ အဖော်အပေါင်းနဲ့ ထွန်းထား တဲ့ ဖယောင်းတိုင်ဆိုတော့ ကြာကြာမခံဘူး။ အရည်ပျော်သွားတော့ တာပဲ။ သူတို့အချင်းချင်း အပူတွေဟပ်ပြီး အရည်ပျော်သွားတော့ တာပဲ၊ အဲဒီမောင်ညိုတို့လို ယောက်ျားမျိုးက အဖော်အပေါင်းနဲ့တွေ့ရင်

အိမ်ကိုသတိမရဘဲ ပျော်သလိုနေမယ့် ယောက်ျားမျိုးပဲ။ ဒင်းကိုယူတဲ့ မိန်းမကတော့ ပုလင်းခွံရောင်းစားရမယ်။ တို့ကတော့ ဝေးသေး”ဟု ဒေါ်ပုက မဲ့ကာရွဲ့ကာ ပြောလေ၏။

ထို့နောက်တွင်ကား လပေးစားသော ဗေဒင်ဆရာတစ်ယောက် ရောက်လာပြန်သည်။ ထိုဗေဒင်ဆရာ၏ နာမည်မှာ ‘ကိုပါလစ်’ဟူ၍ ဖြစ်၏။ ၎င်းကိုပါလစ်သည် ထမင်းဆိုင်သို့ ရောက်သည့်အခါ၌ ယနေ့အဖို့ ဘယ်နှစ်ယောက်ကို ဗေဒင်ဟောခဲ့ရသည်။ ဟောခဲ့ရသော ပုဂ္ဂိုလ်များထဲတွင် မည်မျှအဆင့်အတန်း မြင့်သောသူများပါသည်။ ဉာဏ်ပူဇော်ခ မည်မျှကန်တော့သွားသည် စသည်ဖြင့် မည်သူတစ်စုံ တစ်ယောက်ကမျှ မမေးပါဘဲလျှက် ပြောလေ့ရှိသည်။ သို့ရာတွင် များသောအားဖြင့် ထမင်းလခကို ကြေအောင်ပေးနိုင်ဟူ၍ မရှိဘဲ အစဉ်သဖြင့် ငါးကျပ်ကျန်၊ တစ်ဆယ်ကျန်ဖြစ်နေလေ့ရှိ၏။ ထို့ကြောင့် တင်တင်က ဒေါ်ပုအား. . .

“ဒေါ်ပု. . . ဗေဒင်ဆရာဦးပါလစ်တို့လို ယောက်ျားမျိုးက ဘယ်လိုဖယောင်းတိုင်မျိုးထဲ ပါသလဲ”ဟု မေးလိုက်ရာ ဒေါ်ပုက. .

“သူက ဝါဆိုဖယောင်းတိုင်လိုဟာမျိုးဟဲ့။ ဝါဆိုဖယောင်းတိုင် လိုဟာကလဲ ကြည့်လိုက်ရင်တော့ ဟိတ်နဲ့ဟန်နဲ့ တကယ့်တကယ် ကြည့်လိုက်တော့ဘာမှလဲ ဟုတ်တာမဟုတ်ဘူး။ ဖယောင်းကလဲ ပွစိစိနဲ့ အထဲမှာ လေခိုနေတာတွေကလဲ ပါသေး။ ထွန်းတော့လဲ ကြာကြာမခံဘူး။ ဗေဒင်ဆရာပါလစ်တို့လို လူကလဲ အဲဒီလိုပဲ လေသိပ်များတာ”ဟု ပြောလေ၏။





ဤသို့နှင့် တင်တင်တို့ဆိုင်သည် တဖြည်းဖြည်း အသားကျ၍ လာလေတော့၏။ စားသောက်သူများမှာလည်း ဆိုင်၏ လက်ရာကို သိသောအဖြစ်သို့ ရောက်ရှိနေသည်ဖြစ်ရာ ဖွင့်ခါစကဲ့သို့ ရောင်းရသည့်နေ့ အလွန်ရောင်းရပြီး မရောင်းရသည့်နေ့ ချက်ထားသော ထမင်းများပိုနေသည့်အဖြစ်သို့ မရောက်တော့ပေ။ ရောင်းရသော ပန်းကန်အရေအတွက် ပုံမှန်ကဲ့သို့ ဖြစ်သွားဖြစ်၏။

တင်တင်လည်း ထိုလုပ်ငန်းအပေါ်၌ အကျိုးအမြတ် သိသိသာ သာသည်ဖြစ်ရာ အလုပ်ပေါ်တွင် ယခင်ကထက် စိတ်ဝင်စား၍ လာလေတော့၏။ ဤသို့ နေလာခဲ့ရာ တစ်နေ့တွင်ဆိုင်သို့ လူတစ်ဦး ရောက်ရှိလာလေ၏။ ထိုသူသည် ဆိုင်၏ထောင့်ဆုံး စားပွဲတွင် ရွေးထိုင်ပြီး. . .

“ထမင်းစားမယ်၊ ဝက်သားနဲ့ပေးပါ၊ အဲဒါကို ပိုက်ဆံဘယ် လောက်ကျလဲ” ဟု မေးလိုက်ရာ တင်တင်က. . .

“စားပြီးမှ ပေးလဲရပါတယ်ရှင်”ဟု ပြန်၍ပြောလေ၏။

“ကျုပ်ထမင်းအပိုပန်းကန်တွေ မယူဘူး။ တစ်ခါတည်းတွက်လို့ ရပါတယ်။ ဘယ်လောက်ကျလဲ”ဟု ထိုသူက မေးပြန်လေ၏။

““အဲဒါလဲစားပြီးမှ ပေးပါ”ဟု တင်တင်ကပြောရာ ထိုလူ က. . .

“ဘယ်လောက်ကျသလဲ”ဟု ထပ်မေးလာ၏။

“ငါးကျပ်ကျပါတယ်”ဟု တင်တင်ကပြောလိုက်ရာ ထိုသူသည် ငါးကျပ်တန်တစ်ရွက်ထုတ်ကာ စားပွဲထိုးကလေးအား. . .

"ဟေ့သူငယ်၊ ဒီမှာငါးကျပ်၊ ထမင်းဟင်းတွေ လာချပြီးရင် မင့်တို့လဲ အနားမလာကြနဲ့။ ဘာယူဦးမလဲလို့လဲ လာမမေးနဲ့၊ ဘာမှမယူဘူး"ဟု ပြောလေတော့၏။ တင်တင်သည် ထိုလူအား ထူးဆန်းသကဲ့သို့ ကြည့်နေလေတော့၏။ ထိုအချိန်၌မှာပင် စားပွဲထိုး ကလေးသည် ထမင်းဟင်း၊ တို့စရာ၊ ငံပြာရည်များကို သူ၏စားပွဲသို့ လာ၍ချပေးလေ၏။ ထို့နောက် လက်ဆေးရေဇလုံလေး လာ၍ချပေး ပြီးလျှင် ထိုသူ၏ စားပွဲမှ ရှောင်၍သွားကြလေ၏။ ထိုသူသည် လက်ကိုဆေးပြီးနောက် သူ၏ ထမင်းပန်းကန်ပေါ်သို့ ဟင်းပန်းကန် တစ်ခုလုံးကို မှောက်ချလိုက်လေ၏။ ပြီးလျှင် တို့စရာများကို တဖွတ်ဖွတ်ဝါး၍ ခပ်သုတ်သုတ် ခပ်လွှားလွှားစားလိုက်ရာ ခဏ ချင်းပင် ပြီးသွားလေတော့၏။

ထို့နောက်လက်ဆေး၊ လက်သုတ်ကာ သွားကြားထိုးတံကိုမျှ မတောင်းဘဲ ထွက်သွားလေတော့၏။ နောက်တစ်နေ့တွင်လည်း ထိုသူရောက်လာပြီးလျှင် တင်တင်၏စားပွဲပေါ်သို့ ငါးကျပ်တန်တစ် ရွက်တင်သွားပြီး 'ဝက်သားနဲ့'ဟု ပြောကာ ယမန်နေ့က ထိုင်ခဲ့သော ထောင့်စားပွဲသို့ သွား၍ထိုင်လေ၏။ ထမင်းဟင်းများ ရောက်လာသော အခါ၌လည်း ယမန်နေ့ကကဲ့သို့ပင် ထမင်းပန်းကန်ထဲသို့ ဟင်းပန်းကန် တစ်ခုလုံး ပုံချကာ စားသောက်၍ ထွက်သွားပြန်လေ၏။

ထိုသူသည် ဤနည်းအတိုင်း တစ်လခန့် စားသောက်လာခဲ့ ပြီဖြစ်၏။ လာသည့်အခါတိုင်းလည်း ဝက်သားနှင့်ဟု ပြောကာ စားသောက်ပြီး မည်သူ့ကိုမျှ အပိုစကားပြောခြင်း မရှိခဲ့ပေ။တင်တင် အပါအဝင် တစ်ဆိုင်လုံးသည် ထိုသူအား ကောင်းစွာမှတ်မိနေပြီ





ဖြစ်၏။ ထိုသူလာသည်ကို မြင်လျှင် ဆိုင်သို့ မရောက်ခင်ကပင် ဝက်သားနှင့် တစ်ပွဲဟု ကြိုတင်၍ အော်ထားလိုက်လေ၏။ ထမင်း လခပေးစားသော စာရေးကြီးကိုဒုံးသာ၊ ပန်းချီဆရာကိုညို၊ ဗေဒင် ဆရာကိုပါလစ်တို့ပင် ၎င်းအား မှတ်မိနေပြီဖြစ်၏။

တစ်နေ့တွင် ထိုသူသည် ဆိုင်ထဲသို့ဝင်လာပြီး တင်တင်၏ စားပွဲပေါ်သို့ ငါးကျပ်တန်တစ်ရွက် တင်လိုက်လျှင် ဗေဒင်ဆရာ ကိုပါလစ်က. . .

"ထုံးစံအတိုင်း ဝက်သားနဲ့ပဲလား မိတ်ဆွေ"ဟု မေးလိုက်လေ ၏။ ထိုသူသည် ဗေဒင်ဆရာ ကိုပါလစ်အား အံ့သြသော မျက်နှာ ထားဖြင့် ကြည့်လိုက်၏။ ထို့နောက်. . .

"ခင်ဗျား ဒီဆိုင်က စားပွဲထိုးလား"ဟု မေးလိုက်လေ၏။ ထိုအခါ ကိုပါလစ်က. . .

"မဟုတ်ပါဘူးဗျာ၊ ကျုပ်က ဗေဒင်ဆရာပါ"ဟု ပြန်၍ပြော လျှင် ထိုသူက. . .

"ဗေဒင်ဆရာက ဘာဖြစ်လို့ ထမင်းဆိုင်ကိစ္စမှာ ဝင်ပြီး ပြောရတာတုန်း၊ စားပွဲထိုးလုပ်ချင်လို့ လေ့ကျင့်နေတာလား၊ စားပွဲထိုး လုပ်ချင်ရင် ကျုပ်ထိုင်မယ့်စားပွဲကို သွားပြီး အဝတ်နဲ့သုတ်လိုက်၊ ဟိုမှာ ဟင်းစက်တွေကျနေတယ်"ဟု ပြောလိုက်ရာ ဗေဒင်ဆရာ ကိုပါလစ်လည်း ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ကြောင့် မျက်နှာ တစ်ခုလုံး နီရဲသွားလေတော့၏။

"ကျုပ်က ဘာဖြစ်လို့ စားပွဲထိုးလုပ်ချင်ရမှာလဲ"ဟု ကိုပါလစ် က ဒေါနှင့်မောနှင့် ပြန်ပြောလိုက်လေ၏။

"ခင်ဗျားက ဘာဖြစ်လို့ ဝက်သားနဲ့ စားမလားလို့ မေးရတာလဲ၊ ဒါကစားပွဲထိုး မေးရမယ့်စကားဗျ၊ ဒီမှာကိုယ့်လူ အူကြောင်ကြောင်မလုပ်နဲ့ နာသွားမယ်"ဟု ဆိုကာ ထိုသူလည်း ၎င်း၏နေရာသို့ သွားပြီးထမင်းပန်းကန်ထဲသို့ ဟင်းများသွန်ချကာ စားသောက်နေလေတော့၏။ ထိုသူ ထွက်သွားသောအခါ၌ ဗေဒင်ဆရာ ကိုပါလစ်က အနီးအနားမှ သူများအား အရှက်ပြေစိမ့်သောငှာ. . .

"ကျုပ်ကလဲ သတိမထားမိဘူး၊ ဒီအချိန်မျိုးမှာ ခိုက်ရန်ဒေါသဖြစ်တတ်တယ်၊ ကျုပ်လက်ပေါ်မှာ အင်္ဂါနင်းပြီး စန်းပေါ်မှာ စေတန်ရောက်နေတယ်"ဟု ပြောလိုက်ရာ ပန်းချီဆရာ ကိုညိုကြီးက

"ဒီမှာ ဗေဒင်ဆရာကြီး လက်ပေါ်ကိုအင်္ဂါနင်းလို့လဲ မဟုတ်ဘူး၊ ခေါင်းပေါ်မှာ ရာဟုနင်းလို့လဲ မဟုတ်ဘူး၊ ခင်ဗျားပါးစပ်ကြီး အငြိမ်မနေနိုင်လို့ဖြစ်တာ၊ ဟိုလူ့မှာ ဘာအပြစ်မှ မရှိဘူး၊ သူ့ဘာသူ ကြက်သားနဲ့ပဲစားစား၊ ဝက်သားနဲ့ပဲစားစား၊ ခင်ဗျားအလုပ်မှမဟုတ်တာ"ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုပါလစ်က. . .

"ဒီမှာပန်းချီဆရာ ခင်ဗျားမသိဘူး၊ မာ(စ်) ဆိုတဲ့ အင်္ဂါဂြိုဟ်ဟာ လက်ပေါ်ကို ဒီဂရီကိုက်နင်းလိုက်ရင် သိပ်ပြီးဆိုးတယ်ကိုယ့်လူ၊ ပြီးတော့ကျုပ်က ကံညံ့နေတာ၊ စနေထူလ အဝါအန္တရ၊ ရာဟုပြတ္တန္တရစားနေတဲ့အချိန်ဗျ"ဟု ပြောပြန်လေ၏။ သို့ရာတွင် ပန်းချီဆရာ ကိုညိုက. . .

"ရပတ္တန္တရတွေ ဂွတ်တန္တရတွေတော့ ကျုပ်မသိဘူး၊ ခင်ဗျားဟာ လျှာရှည်တဲ့လူတစ်ယောက် ဖြစ်တာတော့ သေချာတယ်၊ ဘာတန္တရတွေပဲ ရောက်ရောက် ခင်ဗျားဟာ နရင်းအရိုက်ခံရမှုပြီး





မယ့်လူစားပဲ"ဟု ပြောလိုက်လေ၏။ ထို့နောက် ၎င်းတို့လည်း ထမင်းစားပြီး အလျှိုလျှို ထွက်သွားကြလေ၏။ ထိုအခါ တင်တင်က ဒေါ်ပုအား. . .

"ဒေါ်ပုရေ ဟိုဖယောင်းတိုင်က ဘယ်လိုအစားလဲ" ဟု မေးလိုက်ရာ ဒေါ်ပုက. . .

"အဲဒီ ဖယောင်းတိုင်ကတော့ အဆန်းပဲဟဲ့၊ သူကဘာနဲ့တူသလဲဆိုတော့ ခြောက်တိုင်ထုပ် ကျောက်ဖယောင်းတိုင်နဲ့တူတယ်၊ မာကြွတ်ကြွတ်နဲ့၊ ဒါပေမယ့် ထွန်းလို့သိပ်ပြီးကောင်းတယ်၊ မီးတောက်ညီတယ်၊ ဖယောင်းစက် သိပ်ပြီးမကျဘူး၊ ကုန်အောင်လောင်တယ်၊ ဆိုင်တိုင်းမှာ ဝယ်လို့မရဘူး၊ သူကခြောက်တိုင်ထဲ သီးသန့်လုပ်ပြီးရောင်းတာ"ဟု ပြောလိုက်လေ၏။ ထို့နောက်ကာလတွင်ကား 'ရွှေညာသူ' ထမင်းဆိုင်သို့ လူတစ်ယောက် ထမင်းလာခပေးစားရန် ရောက်ရှိလာပြန်၏။ ထိုသူအား ဒေါ်ပုကြီးက 'ခရစ္စမတ်ဖယောင်းတိုင်' ဟု ပေးထားလေ၏။ ရှေးအခါက ခရစ္စမတ်ကာလတွင် သုံးရန်အတွက် အင်္ဂလန်မှ တိုက်ရိုက်တင်သွင်းသော တစ်ပေတိတိရှည်လျားသည့် ခရစ္စမတ် ဖယောင်းတိုင်တစ်မျိုး ရှိခဲ့ဖူးသည်ဆို၏။ ဖယောင်းတိုင်၏ အရောင်မှာလည်း မိုးပြာရောင်၊ ပန်းနုရောင်၊ အနီရောင်၊ အဝါရောင်ဟူ၍ ရောင်စုံရှိ၏။ ဖယောင်းတိုင်ဝယ်လျှင် ဖယောင်းတိုင်တင်၍ ထွန်းရန်အတွက် လက်ကိုင်ပါသော ခွက်ကလေးများပင် အပိုရရှိသည်ဆို၏။ ထိုလူသစ်၏ ဗိုလ်ဆန်ခြင်းကို အကြောင်းပြု၍ ဒေါ်ပုကြီးက ခရစ္စမတ်ဖယောင်းတိုင်ဟု အမည်ပေးထားခြင်း ဖြစ်၏။ ထိုသူ၏ အမည်မှာလည်း မြန်မာအမည်ရိုးရိုး မဟုတ်၊ အင်္ဂလိပ် မြန်မာကပြား

အမည် ဖြစ်နေ၏။ ၎င်း၏အမည်မှာ 'ဆန်နီဘတူ'ဟူ၍ ဖြစ်၏။ ၎င်းသည် ဦးဘတူ၏ သားဆန်နီဖြစ်ဖွယ်ရာ ရှိ၏။ ၎င်းဆန်နီသည် စကားပြောသောအခါ၌ အင်္ဂလိပ်စကားများ ညှပ်၍ပြောတတ်၏။ လွန်စွာမှလည်း ယဉ်ကျေးသိမ်မွေ့၏။ များသောအားဖြင့် ၎င်းဝတ်သော အဝတ်အစားမှာ ဘောင်းဘီနှင့် စပို့ရှပ်သာဖြစ်၏။ ရုပ်ရည်မှာလည်း ဗိုလ်ကပြားတစ်ဦးနှင့်သာ တူနေတော့၏။ ဆန်နီသည် နိုင်ငံခြား ကုမ္ပဏီကြီးတစ်ခုမှ အသေးစားကိုယ်စားလှယ်ကလေး ဖြစ်၏။ ကုမ္ပဏီအလုပ်ဆိုသည်မှာလည်း မည်မည်ရရမရှိလှပေ။ လခမှာမူ မှန်မှန်ရသောဟူ၏။

ဆန်နီသည် ရေကူးခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ပျော်ပွဲစားထွက်ခြင်းစသော ပျော်ရွှင်ဖွယ်ရာကောင်းသော အလုပ်များဖြင့်သာ အချိန်ကုန်လျက် ရှိလေတော့၏။ ဆန်နီ၏နောက်တွင် ထမင်းလခပေးစားသူ တစ်ယောက်တိုးလာပြန်၏။

ထိုသူမှာမူ ရုံးတစ်ရုံးမှ အရာရှိတစ်ဦးဟု သိရ၏။ အရာရှိဟုဆိုသော်လည်း လစာအားဖြင့် များလှသည်မဟုတ် သို့သော် ဂိုက်ဆိုက်ကောင်းလှ၏။ ထိုသူ၏အမည်မှာ 'ကိုသောင်းရွှေ' ဟူ၍ ဖြစ်၏။ ဤနေရာ၌ တင်တင်၏ဆိုင်တွင် ထမင်းလခပေးစားသူများ၏ စာရင်းကိုပြန်လည်၍ တင်ပြရပေမည်။ ရေစိုဖယောင်းတိုင်နှင့် တူသော စာရေးကြီးကိုအုံးသာ၊ သက်စေ့ထွန်းသော ဖယောင်းတိုင်နှင့်တူသော ပန်းချီဆရာကိုညို၊ ဝါဆိုဖယောင်းတိုင်ကဲ့သို့ လေခို၍ ပွယောင်းယောင်း ဖြစ်နေသော ဗေဒင်ဆရာကိုပါလစ်၊ ကျောက်ဖယောင်းတိုင်နှင့်တူသော ဘုဆတ်ဆတ် လူသား၊ ခရစ္စမတ်ဖယောင်း





တိုင်နှင့်တူသော ဆန်နီဘတူ၊ ယခုနောက်ဆုံး ရောက်ရှိလာသော အရာရှိကိုသောင်းရွှေတို့ဖြစ်၏။ ၎င်းကိုသောင်းရွှေကိုမူ ဒေါ်ပုကြီးက နေပူမိ၍ တွန့်လိမ်နေသော ဖယောင်းတိုင်ဟု တင်စားခေါ်ဝေါ်လေ၏။ ၎င်းဖယောင်းတိုင်နှင့်တူသော ယောက်ျား ခြောက်ဦးအနက် ကျောက်ဖယောင်းတိုင်နှင့် တူသည့်သူမှလွဲ၍ ကျန်ငါးဦးစလုံးသည် ရွှေညာသူ တင်တင်အား တစေ့တစောင်း သို့မဟုတ် သိသိသာသာ ပိုးပန်းကြလေ၏။ သို့ရာတွင် တင်တင်သည် ကပ်စေးနည်းသော ကိုအုံးသာကြီးအား မျက်နှာသာမပေး၊ အရက်သောက်လေ့ရှိသော ပန်းချီဆရာကိုညိုကိုလည်း အရေးမဝင်၊ ဗေဒင်ဆရာကိုပါလစ်ကိုမူ စိတ်ကူးထဲမျှမထည့်၊ ကျောက်ဖယောင်းတိုင်နှင့် တူသောလူသားမှာမူ တင်တင်နှင့် အဆက်စပ်မရှိ၊ ထိုသူကလည်း တင်တင်ကို ရှိသည်ဟူ၍မျှပင် မထင်၊ ထို့ကြောင့် တင်တင်၏ မေတ္တာကပန်းကို သူနိုင်ငါနိုင် အပြိုင်ကြိုးရမည့် သူဟူ၍ ဆန်နီနှင့် ကိုသောင်းရွှေသာ ရှိပေ၏။

ကိုသောင်းရွှေမှာမူ ထမင်းဆိုင်သို့လာတိုင်း တင်တင်၏ ရှေ့တွင် အလုပ်မည်မျှများကြောင်း၊ တပည့်များမှာလည်း မိမိက မည်မျှပင် သင်ပြပေးသည်ဖြစ်စေ မတတ်ကျွမ်း၍ မိမိသာလျှင် ပင်ပန်းရကြောင်း၊ ရုံးဆင်း၍ အိမ်ပြန်ခဲ့ပါလျှင်လည်း မိမိမှာတစ်ကိုယ်ရေတကာယဖြစ်၍ မိမိဘဝမှာ ခန်းခြောက်လျက်ရှိကြောင်း ပစ်ခတ်ပြောဆိုလေတော့၏။

ဆန်နီမှာမူ ထိုသို့ကား မဟုတ်၊ မိမိယနေ့မည်သည့်နေရာသို့ ပျော်ပွဲစားထွက်ကြောင်း၊ မည်မျှပျော်ကြောင်း၊ ပျော်ပွဲစားမှအပြန် ပဲခူးသို့ အရောက်တွင် ရွှေသာလျောင်းဘုရားသို့ ဝင်ရောက်ဖူးမြော်

ကြရာ၊ ပျော်ပွဲစားထွက်သူများသည် နွေသားဖြင့်ပြုလုပ်ထားသော ဘူးခွက်များကို အလုအယက်ဝယ်ကြကြောင်း၊ ထို့ကြောင့် တင်တင်အတွက် ၎င်းကလည်း သတိရကာ တို့ပတ်ပဝါထည့်ရန် ဘူးဝိုင်းကလေးနှင့် လက်ဝတ်ရတနာများ ထည့်ရန် လေးထောင့်ဘူးကလေး ဝယ်လာခဲ့ကြောင်း ပြောဆိုကာ တင်တင်အား လက်ဆောင် ပေးလေ၏။ ခရစ္စမတ်နေ့ဆိုကာ ခရစ္စမတ်လက်ဆောင်ပေး၏။ မွေးနေ့ဟူ၍ မွေးနေ့လက်ဆောင်ပေး၏။ ၎င်းသည် မည်သည့်အခါမျှ စိတ်ညစ်သည်ကို မတွေ့ရ၊ အမြဲပျော်နေသူဖြစ်ပြီး ဆိုင်သို့လာလျှင်လည်း လေလေး တချွန်ချွန်နှင့် လာလေ့ရှိ၏။

တင်တင်ကလည်း ဆန်နီအား မျက်စိကျ၍ နေပြီဖြစ်၏။ နောက်ဆုံးတွင် ဆန်နီနှင့် တင်တင်တို့သည် ချစ်သူဖြစ်၍သွားကြလေတော့၏။ ထို့နောက် မင်္ဂလာဆောင်ရန်အတွက် ဖိတ်စာများပင် ဝေလိုက်ပြီ ဖြစ်၏။ တင်တင်သည် ကိုအုံးသာ၊ ကိုညို၊ ကိုပါလစ်၊ ကိုသောင်းရွှေတို့အား. . .

"တင်တင့်မင်္ဂလာဆောင်ကို လာဖြစ်အောင် လာရမယ်နော်"ဟု ပြော၍ ဖိတ်စာများ ပေးလိုက်ပြီဖြစ်၏။ ဖိတ်စာရသောနေ့တွင် အခါတိုင်း၌ ထမင်းနှစ်ပန်းကန်စားလေ့ရှိသော ကိုသောင်းရွှေသည် ထမင်းတစ်ပန်းကန်ပင် ကုန်အောင် မစားနိုင်ဘဲ ပြန်သွားရှာလေ၏။ ဗေဒင်ဆရာ ကိုပါလစ်ကမူ တင်တင့်အား. . .

"ဟိုထောင့်က စားပွဲမှာ နေ့တိုင်း ထမင်းစားတဲ့လူကို ဖိတ်စာမပေးဘူးလား"ဟု မေးလိုက်လေ၏။

"ပေးရမှာပေါ့ ကိုပါလစ်ရဲ့၊ ဒါပေမယ့် သူ့နာမည်ကို တင်တင်မှ မသိဘဲနဲ့"ဟု တင်တင်က ပြန်၍ ပြောလေ၏။





"ဒီလိုဆိုရင် ဖိတ်စာအလွတ်တစ်ခု ကျုပ်ကို ပေးထား၊ သူလာတော့ နာမည်မေးပြီး ဖိတ်စာပေါ်မှာ ရေးပြီး ပေးလိုက်မယ်"ဟု ကိုပါလစ်က ပြောလိုက်ရာ တင်တင်က သဘောတူသဖြင့် ဖိတ်စာအလွတ်တစ်ခု ပေးလိုက်လေ၏။

များမကြာမီ၌ပင် ထိုသူသည် ထမင်းဆိုင်အတွင်းသို့ ဝင်ရောက်လာလေတော့၏။ ထိုအခါ ကိုပါလစ်က ထိုသူအား. . .

"မိတ်ဆွေနာမည် ဘယ်လိုခေါ်သလဲ"ဟု မေးလိုက်လေ၏။

"ခင်ဗျားက ဘာလုပ်မလို့တုန်း"ဟု ထိုသူက ပြန်၍မေးလေ၏။

"မင်္ဂလာဆောင် ဖိတ်ချင်လို့ပါ"ဟု ကိုပါလစ်က ပြန်၍ ပြောလျှင် ထိုသူက. . .

"ခင်ဗျားဟာ အသက်ကြီးမှ မင်္ဂလာဆောင်ဦးမလို့လား"ဟု ပြန်၍ မေးလိုက်လေ၏။

"မင်္ဂလာဆောင်မှာ ကျုပ်မဟုတ်ပါဘူး၊ တင်တင်ဆောင်မှာပါ"ဟု ကိုပါလစ်က ပြောလေ၏။

"တင်တင်ဆိုတာ ဘယ်သူတုန်း၊ ကျုပ်မှ မသိဘဲ" ဟု ထိုသူက ပြန်၍ ပြောလေ၏။

"ဒီဆိုင်ရှင် မိန်းကလေးလေ၊ ဟိုမှာ ထိုင်နေတာလေ၊ ခင်ဗျားကလဲ ဘာမှ မသိပါလား"ဟု ကိုပါလစ်က ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ သူက. . .

"အဲဒီမိန်းကလေး လင်ယူတာတော့ ဟုတ်ပါပြီ၊ လင်ယူပြီးရင် ထမင်းဆိုင် မဖွင့်တော့ဘူးလား၊ ထမင်းဆိုင်ပိတ်မယ်ဆိုရင်လဲ စောစောပြော၊ ထမင်းဆိုင်ပြောင်းရမယ်"ဟု ပြောလေ၏။

“ဆိုင်မပိတ်ပါဘူး၊ ဆက်ပြီး ရောင်းမှာပါ၊ ခင်ဗျားကတော့ တင်တင့်မင်္ဂလာသတင်းကိုကြားပြီး မတုန်လှုပ်ဘူး၊ ကိုသောင်းရွှေဆိုတဲ့ လူကတော့ ထမင်းတောင် မစားနိုင်တော့ဘဲ ပြန်သွားရှာတယ်”ဟု ကိုပါလစ်က ပြောလိုက်လေ၏။

“အဲဒီလူ ဘာဖြစ်လို့ ထမင်းမစားနိုင်တာလဲ၊ နေမကောင်းဘူးလား၊ နေမကောင်းရင်တော့ ထမင်းမစားဘဲနေတာ အကောင်းဆုံးပဲ၊ ကော်ဖီလေးဘာလေး သောက်နေဖို့ အကြံပေးလိုက်စမ်းပါ”ဟု ထိုသူက ပြောလိုက်ရာ ကိုပါလစ်သည် ခေါင်းကို ကုတ်လိုက်လေ၏။

“မဟုတ်ဘူးဗျ၊ ကိုသောင်းရွှေကလဲ တင်တင့်ကို စိတ်ဝင်စားနေတာ”ဟု ကိုပါလစ်က ထိုသူနားကပ်၍ တိုးတိုးပြောလိုက်လေ၏။ ထိုအခါကျမှပင် ထိုသူက. . .

“သြော်. . . ဒီလိုလား”ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ကိုပါလစ်က. . .

“အမှန်ကတော့ ကိုသောင်းရွှေတစ်ယောက်တည်း မဟုတ်ဘူးဗျ။ ဒီဆိုင်မှာ ထမင်းလာခပေးစားတဲ့သူတိုင်း တင်တင့်ကို စိတ်ဝင်စားကြတာပဲ၊ မိတ်ဆွေကြီး ခင်ဗျားကော စိတ်မဝင်စားဘူးလား”ဟု ပြော၍ အကဲစမ်းလိုက်လေ၏။ ထိုအခါ ထိုသူက ခေါင်းကို ရမ်းလိုက်၏။

“ကျုပ် ဒီကောင်မလေးကို စိတ်မဝင်စားပါဘူး၊ ကျုပ် ဒီဆိုင်မှာ စိတ်အဝင်စားဆုံးကတော့ ဝက်သားဟင်းချက်တဲ့သူပဲ”ဟု ထိုသူက ပြောလိုက်ရာ ကိုပါလစ်က ရယ်လေတော့၏။





“ဝက်သားဟင်းချက်တာ တင်တင့်အဒေါ် အဘွားကြီးဗျ၊ အဲဒီမိန်းမကြီးကို ခင်ဗျားက လိုချင်လို့လား”ဟု ကိုပါလစ်က မေးလိုက်လေ၏။

“ကျုပ်ပြောတဲ့ စိတ်ဝင်စားတယ်ဆိုတာ ယူဖို့ပြောတာ မဟုတ်ဘူး၊ စိတ်ဝင်စားလို့ စိတ်ဝင်စားတယ်လို့ ပြောတာ၊ မလွဲသာလို့ ဒီဆိုင်က မိန်းမနှစ်ယောက်အနက် တစ်ယောက်ယောက်ကို ယူရမယ်ဆိုရင်တော့ ကောင်မလေးကို ယူပြီး သူ့အဒေါ်ကို ဝက်သားဟင်းချက်ခိုင်းရမှာပေါ့၊ ဒါမှလဲ သဘာဝကျတော့မှာပေါ့၊ ကောင်မလေးကို မယူဘဲ ဒီဆိုင်မှာ ထမင်းစားလို့ ဖြစ်သေးတယ်ဆိုရင်တော့ ဒီအတိုင်းပဲ ပိုက်ဆံပေးစားတာ ကောင်းပါတယ်”ဟု ထိုသူက ပြောလိုက်လေ၏။

“ကောင်မလေးကို မယူဘဲနဲ့လဲ ဒီဆိုင်မှာ ထမင်းစားနိုင်ခွင့် ရှိပါတယ်၊ ကောင်မလေးကို မယူချင်လဲ မယူပါနဲ့”ဟု ကိုပါလစ်က ခပ်ငေါ့ငေါ့ ပြောလိုက်လေ၏။

“ဒီလိုဆိုလဲ ပြီးရောပေါ့၊ ဒါဖြင့် ခင်ဗျား သွားတော့”ဟု ထိုသူက ပြောလိုက်လေ၏။ ကိုပါလစ်လည်း ထိုနေရာမှ ရွှေ့မည်လုပ်ပြီးမှ. . .

“နေဦးလေ၊ မိတ်ဆွေနာမည် ပြောဦးလေ”ဟု မေးလိုက်လေ၏။

“ကျုပ်နာမည် မောင်မောင်လို့ ခေါ်တယ်” ဟု ထိုသူက ပြန်ပြောလိုက်လေ၏။

“ကိုမောင်မောင် ဘာလုပ်ငန်း လုပ်ပါသလဲ”ဟု ကိုပါလစ်က ထပ်၍ မေးလိုက်လေ၏။

“ကျုပ်က လက်မှုပညာကျောင်းမှာ လက်သမားပညာသင်တဲ့ ဆရာလဲလုပ်တယ်၊ ကျုပ်ကိုယ်တိုင်လဲ ရွှေတိဂုံဘက်မှာ ပရိဘောဂဆိုင်ဖွင့်ထားတယ်”ဟု ထိုသူက ဖြေလိုက်လေ၏။ ထိုအခါကြမှပင် ကိုပါလစ်လဲ တင်တင်ပေးထားသော ဖိတ်စာပေါ်တွင် ကိုမောင်မောင် ပရိဘောဂဆိုင်ပိုင်ရှင်ဟု ရေးလိုက်လေ၏။ ပြီးလျှင် ကိုမောင်မောင် ဆိုသူအား ဖိတ်စာကို ပေးလိုက်လေ၏။ ကိုမောင်မောင်လည်း ဖိတ်စာကို ယူ၍ ဘေးသို့ ချထားလိုက်ပြီးလျှင် ကိုပါလစ်အား. . .

“သတို့သမီးလောင်းကို ပြောလိုက်ပါ၊ မင်္ဂလာဆောင်ကိုတော့ ကျုပ် မလာနိုင်ဘူး၊ တော်ကြာကျရင် ခုတင်တစ်လုံးတော့ လက်ဖွဲ့အဖြစ် ပို့လိုက်မယ်”ဟု ပြောလိုက်လေ၏။

“သတို့သား ဘယ်သူလဲဆိုတာ သိရအောင် ဖတ်ကြည့်ဦးလေ”ဟု ကိုပါလစ်က ပြောလိုက်လေ၏။

“သတို့သားက ခင်ဗျား မဟုတ်လား”ဟု ကိုမောင်မောင်က ပြန်၍ မေးလိုက်လေ၏။

“ဘယ့်နှယ်ကြောင့် ကျုပ်နဲ့ချည်း ပေးစားနေရတာတုန်း၊ ဆန်နီဆိုတဲ့လူနဲ့ ယူမှဗျ”ဟု ကိုပါလစ်က ပြောလိုက်လေ၏။

“ခင်ဗျားပြောတဲ့ ဆန်နီကို ကျုပ် မသိဘူး”ဟု ကိုမောင်မောင်က ပြန်၍ ပြောလိုက်လေ၏။

“ဒီဆိုင်ကို ဘောင်းဘီဝတ်နဲ့ အမြဲလာနေတဲ့သူဟာလေ၊ ခင်ဗျား မသိဘူးလား”ဟု ကိုပါလစ်က မေးလိုက်လေ၏။

“သြော်. . . ဟုတ်ပြီ. . . ဟုတ်ပြီ၊ ကျုပ် သတိထားမိပြီ”ဟု ကိုမောင်မောင်က ပြောလျှင် ကိုပါလစ်က. . .





“ခင်ဗျားအနေနဲ့ ဒီတစ်ခါတော့ သတိထားဖော် ရသေးတာကိုး”ဟု ခနဲ့တဲ့တဲ့ လေသံဖြင့် ပြောလိုက်လေ၏။

“ကျုပ် သေသေချာချာ သတိထားမိပါတယ်၊ သူလဲ ကျုပ်တို့လိုပဲ ဒီမှာ ထမင်းလခ ပေးစားတဲ့လူ မဟုတ်လား၊ ဖြူဖပ်ဖြူရော်နဲ့ မိန်းမလျှာလေးပဲလေ၊ သူ့မျက်နှာကလဲ အင်္ဂလိပ်လိုလို မြန်မာလိုလိုနဲ့ သိပ်ပြီး မျိုးစစ်ပုံမရဘူး။ အဲဒီလို မျိုးမစစ်တဲ့ မိန်းမရှာလို ကောင်လေးကို ဒီမိန်းကလေးက ဘာဖြစ်လို့ ယူရတာတုန်း၊ ဒီဆိုင်မှာ ယောက်ျားတွေ အများကြီးရှိတာပဲ၊ တကယ်ဆို ခင်ဗျားကို ယူတယ်ဆိုရင်တောင် ဟုတ်သေးတယ်”ဟု ကိုမောင်မောင်က ပြောလိုက်ရာ ကိုပါလစ်ကြီးက. .

“အလို မိတ်ဆွေရဲ့ မျက်စိထဲမှာ တင်တင်နဲ့ ကျုပ်နဲ့ ထိုက်တန်နေတယ်ပေါ့”ဟု ပြန်၍ မေးလိုက်လေ၏။

“ဘယ့်နှယ်ကြောင့် မထိုက်တန်ရမှာတုန်း၊ ခင်ဗျားဟာ ယောက်ျားတစ်ယောက်နဲ့ တူတယ်၊ ပြီးတော့ မြန်မာစစ်စစ်တစ်ယောက်နဲ့လဲ တူတယ်၊ ကျုပ်ဟာ အဲဒီမိန်းကလေးရဲ့ အုပ်ထိန်းသူဆိုရင် ဟိုမိန်းမရှာကောင်နဲ့ မပေးစားဘူး၊ ခင်ဗျားနဲ့ ပေးစားလိုက်မယ်”ဟု ကိုမောင်မောင်က ပြောလိုက်ရာ ကိုပါလစ်က. . .

“မိတ်ဆွေ ဝက်သားဟင်းတစ်ပွဲ ထပ်စားပါဦး။ ကျုပ် ကျွေးပါရစေ”ဟု ပြောလိုက်လေ၏။ ထို့နောက် ကိုမောင်မောင်သည် ထမင်းစားပြီးလျှင် ပြန်သွားလေ၏။

များမကြာမီ၌ ချယ်ကာရီကားကြီးတစ်စီးဖြင့် တင်တင်၏ ဆိုင်သို့ ခုတင်ကြီးတစ်လုံး ရောက်လာလေတော့၏။ ထိုခုတင်မှာ တင်တင်တို့မင်္ဂလာဆောင်အတွက် ကိုမောင်မောင် လက်ဖွဲ့လိုက်သော

ခုတင် ဖြစ်လေသည်။ တင်တင်လည်း ကိုမောင်မောင်အား လွန်စွာ ကျေးဇူးတင်လေ၏။ ထို့ပြင် ကိုမောင်မောင်ဆိုသူအား စကားပြောရာ၌ ကြွတ်ဆတ်ဆတ်နိုင်သော်လည်း စိတ်သဘောထားမှာ မဆိုးဟု မှတ်ချက်ချလေ၏။

နောက်တစ်နေ့ထမင်းစားချိန်တွင် ကိုမောင်မောင်ရောက်ရှိလာသောအခါ၌ တင်တင်သည် ငိုယို၍ အလုပ်ရှုပ်နေ၏။ ဆိုင်တွင်းမှ ထမင်းစားနေသူများမှာလည်း ထိုင်ရမလို ထရမလို ဖြစ်နေ၏။ ကိုမောင်မောင်သည် ထုံးစံအတိုင်း ထောင့်ဆုံးစားပွဲသို့ သွားကာ ဝက်သားဟင်းနှင့် ထမင်းကို မှာလိုက်လေ၏။ ဗေဒင်ဆရာ ကိုပါလစ်သည် ကိုမောင်မောင့်စားပွဲသို့ ရောက်လာပြီးလျှင်. . .

"ခက်တော့ကုန်ပြီဗျို့"ဟု ပြောလိုက်လေ၏။

"ဘာတွေ ခက်နေတာလဲ"ဟု ကိုမောင်မောင်က ပြန်၍ မေးလိုက်ရာ ကိုပါလစ်က. . .

"တင်တင့်အတွက် ခက်တယ်ပြောတာ"ဟု ပြန်၍ ပြောလေ၏။

"တင်တင်က လင်ယူမှာ မဟုတ်လား။ လင်ယူတာ မခက်ပါဘူး၊ ကျုပ် မနေ့က ခုတင်တစ်လုံး ပို့လိုက်တယ်"ဟု ကိုမောင်မောင်သည် မိမိပြောလိုသော စကားကို ဆက်တိုက် ပြောပြလိုက်လေ၏။ ထိုအခါ ကိုပါလစ်က. . .

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ၊ ဖြစ်တာက ဒီလိုဗျ။ ဆန်နီတစ်ယောက် မနေ့ကပဲ ပဲခူးကို ပျော်ပွဲစားထွက်တာ မင်္ဂလာဒုံမှာ ကားမှောက်လို့တဲ့။ ဒဏ်ရာက တော်တော်များတယ်။ သေဖို့ဘက်က များတယ်ဆိုပဲ"ဟု ပြောလိုက်ရာ ကိုမောင်မောင်က. .





"ဟာ. . သနားစရာပဲ၊ ဖိတ်စာတွေလဲ ရိုက်ပြီးကုန်ပြီ၊ ဟိုကောင်လေးများ သေသွားရင်တော့ ကောင်မလေးခမျာမှာ အပျိုစစ်စစ်ကနေ မုဆိုးမ ဖြစ်ဦးမယ်"ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ တင်တင်သည် ဆေးရုံသို့ တစ်ခေါက် ထပ်၍ လိုက်သွား၏။ များမကြာမီ၌ပင် ဆိုင်အလုပ်သမားလေးတစ်ဦး ဆေးရုံက ပြန်လာပြီး ဒေါ်ပုကြီးအား. . .

"ကြီးဒေါ်ပု၊ ကိုဆန်နီတော့ သေပြီဗျ"ဟု ပြောလိုက်လေ၏။ ထိုအသံကို တစ်ဆိုင်လုံး ကြားလိုက်ရ၏။ ထိုအချိန်၌ ကိုသောင်းရွှေသည် ထမင်းစားနေသည်ဖြစ်ရာ ထမင်းတစ်ပန်းကန်ကုန်သွားသဖြင့် နောက်တစ်ပန်းကန် ထပ်ထည့်လိုက်လေ၏။ ထိုသို့ ထမင်းထပ်၍ ထည့်သည်ကို ကိုပါလစ်က မြင်၍ သွားလေ၏။

"ဟိုမှာ မြင်လား၊ ကိုသောင်းရွှေကြီး ထမင်းတွေ ထပ်ထည့်နေတာ"ဟု ကိုပါလစ်က ပြောလိုက်လေ၏။ များမကြာမီ၌ တင်တင်လည်း ရှိုက်ကြီးတငင် ငိုကြွေး၍ ဆိုင်သို့ ပြန်လည်ရောက်ရှိလာ၏။ ထို့ကြောင့် ရွှေညာသူ တင်တင်နှင့် ဆန်နီဘတူတို့၏ မင်္ဂလာဆောင်သည် ကံတရား၏ ဖျက်ဆီးခြင်းကို ခံလိုက်ရလေတော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ခြောက်လခန့်ကြာသောအခါ ဗေဒင်ဆရာ ကိုပါလစ်သည် ကိုမောင်မောင် ထမင်းစားနေသော နေရာသို့ ရောက်ရှိလာပြီးလျှင်. . .

"ကိုမောင်မောင်ရေ အခက်ကြုံပြန်ပြီဗျို့"ဟု ပြောလေ၏။

"ဘာတွေ ခက်နေတာလဲ ဗေဒင်ဆရာ ကိုပါလစ်ရဲ့၊ ခင်ဗျား လက်ပေါ်ကို ရာဟုစီးနေပြီလား"ဟု ကိုမောင်မောင်က ပြန်၍ မေးလိုက်လေ၏။

“မဟုတ်ဘူးဗျ၊ ကိုသောင်းရွှေဆိုတဲ့ကောင်က တင်တင့်ကို အတင်းကပ်နေတယ်၊ နက်ဖြန်ခါကို မော်ဘီဘက် ပျော်ပွဲစားထွက်ဖို့ တောင် စီစဉ်နေတယ်၊ တင်တင်ကလဲ လိုက်မလို့”ဟု ကိုပါလစ်က ပြောလိုက်လေ၏။

“ခင်ဗျား အခုပြောတဲ့အထိတော့ ခက်တာ တစ်ခုမှ မပါဘူး” ဟု ကိုမောင်မောင်က ပြန်၍ ပြောလိုက်ရာ ကိုပါလစ်သည် ခေါင်းကို ကုတ်လျက်. . .

“သောင်းရွှေက ပျော်ပွဲစားထွက်မယ်လို့ ညာပြီး ခေါ်တာဗျ၊ ဘယ်သူမှ မပါဘူး၊ သူတို့နှစ်ယောက်တည်းရယ်”ဟု ပြောလိုက်လေ၏။

“ကြံပါစေဗျာ၊ အဲဒီလို ကြံလို့များ ရသွားရင်တော့ ကျုပ်က သူတို့ မင်္ဂလာဆောင် အတွက် ဗီရိုကြီးတစ်လုံး လက်ဖွဲ့လိုက်ဦးမယ်” ဟု ကိုမောင်မောင်က ပြန်၍ ပြောလေ၏။

“ကျုပ်ကတော့ အဲဒီလို မဖြစ်စေချင်ဘူး ကိုမောင်မောင်ရဲ့၊ သောင်းရွှေဆိုတဲ့ကောင်က လူပျိုမဟုတ်ဘူး၊ သူ့မိန်းမက မအူပင်မှာ ရှိတယ်၊ နာမည်နဲ့တကွ သိတယ်၊ ဒီကောင်က တင်တင့်ကို လူပျို ဆိုပြီး လှိမ့်ထားတာ၊ ပြီးတော့ နက်ဖြန်သွားမယ့် မော်ဘီဆိုတာကလဲ ဟိုးမြို့အစွန် ပေါ်တော်မူဘုရားနားမှာဗျ၊ ဘယ်အိမ်ကို သွားမယ် ဆိုတာ ကျုပ် ကောင်းကောင်းသိတယ်၊ ကောင်မလေးကတော့ ရေတိမ် နစ်ပါပြီဗျာ၊ အဲဒီအိမ်က စာရေးဆရာတစ်ယောက်ရဲ့ အိမ်ဗျ၊ အဲဒီ စာရေးဆရာက အသက် ငါးဆယ်ပြည့်ရင် ရသေ့ဝတ်ပြီး ရသေ့ကျောင်း အဖြစ် အသုံးပြုဖို့ ဝယ်ထားတဲ့ အိမ်ကလေးဗျ၊ ဒီလူကလဲ တစ်နှစ်





နေလို့ အဲဒီအိမ်ကို တစ်ခေါက်ရောက်တာ မဟုတ်ဘူး၊ သူက ရန်ကုန်မှာ နေတာ၊ သူနဲ့သိတဲ့လူတိုင်းက ပျော်ပွဲစားထွက်မယ်ဆိုပြီး သော့သွားတောင်းရင် သူက ပေးလိုက်တာပဲ။ အဲဒီမှာ တချို့က သူ့ဆီက သော့ယူပြီး မော်ဘီက သူ့အိမ်ကလေးမှာ ချိန်းပြီး ဖဲရိုက် တာ ရှိတယ်၊ သမီးရည်းစား ချိန်းတွေ့တာ ရှိတယ်၊ လင်မယားနဲ့ နောက်မီးလင်းတဲ့ ကောင်တွေလဲ ပါတယ်”ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုမောင်မောင်က. . .

“ခင်ဗျားပြောတဲ့ စာရေးဆရာက ဘယ်သူတုန်း”ဟု မေးလိုက် ရာ ကိုပါလစ်က ကိုမောင်မောင်၏ နားအနီးသို့ ကပ်ကာ စာရေးဆရာ ဘယ်သူဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကိုမောင်မောင်က. . .

“ဪ. . သိတယ်၊ သိတယ်၊ သူ့စာတွေ ကျုပ် အများကြီး ဖတ်ဖူးတယ်၊ ကျုပ်နဲ့လည်း နည်းနည်းပါးပါး ရင်းနှီးပါတယ်၊ ကျုပ်ဆီမှာ ဘုရားစင်တစ်ခု အပ်ဖူးတယ်ဗျ”ဟု ပြောလိုက်လေ၏။ ထို့နောက် ကိုမောင်မောင်သည် ကိုပါလစ်အား လက်ဖက်ရည်တိုက်ဦးမည်ဟု ဆိုကာ ရွှေဂုံတိုင်ဘက်သို့ ခေါ်သွားလေတော့၏။

နောက်တစ်နေ့ နံနက် ရှစ်နာရီထိုးလောက်တွင် မော်ဘီမြို့ အထွက် ပေါ်တော်မူဘုရားသို့သွားသော မြေနီလမ်းကလေးပေါ်တွင် ကားအနက်ကလေးတစ်စီး မောင်းနှင်၍ နေလေ၏။ ထိုကားပေါ်တွင် ကား ယောက်ျားတစ်ဦး၊ ၎င်း၏ဘေးတွင် မိန်းကလေးတစ်ဦး လိုက်ပါလာလေ၏။ ထိုယောက်ျားနှင့် မိန်းမမှာ ကိုသောင်းရွှေနှင့် တင်တင် ဖြစ်သည်ဟု ဖော်ပြရန် လိုမည်မထင်တော့ပါ။

“ကိုသောင်းရွှေ ချောင်ကျလှချည်လား၊ တင်တင်တော့ မလိုက် ရဲဘူး” ဟု တင်တင်က ပြောလိုက်လေ၏။

"ဟိုမှာ အဖော်တွေ ရောက်နှင့်နေပါပြီ၊ ဘာမှ မကြောက်ပါနဲ့" ဟု ဆိုကာ ကိုသောင်းရွှေသည် ကားကို ဆက်လက်မောင်းနှင်လာခဲ့ရာ ခြံနံပါတ်(. . .)သို့ရောက်လျှင် ခြံတွင်းသို့ ကားကို မောင်းဝင်လိုက်လေ၏။ ခြံမှာ ဝါးပင်များ၊ သရက်ပင်များ ရှိ၏။ ခြံလယ်တွင် ပျဉ်ထောင်အိမ်ကလေးတစ်လုံး ဆောက်ထားကာ ခြံ၏ နောက်ဘက်တွင် ဝါးမောင်းတံကို အသုံးပြုရသော အုတ်ရေတွင်းတစ်ခု ရှိ၏။ ခြံတွင်း၌ လူသူတစ်စုံတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် တင်တင်က. .

"ဘယ်မှာလဲလူတွေ၊ တစ်ယောက်မှလဲ မတွေ့ပါလား"ဟု ပြောလိုက်ရာ ကိုသောင်းရွှေက. . .

"သူတို့ နောက်ကျနေကြတယ်ထင်တယ်၊ ကိုယ်မလိမ်ပါဘူး တင်တင်ရယ်၊ လာပါ အိမ်ပေါ်တက်ပြီး စောင့်ရအောင် လူမြင်လို့ မတော်ပါဘူး"ဟု ဆိုကာ အိမ်တံခါးကို ဖွင့်၍ တင်တင့်အား အိမ်ပေါ်သို့ အတင်းခေါ်လေ၏။ တင်တင်လည်း အိမ်ပေါ်သို့ လိုက်၍ တက်သွားရ၏။ ထိုအခါ ကိုသောင်းရွှေက အိမ်တံခါးကို ပိတ်လိုက်လေ၏။ ပြီးလျှင် တင်တင်အား အတင်းသိုင်းဖက်လေတော့၏။ တင်တင်က ရုန်း၏။ ကိုသောင်းရွှေက တင်တင်အား ခြေချင်းချိတ်၍ ကြမ်းပြင်ပေါ်သို့ လှဲချလိုက်၏။ တင်တင်က အော်၏။ ကိုသောင်းရွှေက ပါးစပ်ကို ပိတ်ထား၏။ တင်တင်က လုံချည်ကို ကိုင်ထားရင်း. . .

"ခွေးမျိုး၊ လူယုတ်မာ"ဟု ဆဲ၏။ ကိုသောင်းရွှေက တင်တင့်ကိုယ်ဘေးသို့ ကို့ရို့ကားယားကြီး အိပ်လိုက်လေ၏။ ထိုအချိန်၌မှာပင် ကိုသောင်းရွှေ၏ နောက်ကျောဆီမှ. . .





"ဟေ့ကောင် ဒီမှာကြည့်စမ်း"ဟူသော အသံတစ်သံ ထွက်ပေါ်လာသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ တင်တင်၏ ရွှေညာသူ ထမင်းဆိုင်ထောင့်ကလေးတွင် မည်သူနှင့်မျှ အရောတဝင် မလုပ်ဘဲ မှန်တေတေဖြင့် ထမင်းစားနေလေ့ရှိသောသူ ဖြစ်ကြောင်းကို ကိုသောင်းရွှေ ကောင်းစွာ မှတ်မိသွားလေ၏။ ထိုသူ၏ လက်ထဲတွင် ၃၈ ဗို့ ခြောက်လုံးပြူးတစ်လက် ကိုင်ထားသည်ကိုလည်း တွေ့ရလေ၏။ ကိုသောင်းရွှေသည် ကြောက်ကြောက်လန့်လန့်ဖြင့်. . .

"ခင်ဗျား. . . ခင်ဗျား"ဟု ပြောလိုက်လေ၏။ တင်တင်မှာမူ ရှက်လွန်းသဖြင့် ငိုကြွေးနေလေ၏။ ထိုအခါ မှန်တေတေလူက. .

"မင်းဟာ လူယုတ်မာပဲ၊ မင်းမှာ သားကြီး မယားကြီး ရှိရဲ့သားနဲ့ ဒီမိန်းကလေးကို ဘာဖြစ်လို့ ကြံစည်ရတာတုန်း"ဟု ပြောလိုက်စဉ်မှာပင် အိမ်ပေါ်သို့နောက်ဖေးပေါက်မှ နောက်တစ်ယောက် တက်လာပြန်၏။ ထိုသူမှာ ဗေဒင်ဆရာ ကိုပါလစ်ဖြစ်၏။ ကိုပါလစ်ကို မြင်လျှင် တင်တင်က. . .

"ဟင်. . . ကိုပါလစ်ကြီး တင်တင့်ကို ကယ်ပါဦး"ဟု ပြောလိုက်ရာ ကိုပါလစ်က. .

"နင့်ကိုကယ်ဖို့ ဟောဒီ ကိုမောင်မောင်ကို ငါက သတင်းပေးလိုက်တာ၊ ငါ့အလုပ်က ကယ်ဖို့ မဟုတ်ဘူး၊ ဟိုကောင့်ကို ကန်ဖို့အလုပ်ပဲရှိတာ"ဟု ဆိုကာ ကိုသောင်းရွှေ၏ ရင်ဝကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်လေ၏။ ထို့နောက် ကိုမောင်မောင်သည် သောင်းရွှေထံမှ မော်တော်ကားသော့ကို ယူ၍. . .

"တင်တင် လာ၊ ဘာမှ ရှက်လဲ မရှက်နဲ့၊ ကြောက်လဲ မကြောက်နဲ့၊ ကားပေါ်တက်"ဟု ဆိုကာ ၎င်းက မော်တော်ကားကို မောင်းလေ၏။ ကိုပါလစ်ကြီးလည်း အိမ်ပေါ်မှ ပြေးဆင်းလာပြီးလျှင် နောက်မှ တက်လေ၏။ မော်တော်ကားလေးသည် လာလမ်းအတိုင်း ပြန်၍ မောင်းထွက်သွားလေ၏။

"အချိန်မီ အစ်ကိုကြီး ရောက်လာပေလို့ပဲ"ဟု တင်တင်က ပြောလိုက်လေ၏။

"အချိန်မီ ရောက်လာတာ မဟုတ်ဘူး၊ မနေ့ညကတည်းက ကျုပ်တို့နှစ်ယောက်က ရောက်နှင့်တာ၊ ကိုသောင်းရွှေဆိုတာ ဘယ်လို လူစားဆိုတာ တင်တင်ကိုယ်တိုင် သိရအောင် ခဏလေး စောင့်နေတာ၊ ကျုပ်တို့နှစ်ယောက်စလုံး အတွင်းခန်းထဲမှာ ရှိတယ်"ဟု ကိုမောင်မောင်က ပြောလိုက်လေ၏။ ထိုအခါ ကိုပါလစ်ကြီးက. . .

"သူ့မိန်းမကိုလဲ မနေ့က သံကြိုးရိုက်လိုက်ပြီ။ ညသဘော်နဲ့ လိုက်လာရင် ရန်ကုန်ကို ရောက်နေလောက်ပြီ၊ လိုက်လာဖို့လိပ်စာ ကိုလဲ တင့်တင့်ဆိုင်လိပ်စာပဲ ကျုပ်က ပေးလိုက်တယ်"ဟု ပြောလိုက်လေ၏။

"ဒါနဲ့ နေစမ်းပါဦး ကိုပါလစ်ကြီးရဲ့၊ သောင်းရွှေကို ဘယ်လို လုပ်ပြီး ထားပစ်ခဲ့သလဲ"ဟု ကိုမောင်မောင်က မေးလိုက်ရာ. .

"ခင်ဗျားတို့နှစ်ယောက်လဲ အိမ်ပေါ်က ဆင်းသွားရော ကျုပ်လဲ သူ့ကို ခြေထောက်နဲ့ နှစ်ချက်ဆက်ပြီး ကန်သေးတယ်၊ အဲဒီမှာ သူက ကုန်းပြီး ထလာမယ်အလုပ်မှာ ပါးချိတ်ကို လက်သီးနဲ့ တစ်ချက်ထိုးလိုက်တာအရုပ်ကြိုးပြတ် လဲကျပြီး ငြိမ်သွားလေရဲ့"ဟု ကိုပါလစ်ကြီးက ပြောလေ၏။





"ကားစက်နှိုးနေတုန်း ဝုန်းခနဲ ကြားတဲ့အသံဟာ ဒီကောင် လဲကျသွားတဲ့အသံကိုး"ဟု ကိုမောင်မောင်က ပြောလေ၏။

"ဒီကောင် တော်တော်အသည်းငယ်တဲ့ကောင်ပဲ၊ တစ်ခါတည်း မေ့သွားတော့တာပဲ၊ ဒါနဲ့ ကျုပ်လဲ သူ့အိတ်ထဲက ပိုက်ဆံအိတ်ကို နှိုက်လာခဲ့တယ်၊ ဒီကောင်မှာ ပိုက်ဆံတစ်ပြားမှ မရှိတော့ဘူး၊ အဲဒီ ပိုက်ဆံကတော့ ယတြာဖိုးအဖြစ် ကျုပ် ယူလိုက်ပြီ"ဟု ကိုပါလစ်ကြီးက ပြောလိုက်လေ၏။ ထိုအခါ ကိုမောင်မောင်က မရယ်စဖူး အသံထွက်အောင် ရယ်လိုက်လေ၏။ ထို့နောက်. . .

"ခင်ဗျားက လူကိုလဲ လက်သီးနဲ့ထိုး၊ ပိုက်ဆံအိတ်ကိုလဲ နှိုက်လာခဲ့သေးတာကိုး"ဟု ပြောလိုက်လေ၏။

"ဒီကောင့်ကိုတော့ ဒီလိုလုပ်မှ တန်ကာကျမှာ"ဟု ကိုပါလစ်က ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ကိုမောင်မောင်က. . .

"ဒီကောင်လုပ်တဲ့ဌာနက စက်ပစ္စည်းတွေ၊ သံထည်ပစ္စည်းတွေနဲ့ ပတ်သက်တယ်ဗျ၊ အဲဒါ ဒီကောင်က ကြက်တန်းက ကုလားပွဲစား တစ်ယောက်နဲ့ ပေါင်းပြီး တော်တော်များများ အရောင်းအဝယ် လုပ်ထားတယ်။ အဲဒီကိစ္စက ကျုပ်မှာ သက်သေအထောက်အထား ပြည့်ပြည့်စုံစုံ ရှိတယ်၊ အဲဒါနဲ့ မနေ့က ကျုပ်လဲ သက်ဆိုင်ရာကို သတင်းပေးလိုက်ပြီ၊ သက်ဆိုင်ရာက ဒီနေ့ ဒီကောင့်ကို ဖမ်းမယ့်နေ့ပဲ"ဟု ပြောလိုက်လေ၏။ ၎င်းတို့၏ ကားကလေးသည် မှော်ဘီမှ ထောက်ကြံ့၊ ထောက်ကြံ့မှ မင်္ဂလာဒုံ၊ မင်္ဂလာဒုံမှ ရန်ကုန်သို့ တရွေ့ရွေ့ ရောက်ရှိလာလေတော့၏။ ရန်ကုန်သို့ ရောက်သောအခါ၌

ကိုမောင်မောင်သည် ရွှေတိဂုံဘက်သို့ မမောင်းဘဲ ဘားလမ်းဘက်သို့ မောင်းလာသဖြင့် တင်တင်က. . .

"အစ်ကိုကြီး၊ ဘယ်ကိုမောင်းမလို့တုန်း"ဟု မေးလိုက်၏။

"ရုံးကို မောင်းမလို့"ဟု ကိုမောင်မောင်က ပြန်၍ ဖြေလိုက်လေ၏။

"ရုံးမှာ ဘာကိစ္စရှိလို့တုန်း"ဟု တင်တင်က မေးလိုက်ရာ ကိုမောင်မောင်က. . .

"တင်တင့်ကို ဒီလိုထားလို့ မဖြစ်ဘူး၊ အန္တရာယ်ရှိတယ်၊ မကြာခဏဆိုသလို ဒုက္ခပေးမယ့်ကောင်တွေနဲ့ တွေ့လိမ့်မယ်။ အဲဒီတော့ တင်တင့်ကို ကျုပ် ယူလိုက်မှ ဖြစ်မယ်။ ဟောဒီမှာ စာချုပ်နှစ်စောင်၊ ကျုပ် အသင့်ရေးလာခဲ့တာ။ ကျေနပ်ရဲ့လား"ဟု ပြောလိုက်လေ၏။

တင်တင်က ငြိမ်၍ နေလေ၏။ ထိုသို့ ငြိမ်နေခြင်းမှာ ကိုမောင်မောင်၏ စကားကို ငြင်းပယ်ခြင်း မရှိကြောင်း ဖော်ပြခြင်းပင် ဖြစ်၏။ ထို့နောက်တွင်ကား ကိုပါလစ်အား သက်သေအရာထား၍ တင်တင်နှင့် ကိုမောင်မောင်သည် လက်ထပ်လိုက်ကြလေတော့၏။ လက်ထပ်ပြီး၍ ပြန်လာသောအခါ၌ ဗေဒင်ဆရာ ကိုပါလစ်က. .

"ကိုမောင်မောင်တို့ လုပ်လိုက်ပုံကတော့ ပိုင်တယ်ဗျာ"ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုမောင်မောင်က. . .

"ကျုပ်က မပိုင်သေးရင် ခြင်ထောင်ထဲဝင်နေတဲ့ ခြင်ကိုတောင်ထပြီး ရိုက်တဲ့လူမျိုး မဟုတ်ဘူး၊ ပိုင်မှ လုပ်လေ့ရှိတယ်" ဟု





ပြောလိုက်ရာ တင်တင်က ကိုမောင်မောင်၏ ဗိုက်ခေါက်ကို သူ၏ လက်ကလေးဖြင့် ဆွဲလိမ်လိုက်လေ၏။

ဆိုင်သို့ပြန်၍ ရောက်လာသောအခါ ဒေါ်ပုက. . .

"ဟယ်. . . သွားတုန်းက တစ်ယောက်နဲ့၊ ပြန်လာတော့ တစ်ယောက်နဲ့ပါလား။ ဘယ်လိုဖြစ်တာလဲ မိတင်တင်ရယ်"ဟု မေးလိုက်ရာ တင်တင်က ၎င်း၏ အဖြစ်အပျက်အလုံးစုံကို ဒေါ်ပုအား ပြောပြလေ၏။ ဒေါ်ပုလည်း ငြိမ်၍ နားထောင်နေ၏။ တင်တင်၏ စကားဆုံးသွားသောအခါ. . .

"ငါပြောတယ်မဟုတ်လား၊ ဒီကောင်က တစ်ထုပ်မှာမှ ခြောက်တိုင်တည်းပါတဲ့ ကျောက်ဖယောင်းတိုင်လိုဟာမျိုး၊ ကျောက်ဖယောင်းတိုင်များ တခြားဖယောင်းတိုင်နဲ့ မတူဘူး၊ သိပ်ပြီး သပ်ရပ်ပါလား၊ ဟိုမှာထိုင်နေတာ သောင်းရွှေမယားပေါ့"ဟု ဒေါ်ပုက ပြောလိုက်လေ၏။ ထိုနေ့မှစ၍ ကျောက်ဖယောင်းတိုင်နှင့်တူသော ကိုမောင်မောင်နှင့် ရွှေညာသူ တင်တင်တို့သည် အကြင်လင်မယားဖြစ်၍ သွားသည်ဖြစ်ရာ ကိုမောင်မောင်လက်ဖွဲ့ခဲ့သော ခုတင်ကြီးမှာလည်း ကိုမောင်မောင်နှင့် တင်တင်အဖို့ မင်္ဂလာခန်းဝင်ပစ္စည်းဖြစ်၍ သွားလေတော့၏။ ထို့ကြောင့် ကိုပါလစ်က. . .

"ကိုမောင်မောင်တို့အား ပိုင်တယ်ဗျာ၊ သူ့မင်္ဂလာဆောင်အတွက် သူကိုယ်တိုင် ခုတင်ကြီးတစ်လုံး ကြိုပြီး လက်ဖွဲ့ထားတယ်" ဟု မကြာခဏ နောက်ပြောင်လေ့ရှိသည် ဟူ၏။ တင်တင်တို့ မင်္ဂလာဆောင်ပြီး များမကြာမီ၌ပင် ကိုသောင်းရွှေ ထောင်ကျသွား

လေ၏။ ကိုသောင်းရွှေ ထောင်ကျပြီး မှားမကြာမီ၌ပင် ဗေဒင်ဆရာကိုပါလစ်ကြီးသည် ဟင်းချက်ကောင်းသော ဒေါ်ပုကြီးအား ခိုးပြေးသွားသည်ဖြစ်ရာ တင်တင်၏ ရွှေညာသူ ထမင်းဆိုင်သည် အပြီးအပိုင် ပိတ်လိုက်ရလေတော့သတည်း။

❖❖❖❖❖



ပျောက်နှင့်တူသော
သူငယ်ချင်း



# မျောက်နှင့်တူသော
# သူငယ်ချင်း

တစ်ခါက ကမ္ဘာလောကကြီးအတွက် လွန်စွာမှ အရေးကြီးသော သိပ္ပံဆရာကြီး တစ်ဦး၏ ပစ္စည်းများကို သူ၏ အိမ်တွင် မွေးထားသော မျောက်တစ်ကောင်က ဖျက်ဆီးပစ်ခဲ့ဖူး လေသည်။ ထိုအခါ သိပ္ပံဆရာကြီးသည်. . .

"သြော်. . မင်းဟာ မျောက်ကိုး၊ ဘယ်လောက်အရေးကြီးမှန်းမသိတော့ ဖျက်ဆီးပစ်တာပေါ့"ဟုညည်းတွားလေ၏။ တအောင့်ကြာသော် ထိုသိပ္ပံဆရာကြီးကပင်. . .

"တချို့လူတွေလဲ မင်းလိုပါပဲကွာ"ဟု ထပ်မံပြောဆိုပြန်လေ၏။

ထိုသိပ္ပံဆရာကြီးက သိပ္ပံပညာကိုသာမက၊ မျောက်၏သဘာဝကိုလည်း သိ၏။ မျောက်နှင့်တူသော လူတို့၏ သဘာဝတို့ကိုလည်း သိပေသည်။

ကျွန်ုပ်မှာမူကား သိပ္ပံဆရာကြီးလည်း မဟုတ်၊ မျောက်အကြောင်းကိုလည်း ဂယနဏ သိသူလည်း မဟုတ်။ သို့ရာတွင်





ကျွန်ုပ်၌ကား မျောက်နှင့်တူသော သူငယ်ချင်းတစ်ဦး ရှိခဲ့ဖူးလေသည်။

ထိုသူငယ်ချင်းကို'ကိုမျောက်'ဟူ၍ပင် ခေါ်ကြပါစို့။ ကိုမျောက်နှင့် ကျွန်ုပ်သည် ကျောင်းနေဘက်သူငယ်ချင်းများ ဖြစ်ကြ၏။ ကျောင်းနေစဉ်ကလည်း ကိုမျောက်သည် စာသင်ခန်းထဲတွင် ဆရာခေါ်ပေးသောစာများကို လိုက်၍မရေး။ စာမေးပွဲဖြေခါနီးမှ ကျွန်ုပ်ထံမှ မှတ်စုစာအုပ်များကို ငှားလေ့ရှိ၏။

ကျွန်ုပ်စာကျက်လိုသောအခါ၌ မရမက ပြန်၍တောင်းရ၏။ ထိုအခါမျိုး၌လည်း ကျွန်ုပ်၏စာအုပ်သည် အဖုံးတစ်ဘက်ပြုတ်လာခြင်း၊ အတွင်းမှ စာများတွင်လည်း အနီအပြာများ ခြစ်ထားခြင်းစသော ဥစ္စာရှင်တစ်ဦးအနေနှင့် မနှစ်မြို့ဖွယ်ရာများ ပါ၍လာလေတော့၏။

သို့ရာတွင် မည်သည့်ရေစက်ဟု မဆိုနိုင်။ ကျွန်ုပ်သည် သူငယ်ချင်း ကိုမျောက်ကိုခင်၏။ ကိုမျောက်ကလည်း ကျွန်ုပ်ကိုခင်ပါ၏။ သို့ရာတွင် မကြာခဏဆိုသလို ကိုမျောက်၏ အပြုအမူကြောင့် စိတ်ညစ်ရလေ့ရှိ၏။

ကျွန်ုပ်တို့ နှစ်ဦးလုံးဆယ်တန်း ကျောင်းသားဘဝသို့ ရောက်သောအခါ၌၊ ကျွန်ုပ်က လက်ဝဲ စာအုပ်များကိုဖတ်၏။ ကိုမျောက်ကမူ လုန်၍မျှမကြည့်၊ စွန့်စားခန်း ဝတ္ထုများကိုဖတ်၏။ ထို့နောက် ကိုမျောက်သည် ဆယ်တန်းစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုပြီးသည်နှင့် တစ်ပြိုင်နက် တပ်ထဲသို့ ဝင်သွားလေတော့၏။

ကိုမျောက် မင်္ဂလာဒုံ စစ်သင်တန်းကျောင်း၌ တက်နေစဉ်အတွင်း ကျွန်ုပ်သည် တစ်ခေါက် သွားရောက် တွေ့ဆုံခဲ့၏။

ကတုံးဆံတောက် ဆံပင်ကလေးနှင့် စစ်အင်္ကျီ၊ စစ်ဘောင်းဘီ ပွရောင်းရောင်းကို ဝတ်ဆင်ကာ စစ်ပညာသင်ယူနေသော ကိုမျောက်ကို တွေ့ရလေ၏။ ၎င်းကို ကြည့်ရသည်မှာ အတော်ကလေး ပင်ပင်ပန်းပန်း လုပ်နေရပုံရှိလေ၏။ ကျွန်ုပ်ကိုပင် ၎င်းက. . .

"အခု သင်တန်းစပြီး တက်ကတည်းက ရဲဘော်သစ်လစာဆိုပြီး ငါးဆယ့်ငါးကျပ်ရတယ်ကွ၊ ဘာမှလဲ သုံးစရာမရှိလို့ ငွေငါးဆယ်စလုံး ပိုနေတယ်။ ငါးကျပ်ကတော့ ခါးပတ်တွေ၊ တင်းဂလက်ခေါ်တဲ့ ခြေပတ်တွေကို တိုက်ရတဲ့ ဆေးတစ်မျိုး ဝယ်ရတယ်။ အဲဒီဆေးက 'ဘလင်ကို'လို့ ခေါ်တယ်။ ရေညှိရောင် ဆေးတစ်မျိုးပါပဲကွာ။ အဲဒါဝယ်လို့ ကုန်သွားပြီ။ ကျန်တဲ့ငါးဆယ် မင်းယူသွားကွာ" ဟု ဆိုကာ ကျွန်ုပ်အား ၎င်း၏ လစာကို ပေးလိုက်လေ၏။

ကျွန်ုပ်သည် ကိုမျောက်ထံမှရသော ငွေငါးဆယ်နှင့်ပင် ရုပ်ရှင်ဝင်၍ကြည့်၏။ ဆံပင်ဝင်၍ညှပ်၏။ ခြောက်ကျပ်တန် သားရေဖိနပ်တစ်ရံဝယ်၍ စီး၏။ ကိုမျောက်မှာမူ မင်္ဂလာဒုံ စစ်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပင်ပင်ပန်းပန်း သင်တန်းဆင်း၍ ကျန်ခဲ့ပြီဖြစ်၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်နှစ်ခန့်ကြာသောအခါ၌ ကိုမျောက်သည် ကျွန်ုပ်ထံသို့ ရောက်လာလေသည်။

"နယ်ကနေတာဝန်တစ်ခုနဲ့ လာတာကွ၊ မင်းငါနဲ့လိုက်ခဲ့ဦး" ဟု ဆိုကာ ကျွန်ုပ်အား ရန်ကုန်မြို့ထဲသို့ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်အား သူက ကာကီရောင် လက်ဆွဲအိတ်ကလေး တစ်လုံးကို ပေးရင်း. . . 'မင်းကိုင်ခဲ့ကွာ'ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ကိုင်ခဲ့ရလေ၏။





ကျွန်ုပ်သည် ထိုအိတ်ကိုကိုဖွင့်ကြည့်ရာ အထဲ၌ ချက်လက်မှတ်စာအုပ်အချို့နှင့် ငွေအမြောက်အမြားကို တွေ့ရလေ၏။ သူသည် ကျွန်ုပ်အား အရက်ဆိုင်ပေါင်းစုံသို့ ခေါ်၍သွား၏။ အရက်များဝယ်၍ သောက်၏။ ကျွန်ုပ်ကိုလည်း တိုက်၏။ ကျွန်ုပ်မှာ အရက်မသောက်တတ်သဖြင့် သူကျေနပ်အောင် သောက်ဟန်ပြု၍ သွန်ပစ်ခဲ့သည်ကများ၏။

ကျွန်ုပ်၏သူငယ်ချင်း ကိုမျောက်မှာမူ တစ်ခွက်ပြီးတစ်ခွက် သောက်လေတော့၏။ ထိုသို့သောက်ပြီးလျှင် ဆိုက်ကားတစ်စီးငှားကာ မကောင်းသောအိမ်သို့ ပို့ခိုင်းလေတော့၏။ ကျွန်ုပ်မှာမူ ထိုကိစ္စကို ကြောက်သဖြင့် ကိုမျောက်အတွက် အဖော်လိုက်သွားရသော်လည်း အပြင်ကပင် စောင့်နေရ၏။

ကိုမျောက်သည် ကျွန်ုပ်အား နေ့စဉ်နေ့တိုင်း လာ၍ခေါ်၏။ အထက်ကဆိုခဲ့သည့်အတိုင်း အရက်ဆိုင်သို့သာ ခေါ်သွားပြန်၏။ ထို့နောက်တွင်မှ ၎င်းသွားစရာရှိသော ရုံးများ၊ စစ်တပ်များ၊ ဘဏ်တိုက်များဆီသို့ သွား၏။

ကိုမျောက်သည် ရန်ကုန်တွင်တစ်လခန့်နေသွား၏။ ပြန်သွားသောအခါ၌ သူနှင့်အတူရောဂါများပါ ပါသွား၏။ ထို့နောက် ပေါ်မလာတော့ပေ။ ကျွန်ုပ်နှင့် ကိုမျောက်သည် နှစ်အတန်ကြာ အဆက်အသွယ်ပြတ်သွားပြန်၏။

တစ်နေ့တွင် ကျွန်ုပ်သည် မြန်မာ့ဂုဏ်ရည်လမ်းထိပ်တွင် လက်ဖက်ရည်သောက်နေစဉ် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် လူတစ်ဦးသည် ကျွန်ုပ်၏ စားပွဲတွင်လာ၍ ထိုင်လေ၏။ ကျွန်ုပ်သည်

ထိုလူကိုကြည့်လိုက်သောအခါ ကျွန်ုပ်၏မိတ်ဆွေကြီး ကိုမျောက်ဖြစ်နေသည်ကို တွေ့ရလေ၏။

"ဟာ. . . ကိုမျောက်ပါလား၊ ဘယ်လိုဖြစ်လာတာလဲ" ဟု ကျွန်ုပ်က မေးလိုက်ရာ. . .

"ငါ မျောက်ဖြစ်လာတာကွ"ဟု ကိုမျောက်က ပြောလေ၏။

"နေစမ်းပါဦး၊ ခင်ဗျားတို့တပ် အခုဘယ်မှာလဲ"ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုမျောက်နှစ်လိုဖွယ်ရာပြုံးပြီး. . .

"ငါတပ်ထဲမှာ မဟုတ်တော့ဘူးကွ၊ အပြင်ရောက်နေပြီ"ဟု ပြောလေ၏။

"သြော်. . ခင်ဗျားတပ်က ထွက်လိုက်ပြီကိုး"ဟု ကျွန်ုပ်က ပြောရာ ကိုမျောက်က. . .

"တပ်ကထွက်လာတာ မဟုတ်ဘူးကွ၊ ငါ့ကို ထုတ်လိုက်တာ၊ တပ်မတော်သားကောင်းဖြစ်ရန် အလားအလာမရှိဆိုတဲ့ ပုဒ်မနဲ့ ထုတ်တာကွ။ ငါတို့မှာ စစ်သည်တော်ကျင့်ဝတ်တွေ ရှိတယ်လေကွာ၊ အဲဒီတော့ ငါဟာ ကျင့်ဝတ်တစ်ခုမဟုတ်တစ်ခုကို ချိုးဖောက်ပြီးသား ဖြစ်နေတယ်။ ဒီတော့ ငါရဲ့ဆရာသမားတွေကလဲ တပ်ထဲမှာနေရင် မင်းအတွက် ဒုက္ခရောက်မယ်ဆိုပြီး သနားသောအားဖြင့် တပ်က ထုတ်လိုက်တာပဲ။ အမှန်က သူတို့ဘက်က မလွန်ပါဘူးကွာ၊ ငါ့ဘက်က လွန်တာပါ" ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ကိုမျောက်အတွက် လက်ဖက်ရည်တစ်ခွက်မှာလိုက်လေ၏။ ထိုအချိန်၌ ကိုမျောက်သည် သူ၏ ဖိနပ်ခေါင်တွင် လိမ်ထားသော ကြေးနန်းကို ကုန်း၍ လိမ်နေလေ၏။





"ကိုမျောက် ခင်ဗျား တော်တော်အခြေအနေဆိုးနေတာပဲ"ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုမျောက်က. . .

"ဖိနပ်အသစ် မဝယ်နိုင်ဘဲ သွပ်နန်းတဲပြီး စီးနေရတာကို ကြည့်ပြီး ပြောတာလား၊ အဲ့ဒါတိုးတက်တာကွ။ မနေ့ကအထိ ဖိနပ်မရှိဘူး" ဟု ပြောဆိုကာ လက်ဖက်ရည် ရောက်လာသောအခါ၌ လက်ဖက်ရည်ကို အရသာခံ၍ သောက်ပြီး၊ စီးကရက်တစ်လိပ်ကို မှာ၍ ဖွာကာ မီးခိုးများကို ကောင်းကင်ဆီသို့ မှုတ်ထုတ်နေလေ၏။

"ဒီမှာ ကိုမျောက်၊ ခင်ဗျားကိုကျွန်တော် ငွေရေးကြေးရေး အကူအညီပေးရင် ရှိုင်းရာများကျနေမလား"ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုမျောက်က. . .

"ဒီအချိန်မှာတော့ကွာ၊ မင်းလိုလူက မပြောနဲ့၊ သူတောင်းစားကပေးရင်တောင် ငါကကျေကျေနပ်နပ် လက်ခံပြီး သူ့အတွက် ဆုတောင်းပေးရမယ့်အခါ ဖြစ်နေပြီ" ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် ငွေတစ်ဆယ်ကိုထုတ်၍ သူ့အား ပေးလိုက်ရာ ကိုမျောက်သည် စီးကရက်တစ်ဘူး ဝယ်လိုက်လေ၏။

ထိုအချိန်၌မှာပင် ခြေထောက်တစ်ဘက်မရှိသော ဒုက္ခိတသူတောင်းစားကြီးတစ်ဦး ကျွန်ုပ်တို့အနီးသို့ ရောက်ရှိလာရာ ကိုမျောက်က. . .

"ရော့ ရော့" ဟုဆိုကာ စီးကရက်ဘူးဝယ်၍ပိုသော ပိုက်ဆံအားလုံးကို ထိုဒုက္ခိတကြီးအား ပေးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်ဘက်ကိုလှည့်ကာ. . .

“ဒီလူက ငါ့ထက်ပိုပြီး ဒုက္ခရောက်တယ်ကွ၊ ငါက ခြေထောက် နှစ်ချောင်းစလုံး ရှိသေးတယ်။ သူက တစ်ချောင်းပဲ ရှိတော့တယ်” ဟူ၍ ပြောလေ၏။ ထို့နောက် ကျွန်ုပ်နှင့် လမ်းခွဲသွားလေ၏။

လအတန်ကြာသောအခါ၌ ကျွန်ုပ်သည် သမီးကလေးအတွက် နားဆွဲကလေးဝယ်ရန် မဂိုလမ်းဘက်သို့ သွားရာ ရွှေဆိုင်တန်းရှေ့ ပလက်ဖောင်းပေါ်တွင် ဒူးရင်းသီးများချ၍ ရောင်းနေသော ကိုမျောက်ကို တွေ့ရ၏။

ကိုမျောက်ကိုကြည့်ရသည်မှာ ပျော်ရွှင်နေပုံရ၏။ သူ့အား ဝိုင်းနေသော ဝယ်သူများကိုလည်း ဒူးရင်းသီးကိုဖောက်၍ စားခိုင်းလေ၏။ သူကိုယ်တိုင်လည်း ဒူးရင်းသီးတစ်လုံးဖောက်၍ တစ်မြွာပြီး တစ်မြွာ စားနေ၏။ အနီးတွင် ဖလားတစ်လုံးချထား၏။ ဈေးတည့်၍ ဝယ်သူများထံမှ ပိုက်ဆံကို ရေမျှပင် မရေဘဲဖလားထဲသို့ ထည့်ခိုင်းလိုက်၏။ ဝယ်သူများက “ဒီမှာနော် ဆယ့်ငါးကျပ်၊ ဒီမှာနော် နှစ်ကျပ်” ဟု ပြ၍ထည့်၏။

“ပြမနေနဲ့၊ ပြမနေနဲ့အားလုံးကို ယုံတယ်၊ထည့်သာထည့်သွား။ လူလူချင်း ယုံမှဖြစ်မှာ၊ လူလူချင်း မယုံရင်လူ့လောကကြီးမှာ မနေတာကောင်းတယ်” ဟု ကိုမျောက်က ရယ်မောပြောဆိုလေ၏။ ထိုအခါ ဝယ်သူထံမှ လျှာရှည်သူတစ်ဦးက. . .

“လူလိမ်နဲ့တွေ့ရင် ဘယ့်နှယ့်လုပ်မလဲ မိတ်ဆွေကြီး”

“တွေ့တော့လဲ တွေ့ပေါ့ဗျာ။ လိမ်လို့အရင်းပြုတ်သွားတော့လဲ နောက်တစ်မျိုးကြံသေးတာပေါ့၊ လူ့ဘဝဆိုတာ ကလေးတွေကစားတဲ့ မြွေနဲ့လှေကားလိုပဲ၊ ခင်ဗျား ကစားဖူးတယ်မဟုတ်လား။





အံစာတုံးကလေး ပစ်လိုက်လို့ လှေကားနဲ့တည့်တည့်နံပါတ်ကိုကျရင် အပေါ်ကို တက်သွားရမယ်၊ အဲဒီလို တက်နေရာကနေ မြွေပါးစပ်နဲ့ တည့်တည့်တွေ့ရင် ‘ကျွိ’ ဆို အောက်ရောက်သွားပြန်ရော။ မြွေက မျိုလိုက်တာပေါ့။ နံပါတ်တစ်ရာကွက်ကိုရောက်ရင် ဂိန်းတယ်။ ဒါပေမယ့် နံပါတ်ကိုးဆယ့်ခြောက်ကွက်မှာကို မြွေတစ်ကောင်ပါးစပ် ဟလျက်ရှိတယ်။ သူ့နံပါတ်များကျရင်တော့ သူကမျိုတာပေါ့။ သူ့အမြီးက နံပါတ်နှစ်ကို ရောက်တယ်။ တချို့လဲ အဲ့ဒီမြွေကြီးကို လွတ်သွားတယ်။ တချို့ဆို ဒီမြွေကြီးနဲ့ တွေ့ပြီး အောက်ဆုံးအထိ ဆင်းသွားတော့တာပဲ။ ပြီးတော့ လှေကားနဲ့တွေ့ပြီး ပြန်တက်ရတော့တာပေါ့။

“အဲဒီကစားနည်းမှာ မြွေကိုထုတ်ပြီး လှေကားချည်းပဲထားရင် ဘယ်သူကမှ ကစားမှာမဟုတ်ဘူး။ တက်ပြီးရင်းတက်ပြီး ကစားပွဲဟာ ပြီးသွားမှာပေါ့။ စိတ်ဝင်စားမှုလဲ မရှိဘူး။ အဲ့ဒီအတိုင်း ကစားရင် ပွဲဟာ အစောကြီး ရပ်ပစ်ရလိမ့်မယ်။ ကစားတဲ့လူအတွက်လဲ အဓိပ္ပာယ် မရှိတော့ဘူး။ အဲဒီလိုပဲဗျ။ တကယ်လို့ လူ့လောကမှာ အကျမရှိဘဲ အတက်တွေချည်း ဖြစ်နေရင် အဲဒီလူအတွက် အဓိပ္ပာယ် မရှိဘူး။ ဒီလိုလူမျိုး စောစော သေတတ်တယ်။ ကစားပွဲ စောစော ပြီးသွားတဲ့သဘောပေါ့ဗျာ။ အဲဒီလိုပဲဗျ။

“အဲဒီကစားနည်းမှာ မြွေချည်ထားပြီး လှေကားမပါကြေးဆိုရင် ကစားလို့ကောင်းမှာ မဟုတ်ဘူး။ သူ့ကျတော့ အတက်ကို မရှိဘဲ မြွေမျိုတာနဲ့ပဲ ပြန်ကျနေမှာပဲ။ ဒီလိုဆိုလဲ စိတ်ပျက်ပြီး ကစားပွဲကို ရပ်ပစ်မိမှာပဲ။ လူ့လောကမှာ အတက်မရှိဘဲ အဆင်းချည်းပဲ ဖြစ်နေရင် ဒီလူစိတ်ဓာတ်ကျတာနဲ့ပဲ အစောကြီး သေလိမ့်မယ်။

အဲဒီတော့ ကစားနည်းမှာ တက်ဖို့လှေကားလဲ ပါရမယ်။ ဆင်းဖို့ မြွေလဲ ပါရမယ်။ ဒါမှ ပျော်စရာ ကောင်းတာဗျ။

"လှေကားနဲ့ တွေ့တဲ့အခါ တက်သွားလိုက် အဲဒီလို တက်ရတဲ့ အခါမှာလဲ တယ်ဟုတ်တဲ့ ငါပါလားလို့ ဘဝင်မမြင့်နဲ့။ ရှေ့မှာ မြွေရှိတယ်။ အဲဒီလိုပဲ မြွေမျိုခံပြီး အောက်ရောက်ရင်လဲ စိတ်မပျက်နဲ့၊ မကြာခင် လှေကားတွေ့လိမ့်မယ်။ မှန်မှန်သာ လူ့ဘဝကို လျှောက်လာခဲ့၊ မကြာခင် လှေကားတွေ့လိမ့်မယ်။ ကဲ မိတ်ဆွေ၊ လူ့ဘဝဆိုတာ ဒီလိုပဲ မဟုတ်လားဗျာ။ လိမ်တဲ့လူ တွေ့လိမ့်မယ် ဆိုပြီး တွေးပူမနေနဲ့၊ ပူတဲ့ဒုက္ခ တိုးလာလိမ့်မယ်။ ဒူးရင်းသီး ဝယ်သွား၊ ပိုက်ဆံမပါရင်လဲ ကျုပ်စားတဲ့ထဲက တစ်မြွှာနှစ်မြွှာ စားသွား"ဟု ပြောလိုက်ရာ ထိုသူက ပြုံးလေ၏။ ကျန်သောသူများမှာ ဝါးခနဲ ရယ်လေ၏။

ကိုမျောက်သည် ရောင်းစရာရှိသည်ကို ရောင်းနေ၏။ ပြောစရာရှိသည်ကိုလည်း ပြောနေ၏။ ဒူးရင်းသီးကိုလည်း စားနေ၏။ စောစောက အမေးအမြန်းထူသူလည်း ကိုမျောက်ထံမှ ထွက်မသွားသေးဘဲ ဒူးရင်းသီး တစ်လုံးကို မကြည့်ချင်ကြည့်ချင် ကြည့်နေ၏။ ထိုသို့ ကြည့်နေရင်း. . .

"ခင်ဗျားကို ကျုပ်ပြောတာ ဒီလောကမှာ လူလိမ်တွေရှိတယ်လို့ ပြောတာ၊ ခင်ဗျားပြောတာက လောကမိတရားဗျ၊ ဘာမှ မဆိုင်ဘူး"ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုမျောက်က. . .

"လူလိမ်ရှိတာပေါ့ဗျာ၊ သူတို့ရှိလို့လဲ ကျုပ်တို့က လူကောင်းဖြစ်တာပေါ့၊ သူတို့က လိမ်တယ်၊ ကျုပ်တို့က မလိမ်ဘူး။ ဒါပဲပေါ့





ဗျာ။ လိမ်တာဟာ မကောင်းဘူး ဆိုပေမယ့် တချို့ကိစ္စတွေမှာ အဲဒီ လိမ်လည်ခြင်းကိုပဲ နာမည်ပြောင်းပြီး အလုပ် လုပ်နေကြတာပဲ။ ဘယ်လို နာမည်ပြောင်းလဲဆိုတော့ "ပရိယာယ်"ဆိုပြီး နာမည်ပြောင်းလိုက်တယ်ဗျ။ စစ်တိုက်တဲ့အခါမှာ ရန်သူကို လိမ်ပြီး တိုက်ရတဲ့ အကွက်တွေရှိတယ်။ အဲဒါကို စစ်ပရိယာယ်ခေါ်တာပဲ။ နိုင်ငံရေးမှာလဲ မလွှဲသာ မရှောင်သာ လိမ်ရတဲ့အကွက်တွေ ရှိတယ်ဗျာ။ အဲဒါကိုတော့ နိုင်ငံရေးပရိယာယ် ခေါ်တာပေါ့ဗျာ။

"လိမ်လည်ခြင်းဟာ အကျိုးပြုလုပ်ငန်းအတွက် သုံးပြီဆိုရင် ပရိယာယ်လို့ နာမည်ပြောင်းသွားတယ်ဗျ၊ တစ်ခါတလေ အဲဒီ ပရိယာယ်နဲ့ သုံးတာတောင် တစ်ဘက်က ပရိယာယ်လမ်းကြောင်းအတိုင်း လိုက်မလာဘဲ တင်းခံနေရင် မလာတာကို လာအောင်၊ မကြိုက်တာကို ကြိုက်အောင်၊ မသွားတာကို သွားအောင် လုပ်တဲ့အခါမျိုးတွေမှာ ပရိယာယ်ဟာ နာမည်ပြောင်းရပြန်တယ် ဘယ်လိုပြောင်းရသလဲဆိုတော့ 'မာယာ'ဆိုပြီး ပြောင်းရပြန်တယ်။ အဲဒီအဆင့်ကတော့ မြူဆွယ်တဲ့ အဆင့်ရောက်သွားပြီ။ ဒါပေမယ့် အားလုံးဟာ လိမ်တာချည်းပဲ မဟုတ်လားဗျာ။

"စကားပြောတဲ့ခါမှာ ဖြောင့်ဖြောင့်မပြောဘဲ ဟိုလိမ်ဒီကောက် ပြောရတဲ့အခါတွေရှိတယ် မဟုတ်လား၊ အဲဒီအခါကျတော့ စကား ပရိယာယ် ကြွယ်တယ်လို့ ကျုပ်တို့ ပြောကြတယ် မဟုတ်လား။ ဘယ်လိုလဲ ပြုံးထင်တယ်၊ အလိမ်ခံရပြီဆိုတာကို သိတာနဲ့ ချက်ချင်း အလိမ်ခံထားရ မိတ်ဆွေကြီး ကြည့်ရတာ

တစ်ခုခုအလိမ် ခံစားရတာကို ပြေအောင် မလုပ်လိုက်နဲ့၊ အလိမ်ခံထားရတဲ့အတိုင်း ငြိမ်ငြိမ်ကလေးနေလိုက်။

"လူ့လောကမှာ လိမ်တယ်ဆိုတာ သွပ်နန်းနှစ်စကို လိမ်သလိုပဲဗျ။ နှစ်စလုံး လိမ်ကောက်သွားတာ၊ အဲ့ဒါသွားဖြေလို့ အဆင်မသင့်ရင် ကျိုးသွားတတ်တယ်၊ အလိမ်ခံရတဲ့အတိုင်း နေလိုက်ရင် ကျုပ်ပြောသလို လိမ်လိမ်ကွေးကွေးလေး ဖြစ်နေရုံကလွဲပြီး ဘာမှမဖြစ်ပါဘူး၊ သွပ်နန်းဟာ သွပ်နန်းပါပဲ။ ရုတ်တရက် ပြန်ဖြန့်ရင်တော့ စောစောက ကျုပ်ပြောသလို အဆင်မသင့်ရင် ကျိုးသွားတတ်တယ်။

"ကျုပ်တပ်ထဲမှာနေတုန်းက ငွေငါးဆယ်အလိမ်ခံရတယ်ဗျ။ အလိမ်ခံရမှန်းလဲသိရော၊ လိမ်တဲ့ကောင်ကို ကျုပ်က မျက်နှာကို လက်သီးနဲ့ ထိုးလိုက်တာ၊ ကွာတားနှစ်ဆယ့်ရှစ်ရက် ကျပါလေရောဗျို့၊ ကွာတား နှစ်ဆယ့်ရှစ်ရက်ဒုက္ခဟာ ငွေငါးဆယ်နဲ့ နှိုင်းစာရင် အများကြီးကွာတာပေါ့ဗျာ၊ အလိမ်ခံရတဲ့အတိုင်း ငြိမ်ငြိမ်လေးနေလိုက်ရင် အဲဒီဒုက္ခမတွေ့ဘူးဗျ"ဟု ပြောလေ၏။

ကျွန်ုပ်သည် မလှမ်းမကမ်းမှနေ၍ ကိုမျောက်နှင့်ထိုသူ စကားပြောနေသည်ကို တစ်နေရာမှ အသာကြည့်နေ၏။ ကိုမျောက်၏ ဒူးရင်းသီးပုံသည်လည်း တဖြည်းဖြည်း ကုန်သွား၏။ နောက်ဆုံးတွင် ဒူးရင်းသီးသုံးလုံးသာ ကျန်တော့၏။ ထိုအခါ ကိုမျောက်က. . .

"တော်ပြီ၊ မရောင်းတော့ဘူး"ဟု ပြောကာ သူ၏ ဒူးရင်းသီး သုံးလုံးကို ခြင်းတောင်းအတွင်းသို့ ထည့်လိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ကိုမျောက်အနီးသို့ သွားကာ. . .





"အဲဒီဒူးရင်းသီးသုံးလုံးကို ကျုပ်ဝယ်မယ်"ဟု ပြောလိုက်ရာ ကိုမျောက်က. . .

"နိုးနိုး၊ ဒါကို ဘုရင်ခံလာဝယ်ရင်တောင် မရောင်းနိုင်ဘူး"ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်အား. . .

"ဟော့ကောင် ထွန်းခင်၊ မင်းအိမ်စားဖို့ တစ်လုံးယူသွား"ဟု ပြော၍ ကျွန်ုပ်အားပေးလေ၏။

ထိုအခါ ကျွန်ုပ်က. . .

"ဟိုနှစ်လုံးက မင်းစားဖို့ယူသွားမှာပေါ့ဟုတ်လား"ဟု မေးလိုက်ရာ ကိုမျောက်က. . .

"ငါကစားပြီးပြီကွ၊ ငါ့အိမ်နားက အဘိုးကြီး အဘွားကြီး နှစ်ယောက်ဟာ အတော်ဆင်းရဲတယ်ကွ၊ သူတို့တစ်သက်မှာ တစ်ခါမှ ဝယ်စားဖူးတာ မဟုတ်ဘူး၊ သူတို့ကို ကျွေးရမယ်"ဟု ပြောပြီး ကျွန်ုပ်ကို နှုတ်ဆက်ကာ သူ၏ခြင်းတောင်းကို ထမ်း၍ ထွက်ခွာသွားလေတော့၏။

ထို့နောက် ကျွန်ုပ်သည် ကိုမျောက်နှင့် အချိန်အတန်ကြာအထိ မတွေ့ဖြစ်ဘဲ ရှိပြန်လေ၏။

တစ်ခုသော နံနက်တွင် ကိုမျောက်သည် ကျွန်ုပ်၏ အိမ်သို့ ရောက်လာပြီး လမ်းပေါ်မှနေ၍ ခေါ်င်းညိတ်ပြီး ကျွန်ုပ်အား ခေါ်သဖြင့် အောက်သို့ ဆင်း၍ သွားရလေ၏။

"ဘာလဲကိုမျောက် အိမ်ပေါ်တက်လေ"ဟု ကျွန်ုပ်က ပြောရာ ကိုမျောက်က. . .

"ငါမင်းမိန်းမနဲ့ မသိဘူး၊ မင်းနဲ့ပဲငါကရင်းနှီးတာ၊ မင်းမိန်းမက ကောလိပ်မှာ အင်တာအထိတက်ဖူးတယ်ဆိုကွ၊ ပြီးတော့ ရုံးမှာလဲ စာရေးမဆို"ဟု မေးလေ၏။ ထို့ကြောင့် . . .

"ကိုမျောက် အခုလာတာ ဘာကိစ္စလဲဆိုတာ ပြောပါ၊ ကျုပ်မိန်းမအကြောင်းတွေ မေးမနေပါနဲ့"ဟု ပြောလိုက်လေ၏။

"ငါက မင်းမိန်းမအကြောင်း မပြောချင်ပါဘူး၊ မင်းက ငါ့ကို အိမ်ပေါ်ဘာလို့ မတက်သလဲလို့ မေးလို့ပါ၊ ဘာပဲဖြစ်ဖြစ် မင်းမိန်းမက ငါ့ကို အထင်သေးမှာပဲကွ၊ မင်းနဲ့ ငါနဲ့ ဘယ်လောက်ခင်တယ်ဆိုတာ သူသိမှာမဟုတ်ဘူး"ဟု ကိုမျောက်က ပြောလေ၏။

"ဒါတွေထားလိုက်တော့။ ခင်ဗျားလာတဲ့ ကိစ္စကိုသာ ပြောစမ်းပါ ကိုမျောက်ရဲ့"ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ငါ့အနေနဲ့ ငွေငါးဆယ်လိုချင်တယ်၊ အဲဒါဟာ သေရေးရှင်ရေးပဲ၊ ဒါပေမယ့် ငါမင်းဆီက အလကားမလိုချင်ဘူး။ ငါ့အနေနဲ့ အလွန် မြတ်နိုးတဲ့ ပစ္စည်းလေးတစ်ခု မင်းကို ငါလာပြီး ရောင်းမယ်၊ အဲဒါကို မင်းကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ငွေငါးဆယ် ပေးပြီးဝယ်ပါ၊ အဲဒီပစ္စည်းကလေးကို နောင်တစ်ချိန်မှာ ငါ့မှာငွေရှိတဲ့အခါမှာ မင်းရောင်းချင်ရောင်းပါ၊ ငါးဆအမြတ်ပေးပြီး ပြန်ဝယ်ပါ့မယ်၊ အဲဒါက ဘာလဲဆိုတော့ ငါ့အဖေရေးထားတဲ့ အင်းလေးပုံဆီဆေးပန်းချီကားပဲ၊ တစ်ခုတော့ရှိတယ် အဲဒါဟာ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်း လုပ်တဲ့ကိစ္စ မင်းမိန်းမ မသိစေနဲ့"ဟု ပြော၍ ကိုမျောက်သည် ပြန်သွားလေ၏။





ကိုမျောက်ပြန်သွားသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်လည်း အိမ်ပေါ်သို့တက်၍ လာလေ၏။ ထိုအခါ ကျွန်ုပ်၏ မိန်းမက . . .

"ဘယ်ကသူတောင်းစားနဲ့ စကားပြောနေတာလဲ"ဟု ကျွန်ုပ်အား မေးလိုက်လေ၏။

"သူတောင်းစား မဟုတ်ပါဘူးကွာ၊ ငါ့သူငယ်ချင်းပါ"ဟု ကျွန်ုပ်က ပြန်၍ ပြောရာ ကျွန်ုပ်၏ မိန်းမက . . .

"ရှင့်သူငယ်ချင်းကလဲ သူတောင်းစားထက်တောက် စုတ်ပါသေးလား၊ ရှင့်ကိုကြည့်နေတာကြာပြီ၊ ရှင်ပေါင်းလိုက်ရင် ဒါမျိုးတွေချည်းပဲ၊ ကိုယ့်အဆင့်အတန်းနဲ့ ကိုယ်နေတတ်ရတယ်ရှင့်၊ ကိုယ်ဟာ ခေတ်ပညာတတ် တစ်ယောက်လဲဖြစ်တယ်။ အလုပ်နဲ့ အကိုင်နဲ့လဲဖြစ်တယ်၊ ခုတော့ ရှင်ပေါင်းလိုက်ရင် အလုပ်မရှိ အကိုင်မရှိ၊ ပညာမတတ် စုတ်ပွေနုပ်ပွေဆိုတာတွေနဲ့ချည်း ပေါင်းတယ် ကျွန်မသိပ်ပြီး ရှက်တာပဲ"ဟု ပြောလေ၏။

ကျွန်ုပ်၏ မိန်းမက ကျွန်ုပ်အား ရှင်ဟာ ခေတ်ပညာတတ် တစ်ဦး ဖြစ်တယ်ဟု ပြောသောအခါ၌ ကျွန်ုပ်သည် ကြက်သီးထမိ၏။ အမှန်စင်စစ် ကျွန်ုပ်သည် ဆယ်တန်းအောင်၍ တက္ကသိုလ်တက်ရန် စာရင်းသွင်းဖူးသော်လည်း မတတ်ဖြစ်ခဲ့။ ဤသည်ကိုပင် ကျွန်ုပ်၏ မိန်းမက ခေတ်ပညာတတ်စာရင်းတွင် သွင်း၍ပြောလိုက်ခြင်းဖြစ်သောကြောင့် ကြက်သီးထ၍ သွားခြင်းဖြစ်၏။

ကျွန်ုပ်သည် ဆေးပေါ့လိပ်ကိုဖွာပြီးနောက် . . .

"မိန်းမရေ ပြောလက်စနဲ့ တစ်ခါတည်းပြောရဦးမယ်ကွာ၊ ကိုမျောက်ကြီးက သူ့အဖေရေးတဲ့ ပန်းချီကားကြီးတစ်ချပ် လာရောင်း

တာကွ၊ ညနေကျရင် ငွေငါးဆယ်ပေးရမယ်၊ သိပ်ပြီး ဒုက္ခရောက်လို့ လာရောင်းရှာတာပါကွာ"ဟု ပြောလိုက်ရာ ကျွန်ုပ်၏မိန်းမက-

"ရှင်မပြောလဲ ကျွန်မသိပါတယ်၊ ရှင့်ဆီလာတဲ့ဟာ ဒါမျိုးတွေချည်းပဲ၊ တောင်းဖို့လာမယ်၊ ချေးဖို့လာမယ်၊ ရှင်ကဒါမျိုးတွေပဲ ပေါင်းတာကိုး၊ ရှင်တို့ဌာနက မောင်မောင်ဆိုရင်ကြည့်စမ်း၊ ပေါင်းလိုက်ရင်ထိပ်တန်းကြီးပဲ၊ အရာရှိတွေနဲ့ ပေါင်းတယ်၊ ပိုက်ဆံရှိတဲ့ လူတွေနဲ့ ပေါင်းတယ်၊ သူကသာ ဘာမှမဟုတ်တယ်၊ သူပေါင်းတဲ့ လူတွေက အဆင့်အတန်းရှိတယ်၊ ရှင်ပေးမယ်လို့ ပြောလိုက်ပြီမဟုတ်လား၊ ပေးလိုက်ပေါ့၊ တကယ်ဆိုရင် ကျွန်မနဲ့ တွေ့ပေးရမယ်၊ ခုတော့ သူက နှစ်ကိုယ်ကြားခေါ်ပြီးပြောတော့ ပေးလိုက်ပေါ့"ဟု ပြောလေတော့၏။

"ဒီငွေငါးဆယ်ကလဲမဆုံးပါဘူး မိန်းမရယ်၊ သူပိုက်ဆံရှိတဲ့နေ့မှာ အမြတ်ငါးဆယ်ပေးပြီး ပြန်ဝယ်မယ်တဲ့၊ ဒီပန်းချီကားလေးဟာ သူ့အဖေရဲ့ အမွေ၊ သူအမြတ်နိုးဆုံး ပစ္စည်းပါတဲ့၊ သူပြန်ရွေးမှာပါ"ကဟု ကျွန်ုပ်က ပြောရာ ကျွန်ုပ်၏ မိန်းမက မခိုးမခန့်ရယ်၍. . .

"ဟိုက ရှင့်ကို ငွေပေးချင်အောင် ပြောသွားတာပေါ့။ သူဒီလိုမြတ်နိုးရင် ရောင်းပါ့မလား၊ ဒါတွေလာပြောမနေပါနဲ့၊ နားကလော့တယ်"ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်မှ ကျွန်ုပ်တို့ လင်မယားသည် ရေမိုးချိုး၍ အဝတ်အစားလတ်လတ်ကလေးများ ဝတ်ကာ ရုံးသို့ သွားကြလေ၏။ ညနေရုံးဆင်း၍ အိမ်ပြန်ရောက်ပြီးသောအခါ၌ ရေမိုးချိုးကြ၏။ မနက်က ချက်ခဲ့သော ဟင်းများကို နွေး၍ စားသောက်ကြ၏။





ပြီးလျှင် ကျွန်ုပ်က သတင်းစာတစ်စောင်ကို ဖတ်၏။ ကျွန်ုပ်၏ မိန်းမကမူ အိပ်ခန်းတွင်းသို့ဝင်သွား၏။ အိပ်ခန်းဆိုသော်လည်း ဧည့်ခန်းနှင့် သုံးထပ်သားတစ်ချပ်သာခြား၏။ နှစ်ယောက်အိပ် ခုတင်တစ်လုံး အနိုင်နိုင်ထည့်ရသော အိပ်ခန်းမျိုးဖြစ်၏။

အဝတ်ထည့်သော မှန်ဗီရိုကိုပင် ဧည့်ခန်း၌ ထုတ်၍ထားရ၏။ ထိုသို့ ထုတ်ထားရသည်မှာလည်း အကြောင်းနှစ်ခုရှိ၏။ တစ်ခုမှာ အိပ်ခန်းကျဉ်း၍ဖြစ်၏။ အခြားသော အကြောင်းတစ်ခုမှာ ကျွန်ုပ်၏ မိန်းမသည် ထိုဗီရိုကြီးကို လူမြင်စေလိုခြင်းကြောင့်ဖြစ်၏။

ဧည့်ခန်းဆိုသည်မှာလည်း နှစ်ခန်းတွဲအိမ်၏ ဧည့်ခန်းဖြစ်သောကြောင့် လွန်စွာကျဉ်း၏။ ကျဉ်းရသည့်အထဲတွင် ကျွန်ုပ်၏ မိန်းမက လူနှင့်တူအောင် ဆက်တီတစ်စုံထားမှဟု ဆိုကာ ဆက်တီတစ်စုံ ဝယ်၍ထည့်ထားသောကြောင့် ပို၍ကျဉ်း၏။

ထို့ထက်ဆိုးသည်မှာ ကျွန်ုပ်၏ မိန်းမသည် ရှိုကေ့စ်ဟု ခေါ်သော မှန်ပတ်ပတ်လည်ကာ၍ထားသည့် ဗီရိုအထဲတွင် မင်္ဂလာဆောင်စဉ်က လက်ဖွဲ့အဖြစ်ရခဲ့သော ထမင်းစားပန်းကန်များ၊ လက်ဖက်ရည်ပန်းကန်များ၊ ဖန်ခွက်လိပ်ခွက်များကို ထည့်၍ ဧည့်ခန်း၌ ထား၏။ ထိုပစ္စည်းများသည် မီးဖိုချောင်တွင်ထားလျှင် ပို၍သင့်တော်မည်ဟု ကျွန်ုပ်က ယူဆ၏။ သို့ရာတွင် ကျွန်ုပ်၏ မိန်းမက ကျွန်ုပ်အား. . .

"ဒိုက်ရဲ့၊ အဲဒီရှိုကေ့စ်က ဧည့်ခန်းမှာ ထားရတယ်တော့" ဟု ဆိုကာ ထားလေ၏။ ကြာသောအခါ ကျွန်ုပ်လည်း ထိုရှိုကေ့စ်ကို ဧည့်ခန်းတွင်ထားခြင်းကို သဘောကျ၍ သွားလေ၏။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်ရောက်ဖူးသမျှအိမ်များတွင် ဤသို့ပင် ထမင်းစားပန်းကန်များကို နှုံးကော့စ်၌ထည့်ကာ ဧည့်ခန်း၌ထားသည့် ကိုချည်း တွေ့နေရသောကြောင့် ဖြစ်၏။

မှောင်စပျိုးသောအခါ၌ ကျွန်ုပ်သည် မီးများကိုဖွင့်လိုက်၏။ ကျွန်ုပ်၏မိန်းမမှာမူ ခုတင်စောင်းတွင် ခေါင်းအုံးတစ်လုံးခံ၍ မီးတစ်လုံးကို ဖွင့်ကာ ခုတင်ပေါ်တွင်လှဲ၍ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေပြီ ဖြစ်၏။ ထိုအချိန်၌ ကိုမျောက်သည် ပန်းချီကားတစ်ချပ်ကိုပိုက်၍ အိမ်ပေါ်သို့တက်လာလေ၏။ ပြီးနောက် ကျွန်ုပ်အား ပန်းချီကားကိုလှမ်း ပေးလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"ကိုမျောက် ခဏနေဦး" ဟု ပြောပြီး ပန်းချီကားကိုယူ၍ အိပ်ခန်းတွင်းသို့ ဝင်လေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏မိန်းမအား ပန်းချီကားကိုပြ၏။ ကျွန်ုပ်၏မိန်းမသည် ပန်းချီကားကိုကြည့်ပြီး နောက်. . .

"ဟင်း. . . ကောင်းလဲမကောင်းဘူး၊ မဆွဲတတ် ဆွဲတတ်နဲ့ ဆွဲထားတာ၊ ဆေးတွေကလည်း အတုံးလိုက်၊ အတစ်လိုက်နဲ့၊ ငါးဆယ်မပြောနဲ့ ငါးမူးတောင်မတန်ဘူး၊ ပြက္ခဒိန်လှလှလေးတစ်ခု ဝယ်ချိတ်လိုက်ရင် နှစ်ကျပ်နဲ့ပြီးတယ်။ ရှင့်အပေါင်းအသင်းငတ်လို့ ပေးချင်ရင်သပ်သပ်ပေး။ ဒီလိုမတန်တဲ့ပစ္စည်းကို မဝယ်ရဘူး၊ နားလည် လား သွားပေးချေ" ဟု ပြောပြီး ကျွန်ုပ်အား ပန်းချီကားကို ကမ်းပေးပြီး ဆက်၍ စကားမပြောတော့ဘဲ၊ ဝတ္ထုစာအုပ်ကိုသာ ဆက်ဖတ်လေ၏။

ကျွန်ုပ်လည်း မွေ့ရာအောက်မှ ငွေငါးဆယ်ကိုယူ၍ အိပ်ခန်း ထဲမှ ထွက်လာလေ၏။ ထို့နောက် ကိုမျောက်နှင့် ကျွန်ုပ်သည်





အိမ်အောက်သို့ အတူတကွ ဆင်းခဲ့ကြ၏။ လမ်းပေါ်သို့ ရောက်သော အခါ ကျွန်ုပ်က ကိုမျောက်အား ငွေငါးဆယ်ပေးလိုက်၏။ ကိုမျောက် သည် ကျွန်ုပ်၏ ငွေငါးဆယ်ကို လှမ်းယူရင်း ကျွန်ုပ်အား. . .

"မင်းသိပ်ပြီး မိုက်တဲ့ကောင်၊ မင်းမိန်းမကို အသိမပေးပါနဲ့ဆိုတဲ့ ကိစ္စကို မင်းအသိပေးလိုက်တယ်။ မင်းမိန်းမပြောတာတွေအားလုံး ငါကြားရတယ်၊ မျက်နှာအမူအရာတွေကိုလဲ ငါမြင်ရတယ်" ဟု ပြောလေ၏။

"ကျုပ်မိန်းမအသံကို ခင်ဗျား ကြားရတယ်ဆိုတာတော့ ဟုတ်ပါပြီ၊ မျက်နှာကို မြင်ရတယ်ဆိုတာ ဘယ်လိုလုပ်ပြီး မြင်ရ တာတုန်း"ဟု ကျွန်ုပ်က မေးလိုက်၏။

"မြင်ရတာပေါ့ကွ၊ မင်းတို့ဧည့်ခန်းမှာ မှန်ဗီရိုကြီးထားတာ ကိုးကွ၊ အဲဒီ မှန်ဗီရိုကြီးမှာ အတိုင်းသားမြင်နေရတယ်။ မင်းမိန်းမ ကို ငါစိတ်မဆိုးပါဘူး၊ ဒါပေမယ့် မင်းအနေနဲ့တော့ သူငယ်ချင်း ကောင်းတစ်ယောက် ဆုံးရှုံးသွားပြီပေါ့။ ငါ ဒီတစ်သက်မှာ မင်းနဲ့ မတွေ့တော့ဘူး။ နောက်ဘဝရှိတယ်ဆိုရင်လဲ နောက်ဘဝမှာ မင်းနဲ့မတွေ့တော့ဘူး။ ငါ ပိုက်ဆံရှိလို့ ဒီပန်းချီကားလေးကို အမြတ် ငါးဆပေးပြီး ပြန်ယူရင်တော့ ငါ့ကို ပြန်ပေးပါ"ဟုဆိုကာ ကိုမျောက် သည် ထွက်သွားလေတော့၏။ ကျွန်ုပ်သည်လည်း အိမ်ပေါ်သို့ ပြန်တက်ပြီးလျှင် ပန်းချီကားကို နံရံ၌ ချိတ်လိုက်လေ၏။ ကျွန်ုပ်၏ မိန်းမသည် ထိုပန်းချီကားကိုမြင်တိုင်း ကျွန်ုပ်အား မဲ့၍ပြန်လေ၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာသော အခါ၌ ကျွန်ုပ်တို့အိမ်ရှေ့တွင် မော်တော်ကားတစ်စီး လာ၍ရပ်၏။

ကားမှာ အတော်ကောင်း၏။ ကားပေါ်မှ ဥပမိရုပ်အလွန်ကောင်းသော အသက်ငါးဆယ်ခန့် လူကြီးတစ်ဦးဆင်းလာပြီးလျှင် ကျွန်ုပ်၏အခန်းသို့ တက်လာလေ၏။ ထို့နောက် တက္ကသိုလ်မှ ကျောင်းဆရာမတစ်ဦး၏အမည်ကို မေးလေ၏။ ကျွန်ုပ်ရော၊ ကျွန်ုပ်၏ မိန်းမကပါ အိမ်မှာနေပြီဖြစ်ကြောင်း၊ ထိုလူကြီးအား ပြောပြ၏။ သို့ရာတွင် ထိုလူကြီးသည် တော်တော်နှင့်ဆင်းမသွားသေးဘဲ ကျွန်ုပ်၏ ဧည့်ခန်းသို့ကြည့်နေခြင်းမဟုတ်၊ ကိုမျှောက်လာ၍ ရောင်းသွားသော ပန်းချီကားကိုသာ ကြည့်နေခြင်းဖြစ်၏။

ထို့နောက် ထိုလူကြီးက သူ့ကိုယ်သူ မိတ်ဆက်၏။ ထိုအခါကျမှပင် သူသည် တက္ကသိုလ်မှ ပါမောက္ခကြီးတစ်ဦး ဖြစ်ကြောင်း သိရလေ၏။ ထိုအခါ ကျွန်ုပ်၏ မိန်းမပါ ပြာပြာသလဲ ဖြစ်၍သွား၏။ မည်သို့မည်ပုံ ဤသို့ဖြစ်သွားရသည်ကို ကျွန်ုပ်ကိုယ်တိုင်ပင် မသိပါ။ ကျွန်ုပ်တို့ လင်မယားနှစ်ဦးက ထိုလူကြီးအား ထိုင်ရန်ပြော၏။ ထိုလူကြီးက ပန်းချီကားကို အနီးကပ်ကြည့်ရှုခွင့် တောင်း၏။ ကျွန်ုပ်တို့ကလည်း လိုက်လိုက်လဲလဲပင် ခွင့်ပြုလိုက်၏။

ပါမောက္ခကြီးသည် ဖိနပ်ချွတ်၍ ဧည့်ခန်းသို့တက်ပြီး ပန်းချီကားကို အနီးကပ်သွားပြီးလျှင် ပန်းချီဆရာ၏အမည်ကို ဖတ်လေ၏။ ထိုသို့ ဖတ်ပြီးနောက် ကျွန်ုပ်တို့လင်မယားနှစ်ယောက်ကို လေးစားသောအမူအရာဖြင့် ဦးခေါင်းကိုညွတ်ပြီးလျှင်. . .

“ဒီပန်းချီကား ဘယ်လောက်ပေးလိုက်ရသလဲ”ဟု မေးလေ၏။





“လက်ဆောင်ရတာပါ ဆရာကြီး” ဟု ကျွန်ုပ်၏ မိန်းမက နှုတ်သွက်လျှာသွက်ဖြေလေ၏။

“ကျုပ်အခုပြောမယ့်စကားဟာ တူမကြီးတို့အတွက် ရိုင်းသွားတယ်ဆိုရင် အနူးအညွတ် တောင်းပန်ပါတယ်။ ကျုပ်က မနေနိုင်လွန်းလို့ မေးတာပါ၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ အဲဒီပန်းချီကားကိုများ ရောင်းနိုင်မယ်ဆိုရင်တော့ အတိုင်းအထက်အလွန် ကျေးဇူးတင်ပါတယ်။ ပြင်သစ်ပြည် လာဆဗ္ဗန်းတက္ကသိုလ်က ကျုပ်ရဲ့ ဆရာကြီးဟာ မြန်မာပြည်က ဟော့ဒီပန်းချီဆရာရဲ့ လက်ရာကို အလွန်ပဲ တန်ဖိုးထားတယ်၊ ပြင်သစ်ပြည်မှာ ပန်းချီကျော်တွေ အများကြီးပါပဲတဲ့။ ဒါပေမယ့် မြန်မာပြည်က ဟောဒီပန်းချီဆရာရဲ့ လက်ရာကိုတော့ သူအကြိုက်ဆုံးပဲ။ သူ့အိမ်မှာရော၊ သူ့ရုံးခန်းမှာရော ဒီပန်းချီဆရာရဲ့ လက်ရာ ပန်းချီကားတွေ ချိတ်ထားတယ်။ ထပ်ပြီး ရှာလို့ရရင်လဲယူဦးမယ်လို့ ကျုပ်ကိုမှာထားတယ်။ ဒီပန်းချီကားနဲ့ တန်ဖိုးကတော့ ဘယ်ဖြစ်လို့ရမလဲ၊ ကျုပ်တတ်နိုင်တာကို ပြောရရင် ငွေတစ်ထောင်တော့ ပေးနိုင်ပါတယ်” ဟု ပြောလိုက်ရာ ကျွန်ုပ်၏ မိန်းမက. . .

“လက်ဆောင်ပစ္စည်းကို ရောင်းစားတဲ့သဘောတော့ မဟုတ်ပါဘူး ဆရာကြီးရယ်၊ ဆရာကြီးအတွက် လိုအပ်နေတယ်ဆိုတော့ ယူသွားပါ” ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ပါမောက္ခကြီးသည် သူ၏ ဒရိုင်ဘာအား လက်ဆွဲအိတ်ယူခဲ့ရန် လှမ်း၍ ပြောလိုက်လေတော့၏။

ထို့နောက် လက်ဆွဲသားရေအိတ်အတွင်းမှ ငွေတစ်ထောင်ကို ထုတ်၍ ကျွန်ုပ်၏မိန်းမအား ပေးလိုက်လေ၏။ ကျွန်ုပ်လည်း ပန်းချီကားကို ထုတ်၍ ပါမောက္ခကြီးအား ပေးလိုက်လေတော့၏။

ကျွန်ုပ်၏ မိန်းမသည် ငွေတစ်ထောင်ရ၍ ပျော်နေ၏။ ပါမောက္ခကြီးမှာလည်း ပန်းချီကားကိုရ၍ ပျော်သွားရှာ၏။ ကျွန်ုပ်မှာမူ ပန်းချီကားကိုမြင်တိုင်း ကျွန်ုပ်၏ မိန်းမက မဲ့၍ပြသော ဝင်္ကြေးမှ လွတ်ငြိမ်းခွင့်ရသွားသောကြောင့် အပျော်ဆုံးဖြစ်၏။

များမကြာမီ၌ပင် ကျွန်ုပ်၏ မိန်းမသည် မဂိုလမ်းသို့သွား၍ ဂုဏ်အလွန်သွားရည်ကျခဲ့သော စိန်နားကပ်ကြီးတစ်ရံကို ဝယ်ပြီး နားတွင်ပန်၍ ပြန်လာခဲ့လေ၏။ ကျွန်ုပ်ကိုလည်း နှစ်ဘက်ကို ဘယ်ညာ လှည့်၍ပြ၏။ ကျွန်ုပ်က. . .

"မျက်စိကျိမ်းလိုက်တာကွာ" ဟု နောက်ပြောင်ကျီစယ်လိုက်၏။ ဤသို့ အပျော်ဆိုက်နေစဉ်၌ပင် လူတစ်ယောက် အိမ်ပေါ်သို့တက်လာ၏။ ကျွန်ုပ်က. . .

"ဘာကိစ္စရှိလို့လဲခင်ဗျာ" ဟု မေးရာ ထိုလူက. . .

"ကိုမျောက်လွှတ်လိုက်လို့ပါ၊ ဟောဒီမှာ ငွေနှစ်ရာငါးဆယ်၊ ပန်းချီကားကလေးကို ပြန်ပေးပါတဲ့" ဟု ပြောလိုက်ရာ ကျွန်ုပ်၏ မိန်းမပါ အံ့သြ၍သွား၏။ ကျွန်ုပ်၏ မိန်းမဆိုလျှင် စိန်နားကပ်ပန်ထားသော နားနှစ်ဘက်ကို ယောင်၍ပင် ကိုင်လိုက်မိလေ၏။

ထို့နောက် ကျွန်ုပ်၏မိန်းမက. . .

"မရှိတော့ဘူးလို့ ပြောလိုက်ပါရှင်၊ ကျွန်မတို့လဲ လက်ဆောင်ပေးလိုက်ပြီ" ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ထိုသူလည်း ပြန်သွားလေတော့၏။





အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ကျွန်ုပ်နှင့် ကိုမျောက်သည် လုံးဝမတွေ့တော့ပါ။ နောင်တွင် ကျွန်ုပ်သည် ကိုမျောက်၏ သတင်းကိုစုံစမ်းကြည့်ရာ ကိုမျောက်တစ်ယောက် တောခိုသွားသည်ဟူ၍လည်းကောင်း၊ ကိုမျောက်တစ်ယောက် ထောင်ကျသွားသည်ဟူ၍လည်းကောင်း၊ ကိုမျောက်တစ်ယောက် သေပြီဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံသော သတင်းတို့ကိုသာ ကြားရလေ၏။

ကျွန်ုပ်တို့ လင်မယားမှာမူကား အောက်တန်းစာရေးအဖြစ်မှ ရှစ်နှစ်ခန့်ကြာသောအခါ အထက်တန်းစာရေး ဖြစ်လာကြ၏။ ကလေးလည်း ခြောက်ယောက်ပင် ရှိခဲ့ပြီဖြစ်၏။ ကျွန်ုပ်တို့နှစ်ဦး၏ လခသည် တစ်နေ့ထက်တစ်နေ့ မလောက်မငြဖြစ်၍ လာလေတော့၏။

ထို့နောက် ကလေးအကြီးနှစ်ဦး တက္ကသိုလ်သို့ ရောက်သွားသောအခါ၌ ကျွန်ုပ်တို့သည် လွန်စွာကျပ်တည်း၍လာလေတော့၏။ ကျွန်ုပ်၏မိန်းမလည်း မီးယပ်ချုပ်ချုပ် သွားသောကြောင့် ကျွန်ုပ်နှင့် ရခါစကကဲ့သို့ ကျော့ကျော့မော့မော့ ဟန်နှင့်ပန်နှင့် ရုံးစာရေးမကြီးဟု ဆိုကာ ရုံးမတက်နိုင်ရှာတော့။ ရုံးမှအပြီးအပိုင် ထွက်လိုက်ရလေတော့၏။

ဤသို့နေလာခဲ့ရာ ကျွန်ုပ်လည်း အိမ်တွင် ဆန်ဖိုးပြတ်နေသောကြောင့် ရုံးသုံးပုံစံစက္ကူတစ်ထုပ်ကို အိတ်ထဲတွင် ထည့်ယူ၍ စက္ကူအဟောင်းဆိုင်တွင် သွားရောက်ရောင်းချခဲ့လေ၏။ ထိုအချိန်၌ ရုံးတစ်ရုံးတွင် ပုံစံစက္ကူအတုဖြင့် ပစ္စည်းထုတ်သွားသော အမှုတစ်ခု

ပေါ်ပေါက်ခဲ့သောကြောင့် ရဲအဖွဲ့မှ ရုပ်ဖျက်၍ စက္ကူအဟောင်းဆိုင်များတွင် စောင့်နေချိန်နှင့် ကြုံကြိုက်သွားသည်ဖြစ်ရာ အဖမ်းခံရလေတော့၏။

ထို့နောက် ထောင်ခြောက်လကျသွားသည်ဖြစ်ရာ အလုပ်ပါတစ်ပါတည်း ပြုတ်သွားလေတော့၏။ ကျွန်ုပ်ထောင်မှ ထွက်လာသောအခါ၌ ကျွန်ုပ်၏ မိသားစုသည် ယခင်နေရာ၌ပင် မနေနိုင်တော့ဘဲ မြို့အစွန်သို့ လွင့်သွားရလေတော့၏။

ကျွန်ုပ်၏ မိန်းမနှင့်ကလေးများမှာ အိမ်ဆိုင်ကလေးတစ်ခု ဖွင့်၍ ရောင်းချနေရ၏။ စားအိုးကြီးသောကြောင့် မကြာခဏအရင်းပြုတ်၍သွားလေ၏။ ကျွန်ုပ်လည်း ကြုံရာကျဖမ်းအလုပ်များကို လုပ်ရလေတော့၏။ ဒရဝမ်စောင့်သည့်အခါ စောင့်ရ၏။ ဘုရားပွဲများသို့ လိုက်၍ ဈေးရောင်းရသည့်အခါ ရောင်းရ၏။

တစ်နေ့တွင် ကျွန်ုပ်သည် ကျိုက်ဝိုင်းဘုရားပွဲတွင် ကလေးများဆောင်းသော ဗန္ဓုလဦးထုပ်၊ ကစားစရာ ဓားလှံများကို ရောင်းချပြီး အိမ်သို့ပြန်လာ ကားမှတ်တိုင်တွင် ကျောင်းနေဘက်သူငယ်ချင်းတစ်ဦးနှင့် တွေ့၏။ ထိုသူငယ်ချင်းသည် အစတွင် ကျွန်ုပ်အား မမှတ်မိ။ မှတ်မိရန်လည်း အကြောင်းမရှိ။ ကျွန်ုပ်၏ အသားအရောင်များသည် မည်း၍နေ၏။ ကျွန်ုပ်၏ နားထင်နှင့်ပါးများသည် ချိုင့်ခွက်၍ နေ၏။ ထိုသူငယ်ချင်းသည် ကျွန်ုပ်အား စိမ်းစိမ်းကြည့်ပြီးနောက်. . .

"ဟေ့ ထွန်းခင်မဟုတ်လား" ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်ကလည်း. . .





"ဟုတ်တာပေါ့ကွာ"ဟုဆိုကာ ထိုသူငယ်ချင်းကို နှုတ်ဆက်၏။

ထိုသူငယ်ချင်း၏ အမည်မှာထွန်းမြင့်ဟူ၍ဖြစ်၏။ ထွန်းမြင့်သည် ကျွန်ုပ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားပုံရ၏။ ထို့နောက် ရင်းကပင်. . .

"မင်းကောင်ကြီးကတော့ တော်တော်ထွန်းကားနေပါလား" ဟု ပြောလိုက်လေ၏။

"ဘယ်ကောင်ကြီးလဲ ထွန်းမြင့်ရ" ဟု ကျွန်ုပ်ကမေးလျှင် ရင်းက. . .

"ကိုမျောက်ကြီးလေကွာ" ဟု ပြောလေ၏။

"နေစမ်းပါဦး၊ ကိုမျောက်ကြီး မသေသေးဘူးလား၊ ငါကြားတော့ ထောင်ကျသွားသလိုလို သေသလိုလိုနဲ့"ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။

"ဘယ်ကလာ သေရမှာလဲကွ၊ ထောင်ကျသွားတာတော့ မှန်တယ်၊ ထောင်ကလွတ်ပြီး စာရေးဆရာလုပ်နေတယ်၊ စာရေးဆရာ 'မျောက်သျှောင်ထုံ' ဆိုတာ သူပေါ့ကွ" ဟု ထွန်းမြင့်က ပြောလေ၏။

"ဟာ. . . အဲဒီ စာရေးဆရာဟာ အတော်နာမည်ကြီးပါလား၊ ငါဖြင့် သူ့စာအုပ်တွေ ဖတ်နေတာကြာပြီကွ" ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"အဲဒါ တခြားသူ မဟုတ်ဘူးဟေ့၊ ကိုမျောက်ကြီးဟ။ ပြီးတော့ ဒီလူကြီးဟာ ဘယ်လိုဘယ်လို ပွပေါက်တွေတိုးထားသလဲ မသိဘူး

ကွ၊ အတော်ကလေးကို စီးပွားဖြစ်နေတယ်”ဟု ထွန်းမြင့်က ပြောလေ၏။

“နေစမ်းပါဦး၊ ကိုမျောက်ကြီးဟာ အိမ်ထောင်တွေ၊ ဘာတွေနဲ့လား” ဟု ကျွန်ုပ်ကမေးလိုက်လေ၏။

“အင်း . . ဟုတ်တယ်၊ အိမ်ထောင်ကျနေပြီ၊ သားသမီးတော့ မရှိဘူး၊ ကိုမျောက်ကြီးအိမ်ကို တစ်နေ့တော့သွားလည်စမ်းပါဦး၊ ကိုမျောက်ကြီးအိမ်က ပျော်စရာသိပ်ကောင်းတာကွ၊ သူ့ရဲ့ဘော်ဟောင်းတွေ၊ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ၊ တပည့်တွေနဲ့ တရုန်းရုန်း စားလိုက်ကြ၊ သောက်လိုက်ကြနဲ့ကွာ၊ ငါတောင် တစ်နေ့က သူ့အိမ်ကို ရောက်သွားတာနဲ့ မပြန်နိုင်ဘူးဟေ့၊ ပြီးတော့ ကိုမျောက်ကြီးမှာ တခြားအလုပ်တွေလဲ ရှိသေးတယ်ကွ၊ မင်းလဲသိသားပဲကွာ၊ ဒီလူကြီး က နှမြောတတ်တာမှ မဟုတ်ဘဲ၊ ရသမျှသုံးပစ်နေတာပဲ၊ သူ့ဆီကိုလဲ နေ့စဉ်လိုလို ရဲဘော်ဟောင်းတွေ၊ သူငယ်ချင်းတွေက မပြည့်စုံတာ တွေ တက်ပြီး တောင်းနေကြတာပဲ၊ တချို့လဲ ကလေးကျောင်းစရိတ်ဖိုး တချို့လဲ အိမ်မိုးဖို့ဓနိဖိုး၊ တချို့လဲ ဆေးဖိုးစုံနေတာပဲကွာ၊ ကိုမျောက်ကြီး ကတော့ ဒိုင်ခံရှင်းပေးနေတာပဲ၊ တစ်နေ့လောက် မင်းလဲသွားလိုက် ပါဦးလား” ဟု ပြောပြီး ကိုမျောက်၏ လိပ်စာကို ကျွန်ုပ်အား ပေးသွားလေ၏။

ဘတ်စ်ကားလာသောအခါ၌ ကျွန်ုပ်လည်း ထွန်းမြင့်ကို နှုတ်ဆက်၍ ဘတ်စ်ကားပေါ်သို့ တွယ်၍တက်ခဲ့၏။ အိမ်သို့ရောက် လျှင်ရောက်ချင်း ကျွန်ုပ်သည် ကျွန်ုပ်၏မိန်းမအား ကိုမျောက်ကြီး၏ အကြောင်းကို ပြောပြလေတော့၏။ ကျွန်ုပ်၏ မိန်းမသည် လွန်စွာ အံ့သြ၍နေ၏။





“သြော် . . . အဲဒီစာရေးဆရာဟာ ရှင့်သူငယ်ချင်း ကိုမျောက်ကြီး ကိုး၊ ကျွန်မ သူ့စာအုပ်တွေ သိပ်ကြိုက်တာ၊ ဘာပဲဖြစ်ဖြစ် ရှင်သွား သင့်တယ်၊ ရှင့်ကို သူကအတော်ခင်တာပဲ၊ ရှင်သွားရင်တော့ သူက လိုအပ်တာတွေ ကူညီမှာပါ”ဟု ကျွန်ုပ်၏မိန်းမက ပြောလိုက်လေ၏။

ထိုအချိန်၌ပင် ကျွန်ုပ်၏ အိမ်သို့ ရပ်ကွက်တွင်းမှ လူ သုံးလေးဦး အမောတကော ရောက်ရှိလာလေ၏။ ထိုအထဲတွင် ရပ်ကွက်လူကြီး တစ်ဦးလည်း ပါလာ၏။ ထိုရပ်ကွက်လူကြီးက . . .

“ဦးထွန်းခင်ရေ၊ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ဗျာ၊ ခင်ဗျား သားအငယ်ကောင် ကားဂိတ်မှာ မိန်းမတစ်ယောက်ရဲ့ ဈေးခြင်းတောင်း ထဲက ပိုက်ဆံအိတ်ကို နှိုက်လို့ဆိုပြီး ဝိုင်းရိုက်လိုက်တာ ဆေးရုံရောက် သွားပြီ၊ ရဲကလဲ အမှုဖွင့်လိုက်တယ်ဆိုတော့ ဆေးရုံဂိတ်ဝမှာ ရောက်နေပြီ၊ အာမခံလေးဘာလေးရအောင် လိုက်ပေဦးတော့ဗျို့”ဟု ဆိုလိုက်ရာ ကျွန်ုပ်၏ ခေါင်းကို မြွေပွေးကိုက်သကဲ့သို့ ခံစားလိုက် ရလေတော့၏။

ကျွန်ုပ်၏ မိန်းမမှာမူ မျက်ရည်များ တတွေတွေကျလာ၏။ မိဘမပြည့်စုံသောအခါ သားသမီးများ အကျင့်ပျက်လာကြ၏။ ကြံမိကြံရာ လုပ်လာကြ၏။ ကျွန်ုပ်၏ မိန်းမသည် တရှုံ့ရှုံ့ငိုနေရာမှ . .

“ကိုထွန်းခင် ရှင်ဒီလို ငူငူကြီးထိုင်နေလို့ မပြီးဘူး၊ ကလေး နောက်ကို လိုက်ဦးမှ”ဟု ငိုသံပါကြီးဖြင့် ပြောလိုက်လေ၏။

“ရှင့်သူငယ်ချင်း ကိုမျောက်ကြီးဆီကို သွားလေ၊ သူက ရှင့်ကို ခင်ပါတယ် ကူညီမှာပါ”ဟု ကျွန်တော်မိန်းမက ပြောလေ၏။

"လက်ချည်းသက်သက် သွားပြီးတောင်းရမှာကတော့ ငါ့အနေနဲ့ လိပ်ပြာမသန့်ဘူး၊ ပစ္စည်းတစ်ခုခုရောင်းတဲ့ အနေနဲ့ဆိုရင် ကောင်းမယ် မိန်းမ"ဟု ကျွန်ုပ်ကပြောလိုက်ရာ ကျွန်ုပ်၏ မိန်းမက. .

"ရောင်းစရာဆိုလို့ ဘာများရှိလို့လဲ ကိုထွန်းခင်ရယ်"ဟု ဆိုကာ ကိုမျောက်ကြီးထံတွင် ရောင်းချနိုင်မည့် ပစ္စည်းကို စဉ်းစားကြလေ၏။

ကျွန်ုပ်တို့သည် ဤသို့ပင် ပစ္စည်းများကို ရောင်းချစားသောက်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီမဟုတ်ပါလား။ သို့ရာတွင် ကျွန်ုပ်တို့၌ ပစ္စည်းတစ်ခုရှိ၏။ ထိုပစ္စည်းကို ကျွန်ုပ်တို့ လင်မယားသည် မည်မျှအထိ ဒုက္ခရောက်သည်ဖြစ်စေ မရောင်းဘဲ ကုတ်ကပ်၍ ထားခဲ့၏။ ထိုပစ္စည်းမှာ အခြားမဟုတ်။ ကျွန်ုပ်တို့ ဇနီးမောင်နှံ မင်္ဂလာဆောင်စဉ်က လက်ဖွဲ့အဖြစ် ရရှိခဲ့သောကြိမ်ခြင်းကလေးဖြင့် ထည့်ထားသည့် ကြွေရေနွေးခရားနှင့် ရေနွေးပန်းကန်ကလေးနှစ်လုံးပင် ဖြစ်၏။ ကျွန်ုပ်တို့လင်မယား လက်ထပ်သော ညက တစ်ကြိမ်သာ ရေနွေးထည့်၍ သောက်ပြီး မင်္ဂလာဦးပစ္စည်းအဖြစ် မြတ်မြတ်နိုးနိုး သိမ်းထားသော ပစ္စည်းဖြစ်၏။

"ဘာပဲဖြစ်ဖြစ်ကွာ၊ ကြိမ်ခြင်းနဲ့ ရေနွေးခရားကို ယူသွားပြီး ကိုမျောက်ကြီးကို ရောင်းမယ်၊ တန်သည်ဖြစ်စေ၊ မတန်သည်ဖြစ်စေ၊ ငွေငါးရာတော့ တောင်းမယ်ကွာ၊ ဒါပေမယ့် ဒါကို အပြတ်ရောင်းပစ်တာတော့မဟုတ်ဘူး၊ ငါတို့ပိုက်ဆံရှိတဲ့အခါ ပြန်ယူမယ်" ဟု ပြောလိုက်ရာ ကျွန်ုပ်၏ဇနီးလည်း သဘောတူ၏။





ထို့နောက် ကျွန်ုပ်လည်း ရေနွေးခရားပါသော ကြိမ်ခြင်းကို ပွေ့၍ ဘတ်စ်ကားကို တိုးဝှေ့စီးကာ ရန်ကုန်မြို့တွင်းသို့ ထွက်လာလေ၏။ ကိုမျောက်ကြီး၏ အိမ်မှာ ဗိုလ်ချုပ်လမ်းပေါ်၌ ဖြစ်၏။ ကိုမျောက်ကြီးအိမ်မှ ငွေရလျှင် ဆေးရုံကြီးသို့ သွားပြီး ကျွန်ုပ်၏သားကို ကြည့်ရန်မှာလည်း လွန်စွာခရီးသင့်လေ၏။ ကျွန်ုပ်သည် ရေနွေးခရားခြင်းကို ပွေ့ကာ မော်တော်ကားစီးလာခဲ့စဉ် လူတိုး၍ ကျမကွဲရန် ရန်စွာ ဂရုစိုက်ခဲ့ရလေ၏။

ဗိုလ်ချုပ်လမ်းသို့ရောက်လျှင် ကိုမျောက်ကြီး၏ အိမ်ကိုစုံစမ်းရာ လွယ်ကူစွာပင် တွေ့၏။ ကိုမျောက်ကြီး၏ အိမ်မှာ ဗိုလ်ချုပ်လမ်းနှင့် အခြားသော လမ်းတစ်ခု၏ ထောင့်တွင်ရှိ၏။ ကိုမျောက်ကြီး၏ အိမ်အောက်ထပ်တွင် ကိုမျောက်ကြီး၏ မိန်းမမှာ အမျိုးသမီးဝတ်စုံချုပ်သော အပ်ချုပ်ဆိုင်တစ်ဆိုင် ဖွင့်ထား၏။ ကိုမျောက်ကြီး၏ မိန်းမမှာ မနွေးဟုခေါ်သည်ဆို၏။ ၎င်း၏အပ်ချုပ်ဆိုင်ကိုမူ 'အန်တီနွေး' အပ်ချုပ်ဆိုင်ဟု ခေါ်သည်ဆို၏။ ကျွန်ုပ်သည် ထိုနေရာသို့ အရောက်၌ ဆိုင်းဘုတ်များကို မော့ကြည့်လိုက်ရာ ဆိုင်းဘုတ်ကို ကန့်လန့် မချိတ်ဘဲ ထူးဆန်းစွာ ဒေါင်လိုက်ချိတ်ထားသော 'အန်တီနွေး' အပ်ချုပ်ဆိုင်ဟူသော ဆိုင်းဘုတ်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်၏စိတ်၌ ဤသို့နိုးယိုးကားရား လုပ်ထားပုံမှာ ကိုမျောက်ကြီး၏ စိတ်ကူးဖြစ်တန်ရာ၏ဟု တွေးထင်မိလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ထိုဆိုင်သို့ဝင်၍ ကိုမျောက်ကြီးကို စုံစမ်းရာ အင်္ကျီအပ်သူ အမျိုးသမီးများနှင့် စည်ကားသိုက်မြိုက်လှသည်ကို တွေ့ရလေ၏။ ကျွန်ုပ်က. . .

"ဒီမှာအစ်မကြီး၊ ကိုမျောက်ကြီး ရှိပါသလား"ဟု မေးရာ ကိုမျောက်ကြီး၏ မိန်းမက. . .

"အပေါ်ထပ်မှာ ရှိပါတယ်၊ အပေါ်ထပ်ကို တက်သွားပါ" ကျွန်ုပ်လည်း ရေနွေးခြင်းကို ပိုက်၍တက်သွားရာ ကိုမျောက်ကြီး၏ အခန်းကို ရောက်လေတော့၏။ ကိုမျောက်ကြီး၏ အခန်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် လူဆယ်ဦးခန့်နှင့်အတူ ရယ်မောနေသော ကိုမျောက်ကြီးကို တွေ့ရလေတော့၏။ ကိုမျောက်ကြီးမှာလည်း ယခင်က ကျွန်ုပ်တွေ့ဖူးသော ကိုမျောက်ကြီးမဟုတ်၊ လွန်စွာ ဝဖီးနေ၏။ ကိုမျောက်ကြီးသည် နို့ကုလားများ ဝတ်ထားသော အင်္ကျီမျိုးကို ဝတ်ထား၏။ ချစ်တီကုလားများ ဝတ်လေ့ရှိသော ပလေကပ်လုံချည်အဖြူကို ဝတ်ထား၏။

ကျွန်ုပ်သည် ကိုမျောက်ကြီး၏ အိမ်ခန်းကို အကဲခတ်ကြည့်ရှုလိုက်၏။ ဆက်တီဟူ၍ မရှိ။ ကြမ်းပြင်ပေါ်တွင်ပင် စု၍ထိုင်နေကြ၏။ ကိုမျောက်ကြီး၏ အိမ်မှာ ကျွန်ုပ် မျက်စိထဲတွင် အိမ်နှင့်မတူ၊ သင်္ဘောနှင့် တူနေ၏။ ပြောင်လက်သန့်ရှင်းသော်လည်း အပြင်အဆင်များမှာ ထူးခြားနေ၏။ နံ့ခင်းကြောင်တောင် မှန်အိမ်နှစ်လုံးကို ထွန်းထား၏။ လွန်စွာမည်းညစ်သော ဖောင်းကြွပန်းချီကားတစ်ခု ချိတ်ထား၏။ အဖြူအမည်း စက်ဝိုင်းတစ်ခု ကပ်ထား၏။

ထို့ပြင် ကိုမျောက်ကြီး၏ အခန်း၌ မြန်မာဘုရားရှိသကဲ့သို့ ခရစ်တော်ပုံလည်း ချိတ်ထား၏။ ဟိန္ဒူနတ်ဘုရားတစ်ပါး၏ ရုပ်တုလည်း စင်တစ်ခုပေါ်တွင် တင်ထား၏။ ထို့ကြောင့် ကိုမျောက်ကြီးသည် မည်သည့်ဘာသာ ကိုးကွယ်နေသည်ကို ကျွန်ုပ်အနေဖြင့် မခန့်မှန်းနိုင်အောင် ရှိလေတော့၏။





ကိုမျောက်ကြီးသည် သူ၏ လူများအား ရယ်စရာပုံပြင်တစ်ခုကို ပြောနေရာ သူ၏ လူများသည် တဝါးဝါး တဟားဟား ရယ်နေကြလေ၏။ သူကမူ ပြောစရာမလို အသံသြကြီးဖြင့် ရယ်နေ၏။ ထိုနောက်မှ ကျွန်ုပ်ကို မြင်သွား၏။ သို့ရာတွင် မှတ်မိပုံ မရပေ။ ထို့ကြောင့် သူ၏ အနီးမှ ကုလားတစ်ဦးအား. . .

"ဟေ့ ရာကွတ်၊ ဟိုမှာ ဧည့်သည်လေကွာ၊ ဘာကိစ္စလဲ၊ သွားမေးစမ်း"ဟု ပြောလိုက်ရာ ညှင်းသိုးသိုးနှင့် ကုလားတစ်ဦး ထ၍လာ၏။ သို့ရာတွင် ကျွန်ုပ်၏ အနီးသို့ ထိုကုလား မရောက်မီ၌ပင် ၎င်း၏ တပည့်တစ်ဦးဖြစ်ဟန်တူသော ရွှေကိုင်းမျက်မှန်နှင့် လူငယ်တစ်ဦးက ကျွန်ုပ်အား. . .

"ဘာကိစ္စလဲ"ဟု လှမ်း၍ မေးလိုက်လေ၏။ ကျွန်ုပ်လည်း ထိုသူကို လှမ်း၍ ကြည့်လိုက်ရာ အညာနွားပွဲစားဂိုက် ဖမ်းထားသော သူငယ်တစ်ဦးဖြစ်ကြောင်း ကျွန်ုပ် သတိပြုမိလေ၏။ ထို့ကြောင့် ကျွန်ုပ်က ထိုလူငယ်အား. . .

"ကျုပ် ကိုမျောက်ကြီးရဲ့ သူငယ်ချင်းပါ၊ ကိုမျောက်ကြီးနဲ့ တွေ့ချင်လို့ပါ"ဟု ပြောလိုက်ရာ ကိုမျောက်ကြီးက. . .

"ဟေ့ မောင်သန်းဝင်း ဘာတဲ့တုန်း"ဟု လှမ်း၍ မေးလိုက်လေ၏။ ထိုအခါ လူငယ်က. . .

"ဆရာ့သူငယ်ချင်းလို့ ပြောတယ်"ဟု အော်ပြောလိုက်လျှင် ကိုမျောက်ကြီးက. . .

"လွှတ်လိုက်လေကွာ"ဟု ပြောလိုက်လေ၏။

ရန်ကုန်စာပေ

ထိုအခါ ကျွန်ုပ်လည်း ရေနွေးကြမ်းခြင်းကိုပိုက်၍ ကိုမျောက်ကြီးအနီးသို့ သွား၍ ထိုင်လိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်က. .

"ကိုမျောက်ကြီး ကျုပ်လေ"ဟု ပြောလိုက်ရာ ကိုမျောက်ကြီးသည် ကျွန်ုပ်၏ မျက်နှာကို သေချာစွာကြည့်ပြီးလျှင် မျက်နှာပျက်၍ သွားလေ၏။ သို့ရာတွင် အချိန်မီ ပြန်၍ ဣန္ဒြေဆည်လိုက်ပြီး. .

"ဆိုစမ်းပါဦး ထွန်းခင်ရဲ့၊ ဘာကိစ္စတုန်း"ဟု မေးလိုက်လေ၏။

"ကျုပ်ဗျာ ခင်ဗျား သေပြီမှတ်နေတာ၊ ထွန်းမြင့်ပြောလို့ ခင်ဗျားအကြောင်း သိရတယ်၊ လိပ်စာလဲ သူပဲ ပေးလိုက်တာ၊ ကျုပ်အခု တော်တော့်ကို ဒုက္ခရောက်နေတယ်၊ ကျုပ်သားလေးလဲ ဆေးရုံရောက်နေတယ်၊ ခင်ဗျားဆီက အကူအညီတောင်းမလို့ဘဲ၊ ကျုပ်ဆေးရုံကိုလဲ သွားရမယ်၊ ရဲနဲ့လဲ တွေ့ရမယ်။ ကျုပ်အတွက် ငွေငါးရာလောက် သေရေးရှင်ရေးတမျှ လိုနေတယ်၊ ဒါပေမယ့် ခင်ဗျားဆီမှာ ကျုပ်အလကား မတောင်းပါဘူး၊ ကျုပ်တို့လင်မယားရဲ့ မင်္ဂလာဦးလက်ဖွဲ့တော့ ဒီကြိမ်ခြင်းနဲ့ ရေနွေးကရားလေး ခင်ဗျားကို ရောင်းချင်တယ်ဗျာ၊ တန်တယ် မတန်ဘူး မပြောပါနဲ့။ ငါးရာတော့ ပေးပါ၊ ပြီးတော့ ကျုပ်တို့မှာ ပိုက်ဆံ ရှိတဲ့တစ်နေ့ ပြန်ပြီး ယူဆိုလဲ ယူပါမယ်ဗျာ"ဟု ပြောလိုက်ရာ ကိုမျောက်ကြီးက. . .

"ရပါတယ် သူငယ်ချင်း၊ ဒါပေမယ့် အခုတော့ မရှိဘူး၊ ညခုနစ်နာရီလောက်ကို လာခဲ့ပါကွာ၊ ငါ ဝယ်ပါ့မယ်။ မင်းခြင်းလဲ ပြန်ယူသွားပါ။ ညနေကျမှပဲ ယူခဲ့ပါ"ဟု ပြောလိုက်လေ၏။

ကျွန်ုပ်လည်း ကိုမျောက်ကြီးထံမှ ပြန်ခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်သည် အိမ်သို့ မပြန်ဘဲ ဆေးရုံသို့ သွား၏။ ကျွန်ုပ်သားလေး





အတွက် ဂလူးကို့စ် သွင်းရန်နှင့် အခြားဆေးဝါးများ ဆေးဖိုးကို ခန့်မှန်းလိုက်ရာ ငွေငါးရာမရှိဘဲ မဖြစ်ကြောင်း သိရလေ၏။ ကျွန်ုပ်သည် ဆေးရုံမှ အထွက်တွင် အိမ်သို့ မပြန်တော့ဘဲ ဗိုလ်ချုပ်ဈေး ရှေ့ ကုက္ကိုပင်အောက်တွင် ထိုင်၍ ကိုမျောက်ကြီးချိန်းသော အချိန်သို့ ရောက်အောင် စောင့်နေလေ၏။

ညခုနစ်နာရီ 'ဒေါင်'ခနဲ ထိုးသည်နှင့် ကျွန်ုပ်လည်း ကိုမျောက်ကြီးအိမ်သို့ သွားလေတော့၏။ လှေကားမှ တက်သွားရာ ကိုမျောက်ကြီး၏မိန်းမဆိုင်မှာလည်း ပိတ်ထားသည်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် ကိုမျောက်ကြီးအခန်းသို့ ဝင်လိုက်ရာ ကျွန်ုပ်၏ မျက်စိကိုပင် ကျွန်ုပ် မယုံကြည်နိုင်အောင် ဖြစ်သွား၏။

နံနက် ကျွန်ုပ် ရောက်ရှိစဉ်က ကိုမျောက်ကြီး၏ အိမ်တွင် ဆက်တီခုံများ မရှိ။ ယခုမူ ဆက်တီခုံများ ခင်းထားသည်ကို တွေ့ရ၏။ ဆက်တီခုံများသာမက မှန်ရှိုးကေ့စ်လေးတစ်ခုလည်း တွေ့ရပြန်လေ၏။ ထိုရှိုးကေ့စ်ထဲတွင် ထမင်းစား ပန်းကန်များနှင့် လက်ဖက်ရည်ပန်းကန်များ ထည့်ထားလေ၏။ ထို့ပြင် ဧည့်ခန်း၏ ထောင့်၌ မတ်တတ်ဗီရိုကြီးတစ်လုံးကိုလည်း တွေ့ရလေ၏။ ထိုမတ်တတ်မှန်ဗီရိုကြီး၏ မှန်တွင် ကိုမျောက်ကြီး၏ အိပ်ခန်းမှ ခုတင်သည် လာရောက်ထင်ဟပ်နေ၏။ ကိုမျောက်ကြီးသည် သတင်းစာတစ်စောင်ကို ဖတ်နေ၏။ ကျွန်ုပ်သည် ခုံတစ်ခုတွင် ဝင်၍ ထိုင်လိုက်၏။ ထို့ကြောင့် ကိုမျောက်ကြီး၏ မိန်းမသည် ခုတင်ပေါ်တွင် ဝတ္ထုစာအုပ်ဖတ်နေကြောင်း မတ်တတ်ဗီရိုကြီး၏ မှန်ပေါ်တွင် တွေ့မြင်နေရလေ၏။ ကျွန်ုပ်က. . .

"ကိုမျောက်ကြီး"ဟု ခပ်တိုးတိုး ခေါ်လိုက်လေ၏။ ထိုအခါ ကျမှပင် ကိုမျောက်ကြီးသည် သတင်းစာကို ချလိုက်ပြီးနောက်. . .

"ဩော်. . မင်းရောက်လာပြီကိုး"ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ကြိမ်ခြင်းကို လှမ်း၍ ပေးလိုက်လေ၏။ ကိုမျောက်ကြီးသည် ကြိမ်ခြင်းကို ပိုက်၍ အိပ်ခန်းတွင်းသို့ ဝင်သွားလေ၏။ ထို့နောက် ၎င်း၏ မိန်းမကို. . .

"ဟော့ မိန်းမ"ဟု ဆိုကာ ကြိမ်ခြင်းကို ပြလိုက်လေ၏။ ထိုအခါ ၎င်း၏ မိန်းမက ဝတ္ထုစာအုပ်ကို အောက်သို့ အနည်းငယ် နိမ့်လိုက်ပြီး. . .

"ဘယ်အမှိုက်ပုံက ကောက်လာတဲ့ အစုတ်အပြတ်တွေလဲ၊ လားရှိုးဘက်က ကြွေပန်းကန်တွေ ကရားတွေ ဝင်နေတာ ရှင်မသိဘူးလား၊ ဒါကိုများ ငါးရာပေးရမတဲ့လားတော်။ ကျွန်မကတော့ ရှင်းရှင်းပဲ၊ ပစ္စည်းဝယ်ရင် တန်မှ ကြိုက်တယ်။ ရှင့်သူငယ်ချင်း ထမင်းတော်လို့ ပေးချင်ရင် သတ်သတ်ပေး၊ သွား. . သွား. . ယူသွား"ဟု ကိုမျောက်ကြီးအား သူ၏ မိန်းမက မောင်း၍ ထုတ်လိုက်လေတော့၏။ ကိုမျောက်ကြီးသည် မွေ့ရာအောက်မှ ငွေငါးရာကိုယူ၍ ထွက်လာခဲ့၏။ ကိုမျောက်ကြီး မိန်းမ ပြောလိုက်သော စကားများကို ကျွန်ုပ်သည် နားနှင့် ဆတ်ဆတ်ကြားလိုက်ရ၏။ ကိုမျောက်ကြီး မိန်းမ၏ အမူအရာကိုလည်း မှန်ဗီရိုမှတစ်ဆင့် မျက်စိဖြင့် တပ်အပ် မြင်လိုက်ရ၏။ ကိုမျောက်ကြီးသည် အပြင်သို့ ထွက်လာပြီးလျှင် ကျွန်ုပ်၏ ပခုံးကို ဖက်ကာ ကျွန်ုပ်နှင့်အတူ အိမ်အောက်သို့ ဆင်း၍ ထွက်လာ၏။ အိမ်အောက် ပလက်ဖောင်းပေါ်သို့ရောက်လာသောအခါ၌ ကိုမျောက်ကြီးက ကျွန်ုပ်အား. . .





"ရော့"ဟု ဆိုကာ ငွေငါးရာကို ပေးလိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်၏ ကြိမ်ခြင်းအတွင်းမှ ရေနွေးကရားကို ထုတ်ယူကာ ပလက်ဖောင်းပေါ်တွင် ခွမ်းခနဲ ပေါက်ခွဲလိုက်လေတော့၏။

ထို့နောက်

"ဟော့ကောင်၊ သွားတော့"ဟု ပြောလိုက်လေတော့၏။ ကျွန်ုပ်သည် ကြွေကရား အကွဲအစများကို တစိမ့်စိမ့်ကြည့်ရင်း မျက်ရည်များ တတွေတွေ စီးကျလာလေတော့၏။ ထိုအခါ ကိုမျောက်ကြီးက. .

"မင်းဆီကို ငါလာပြီး ပန်းချီကားကလေး ရောင်းတုန်းက မင်းအခု ခံစားရသလိုပဲ ငါခံစားရတယ်။ အဲဒါကြောင့် မင်းအနေနဲ့ ပြန်ပြီး အမှတ်ရအောင်ဆိုပြီး ဟိုတုန်းက မင်းရဲ့ ဧည့်ခန်းမှာရှိတဲ့ အပြင်အဆင်နဲ့ အနီးစပ်ဆုံးတူတောင် နေ့လယ်ကပဲ ဆက်တီတစ်စုံ ဝယ်လိုက်ရတယ်။ ဗီရိုကြီးတစ်လုံးလဲ ဝယ်ရတယ်။ နှီးကော့စ်လဲ ဝယ်လိုက်ရတယ်။ ငါ့မိန်းမကိုလဲ မင်းမိန်းမ ပြောသလို ပြောတတ်အောင် တစ်နေ့လုံး သင်ပေးနေရတယ်။ အဲဒီတော့ မင်းနဲ့ငါ ကျေပြီ နောက်မလာနဲ့တော့"ဟု ဆိုကာ လေကလေးချွန်ပြီး အိမ်ပေါ်သို့ တက်သွားလေတော့၏။

များမကြာမီ၌ ကိုမျောက်ကြီး၏ အပေါ်ထပ် ဝရံတာဆီမှ လောကကြီးအား ကျေနပ်ဝမ်းမြောက်စွာ အသံနက်ကြီးဖြင့် အော်၍ ရယ်လိုက်သော ကိုမျောက်ကြီး၏ အသံကို ကြားရလေတော့၏။ ကျွန်ုပ်သည် စက်ရုပ်ကဲ့သို့ အသိဉာဏ် ကင်းမဲ့စွာ ငူငူကြီး လျှောက်သွားနေပြီ ဖြစ်၏။ ထိုသို့ လျှောက်သွားရင်း ကျွန်ုပ်၏ ဦးနှောက်အတွင်းသို့ အသိဉာဏ်တစ်ခု ဖြတ်ခနဲ ဝင်လာ၏။

တစ်ခါက ဤကမ္ဘာလောကကြီးအတွက် အလွန်မတန် ကျေးဇူးပြုသော လောကဓာတ်ဆရာကြီးတစ်ဦးသည် ရှိခဲ့ဖူး၏။ တစ်နေ့တွင် ထိုလောကဓာတ်ဆရာကြီး မွေးထားသော မျောက်တစ်ကောင်သည် လောကဓာတ်ဆရာကြီး၏ အလွန်အင်မတန် အရေးကြီးသော ပစ္စည်းများအား ဖျက်ဆီးပစ်သည်ဆို၏။ ထိုအခါ လောကဓာတ်ဆရာကြီးက. . .

"မင်းဟာ မျောက်ကိုး၊ မျောက်ဆိုတော့ ကိုယ်ဖျက်ဆီးပစ်တဲ့ အရာတွေဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို မင်း ဘယ်သိမလဲ" ဟု ပြောလိုက်လေ၏။

တအောင့်မျှကြာလျှင် ထိုလောကဓာတ်ဆရာကြီးကပင်. .

"မျောက်ရယ်၊ တချို့လူတွေကလဲ မင်းလိုပါပဲကွာ"ဟု ထပ်ဆင့် ညည်းတွားလိုက်လေတော့၏။ ကျွန်ုပ်သည် အထက်ပါအကြောင်း အရာလေးကို ဦးနှောက်၌ ဖြတ်ခနဲ ပေါ်လာသဖြင့် ပြန်၍ စဉ်းစားလိုက်လေ၏။

ကျွန်ုပ်သည် လောကဓာတ်ဆရာကြီး မဟုတ်ပါ။ ထို့အတူ မျောက်၏ အကြောင်းကို ဂဃနဏသိသူတစ်ဦးလည်း မဟုတ်ပါ။ သို့ရာတွင် ကျွန်ုပ်၌မူ မျောက်နှင့်တူသော သူငယ်ချင်းတစ်ဦး ရှိခဲ့ဖူးပါသည်။ ထိုသူငယ်ချင်းကား အငြိုးအမှတ်ကြီး၍ အကွက်စေ့စေ့ လက်စားချေတတ်ပေသည်တကား။





**မှတ်ချက်**

ဤဝတ္ထုတွင်ပါသော ကိုထွန်းခင်ဆိုသူမှာ ကျွန်ုပ် မဟုတ်ပါ။ ထို့အတူ ကိုမျောက်ဆိုသည်မှာလည်း ကျွန်ုပ် မဟုတ်ပါ။ ၎င်းတို့သည် ထွန်းခင်နှင့် ကိုမျောက်တို့သာ ဖြစ်ကြပါသည်။ သို့ရာတွင် ထွန်းခင် ဆိုသည်မှာလည်း ကျွန်ုပ်ဟု ယူဆလိုက ယူဆနိုင်ဖွယ် ရှိပါသည်။ ထို့အတူ ကိုမျောက်ဆိုသူမှာလည်း ကျွန်ုပ်ဟု ထင်လိုက ထင်ခွင့် ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထွန်းခင်ရော ကိုမျောက်ရော စာရေးသူ ကျွန်ုပ်ပါ လူသားများ ဖြစ်သောကြောင့်ပေတည်း။

**စာရေးသူ**

ဗာဒံပင်နှင့်တူသော
ထမင်းဆိုင်ရှင်တစ်ဦး



# ဗာဒံပင်နှင့်တူသော ထမင်းဆိုင်ရှင်တစ်ဦး

သစ်ပင်တစ်ပင်သည် ရှိ၏။ ထိုသစ်ပင်ကို အချို့က 'ဗန်နာ'ပင်ဟု ခေါ်၏။ အချို့က 'ဗန်ဒါ'ပင်ဟု ခေါ်၏။ အချို့က 'ဗာဒံ'ပင်ဟု ခေါ်၏။ ကျွန်ုပ်ကိုယ်တိုင်ပင် ထိုသစ်ပင်ကို မည်သို့ ခေါ်ရမည်မသိ။ 'ဗန်နာ'ဟု ခေါ်သူများနှင့် တွေ့လျှင် ကျွန်ုပ်က ရောၡ 'ဗန်နာ'လိုက်၏။ 'ဗန်ဒါ'ဟု ခေါ်သူများနှင့် တွေ့လျှင် ကျွန်ုပ်က 'ဗန်ဒါ'ဟုပင် ပြော၏။ 'ဗာဒံ'ဟု ပြောသူများနှင့် တွေ့လျှင် 'ဗာဒံ'ဟုပင် ပြော၏။

အမှန်စင်စစ် ထိုသစ်ပင်၌ အမည်တစ်မျိုးတည်းသာ ရှိ၏။ ကျွန်ုပ်တို့က မခေါ်တတ်သောကြောင့်သာလျှင် နေရင်းထိုင်ရင်း အမည်သုံးမျိုး ကွဲပြားသွားခြင်း ဖြစ်ပေသည်။ ထို့အပြင် ကျွန်ုပ်တို့သည် ထိုအပင်၏ အကြောင်းကို ဂယနကာသိသူ နည်း၏။ ထိုအပင်ကို အချို့က မဇ္ဈိမဒေသမှ ရောက်လာသော အပင်ဟု အယူရှိကြ၏။ အချို့ကလည်း ဂန္ဓာလရာဇ်တိုင်းမှ ရောက်လာသည်ဟု အယူရှိကြ၏။

**ရန်ကုန်စာပေ**

အချို့သည် ထိုအပင်ကို မိမိခြံဝင်းအတွင်း၌ မစိုက်ကောင်းကဟု ဆိုကာ ပေါက်လျှင် နုတ်ပစ်တတ်ကြ၏။ အချို့ကလည်း ‘ဗန်ဒါ’ဆိုသည်မှာ ‘ဘဏ္ဍာ’ဟု အဓိပ္ပာယ်ရသောကြောင့် ဥစ္စာဘဏ္ဍာ တိုးတက်ခြင်း နိမိတ်ပင် ဖြစ်သည်။ ထို့ကြောင့် ခြံထဲတွင် စိုက်ကောင်းသည်ဟု အယူရှိပေသည်။

အချို့ကဆိုလျှင် ထိုအပင် တစ်ရပ်ကျော်လျှင် သရဲကပ်တတ်သည်ဟု ယုံကြည်၏။ အချို့ကလည်း ဗန်ဒါပင်အကိုင်း ခုနစ်ဆင့်တက်လျှင် ဘုံခုနစ်ဆင့်ဖြစ်၍ ရုက္ခစိုး ရောက်လာတတ်သည်ဟု အယူရှိပြန်သည်။

အမှန်စင်စစ် ထိုအယူများ ထိုယုံကြည်ချက်များသည် ခြေခြေမြစ်မြစ် ရှိလှသည် မဟုတ်။ မိမိ စိတ်သဘောအလျောက် ထင်ချင်ရာ ထင်၍ ယုံချင်ရာ ယုံထားခြင်းမျှသာ ဖြစ်၏။

ကျွန်ုပ်သည် ‘ဗာဒံ’ပင်ကို အများသူငါကဲ့သို့ပင် ခြေခြေမြစ်မြစ် မသိလှပါ။ သို့ရာတွင် ထိုအပင်ကို ချစ်၏။ ရှုပ်ထွေးခြင်း မရှိသော သူ၏ ပင်စည်နှင့် အကိုင်းများကို သဘောကျ၏။ ပုဝိုင်းဝိုင်းသဏ္ဌာန် ရှိသော သူ၏ အရွက်ကို နှစ်သက်၏။ သူ၏ အရွက်သည် အချိန်ကာလအလျောက် အစိမ်းနုရောင်လည်း ရှိ၏။ အစိမ်းရင့်ရောင်လည်း ရှိ၏။ အဝါရင့်ရောင်လည်း ရှိ၏။ နီနီရဲရဲလည်း ရှိ၏။ ထို့ပြင် သူ၏ အသီးကို ကျောက်ခဲဖြင့် ထု၍ အထဲမှ အဆန်ကို ငယ်စဉ်က အကြိမ်ပေါင်းများစွာ စားဖူးသောကြောင့် ကျွန်ုပ်အဖို့ ငယ်ပေါင်း သူငယ်ချင်းကဲ့သို့ ရှိ၏။





ကောက်ညှင်းပေါင်းသည်တို့သည် ဗာဒံရွက်ကို အများဆုံး အသုံးပြုကြ၏။ ကျွန်ုပ်သည် ကောက်ညှင်းပေါင်း ကြိုက်သောကြောင့် ယခုထက်တိုင် ဗာဒံရွက်နှင့် ရင်းနှီးနေဆဲရှိ၏။

သူ၏အကြောင်းကို ခြေခြေမြစ်မြစ် မသိဘဲ သူ၏ နာမည်ကို မှန်မှန်ကန်ကန် မခေါ်တတ်ဘဲလျက် ရင်းနှီးခင်မင်သောအရာကို ပြပါဆိုလျှင် ကျွန်ုပ်အဖို့ ဗာဒံပင်ကိုသာပြရန် ရှိပေတော့၏။

ထို့ပြင် ကျွန်ုပ်၌ ခင်မင်သော မိတ်ဆွေတစ်ဦးရှိ၏၊ သို့ရာတွင် ကျွန်ုပ်အနေနှင့် ထိုမိတ်ဆွေ၏အကြောင်းကို ဂဃနဏ မသိပါ။ ယုတ်စအဆုံး ထိုသူ၏ အမည်ကိုပင် မှန်မှန်ကန်ကန် မခေါ်တတ်ပါ။ သို့သော် ကျွန်ုပ်သည် သူ့ကို ခင်၏။ ထို့ကြောင့် ထိုသူအား ‘ဗာဒံပင်နှင့်တူသော မိတ်ဆွေ’ဟုဆိုရန် ရှိ၏။

ထိုသူသည် ထမင်းရောင်းသောကြောင့် ‘ဗာဒံပင်နှင့်တူသော ထမင်းဆိုင်ရှင်’ဟုလည်း ဆိုနိုင်ပေသည်။

ထိုအချိန်က ကျွန်ုပ်သည် ဆီစက်တစ်စက်၌ အလုပ်ဆင်းရ၏။ အလုပ်ဆင်းသည်ဆိုသော်လည်း ကျွန်ုပ်အလုပ်မှာ ကြီးကြီးကျယ်ကျယ် မဟုတ်ဘဲ စက်ရုံ၏ ညစောင့် ဒရဝမ်မျှသာ ဖြစ်ပေသည်။ ကျွန်ုပ်သည် စက်ရုံသို့ ည (၆)နာရီတွင် အလုပ်ဝင်၍ နံနက်(၇)နာရီတွင် အလုပ်ထွက်ရ၏။

ထိုစက်ရုံသို့ သွားသောလမ်းတွင် ထမင်းဆိုင်တစ်ဆိုင် ရှိ၏။ ထိုထမင်းဆိုင်မှာ ကြီးမားသော ဗာဒံပင်ကြီးနှစ်ပင်အောက်တွင် ဖွင့်လှစ်ထားခြင်းဖြစ်၏။ ထိုထမင်းဆိုင်မှာ တရုတ်ထမင်းဆိုင် ဖြစ်၏။ သို့ရာတွင် မြန်မာထမင်းဟင်းလည်း မှာယူစားသောက်၍ ရ၏။

ကျွန်ုပ်သည် စက်ရုံသို့သွားသောအခါ၌ ထိုထမင်းဆိုင်တွင် ဝင်၍ ထမင်းစား၏။ ထိုဆိုင်၌ပင် ဆေးလိပ်၊ မီးခြစ် စသည့် ကျွန်ုပ်၏ တစ်ညတာ လိုအပ်ချက်များကို ဝယ်ယူ၏။ ထို့နောက်မှ စက်ရုံသို့ သွားလေ၏။ နံနက်မိုးလင်း၍ စက်ရုံမှ ပြန်လာလျှင်လည်း ထိုထမင်းဆိုင်တွင်ပင် ထမင်းကြော်နှင့် လက်ဖက်ရည်တစ်ခွက် ဝင်၍ သောက်သေး၏။ ထိုတရုတ်ထမင်းဆိုင်၌ လက်ဖက်ရည် ကော်ဖီလည်း ရ၏၊ ဆေးလိပ်၊ မီးခြစ်လည်း ရ၏။ ခေါင်းကိုက်ပျောက်ဆေး၊ ဝမ်းနုတ်ဆေး၊ လက်နှိပ်ဓာတ်မီးဘတ်ထရီ၊ ဓာတ်ခဲ၊ ဗလရှင်ဆေးပြား စသည်တို့လည်း ရ၏။

ကျွန်ုပ်သည် စက်ရုံမှ ပြန်လာလျှင် အထက်က ဆိုခဲ့သည့်အတိုင်း ထမင်းကြော်နှင့် လက်ဖက်ရည်တစ်ခွက် သောက်သေး၏။ ထို့နောက်မှ သတင်းစာလည်း ဖတ်သေး၏။ ထို့နောက်မှ ကျွန်ုပ် နေထိုင်ရာ တာမွေဘက်ဆီသို့ ကားအဆင့်ဆင့်စီး၍ ပြန်လေတော့၏။

ထိုဆိုင်၌ အထက်ကဆိုခဲ့သည့်အတိုင်း နေ့တစ်ခါ၊ ညတစ်ခါ ဝင်၍ စားသောက်သောကြောင့် ထမင်းဆိုင်ရှင် တရုတ်ကြီးနှင့် မျက်မှန်းတန်းမိလာ၏။ ထိုထမင်းဆိုင်ရှင်ကြီးအား ထမင်းလာရောက်စားသောက်သူများက 'အီးနံ့'ဟု ခေါ်သူလည်း ရှိ၏။ တရုတ်ကြီးက ထူး၏။ အချို့ကလည်း 'အီးနောင်'ဟု ခေါ်၏။ ထိုအခါ၌လည်း တရုတ်ကြီးက ထူး၏၊ အချို့ကလည်း 'အီးနု'ဟု ခေါ်၏။ တရုတ်ကြီးက ထူး၏။ ထို့ကြောင့် ကျွန်ုပ်က တစ်ခုသော နံနက်တွင်. .

"နေစမ်းပါဦး ပေါက်ဖော်ကြီးရယ် ခင်ဗျားကို 'အီးနံ့'လို့လဲ ခေါ်ကြတယ်။ တချို့ကလဲ 'အီးနောင်'တဲ့၊ တချို့ကလည်း 'အီးနု'





တဲ့၊ ဘယ်ဟာအမှန်လဲဗျာ"ဟု ကျွန်ုပ်က မေးလိုက်ရာ ထမင်းဆိုင်ရှင် တရုတ်ကြီးက. . .

"ဘယ်ဟာမှ မမှန်ဘူးကွ၊ ပြီးတော့ အားလုံးလဲ မှန်တယ်"ဟု ပြောကာ ကျွန်ုပ်နံဘေးရှိ ထိုင်ခုံတွင် ဝင်၍ ထိုင်လေ၏။

"ပေါက်ဖော်ကြီး ခင်ဗျားစကားကလဲ နှစ်လုံးတည်းနဲ့ မျက်စိလည်စရာကြီးပါလား၊ ရှင်းပြစမ်းပါဦး"ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုလေကွာ၊ တရုတ်လိုပေးထားတဲ့ ငါ့နာမည်ကို ဗမာတွေက ခေါ်တော့ ဘယ်လိုလိုပ် မှန်မှာတုန်းကွာ၊ တစ်ယောက်မှ မမှန်ဘူး၊ မင်းခေါ်ရင်လဲ မှန်မှာ မဟုတ်ဘူး"ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

"ဒါဖြင့်ရင် အားလုံးမှန်တယ်လို့ ဘာကြောင့် ပြောရတာတုန်းဗျာ" ဟု ကျွန်ုပ်က မေးလိုက်ရာ ပေါက်ဖော်ကြီးက. . .

"အားလုံးမှန်တာပေါ့ကွ၊ အားလုံးဟာ ငါ့ကို ခေါ်တာချည်းပဲ မဟုတ်လား၊ အီးနံ့ဆိုတာလဲ ငါ့ကို ခေါ်တာပဲ၊ အီးနောင်ဆိုတာလဲ ငါ့ကို ခေါ်တာပဲ၊ အီးနုဆိုတာလဲ ငါ့ကို ခေါ်တာပဲ မဟုတ်လား၊ အဲဒါ ငါ့ကို ခေါ်တာချည်းပဲဆိုတော့ ငါက ထူးတာပေါ့။ အဲဒါကြောင့် အားလုံး မှန်တယ်လို့ ပြောတာပေါ့ကွ"ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

"ဒီလိုဆိုတော့လဲ ရှင်းပါပြီဗျာ၊ အဲဒီတော့ ကျုပ်က နာမည်သုံးမျိုးတည်းမှာ ခေါ်ရလွယ်တာကတော့ အီးနောင်ပဲဗျ၊ ခင်ဗျားကို အီးနောင်လို့ ခေါ်မယ်"ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက ပြုံးလေ၏။

ထို့နောက် ကျွန်ုပ်အား. . .

"နေစမ်းပါဦး၊ မင်းက ဒီကနေ ထမင်းစားပြီး ညနေတိုင်း အလုပ်ဆင်းတာကို၊ ဆီစက်မှာ ဆင်းတာလား၊ ညနေအလုပ်ဆင်းပြီး မနက်မှ ပြန်လာရတယ်ဆိုတော့ မင်းအလုပ်ဟာ ညစောင့်နဲ့တူတယ်" ဟု ပေါက်ဖော်ကြီးက ပြောလိုက်လေ၏။

"ဘာဖြစ်လို့ ကျုပ်ကို ညစောင့်လို့ထင်ရတာတုန်း၊ ညဆင်း အလုပ်သမားတစ်ယောက်ကော မဖြစ်နိုင်ဘူးလား"ဟု ကျွန်ုပ်က မေးလိုက်ရာ. . .

"အဲဒီလိုလဲ ငါစဉ်းစားလိုက်ပါသေးတယ်ကွာ၊ ဒါပေမယ့် မင်းရဲ့ ခြေဆံ၊ လက်ဆံ၊ ခြေချောင်း၊ လက်ချောင်းတွေဟာ ပင်ပင် ပန်းပန်း အလုပ်လုပ်တဲ့ ပုံစံမျိုး မဟုတ်ဘူးကွ၊ အဲဒီတော့ ဖြစ်စရာ ရှိရင်လဲ ညစောင့်ပဲ ဖြစ်ဖို့ရှိတယ်"ဟု ပေါက်ဖော်ကြီးက ပြန်၍ ပြောလေ၏။

"မှန်ပါတယ် ပေါက်ဖော်ကြီး၊ ကျုပ်ဟာ ညစောင့်တစ်ယောက် ပါပဲ"ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက. . .

"နောက်တစ်ခု ငါစဉ်းစားကြည့်သေးတယ်၊ ဒီစက်ရုံမှာ အမြဲတမ်း ညစောင့်ဆိုတာ မရှိတော့ဘူး၊ ခန့်လဲ မခန့်တော့ဘူး၊ သုံးကျပ်ဆယ့်ငါးပြားနဲ့တွက်ပြီး လကုန်မှ ရှင်းပေးလို့ရတဲ့ ညစောင့် တွေပဲ ထားရတော့တယ်၊ အဲဒီတော့ မင်းက သုံးကျပ်ဆယ့်ငါးပြားနဲ့ စောင့်တဲ့ ညစောင့်ပဲ၊ ဒါပေမယ့် ညနေတိုင်း ငါ့ဆီမှာ မင်း ထမင်း ဝင်ပြီး စားတာ တစ်ကျပ်ခွဲကျတယ်၊ ဆေးလိပ်ဖိုး ဘာဖိုးက ငါးမူး လောက် ကျတယ်၊ မနက်ဘက် စက်ရုံက အလုပ်ထွက်ပြီး ပြန်လာတဲ့





အခါမှာ ထမင်းကြော်နဲ့ လက်ဖက်ရည်သောက်သေးတယ်၊ အဲဒီမှာတင် မနေ့ညက ထမင်းဖိုးနဲ့ပါရောပြီး တွက်လိုက်ရင် သုံးကျပ်လောက် ကျနေပြီ၊ အိမ်အသွားအပြန် လမ်းစရိတ်ပါ ထည့်တွက်လိုက်ရင် မင်းရတာတွေ တက်တက်ပြောင်ပြီပေါ့၊ ဒီအချက်ကိုကြည့်ရင် မင်းဟာ သားမယားမရှိသူတစ်ယောက် ဖြစ်ရမယ်"ဟု ပြောပြန်လေ၏။

ထိုအခါ ကျွန်ုပ်က. . .

"ဟုတ်ပါတယ် ပေါက်ဖော်ကြီး၊ ခင်ဗျားပြောတာ မှန်ပါတယ်၊ ကျုပ်ဟာ တစ်ကိုယ်ရေတစ်ကာယသမားတစ်ယောက်ပါပဲ၊ ထမင်းကို တော့ ညစာတစ်နပ်ပဲ ခင်ဗျားဆီမှာ စားတယ်၊ မနက်စာကိုတော့ ခုလို ထမင်းကြော်ပဲ စားလိုက်တာပါပဲ၊ မနက်စာရယ်လို့ သီးသန့် မစားတော့ပါဘူး၊ ရှင်းရှင်းပြောရရင် မစားနိုင်လို့ပါ၊ အဲဒီတော့ ပေါက်ဖော်ကြီး စဉ်းစားကြည့်စမ်းပါ၊ လုံချည်တစ်ထည် ပြဲသွားရင် နောက်တစ်ထည် ကျုပ် ဘယ်လိုလုပ် ဝယ်မလဲ၊ အင်္ကျီတစ်ထည် ပြဲသွားရင် နောက်ထပ် ကျုပ် ဘယ်လိုလုပ် ဝတ်မလဲ၊ ကျုပ်ရဲ့ အမြစ်ဟာ အသူရကာယ်လိုပဲ၊ ညနေရောက်လာရင် ညစာကို ခင်ဗျား ထမင်းဆိုင်မှာ စားတယ်၊ တစ်ညလုံး ဆာလောင်ခြင်း မရှိဘဲ နေရတယ်၊ ဒါပေမယ့် နောက်တစ်နေ့ တစ်နေ့လုံး ကျုပ် ဗိုက်ထဲမှာ ခင်ဗျားဆီက ဝယ်စားသွားတဲ့ ထမင်းကြော်ကလေးနဲ့ လက်ဖက်ရည်ပဲ ရှိတယ်၊ တစ်နေ့လုံး ဆာလောင်နေတော့တာပဲ၊ အဲဒီအခါမှာ ကျုပ်ဟာ ရေသောက်ပြီး အိပ်နေရတော့တာပေါ့"ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက ရယ်မောလေ၏။

“ကောင်းတယ်. . . ကောင်းတယ်၊ မင်းရဲ့ အစာအိမ်ဟာ မှန်မှန်ကြီး နားခွင့်ရတော့တာပေါ့ကွာ၊ အသက်ရှည်ဖို့ အကြောင်း တစ်ခုပဲကွ”ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

“ဘယ်ကလာ ကောင်းရမှာလဲဗျာ၊ လူစင်စစ်က ပြိတ္တာ တစ်ကောင်လို စားရမဲ့ သောက်ရမဲ့ ဖြစ်နေတာ ဘယ်လိုလုပ် ကောင်းရမှာတုန်း”ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ၌ ပေါက်ဖော်ကြီးက. . .

“ဟုတ်တယ်. . ဟုတ်တယ်၊ လုံးဝ မကောင်းဘူး၊ လူဟာ ဝဝလင်လင် စားရမယ်၊ ပြိတ္တာတစ်ကောင်လို စားရမဲ့ သောက်ရမဲ့ ဖြစ်နေတာ ကျက်သရေ မရှိဘူး”ဟု ပြောပြန်လေ၏။

“ခင်ဗျားပဲ အမျိုးမျိုး၊ စောစောတုန်းကတော့ ကောင်းတယ်တဲ့၊ ခုမကောင်းဘူးတဲ့၊ တတ်လဲတတ်နိုင်တယ်”ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

“စိတ်မဆိုးပါနဲ့ကွာ၊ ငါပြောချင်တာက ဒါမဟုတ်ဘူး၊ ကောင်းတယ် မကောင်းဘူးဆိုတာက ကာယကံရှင်ရဲ့ သဘောထားပေါ်မှာ မူတည်တယ်၊ မင်းကို ထမင်း မဝတာကို ကောင်းတယ်လို့ ငါက ပြောကြည့်တယ်၊ မင်းက လက်မခံဘူး၊ အဲဒါကို မကောင်းဘူးလို့ မင်းက ခံယူတယ်၊ အဲဒီတော့ မကောင်းဘူးပေါ့ကွာ၊ အဲဒီအဖြစ် အပျက်ကို မင်းက မကောင်းဘူးလို့ ယူဆထားတာကိုးကွ၊ ဘယ်လို လုပ်ပြီး ကောင်းတော့မှာတုန်း”ဟု ပေါက်ဖော်ကြီးက ပြန်၍ပြောလေ၏။

“ခင်ဗျားနဲ့ စကားပြောရတာ တစ်မျိုးကြီးပဲ အီးနောင်ရေ”ဟု ကျွန်ုပ်က ညည်းလိုက်လေ၏။





“ဒါတွေထားလိုက်ပါတော့ ငါ့လူရာ၊ ငါ့အနေနဲ့ မင်းကို ကူညီနိုင်တာ တစ်ခုရှိတယ်၊ တခြားအကြောင်းမရှိရင် မင်း ခုပြန်အိပ် ရတဲ့ နေရာကို မပြန်နဲ့တော့၊ ညနေကျတော့မှ ထမင်းစားပြီး စက်ရုံသွား၊ အဲဒီတော့ လမ်းစရိတ် သက်သာသွားမယ်၊ အဲဒါကို စုနိုင်တာပေါ့ကွာ၊ နေ့ခင်းနေ့လယ်မှာ အိပ်မနေဘဲ ငါ့အလုပ်ကို ဝိုင်းပြီး ကူညီမယ်ဆိုရင်တော့ မင်း ထမင်းစားတဲ့အတွက်ကော လက်ဖက်ရည်သောက်တဲ့အတွက်ကော ငါက ပိုက်ဆံမယူတော့ဘူး၊ အဲဒီလိုဆိုရင် မင်းအနေနဲ့ အကျႌ အဝတ်အစားလေး ဘာလေး ဝယ်ပြီး ဝတ်နိုင်တာပေါ့”ဟု ပေါက်ဖော်ကြီးက ပြောလိုက်လေ၏။

“သိပ်ပြီးကောင်းတာပေါ့ ပေါက်ဖော်ကြီးရယ်၊ ကျုပ် ဒီကနေ ပြန်နေရတာ ပြန်ချင်လို့ ပြန်နေရတာ မဟုတ်ဘူး၊ အိပ်စရာမရှိလို့ ပြန်နေရတာ၊ ခင်ဗျားဆီမှာ အိပ်စရာ နေရာရမယ်ဆိုရင် ကျုပ်အတွက် ကောင်းတာပေါ့၊ ဒါပေမယ့် ခင်ဗျားဆီမှာအိပ်ပြီး ခင်ဗျားကို ကူညီဖို့ ကတော့ စဉ်းစားရလိမ့်မယ်၊ ကျုပ်က အော်တာငေါက်တာကို မကြိုက်ဘူးဗျာ။ ခင်ဗျားက ကျုပ်ကို အော်လားငေါက်လား လုပ်ရင် ခင်ဗျားနဲ့ ကျုပ်ဟာ မိတ်ဆွေကနေ ရန်သူဖြစ်သွားလိမ့်မယ်”ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက ပြုံးပြန်လေ၏။ ထိုသို့ ပြုံးပြီးနောက်. . .

“ဒီလိုတော့ရှိတယ်ကွ၊ အလုပ်လုပ်တဲ့အခါမှာ ငါက သေသေ ချာချာ ပြထားပါလျက် တလွဲတချော်တွေ လျှောက်ပြီး လုပ်မယ်ဆိုရင် တော့ ငါက အော်တတ်ငေါက်တတ်တယ်ကွ၊ ဒါပေမယ့်လဲ မင်းက အော်တာငေါက်တာကို မကြိုက်ဘူးလို့ ကြိုပြီး ပြောထားတော့

ငါက ငေါက်လို့ မဖြစ်လေဘူး၊ ဒီတော့ ဒီလို လုပ်ကြရအောင်၊ မင်းလုပ်တာ မှားသွားရင် ငါက 'မှားသွားပြီ'လို့ မင်းကို သတိပေးလိုက်မယ်။ အဲဒီအခါမှာ ငါက မင်းကို အော်ရငေါက်ရမဲ့အစား မင်းက ငါ့ကို အော်လိုက်ငေါက်လိုက်ကွာ၊ ဘယ်လို အော်ငေါက်ရမလဲဆိုတော့ 'ခင်ဗျားဟာ အလကားလူပဲ၊ ကျုပ်လို ငတုံးကို အလုပ်လုပ်ခိုင်းရသလား၊ အဲဒီတော့ မှားကုန်တာပေါ့။ ကျုပ်လို အသုံးမကျတဲ့ကောင်ကို ခိုင်းတယ်ဆိုတာ ခင်ဗျားရဲ့ မိုက်မဲမှုပဲ၊ ခု ကြည့်စမ်း ခင်ဗျားရဲ့ မိုက်မဲမှုကြောင့် အမှားမှား အယွင်းယွင်း ဖြစ်ကုန်ပြီ၊ ခင်ဗျားသာ ကျုပ်ကို မခိုင်းရင် ခုလို ဖြစ်မှာ မဟုတ်ဘူး'လို့ မင်းက ငါ့ကို အော်ငေါက်ပေတော့ကွာ"ဟု အိုးနောင်က ပြောလေ၏။

"ခင်ဗျားဟာ ရယ်စရာကြီးဗျာ၊ ကျုပ်ကလဲ မှားသေးတယ်၊ ခင်ဗျားကိုလဲ အော်ငေါက်ရဦးမယ်ဆိုတော့ ဘယ်လိုလုပ်ပြီး အဓိပ္ပာယ်ရှိမှာတုန်းဗျ။ သူ့ထုံးစံက မှားတဲ့လူက အအော်ခံရမှာ၊ ခုတော့ မှားတဲ့ လူက အော်ရငေါက်ရမယ်ဆိုတော့ အဓိပ္ပာယ် မရှိပါဘူးဗျာ၊ လူကြားရင်လဲ ရယ်စရာ ကောင်းပါတယ်။ ကျုပ်ကိုယ်တိုင်လဲ အဲဒီလို ခင်ဗျားကို အော်ရငေါက်ရရင် ရယ်မိမှာပဲ"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"မင်းအခုပြောတဲ့ 'ရယ်မိမှာပဲ'တို့၊ 'ရယ်စရာကြီး'တို့ဆိုတဲ့ စကားတွေဟာ သိပ်ပြီး တန်ဖိုးရှိတာပဲ၊ လောကကြီးမှာ ရယ်စရာ ဖြစ်တယ်ဆိုတာကို မင်းအနေနဲ့ သေသေချာချာ စဉ်းစားကြည့်စမ်း၊ ဘယ်လိုအခါမျိုးမှာ ရယ်စရာ ဖြစ်သွားသလဲ"ဟု အိုးနောင်ဆိုသည့် ပေါက်ဖော်ကြီးက ကျွန်ုပ်အား မေးလေ၏။





ထိုအခါ ကျွန်ုပ်သည် မည်သည့်အခါမျိုး၌ ရယ်စရာဖြစ်တတ်သည်ကို စဉ်းစားရလေတော့၏။ ကျွန်ုပ်သည် အကြိမ်ပေါင်းများစွာ ရယ်ခဲ့ဖူး၏။ သို့ရာတွင် မည်သို့သော အဖြစ်အပျက်၊ မည်သို့သော အကြောင်းအရာများသည်၊ မည်သို့သော အကြောင်းကြောင့် ရယ်ခဲ့ရသည်ကို မစဉ်းစားခဲ့ဘူးချေ။

ရယ်စရာဆိုသည်မှာ မည်သည့်အရာကို ခေါ်သနည်းဟု မိမိကိုယ် မိမိ အကျအန မမေးခဲ့မိဘူးချေ။ ယခု ထိုမေးခွန်းကို မိမိဘာသာ မိမိ မေးလိုက်သောအခါ၌ အဖြေမထွက်ဘဲ ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်က ထမင်းဆိုင်ရှင် တရုတ်ကြီး အိုးနောင်အား. . .

"ရယ်စရာနဲ့ ပတ်သက်လို့ အနက်အဓိပ္ပာယ်ကို ကျုပ် မသိပါဘူးဗျာ"ဟု ဝန်ခံလိုက်လေ၏။ ပေါက်ဖော်ကြီးသည် ပြုံး၏။ ထို့နောက်. . .

"ပွဲသွားကြည့်တဲ့အခါမှာ လူရွှင်တော်က ပြက်လုံးတွေကို ထုတ်တယ်။ အဲဒီအခါမှာ မင်းတို့ငါတို့တွေက ရယ်တယ်။ သူက ရယ်စရာတွေ ပြောတယ်၊ ရယ်စရာတွေ လုပ်ပြတယ်။ ဇာတ်တစ်ခုကို ငါသွားကြည့်ဖူးတယ်။ အဲဒီထဲမှာ လူရွှင်တော်က သူတောင်းစားအဖြစ် သရုပ်ဆောင်ရတယ်၊ သူက အခြားသူတောင်းစားအဖြစ် သရုပ်ဆောင်တဲ့ လူရွှင်တော်ကို ဘာပြောလိုက်သလဲဆိုတော့ မင်းပြောစရာရှိတာ ပြောပြီးရင် ပြန်တော့ ငါ့အတွက် အချိန်မရှိဘူး၊ သံရုံးက ဖိတ်ထားတဲ့ ညစာစားပွဲ သွားရ ဦးမယ်လို့ ပြောလိုက်တယ်၊ အဲဒီအခါမှာ ပရိသတ်က 'ဝါးခနဲ' ရယ်မောကြတယ်၊ အဲဒီ ရယ်တဲ့ထဲမှာ ငါလဲ ပါတယ်ကွ၊ သူပြောတဲ့ စကားကို တစ်လုံးစီကြည့်ရင် ရယ်စရာဆိုလို့

ဘာမှ မပါဘူးကွ။ အဲဒီစကားကို သံအမတ်အဖြစ် သရုပ်ဆောင်ရတဲ့ သူက ပြောရင် ဘယ်သူမှ ရယ်မှာ မဟုတ်ဘူး၊ အခုရယ်တာက သူတောင်းစားက ပြောလို့ ရယ်တာကွ၊ အငြိမ့်တစ်ခုမှာလဲ ဒီလိုပဲကွ၊ လူရွှင်တော် တစ်ယောက်က သူဌေးအဖြစ် သရုပ်ဆောင်တယ်၊ မင်းသမီးက 'ကော်ဖီဖျော်လိုက်ဦးမယ်၊ ခဏလေးစောင့်ပါ' ပြောတယ်၊ အဲဒီအခါမှာ သူဌေးအဖြစ် သရုပ်ဆောင်တဲ့ လူရွှင်တော်က မဖျော်ပါနဲ့၊ မဖျော်ပါနဲ့၊ ကျုပ် အခုပဲ ဟိုတယ်က တောင်းသောက်လာတယ်လို့ ဆိုရင်ပဲ ပရိသတ်က 'ဝါးခနဲ' ရယ်တော့တာပဲ၊ အဲဒီစကားကို စောစောက သူတောင်းစားက ပြောရင်လဲ ရယ်မှာပဲကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုတယ်ဆိုတာ ပိုက်ဆံပေးသောက်ရတာကွ၊ တောင်းသောက်လို့ မရဘူး။ ဟိုတယ်နဲ့ တောင်းသောက်ခြင်း၊ ပေါင်းလိုက်တဲ့အခါမှာ ရယ်စရာ ဖြစ်သွားတယ်။ ပြီးတော့ မင်းသမီးကို လူရွှင်တော်က လူပျိုစကား ပြောတဲ့ထဲမှာ ဘာပြောသလဲဆိုတော့ မင်း ငါ့ကို မမုန်းပါနဲ့ကွာ၊ မင်းအမေ ငါ့ယောက္ခမကြီး မြင်းစီးချင်တယ်ဆိုလို့ ငါက တပင်တပန်း အုန်းလက်ကြီး ခုတ်ပေးခဲ့ရတဲ့သူပါလို့ ပြောလိုက်တယ်ဆိုရင်ပဲ ပရိသက်က ရယ်ပြန်တာပဲ၊ အဲဒီလိုပဲ ငါ့လူရေ ဆပ်ကပ်ကို သွားကြည့်တဲ့အခါမှာ လူရွှင်တော် ပါတယ်ကွ၊ သူ့ကို'ကလောင်း'လို့ ခေါ်တယ်။ အဲဒီကလောင်းတွေဟာ ဆပ်ကပ်ပညာကို ကောင်းကောင်း တတ်ကြတယ်၊ ဒါပေမယ့် အဝတ်အစား ပျောက်တိပျောက်ကျား ကွက်တိကွက်ကျားကြီးတွေ ဝတ်ထားတယ်၊ မျက်နှာကိုလဲ ကိုးရိုးကားယားကြီးတွေ ချယ်လိမ်းထားတယ်၊ ခေါင်းမှာလဲ ဦးထုပ်ချွန်ချွန်ရှည်ရှည်ကြီးကို ကိုးရိုးကားယား





ဆောင်းထားတယ်၊ ပြီးတော့ ကြိုးတန်းကို လျှောက်တတ်သလိုနဲ့ လျှောက်ပြပြီး တစ်ဝက်လောက်မှာ မထိန်းနိုင်သလိုနဲ့ ချော်ကျပြတယ်၊ လူတွေအားလုံးက ချော်ကျသွားပြီလို့ထင်တဲ့အခါမှာ သူက ကြိုးတန်းကို ခြေထောက်နဲ့ ချိတ်ပြီး ပြန်တက်လာတယ်၊ အဲဒီအခါမှာ ပရိသတ်ဟာ ရယ်တော့တာပဲ၊ ကောင်းကင်ဘားလွဲတဲ့အခါမှာလဲ ဟုတ်တိပတ်တိ လွဲပြီး လူက တစ်ဘက်ကို မရောက်ဘဲ ဘောင်းဘီကြီးပဲ ကျွတ်ပါသွားပုံ လုပ်ပြတယ်။ အဲဒီအခါမှာလဲ ရယ်ကြတာပဲ။ အဲ့ဒီလိုပဲ ငါတို့ဟာ အကြိမ်ပေါင်းများစွာ လူရှေ့သူရှေ့မှာ ပုဆိုးကျွတ်ကျတဲ့လူကို ရယ်ခဲ့ကြဖူးတယ်။ ဒေါက်မြင့်ဖိနပ်ကြီး ဟန်နဲ့ပန်နဲ့စီးလာတဲ့ မိန်းမတစ်ယောက်ချော်လဲရင်လဲ မင်းတို့ငါတို့ ရယ်ခဲ့ကြတာပဲ။ ဒါဖြင့်ရင် မင်းတို့ငါတို့အဖို့ ရယ်စရာဆိုတာ ဘာကိုဆိုတာလဲဆိုတာ စဉ်းစားဖို့ လိုလာတယ်၊ ဒီလောကကြီးဟာ ဟန်ချက်ညီညီ အချိုးညီလို့ သင့်လျော် ညီညွတ်မှုတွေနဲ့ စခန်းသွားနေရတဲ့ လောကကြီးဖြစ်တယ်ကွ၊ အဲ့ဒါကို အင်္ဂလိပ်စကားနဲ့ 'ဟာမိုနီ' လို့ ခေါ်တယ်၊ အဲဒီသင့်လျော်ညီညွတ်မှုတွေ ပျက်ယွင်းသွားတာကိုတော့ 'ဒစ်ဟာမိုနီ' လို့ ခေါ်တယ်၊ အဲဒီသင့်လျော် ညီညွတ်မှုတွေ ပျက်ယွင်းသွားတဲ့ အခါမျိုးမှာ ကိုးရိုးကားရား ဖြစ်သွားတတ်တယ်၊ အဆီအငေါ်မတည့် ဖြစ်သွားတတ်တယ်၊ အဲဒီအခါမှာ ရယ်စရာဖြစ်ကုန်တော့တာပဲ၊ အဲဒီတော့ လူရွှင်တော်တို့၊ လူပျက်တို့ ကလောင်းတို့ဟာ ဟာမိုနီကို ကောင်းကောင်းသိကြတယ်၊ အဲဒီလိုသိမှာလဲ ဟာမိုနီကို ဖျက်ပြီးရယ်စရာလုပ်ပြနိုင်တာပေါ့၊ မသိရင်လုပ်ပြလို့မရဘူး၊ ဒါကြောင့် ကုလသမဂ္ဂကြီးမှာ ကလောင်းလူရွှင်တော်ကြီး လေးယောက်ကို အကြီးဆုံး

ရာထူးပေးပြီး ခန့်အပ်လိုက်မယ်ဆိုရင် ကမ္ဘာကြီးဟာ ဒီထက်မြန်မြန် ငြိမ်းချမ်းသွားဖို့ရှိတယ်၊ အဲဒီလူ့ရှင်တော်ကြီးတွေက ဟာမိုနီကို သိကြတယ်လေကွာ၊ သူတို့အနေနဲ့ ကမ္ဘာကြီးကို ဘယ်နေရာမှာ ဟာမိုနီ ပျက်နေတယ်ဆိုတာ ရှာလိုက်တာနဲ့ ဒက်ခနဲ သိတာပေါ့ကွာ၊ အဲ့ဒါဆိုပြီးပြီ"ဟု ပြောဆိုကာ ထမင်းဆိုင်ရှင် ပေါက်ဖော်ကြီး အီးနောင်သည် တဟဲဟဲရယ်နေလေတော့၏။

ထို့ကြောင့်ကျွန်ုပ်က. . .

"ခင်ဗျားပြောတော့လဲ ဟုတ်သလိုလိုပဲ"ဟု ပြောလိုက်လေ၏။ ထိုအခါ ပေါက်ဖော်ကြီးက. . .

"အခုပဲ မင်းစဉ်းစားကြည့်လေ၊ ငါက အလုပ်ရှင်၊ မင်းက အလုပ်သမား၊ မင်းအလုပ်လုပ်လို့ မှားသွားတာကို တွေ့ရင်ငါက မင်းကို ကြိမ်းမောင်းရမယ်၊ အဲ့ဒါဟာမိုနီပဲ၊ အဲ့ဒါကို တို့ကဘယ်လို လုပ်ကြမလဲဆိုတော့ အလုပ်သမား မှားသွားတာကို အလုပ်ရှင်က ကြိမ်းလား မောင်းလား မလုပ်ပဲ၊ အလုပ်သမားက အလုပ်ရှင်ကို ကြိမ်းလားမောင်းလား လုပ်ကြဖို့ စီစဉ်ကြတယ်၊ အဲ့ဒီမှာ ဟာမိုနီ ပျက်သွားတယ်၊ ဟာမိုနီပျက်သွားရင် ရယ်စရာဖြစ်သွားတော့တာပဲ၊ သာမန်ကိစ္စတွေမှာ ပျက်ရင်တော့၊ ဟာမိုနီပျက်မှုဟာ ရယ်စရာ လောက်ပဲဖြစ်တယ် ကိုယ့်လူရေ၊ လောကစည်းကမ်းမှာ သွားပြီး ပျက်ရင်တော့ ငရဲကြီးတော့တာပဲ၊ မိဘက သားသမီးကို ရိုက်ရမဲ့ အစား၊ သားသမီးက မိဘကို သွားပြီး ရိုက်ကြည့်ပါလား။ အဲဒါလဲ ဟာမိုနီပျက်တာပဲ၊ အဲ့ဒါရယ်စရာ မဟုတ်တော့ဘူး၊ အငိစိကို ဆင်းသွားလိမ့်မယ်"ဟု ထမင်းဆိုင်ရှင် တရုတ်ကြီးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .





"ကျုပ်သဘောပေါက်ပါပြီဗျာ"ဟု ပြောလိုက်လေ၏။

"အေးအဲဒီလို သဘောပေါက်ရင် မင်းလုပ်တာကိုင်တာ မှားလို့ ငါ့က ကြိမ်းလားမောင်းလား လုပ်ရင် မင်းလက်ခံပြီပေါ့"ဟု ထမင်းဆိုင်ရှင် တရုတ်ကြီးက မေးပြန်လေ၏။

"လက်ခံပါပြီဗျာ၊ ခင်ဗျားကပဲ ကျုပ်ကိုကြိမ်းလား မောင်းလား လုပ်ရမှာပေါ့၊ ကျုပ်က ခင်ဗျားကို ပြန်လုပ်နေရင် ဟာမိုနီတွေ ပျက်ကုန်မှာပေါ့"ဟု ကျွန်ုပ်ကပြောလျှင် ပေါက်ဖော်ကြီးက ရယ်လေ၏။ ကျွန်ုပ်လည်း ရယ်လေ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် ပေါက်ဖော်ကြီး၏ ဆိုင်တွင် နေထိုင်စားသောက်ခွင့် ရသွားလေတော့၏။

ကျွန်ုပ်သည် စက်ရုံမှ ပြန်လာသောအခါတွင် တရေးတမော အိပ်၏။ ထို့နောက် အိပ်ယာမှထ၍ ရေမိုးချိုးပြီးလျှင် ပေါက်ဖော်ကြီး၏ အလုပ်ကို ကူညီလေ၏။ စားပွဲခုံများ သုတ်ပေး၏။ တံမြက်စည်းလှည်းပေး၏။ ပန်းကန်များဆေးပေး၏။ ပိုင်း၍ စားပွဲထိုးပေး၏။

ပေါက်ဖော်ကြီးဆိုင်တွင် ထမင်းကို ဝလင်စွာ စားရလေ၏။ တစ်နေ့လျှင် လက်ဖက်ရည် သုံးကြိမ်သောက်ရလေ၏။

ကျွန်ုပ်တို့ဆိုင်သည် ချောင်ကျသောကြောင့် စုံတွဲများ အများစု လာလေ၏။ တစ်နေ့တွင် အတွဲတစ်တွဲသည် ရောက်ရှိလာလေ၏။ စားသောက်ဖွယ်ရာများ မှာသဖြင့် ကျွန်ုပ်လည်း စားပွဲထိုးလေ၏။ မိန်းမလုပ်သူက ယောကျ်ားလုပ်သူ၏ လက်ကိုကိုင်၍ ချော့နေ၏။ တောင်းပန်နေ၏။ ယောကျ်ားလုပ်သူက မစားဟုဆိုသောကြောင့် မိန်းမလုပ်သူက အတင်းချော့၍ ကျွေးနေ၏။

ကျွန်ုပ်သည် အနည်းငယ်ဆန်းသကဲ့သို့ ဖြစ်သွား၏။ ဤဆိုင်၌ အတွဲပေါင်းများစွာကို တွေ့ဖူး၏။ တွေ့ဖူးသမျှသော အတွဲတို့တွင် ယောကျ်ားကသာ မိန်းမကို ချော့၏။ ယခုအတွဲမှာမူ မိန်းမက ယောကျ်ားကို ချော့နေ၏။ ထို့ကြောင့် ကျွန်ုပ်သည် အီးနောင် ထံသို့ သွား၍ အဖြစ်အပျက်ကို ပြောပြလိုက်၏။

ထိုအခါ အီးနောင်က. . .

"မင်းပြောသလိုဆိုရင် ဒီအတွဲဟာ ဟာမိုနီပျက်နေပြီ၊ ဒီတော့ ရယ်စကြီး ဖြစ်နေပြီ၊ ဒီအတွဲရဲ့ နောက်ကွယ်မှာ ရယ်စရာမဟုတ်တဲ့ ဟာမိုနီဖြစ်တဲ့ အတွဲတစ်တွဲ မုချရှိရမယ်ကွ၊ အဲဒီတော့ တောင်းပန်နေတဲ့ အမျိုးသမီးဟာ ဟာမိုနီကို ဖျက်ပစ်တဲ့ အမျိုးသမီးပဲ" ဟု ပြောလေ၏။

"ပေါက်ဖော်ကြီး၊ ခင်ဗျားဘာတွေ ပြောနေတာလဲ၊ ကျုပ်ဖြင့် တစ်လုံးမှ နားမလည်ဘူး"ဟု ကျွန်ုပ်က ပြောရာ ပေါက်ဖော်ကြီးက ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက်. . .

"ဒီမိန်းမမှာ ယောကျ်ားကြီး ရှိလိမ့်မယ်၊ ဒီကောင်ကတော့ လင်ငယ်ဖြစ်လိမ့်မယ်။ ငါတွေ့ဖူးသမျှ လင်ငယ်တွေဟာ လင်ကြီးလို မဟုတ်ဘူးကွ၊ အားကြီးဈေးကိုင်ကြတယ်"ဟု ပြောလိုက်ချိန်၌ပင် မော်တော်ကားတစ်စီးသည် ဆိုင်ရှေ့တွင် လာ၍ရပ်၏။ ထို့နောက် ယောကျ်ားကြီးနှစ်ဦး ဆိုင်ထဲသို့ဝင်လာပြီး လက်ဖက်ရည်မှာလေ၏။ ထိုသို့ လက်ဖက်ရည်မှာသံကို စောစောက စုံတွဲကြားလျှင် လှုပ်လှုပ် ရှားရှား ဖြစ်သွားလေ၏။





ထိုအခါနောက်မှ ရောက်လာသော လူကြီးနှစ်ဦးသည် ထိုအတွဲကို မြင်တွေ့သွားလေ၏၊ မြင်သည်ဆိုလျှင်ပင် လူကြီးနှစ်ဦးအနက်မှ တစ်ဦးသည် ဝုန်းခနဲထ၍ ထိုစုံတွဲရှိရာသို့ ပြေးလွှားပြီးလျှင် မိန်းမကိုလည်း ဆောင့်၍တွန်းလိုက်၏။ ယောကျ်ားဖြစ်သူကိုလည်း လက်သီးဖြင့် ထိုးလေ၏။ ယောကျ်ားလုပ်သူက ပြန်၍ ထိုး၏၊ မိန်းမလုပ်သူက ဖျန်ဖြေခြင်း မပြုဘဲ ဆိုင်အတွင်းမှ ခပ်သုတ်သုတ် ထွက်ပြေး၏။ ထိုအခါ ပေါက်ဖော်ကြီးက မပြေးနိုင်ရန် ဝိတ်ဆို့လိုက်ပြီးလျှင်. . .

"နည်းနည်းပါးပါး ဝင်ဖျဉ်ပါဦး"ဟု ပြောပြီး ရင်းကိုယ်တိုင်ကမူ ထွေးလုံးသတ်ပုတ်နေသော ယောကျ်ားနှစ်ဦးအား ဝင်၍ ဖျဉ်လေ၏။ ရင်းဖျဉ်ပုံမှာ ဘေးမှကြည့်လျှင် အလွန်ပင် ရယ်စရာကောင်းလှတော့၏။

"လင်ကြီးတော်ပါဗျာ၊ ဟော့လင်ငယ်ကလဲ မလုပ်ပါနဲ့၊ ကျုပ်တောင်းပန်ပါတယ်၊ လင်ကြီးကလဲ တုတ်ကိုချလိုက်ပါ၊ ဟိုလင်ငယ်ကလဲ ပုလင်းကို မကိုင်ပါနဲ့ ကျုပ်ကတောင်းပန်ပါတယ်၊ ဟိုလင်ငယ်နေတဲ့ မိန်းမကလဲ ထိုင်မနေပါနဲ့ ကြိုက်ရာတစ်ယောက်ယောက်ကို ဆွဲထားပေးပါ၊ လင်ငယ်ကိုပဲဆွဲဆွဲ၊ လင်ကြီးကိုပဲဆွဲဆွဲ ဆွဲထားပေးပါ၊ ကဲ. . . တစ်ယောက်ယောက်ကိုတော့ ဆွဲထားပေးပါ"ဟု အတောမသတ်အော်ဟစ်၍ ဖြန်ဖြေလေ၏။ ကျွန်ုပ်လည်းကူ၍ ဖျဉ်ရလေ၏။ ထိုသို့ ဖျဉ်ရင် လင်ငယ်ဆိုသူ၏ မျက်နှာအား ကျွန်ုပ်က လက်ဝါးဖြင့် နှစ်ချက်ဆင့် ရိုက်ချလိုက်လေ၏။

လင်ငယ်ဆိုသူသည် မှိန်၍သွား၏။ ထိုအခါ ကျွန်ုပ်သည် ထိုသူ၏ လက်ထဲမှ ပုလင်းကိုယူ၍ ခေါင်းကိုရိုက်ချလိုက်လေ၏။ ထို့နောက်တွင်ကား ရပ်ကွက်၏ အကူအညီဖြင့် ၎င်းတို့သုံးဦးသား ဂါတ်တဲသို့ ပို့လိုက်လေ၏။ လင်ကြီးလုပ်သူက ကျွန်ုပ်ကို ညာတာ၏။

"ဒီမှာညီလေး၊ မင်းဘာမှ မပူနဲ့၊ ဟိုကောင့်ကို အစ်ကိုကြီး ရိုက်တယ်လို့ ထွက်ချက်ပေးမယ်၊ မင်းနေခဲ့"ဟု ထိုလင်ကြီးဆိုသူက ကျွန်ုပ်အား ကပ်၍ပြောသွားလေ၏။

ပေါက်ဖော်ကြီးသည် ကွဲသွားသော ပုလင်းများ၊ ပန်းကန်လုံးများကို ကောက်၍ စာရင်းတွက်နေ၏။ ထို့နောက် အမျိုးသမီးထံမှ ကျသင့်ငွေများ တွက်ချက်၍ တောင်းယူလိုက်လေတော့၏။ ၎င်းတို့ မရှိတော့သောအခါ၌ ကျွန်ုပ်က ပေါက်ဖော်ကြီးအား

"ခင်ဗျားကလဲ ရန်ဖြစ်လို့ ဖျဉ်တာ ခင်ဗျားအသံချည်းပဲ၊ ပြီးတော့လဲဗျာ၊ လင်ငယ်တော်၊ လင်ကြီးတော်နဲ့ဗျာ၊ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးဘူး"ဟု ပြောလိုက်ရာ ပေါက်ဖော်ကြီးက. . .

"သူတို့နာမည်တွေကိုမှ ငါမသိပဲကွာ၊ အဲဒီတော့ ငါနားလည်သလို ငါခေါ်ရတာပေါ့"ဟု ပြောလေ၏။

"ခေါ်ပဲခေါ်စမ်းပါဦးဗျာ၊ ဟိုမိန်းမကို ခေါ်လိုက်ပုံကဖြင့် အတော့်ကို အားနာဖို့ကောင်းတယ်၊ လင်ငယ်နေတဲ့မိန်းမ ဝိုင်းပြီး ဖျဉ်ပေးပါဦးတဲ့၊ တစ်ယောက်ယောက်ကို ဆွဲပေးထားပါဦးတဲ့၊ ခင်ဗျား လုပ်ပုံက သိပ်ပြီး ရယ်ဖို့ကောင်းတာပဲ"ဟု ကျွန်ုပ်က ပြောလေ၏။

"ရယ်ဖို့ကောင်းမှာပေါ့၊ ဟာမိုနီပျက်သွားပြီကို၊ လူလူချင်း ဒီလို ခေါ်လေ့ခေါ်ထမှ မရှိဘဲ၊ ငါက အဲ့ဒီလို ခေါ်လိုက်တော့





မင်းနားထဲမှာ တစ်မျိုးကြီး ဖြစ်သွားတာပေါ့၊ ဒါနဲ့နေစမ်းပါဦး၊ မင်းက ဘာမဆိုညာမဆိုင်နဲ့ လင်ငယ်ရဲ့ ခေါင်းကို ပုလင်းနဲ့ ဝင်ရိုက်ရတာတုန်း၊ မင်းနဲ့ဘယ်လိုမှ မပတ်သက်ဘူးကွ၊ လင်ကြီးရယ်၊ လင်ငယ်ရယ်၊ လင်ငယ်နေတဲ့ မိန်းမရယ်၊ သုံးပွင့်ဆိုင် အတော်လှနေတာ၊ မင်းဝင်လိုက်တော့ ဇာတ်ကတစ်မျိုးကြီး ဖြစ်သွားတယ်၊ မင်းအဲ့ဒီလို လုပ်လိုက်တာကို တွေ့လိုက်တော့ ငါဖြင့်အတော့်ကို ရယ်ချင်သွားတယ်၊ မင်းက ကြားထဲက အချောင်ဝင်ပြီး လင်ကြီး ဘက်က ဒေါပွနေတာကိုးကွာ၊ ဒီကိစ္စက ဒေါပွရမဲ့ ကိစ္စမဟုတ်ဘူးကွ၊ တစ်ဦးနဲ့တစ်ဦး လက်မလွန်အောင် ထိန်းပေးရုံလေး ထိန်းပေးရမှာ၊ ဘာမှ ဝင်ပါစရာမလိုဘူး၊ ခုတော့ တော်သေးတာပေါ့ကွာ၊ လင်ကြီး လုပ်တဲ့သူက မင်းဟိုကောင့်ကို ရိုက်လိုက်တာကို သူကဝန်ခံပါမယ် ဆိုပြီး ပြောသွားလို့၊ နို့မဟုတ်ရင် မင်းက လင်ကြီးလဲမဟုတ်၊ လင်ငယ်လဲမဟုတ် အခြောက်တိုက် အချုပ်ထဲဝင်သွားရမယ်"ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

ထိုအခါ ကျွန်ုပ်က. . .

"ဒီမှာ အီးနောင် ကျုပ်ကလင်ငယ်ဆိုတဲ့ ကောင်တင်မဟုတ်ဘူး၊ အဲဒီကောင်မကို ပါးရိုက်ချင်နေတာ၊ ဒီကောင်မ သစ္စာမရှိဘူး" ဟု ပြောလိုက်ရာ ပေါက်ဖော်ကြီးက. . .

"ဒီကောင်မ သစ္စာမရှိဘူးဆိုတာ မင်းက ဘယ်သူ့ဘက်က ပြောနေတာလဲ"ဟု ပြောလိုက်လေ၏။

"ဘယ်သူ့ဘက်က ပြောရမှာတုန်းဗျ၊ လင်ကြီးဘက်က ပြောတာပေါ့"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဟုတ်တယ်ကွ၊ လင်ကြီးဘက်က ကြည့်ရင်တော့ ဒီမိန်းမက သစ္စာမရှိဘူး၊ လင်ငယ်ဘက်က ကြည့်ရင်တော့ သစ္စာရှိတာကွ၊ ချိန်းတဲ့နေရာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အရောက်လာတယ်လေကွာ၊ တကယ်သစ္စာမရှိတာက မင်းကွ၊ ကိုယ့်ဆိုင်ကို ယုံကြည်လို့ ဝင်ပြီး စားသောက်တဲ့လူကို မင်းကဝင်ပြီး ခေါင်းကိုရိုက်ခွဲရသတဲ့လားကွာ" ဟု အီးနောင်က ပြောလေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ရက်အတန်ငယ် ကြာသောအခါ၌ ကျွန်ုပ်နှင့် ပေါက်ဖော်ကြီး အီးနောင်တို့သည် ဆိုင်ရှေ့ရှိ မြေကွက်လပ်၌ ခုံတစ်ခုံစီဖြင့် ထိုင်နေကြလေ၏။ အချိန်မှာ အတော်အတန် မိုးချုပ်နေပြီဖြစ်၏။ ထိုညက ကျွန်ုပ်သည် စက်ရုံသို့ မသွားရဘဲ အနားရသောညဖြစ်၏။

လမင်းကြီးသည် ထိန်ထိန်သာလျက်ရှိ၏။ ကျွန်ုပ်သည် ထိုလမင်းကြီးကို မော့ကြည့်၍ စိတ်တွင်ကြည်နူးနေ၏။ ပေါက်ဖော်ကြီး အီးနောင်ကလည်း ကျွန်ုပ်ကဲ့သို့ပင် လမင်းကြီးကို မော့ကြည့်ပြီး တစ်ကိုယ်တည်း တရုတ်လိုပြောလျက်ရှိ၏။ ထို့ကြောင့် ကျွန်ုပ်က..

"ခင်ဗျား တရုတ်လို ဘာတွေပြောနေတာလဲ"ဟု မေးလိုက်လေ၏။

ထိုအခါ ပေါက်ဖော်ကြီးက...

"လအကြောင်းကဗျာစပ်နေတာကွ၊ ငါတို့တရုတ်ကဗျာ ကလေးအကြောင်း စပ်ရတယ်ကွ၊ ပထမအကြောင်းက ကိုယ်တင်ပြချင်တဲ့အကြောင်းကို စပ်ရတယ်၊ ဒုတိယအကြောင်းက ပထမအကြောင်းကို ထပ်ပြီး ဖြည့်စွက်ရတယ်၊ တတိယအကြောင်းက





ပထမဒုတိယနဲ့ မဆိုင်တဲ့အကြောင်းကို ရေးရတယ်၊ နောက်ဆုံးအကြောင်းကတော့ ကဗျာတစ်ခုလုံးရဲ့ ဆိုလိုချက်ကို ရေးရတယ်၊ အဲဒါ ငါတို့ ရှေးဟောင်းတရုတ်လူမျိုးတွေရဲ့ ကဗျာစပ်နည်းပဲ"ဟု ပြောပြလေ၏။

"ခင်ဗျားဥစ္စာကလဲ၊ ကျုပ်နဲ့ခင်ဗျားနဲ့ နှစ်ယောက်တည်းရှိတာကို ခင်ဗျားက တစ်ယောက်တည်း တရုတ်လိုစပ်တော့ ကျုပ်ဘယ်လို နားလည်မလဲ၊ ကျုပ်နားလည်အောင် ဗမာလိုပြန်ပြောပြစမ်းပါဦး"ဟု ကျွန်ုပ်က ပြောလိုက်လျှင် ပေါက်ဖော်ကြီးက...

"မင်းသိချင်ရင်တော့လဲ ဗမာလိုပြန်ပြီး ပြောပြမယ်၊ ဒါပေမယ့် ငါက ကာရန်တွေဘာတွေ မလုပ်တတ်ဘူးကွာ၊ အဓိပ္ပာယ်ကိုပဲ ပြောပြနိုင်မယ်"ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က..

"ရပါတယ်ဗျာ၊ အဓိပ္ပာယ်သိရရင်လဲ ကောင်းတာပါပဲ၊ ကာရန်တွေဘာတွေ မလိုပါဘူး၊ ကျုပ်လဲ ကာရန်တွေဘာတွေ မသိပါဘူး"ဟု ပြောလိုက်လျှင် ပေါက်ဖော်ကြီးက တရုတ်ဘာသာဖြင့် ၎င်းကိုယ်တိုင် စပ်ဆိုသော ကဗျာကို အဓိပ္ပာယ်ပြန်ပြလေ၏။

လမင်းကြီးက ထိန်ထိန်သာ၊

နှစ်ယောက်စလုံး ပိုင်တဲ့ရတနာ၊

ကျွန်ုပ်သည် ၎င်း၏ ကဗျာနှစ်ကြောင်းကို နားထောင်ပြီးနောက်...

"ဒီမှာပေါက်ဖော်ကြီး ထိန်ထိန်သာနေတဲ့ လမင်းကြီးကို ခင်ဗျားနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်း ပိုင်တယ်လို့ ဆိုချင်တာလား၊

ဘယ်ဟုတ်မလဲဗျ၊ လောကကြီး တစ်ခုလုံးက ပိုင်တာပေါ့ဗျ”ဟု ကျွန်ုပ်က ဝေဖန်လိုက်လေ၏။

“လောကကြီးတွေဘာတွေ လုပ်မနေနဲ့၊ ခုလောလောဆယ် ဒီနားမှာ မင်းနဲ့ငါပဲရှိတာ၊ မင်းနဲ့ ငါနဲ့နှစ်ယောက်စလုံး ပိုင်တယ် ပြောလိုက်ရင် ပြီးတာပဲ၊ ဒီကိစ္စအတွက် မင်းဘာမှ အငြင်းပွားစရာ မလိုဘူး၊ ပြီးတော့ ငါ့ရဲ့ကဗျာကလဲ မဆုံးသေးဘူး၊ နောက်ထပ် နှစ်ကြောင်းကျန်သေးတယ်”ဟု ပေါက်ဖော်ကြီးက ပြောလိုက်လေ၏။

“ကဲဗျာ၊ ဒီလိုဆိုလဲ ကျန်တဲ့နှစ်ကြောင်းကိုပါ ဆက်ပြီးဆိုစမ်းပါဦး”ဟု ကျွန်ုပ်က ပြောလိုက်မိလေ၏။ ထိုအခါ ပေါက်ဖော်ကြီး အီးနောင်သည် ဆက်၍ ဆိုပြန်လေ၏။

လမင်းကြီးက ထိန်ထိန်သာ၊
နှစ်ယောက်စလုံးပိုင်တဲ့ရတနာ၊
ပိုက်ဆံခိုးတဲ့ကောင်လေးရယ်၊
လကိုယူပြီး ပိုက်ဆံကို ပြန်ပေးပါလားကွယ်။

၎င်း၏ ကဗျာဆုံးသွားသောအခါ၌ ကျွန်ုပ်က ကျွန်ုပ်၏ အိတ်ကပ်အတွင်းမှ ငွေငါးကျပ်ကို ထုတ်၍ ပေါက်ဖော်ကြီးအား ပေးလိုက်လေ၏။ ထိုအခါ ပေါက်ဖော်ကြီးက ကျွန်ုပ်ပေးသော ငွေငါးကျပ်ကိုယူကာ. . .

“မင်းဖိနပ်ဝယ်ဖို့ ယူထားတာ မဟုတ်လား၊ ဟောဟို ငါထိုင်တဲ့ ခုံအောက်မှာ မင်းအတွက် ဖိနပ်တစ်ရံ ဝယ်ထားပြီးပြီ သွားယူချေ” ဟု ဆိုသဖြင့် ကျွန်ုပ်လည်း သွား၍ယူပြီးလျှင် စီးကြည့်ရာ ကျွန်ုပ်၏ ခြေထောက်နှင့် အံကျဖြစ်နေလေတော့၏။





“မင်းအနေနဲ့ ဝယ်ရင် ငါးကျပ်တန်ပဲ ဝယ်မှာပါကွ၊ ငါက ခုနစ်ကျပ်တန် ဝယ်လာတာ”ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

“ဟုတ်ပါတယ်ဗျာ၊ ဖိနပ်ဝယ်မလို့ ယူထားတာပါ၊ ခင်ဗျားက ကျုပ်ကို ခိုးတယ်လို့ စွပ်စွဲချင်လို့လား”ဟု ကျွန်ုပ်က မေးလိုက်ရာ ပေါက်ဖော်ကြီးက. . .

“ဒီလောကကြီးမှာ သူခိုးဆိုတာ မရှိဘူးကွ၊ မသိအောင်ယူတဲ့ လူပဲရှိတယ်”ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က. . .

“မသိအောင် ယူရင် သူခိုးပေါ့ဗျ”ဟု ပြန်၍ ပြောလိုက်ရာ ပေါက်ဖော်ကြီးက. . .

“ဒီလိုဆိုရင် မင်း သူခိုးပေါ့၊ ငါက မင်းကို သူခိုးလို့ စွပ်စွဲတာ မဟုတ်ဘူး၊ မင်း စွဲချက်နဲ့ မင်း မိနေပြီ၊ နောက်ပြီး မင်းဟာ တော်တော် အတဲ့ကောင်၊ ငါ့ဆီက ငွေငါးကျပ်ကို မသိအောင်ယူပြီး ဖိနပ်အသစ်ဝယ်တယ်ပဲထားဦး၊ အဲဒီဖိနပ်ကို ထုတ်စီးရင် ငါက မသိတော့ဘူးတဲ့လားကွာ၊ များသောအားဖြင့် သူခိုးတွေဟာ ခိုးတဲ့ အခါမှာ မသိပါဘူး၊ သုံးတဲ့အခါမှာ မိတာချည်းပဲ”ဟု ပြောလေ၏။

“ဖိနပ်ဝယ်ပြီးရင် ခင်ဗျား ဘယ်မိမလဲဗျာ၊ ကျုပ်မှာက စက်ရုံက ပေးတဲ့ လခရှိသေးတာပဲ၊ အဲဒီလခထဲက ဝယ်တယ်လို့ ပြောမှာပေါ့၊ ဒါဆို ခင်ဗျား ယုံရမှာပေါ့”ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက ရယ်လေ၏။

“မင်းရဲ့ စက်ရုံက လခအကြောင်းကို မပြောနဲ့ကွ၊ မင်းမှာ တစ်ပြားမှ မရှိဘူး၊ စက်ရုံနားက အရက်ပုန်းရောင်းတဲ့ ကောင်မလေး

ကို မင်း အကုန်ပေးလိုက်တယ်၊ ကောင်မလေးကလဲ လခထုတ်တာနဲ့ အကုန်လာသိမ်းသွားတာ၊ မင်းတို့နှစ်ယောက် လက်ထပ်မယ်ဆိုပြီး စုနေကြတာလေကွာ”ဟု ပေါက်ဖော်ကြီးက ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်သည် မျက်လုံးပြူး၍ သွားလေတော့၏။ လွန်စွာမှလည်း အံ့ဩသွား၏။ ထိုကိစ္စမှာ ကျွန်ုပ်၏ ထိပ်တန်း လျှို့ဝှက်ကိစ္စဖြစ်၏။ ပေါက်ဖော်ကြီးသည် မည်သို့မည်ပုံ သိနေသနည်း ဆိုသည်ကိုမူ ကျွန်ုပ်သည် မစဉ်းစားတတ်အောင် ရှိနေလေတော့၏။

“ခင်ဗျားကတော့ အကုန်လုံး သိနေတာပဲ၊ ဘယ်လိုလုပ်ပြီး သိသွားရတာတုန်း၊ ကျုပ်ကို ပြောပြစမ်းပါဦး”ဟု ကျွန်ုပ်က ပြော လိုက်ရာ ပေါက်ဖော်ကြီးက. . .

“မင်း ဟာမိုနီပျက်နေတယ်ကွ၊ ညကြီးမိုးချုပ် စက်ရုံစောင့်ဖို့ သွားတဲ့ဥစ္စာ၊ အရင်နဲ့မတူဘူး၊ ညကြီးမိုးချုပ် ခေါင်းတွေဘာတွေ ဖြီးတယ်၊ အင်္ကျီအဝတ်အစားကောင်းတွေ ဝတ်တယ်၊ စက်ရုံထဲက ဆီဝိပါတွေကို ရှိုးပြဖို့ ဝတ်တာမဟုတ်ပါဘူး၊ ပြစရာရှိရင် လူကိုပဲ ပြရမယ်၊ မင်းတို့စက်ရုံ ညဂိုဏ်းမှာလဲ မိန်းကလေးတစ်ယောက်မှ မရှိဘူး၊ ယောက်ျားတွေချည်းပဲ၊ အဲဒီတော့ စက်ရုံအပြင်ဘက်က ဖြစ်ရမယ်၊ အဲဒီလို စဉ်းစားလိုက်တဲ့အခါမှာ စက်ရုံနဲ့နီးနီး လူတိုင်း ဝင်ထွက်လို့ရတဲ့နေရာကို စဉ်းစားလိုက်တယ်၊ အဲဒါဟာ စက်ရုံနားက အရက်ပုန်းရောင်းတဲ့ အိမ်ပဲ၊ အဲဒီအိမ်မှာ မင်းနဲ့ရွယ်တူ မိန်းကလေး တစ်ယောက် ရှိတယ်၊ အဲဒါကြောင့် မင်းအလုပ်သွားတုန်း မင်းရဲ့ လွယ်အိတ်ကို ငါရှာကြည့်တယ်၊ မှတ်စုစာအုပ်လေးတစ်အုပ် တွေ့ တယ်၊ အဲဒီထဲမှာ မင်းကောင်မလေးကို ပိုက်ဆံအပ်တဲ့အကြောင်း ရေးထားတာ တွေ့တယ်၊ မင်းက ငွေစုနေပြီပေါ့”ဟု ပြောလိုက်၏။





“ဟုတ်တယ် ပေါက်ဖော်ကြီး၊ ကျုပ်နဲ့ ကောင်မလေးနဲ့ယူဖို့ ငွေစုနေတယ်၊ ခင်ဗျားသဘောတူတယ် မဟုတ်လား”ဟု ကျွန်ုပ်က မေးလိုက်လေ၏။

“ငါ သဘောတူတာ မတူတာ အရေးမကြီးဘူးကွ၊ မင်း ကျေနပ်ဖို့ပဲ အရေးကြီးတယ်၊ လောကကြီးဟာ ကျေနပ်ရင် ကောင်း တယ်၊ မကျေနပ်ရင် မကောင်းဘူးကွ၊ ဒါပေမယ့် ငွေစုတာကိုတော့ ငါတယ်ပြီး သဘောမကျဘူးကွ။ ဝယ်စရာရှိတာ ဝယ်ပြီး သုံးစရာရှိတာ သုံးပစ်ပါကွ၊ မင်းအနေနဲ့ ငါ့ဆီမှာ ထမင်းအလကား စားနေရပြီပဲ၊ လုံချည်ကောင်းကောင်းလေး တစ်ထည်၊ အင်္ကျီကောင်းလေးတစ်ထည် တော့ ဝယ်သင့်တာပေါ့၊ အားလုံးလဲ စုဖို့ မလိုပါဘူး။ ဟိုစကားပုံလေး လဲ မင်းကြားဖူးတယ် မဟုတ်လား”ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

“ဘယ်စကားပုံလဲဗျ၊ လုပ်စမ်းပါဦးဗျ”ဟု ကျွန်ုပ်က ပြောလိုက် လေ၏။

“ချွေတာစုဆောင်း၊ ဖင်ပေါင်းလောင်းဆိုတာလေကွာ”ဟု ပေါက်ဖော်ကြီးက ပြောလျှင် ကျွန်ုပ်လည်း ရယ်ရလေတော့၏။

“ခင်ဗျားကတော့ လုပ်ပြီ၊ ဘယ်ကလာ ချွေတာစုဆောင်း ဖင်ပေါင်းလောင်းရမှာတုန်း၊ ချွေတာစုဆောင်း သူဌေးလောင်းပါဗျ” ဟု ကျွန်ုပ်က ပြန်၍ ပြောရလေ၏။

“သူဌေးလောင်းဟာ မှန်သလား၊ ဖင်ပေါင်းလောင်းဟာ မှန်သလားဆိုတာ နောက်တော့ မင်းသိရမှာပေါ့ကွာ”ဟု ပေါက်ဖော် ကြီးက ပြော၍ ရယ်နေလေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်နှစ်နီးပါးကြာ သောအခါ၌ ကျွန်ုပ်နှင့်ယူရန် ကျွန်ုပ်အား ငွေစုခိုင်းသော မိန်းကလေး

သည် စက်ရုံ မကြာခဏ ဆီလာ၍ သယ်လေ့ရှိသော မော်တော်ကား မှ စပယ်ယာနှင့် လိုက်၍ ပြေးလေတော့၏။ ကျွန်ုပ် စုထားသော ငွေရှစ်ရာကျော်လည်း ပါ၍ သွားလေတော့၏။

ကျွန်ုပ်သည် လုံချည်ကလေးတစ်ထည်ကိုပင် မဝယ်ရက်ဘဲ ငွေကို စုလာခဲ့သဖြင့် ထိုမိန်းကလေး လင်နောက်လိုက်သွားသော အချိန်တွင် ကျွန်ုပ်၏ လုံချည်မှာ အစုတ်စုတ်အမွှာမွှာ ဖြစ်၍ နေ၏။ ကျွန်ုပ်သည် ထိုလုံချည်စုတ်ကိုပင် အပ်ဖြင့် ချုပ်နေရ၏။ ကျွန်ုပ်၏ အဖြစ်ကို ကြည့်လာသော ပေါက်ဖော်ကြီး အီးနောင်သည်. .

"ဟော့ကောင်လေး၊ ချွေတာစုဆောင်း သူဌေးလောင်းဆိုကွ၊ ခုတော့ ဖင်ဟောင်းလောင်းဖြစ်သွားပြီ မဟုတ်လား၊ မင်းကို ငါပြော သားပဲ၊ ပိုက်ဆံမစုနဲ့ဆိုတာလေ"ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

"စုရမယ် ပေါက်ဖော်ကြီး စုရမယ်၊ ငွေဆိုတာ စုရမယ်ဗျ၊ ဒီတစ်ခါပါသွားတာနဲ့ ငွေစုတာဟာ မှားတယ်လို့ ကျုပ်အနေနဲ့ မယူဆနိုင်သေးဘူး၊ ကိုယ့်ဟာကိုယ်တော့ စုထားရမှာ"ဟု ကျွန်ုပ်က အကြောက်အကန် ငြင်းလေ၏။

"ဒီလိုမဟုတ်ဘူးကွ၊ ငွေဆိုတာ တစ်ဦးလက်က တစ်ဦး ဖြတ်သန်းစီးဆင်းနေလေ ကောင်းလေပဲကွ၊ အဲဒီလို ဖြတ်သန်းစီးဆင်း နေဖို့ကလဲ သုံးစွဲနေမှ ဖြစ်တာ၊ မင်းအနေနဲ့ တစ်ခုစဉ်းစားကြည့် လေ၊ မင်းလိုပဲ လူတိုင်းဟာ ရသမျှ ငွေအားလုံးကို မသုံးဘဲ စုထား ကြမယ် ဆိုပါတော့ကွာ၊ ဘယ်လိုဖြစ်ကုန်မလဲ စဉ်းစားကြည့်လေ၊ ဟာမိုနီပျက်ကုန်မယ်ကွ၊ အားလုံး ကိုးရိုးကားယား ဖြစ်ကုန်မယ်၊ လူအများနဲ့ သက်ဆိုင်တဲ့ကိစ္စမှာ ဟာမိုနီပျက်ရင် အတော်ဒုက္ခကြီး





တာကွ၊ အဲဒါကြောင့် ငွေဆိုတာ ဟာမိုနီအပျက်မခံရဘူး၊ သုံးစရာ ရှိတာသုံး၊ ကုန်စရာရှိတာကုန်၊ အဲဒီလို ဖြစ်နေရမယ်"ဟု ပေါက်ဖော် ကြီးက ပြောလေ၏။

ဧင်းပြောသောစကားသည် မှန်သည်မှားသည်ကိုမူ ကျွန်ုပ် အနေဖြင့် မဝေခွဲတတ်ပါ။ သို့ရာတွင် ကျွန်ုပ်အနေနှင့် ငွေကို မစုဆောင်းဖြစ်ခဲ့ပါ၊ ထိုသို့ မစုဆောင်းဖြစ်ခဲ့သည်ကိုပင် ကျွန်ုပ်၏ မိတ်ဆွေ အီးနောင်ကြီးက. . .

"အဲဒီလို မစုဘဲ သုံးစရာရှိတာတွေကို သုံးပစ်နေတာကိုက ငွေကြေးလည်ပတ်မှု ယန္တရားကို မင်းအနေနဲ့ တစ်နည်းတစ်ဖုံ ကူညီနေတာပဲကွ၊ နောက်တစ်ခု မင်းကို ပြောလိုက်ဦးမယ်၊ ငွေစုလို့ ချမ်းသာတဲ့သူရယ်လို့ မရှိဘူးကွ၊ ချမ်းသာတဲ့လူတိုင်းဟာ အလုပ် လုပ်တယ်၊ ငွေကို သူ့နေရာနဲ့သူ သုံးတတ်ကြလို့ ချမ်းသာတာ၊ စုတယ်ဆိုတာ ငွေကိုအိပ်မိုင်းတာပဲကွ၊ အိပ်တယ်ဆိုတာ သေတစ်မျိုးပဲ မဟုတ်လား၊ ဘယ်လိုလုပ် ချမ်းသာမလဲကွာ၊ နောက်တစ်ခုကလဲ ချမ်းသာတယ်ဆိုတာ လူတော်တော်များများက ဉာဏ်ကြောင့်လို့ ပြောကြတယ်၊ တချို့ကလဲ ဝီရိယကြောင့်လို့ ပြောကြတယ်၊ ငါက တော့ ဒီလို မယုံကြည်ဘူးကွ၊ ငါ့မျက်စိအောက်တွင်ပဲ အလုပ်လုပ် ရင်း၊ ကြိုးစားရင်း၊ ဝီရိယာတွေထုတ်ရင်းနဲ့ပဲ တက်တက်ပြောင်အောင် မွဲသွားတဲ့လူတွေ အများကြီး တွေ့ဖူးတယ်၊ အမှန်ကတော့ ဘာကြောင့် မှ မဟုတ်ပါဘူးကွာ၊ ချမ်းသာမှာမို့ ချမ်းသာတာပါ။ မွဲမဲ့ကောင် ကတော့ ဘယ်လောက်ပဲ ဉာဏ်ရှိရှိ၊ ဘယ်လောက်ပဲ ဝီရိယရှိရှိ ကုန်တာပါပဲကွာ"ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့နှစ်ဦး စကားပြောနေစဉ်၌ပင် . . .

"မီး . . . မီး . . ."ဟု အော်သံကြားသောကြောင့် ထ၍ ကြည့်ကြရာ ကျွန်ုပ်တို့နှင့် မလှမ်းမကမ်း အိမ်တစ်အိမ်တွင် မီးစွဲလောင်နေသည်ကို တွေ့ရလေ၏။ လူအများက ဝိုင်း၍ ငြိမ်းသတ်နေ၏။ သို့ရာတွင် မီးသည် တစ်စထက်တစ်စ အရှိန်ပြင်း၍ လာလေ၏။ တစ်ရပ်ကွက်လုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။ ပစ္စည်းများ သယ်ကုန်ကြ၏။ ကျွန်ုပ်သည်လည်း ဆိုင်တွင်းသို့ ပြေးဝင်သွားပြီးလျှင် ပစ္စည်းများကို သိမ်းဆည်းလေ၏။

အိုးနောင်ကမူ လက်ဖက်ရည်နှစ်ခွက်ကို ဖျော်နေလေ၏။ နို့စိမ်းများ ပျစ်နေအောင်ထည့်၏။

ထို့နောက် ကျွန်ုပ်အား . . .

"ဟေ့ကောင် သယ်မနေနဲ့၊ ရော့ မင်းနဲ့ငါနဲ့ လက်ဖက်ရည် တစ်ခွက်စီ သောက်ကြရအောင်"ဟု ဆိုကာ ကျွန်ုပ်အား လက်ဖက်ရည် တစ်ခွက် တိုက်၏။ ၎င်းကိုယ်တိုင်လည်း သောက်၏။

"ဒီလက်ဖက်ရည်သောက်ပွဲဟာ မင်းနဲ့ငါ နှုတ်ဆက်တဲ့ပွဲပဲ၊ ဒီမီးဟာ မလွတ်နိုင်တော့ဘူး၊ ဘာမှ မသယ်နဲ့၊ ပိုက်ဆံတွေ ငါ့အိတ်ထဲမှာ ရှိတယ်၊ ကျန်တဲ့ပစ္စည်းတွေက အကြီးကြီးတွေက မင်းနဲ့ငါနှစ်ယောက်တည်း ဘယ်လိုလုပ်သယ်မှာတုန်း၊ အဲဒီတော့ လက်ဖက်ရည်ကောင်းကောင်းလေးတစ်ခွက်စီသောက်၊ ဗီးကရက် တစ်လိပ်စီသောက်ပြီး မီးလောင်တာကို အရသာခံပြီး ကြည့်နေတာပေါ့ကွာ"ဟု အိုးနောင်က ပြောလေ၏။





ကျွန်ုပ်လည်း ပေါက်ဖော်ကြီးအား ပြန်လည်ငြင်းဆိုခြင်း မပြုတော့ဘဲ လက်ဖက်ရည်ကို သောက်လိုက်လေ၏။ လွန်စွာမှ ကောင်းလှပေသည်။ နို့စိမ်းများ မတရားသဖြင့် ထည့်ထားသောကြောင့် လွန်စွာမှလည်း ဆိမ့်လှပေသည်။ ပေါက်ဖော်ကြီးက ကျွန်ုပ်အား ဗီးကရက်တစ်လိပ်ကို ပေး၏။ ကျွန်ုပ်လည်း လက်ဖက်ရည်သောက်ပြီးသောအခါ ဗီးကရက်ကို သောက်လေ၏။

"ခင်ဗျားဟာ အတော်သွေးအေးတဲ့သူပဲ"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"သွေးအေးတာ မဟုတ်ဘူးကွ၊ နှလုံးအေးတာ၊ ပူပန်မှုမရှိအောင် နေတတ်တာ၊ ကဲ . . ဟေ့ကောင်လာ၊ အပြင်ထွက်မှ ဖြစ်မယ်" ဟု ပေါက်ဖော်ကြီးက ဆိုသဖြင့် ကျွန်ုပ်တို့လည်း ဆိုင်အပြင်သို့ ထွက်ခဲ့ကြလေ၏။

များမကြာမီ၌ မီးသတ်ကားများ ရောက်ရှိလာ၏။ ထို့ကြောင့် ကျွန်ုပ်က ဝမ်းသာအားရဖြင့် . . .

"ပေါက်ဖော်ကြီး . . ပေါက်ဖော်ကြီး၊ မီးသတ်ကားတွေလာပြီ၊ ကျုပ်တို့ဆိုင် လွတ်ချင်လွတ်မှာ"ဟု ပြောလိုက်ရာ ပေါက်ဖော်ကြီးသည် ဗီးကရက်သောက်လျက် ပြုံးပြလေ၏။ ထိုသို့ ပြုံးပြပြီးနောက်

"မပူပါနဲ့ ငါ့လူရာ၊ အဲဒီအတွင်းမှာပဲ တို့ဆိုင်ကလေး မီးထဲ ပါသွားမှာပါ"ဟု ပြောလေ၏။

"ခင်ဗျားဟာ အတော်ကတ်သီးကတ်သတ် ပြောတယ်၊ ရေပက်ဖို့ လာတာပဲ'ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။ ထိုသို့ ပြောနေစဉ်က မီးသည် ကျွန်ုပ်တို့နှင့် နီး၍လာသောကြောင့် နောက်သို့

ဆုတ်လိုက်ရလေ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်တို့ ဆိုင်လေးအား မီးတောက်မီးလျှံက ဝါးမျိုလိုက်လေတော့၏။

“ကဲ. . ဟော့ကောင်၊ တို့ဆိုင်လေးတော့ ပါသွားပြီကွ၊ သွားကြစို့ မင်းနဲ့ငါလဲ ရေစက်ကုန်ပြီ၊ ငါကတော့ ပုသိမ်ခရိုင် ငပုတောဘက်ကို သွားမယ်၊ မင်းလဲ ကြိုက်ရာကို ကြွပေတော့၊ ရော့. . မင်းပိုက်ဆံ” ဟု ဆိုကာ ကျွန်ုပ်အား ငွေစက္ကူတစ်ထပ်ကို ထုတ်ပေးလေ၏။ ကျွန်ုပ်သည် ငွေစက္ကူထပ်အား လှမ်းယူရင် ၎င်း၏ မျက်နှာကို ကြည့်လိုက်လေ၏။

“ဘာလဲဗျ၊ ခင်ဗျားက ကျုပ်ကို အမွေပေးတာလား”ဟု ကျွန်ုပ်က မေးလိုက်ရာ ပေါက်ဖော်ကြီး အီးနောင်က. . .

“ဘာဖြစ်လို့ မင်းကို အမွေပေးရမှာလဲကွ၊ အဲဒါ မင်းပိုက်ဆံပဲ၊ မင်းအရက်ပုန်းရောင်းတဲ့ ကောင်မလေးဆီမှာ စုထားတဲ့ ပိုက်ဆံလေကွာ၊ အဲဒီ ကောင်မလေး ဆီကားကကောင်နဲ့ လိုက်ပြေးမယ်အလုပ်မှာ ငါက ဖမ်းထားပြီး အဲဒီငွေကို အကျပ်ကိုင်ပြီး ပြန်တောင်းထားလိုက်တာ”ဟု ပေါက်ဖော်ကြီးက ပြောလေတော့၏။

“အဲဒီကောင်မလေး အဲဒီလို လိုက်ပြေးမယ်ဆိုတာ ခင်ဗျားက သိရက်နဲ့ ဘာဖြစ်လို့ ကျုပ်ကို မပြောတာလဲ”ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက. . .

“ကောင်မလေးရယ်၊ လိုက်ပြေးမဲ့ကောင်ရယ်၊ ကျန်ရစ်ဖြစ်မဲ့ ကောင်ရယ် သူ့ဟာနဲ့သူ အားလုံး ပြည့်စုံနေတာကို ငါက ဘာဖြစ်လို့ ဝင်ရှုတ်ရမှာလဲ”ဟု ပြောလိုက်လေ၏။





ထို့နောက် ကျွန်ုပ်နှင့် ကျွန်ုပ်မိတ်ဆွေကြီးတို့သည် လမ်းခွဲ၍ သွားကြလေတော့၏။ ကျွန်ုပ်သည် မိတ်ဆွေကြီး ပေးခဲ့သော ငွေစက္ကူများကို ရေတွက်ကြည့်၏၊ ရှစ်ရာလေးဆယ်နှင့် ခြောက်ကျပ်ရှိသည်ကို တွေ့ရ၏။ ထို့အပြင် လစဉ် ကျွန်ုပ်အနေဖြင့် အရက်ပုန်းဆိုင်မှ မိန်းကလေးအား ပေးသွင်းခဲ့သော စာရင်းကလေးတစ်စောင် ရေးထားသည့် စာရွက်ပိုင်းကလေးတစ်ခုကိုလည်း တွေ့ရလေ၏။ ထိုစာရွက်ပိုင်းကလေး၏ အောက်တွင် စုစုပေါင်း ရှစ်ရာလေးဆယ့်ခြောက်ကျပ်ဟု ရေးထားသည်ကိုလည်း တွေ့ရလေ၏။

မီးသည် သဲသဲမဲမဲကြီး လောင်နေ၏။ မီးသတ်များသည် ကြိုးစားပမ်းစား ငြိမ်းသတ်နေကြ၏။ ကျွန်ုပ်သည် ထိုမီးလောင်ရာ အရပ်ကို ကျောခိုင်း၍ ထွက်လာခဲ့လေတော့၏။ ဤသို့ ထွက်လာခဲ့ရာ ကမာရွတ်အဝိုင်းကြီးအနီးသို့ ရောက်ရှိလာလေတော့၏။ ထိုနေရာသို့ အရောက် ဤလောက၌ ကျွန်ုပ်မတွေ့ချင်ဆုံးသော လူတစ်ယောက်ကို တွေ့ရလေတော့၏။

ထိုသူမှာ ကျွန်ုပ်အား ယူပါမည်ဟု ပြောပြီး အခြားသူနှင့် လိုက်ပြေးသွားသော အရက်ပုန်းဆိုင်မှ အမျိုးသမီး ဖြစ်၏။ ကျွန်ုပ်သည် ရှောင်၍ မရသည့်အဆုံး၌ မဲ့ပြုံးကလေး ပြုံးပြလိုက်လေ၏။ ထို့နောက် ထိုမိန်းကလေးအား. . .

“မင်းကို ငါ သိပ်ပြီး ကျေးဇူးတင်တယ်၊ ငါ့ကို မယူနိုင်တဲ့ တိုင်အောင် ငါစုထားတဲ့ ငွေကလေးကို ငါ့ဆရာပေါက်ဖော်ကြီးဆီကို ပြန်ပေးခဲ့တဲ့ ကျေးဇူးကိုတော့ အသိအမှတ်ပြုရမှာပဲ”ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုမိန်းကလေးက. . .

"ရှင်သိပ်ပြီး သနားဖို့ကောင်းတဲ့လူပဲ၊ အဲဒီငွေကို ကျွန်မက ဘယ်သူ့မှ ပြန်မပေးဘူး၊ အဲဒီငွေနဲ့ ကျွန်မ ယောက်ျားနောက် လိုက်ပြေးသွားတာ"ဟုဆိုကာ ထိုမိန်းကလေးသည် ထွက်သွားလေတော့၏။

ကျွန်ုပ်သည် ငူငူကြီး ရပ်၍ ကျန်ရစ်ခဲ့လေ၏။ ထို့နောက် ကျွန်ုပ်၏ မိတ်ဆွေ ပေါက်ဖော်ကြီး အီးနုံ (သို့မဟုတ်) အီးနောင် (သို့မဟုတ်) အီးနုဟုခေါ်သော တရုတ်ကြီး၏ အကြောင်းကို စဉ်းစားနေမိလေ၏။

ဤလူကြီးကာ ဗာဒံပင်နှင့်တူ၏။ အခေါ်ရခက်၏။ အသိရခက်၏။ သို့သော် ရင်းနှီး၏။ ထိုလူကြီးသည် ထမင်းဆိုင်ရှင်တစ်ဦးဖြစ်သောကြောင့် 'ဗာဒံပင်နှင့်တူသော ထမင်းဆိုင်ရှင်'ဟု ကျွန်ုပ်၏ စိတ်၌ မှတ်သားထား၏။ ထိုလူကြီးကား ဆိုင်မီးလောင်ခံရသောကြောင့် ရန်ကုန်၌ မနေနိုင်တော့ဘဲ ပေ့တောသို့ အပြီးအပိုင်ပြောင်းရွှေ့သွားပြီ ဖြစ်၏။ ကျွန်ုပ်နှင့် ဝေးသွားပြီဖြစ်၏။ သို့ရာတွင် ထိုလူကြီးသည် ကျွန်ုပ်၏ ရင်၌ အစဉ်ရှိနေသောကြောင့် နီးကပ်နေသည်ဟုလည်း ဆိုနိုင်ပေသည်တကား။

❖❖❖❖❖





## ပိုးဟပ်နှင့်တူသော ဆရာတစ်ယောက်

ပိုးဟပ်သည် (                    )ဗလက်တီးဒီး မျိုးရင်းတွင်ပါ၍ (              )ဩသော်ပတာရာမျိုးစဉ်တွင် ပါဝင်သည်ဟု ပိုးမွှားနှင့် ပတ်သက်သော ပညာရှင်တစ်ဦးက ထုတ်ဖော်ပြောဆို၏။

ကျွန်ုပ်သည် 'ဗလက်တီးဒီး'ဆိုသည်ကိုလည်းကောင်း၊ ဩသော်ပတာရာ ဆိုသည်ကိုလည်းကောင်း မသိပါ။ ကျွန်ုပ်သိရမည့် အရာများဟူ၍လည်း တစ်ကြိမ်တစ်ခါမျှ မှတ်ယူခြင်း မပြုပါ။ ထိုအရာများကိုလည်း မည်သည့်အရာများဟု နားမလည်ပါ။

တစ်ဦးသော ပိုးဟပ်ပညာရှင်ကမူ ပိုးဟပ်သည် အရွယ်အစား ပမာဏ အချိုးအစား တူညီသော အတောင်လေးခုပါသည်ဟုဆို၏။

ကျွန်ုပ်သည် ပိုးဟပ်ကို အကြိမ်ပေါင်းများစွာ မြင်ဖူးသော်လည်း အတောင် မည်ရွေ့မည်မျှပါသည်ကို မသိပါ။ ထို့ပြင် အခြားသော ပညာရှင်တစ်ဦးကမူ ပိုးဟပ်မများသည် ဥများကို တစ်နေရာ၌ သိုဝှက်ထားခဲ့ပြီး ခရီးသွားသည်ဟု ဆို၏။





အခြားသော ပညာရှင်တစ်ဦးကမူ ထိုသို့မဟုတ်၊ ပိုးဟပ်မ၏ အင်္ဂါစပ်အနီးတွင် ဥများကို သယ်ဆောင်ရန် အိတ်ကလေးတစ်အိတ် ပါသည်ဟု ဆို၏။

ကျွန်ုပ်အနေနှင့်မူ ပိုးဟပ်ထီးနှင့် ပိုးဟပ်မကိုပင် ခွဲခြား၍ မသိပါ။ ပိုးဟပ်အကြောင်းသိမှ လူရာဝင်မည်ဆိုလျှင် ကျွန်ုပ်သည် ဤတစ်သက်၌ လူရာဝင်မည့်စာရင်း၌ပါမည် မဟုတ်တော့ပေ။ ပိုးဟပ်အကြောင်းသိမှ ပညာရှိဖြစ်မည်ဆိုလျှင်လည်း ကျွန်ုပ်သည် နလပိန်းတုံးစာရင်းမှ တက်လိမ့်မည် မဟုတ်၊ ပိုးဟပ်အကြောင်းသိမှ အလုပ်ရမည်ဆိုလျှင်လည်း အလုပ်လက်မဲ့တစ်ဦး ဖြစ်နိုင်ဖွယ်ရာရှိ၏။ ပိုးဟပ်အကြောင်းသိမှ မိန်းမရမည်ဆိုလျှင် ကျွန်ုပ်သည် လူပျိုကြီးဘဝနှင့်ပင် အသက်ထက်ဆုံး နေသွားရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ပိုးဟပ်အကြောင်းကို ဂဃနဏ မသိသောကြောင့် ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်၌ ငယ်ဆရာတစ်ဦး ရှိ၏။ ထိုဆရာကို အများသူငါက 'ပိုးဟပ်ဖြူ'ဟု ခေါ်၏။

ကျွန်ုပ်၏ မျက်စိ၌လည်း ထိုဆရာကို ကြည့်ရသည်မှာ ပိုးဟပ်ဖြူတစ်ကောင်နှင့် လွန်စွာတူ၏။ ထို့ကြောင့် ပိုးဟပ်အကြောင်း မသိသော ကျွန်ုပ်၌ 'ပိုးဟပ်နှင့်တူသော ဆရာ'တစ်ဦး ရှိခဲ့ဖူးလေ၏။

ထိုအချိန်က ကျွန်ုပ်သည် ခြောက်တန်းကျောင်းသားမျှသာ ရှိသေး၏။ ကျောင်းတက်ခေါင်းလောင်းထိုးသံကို ကြားနိုင်လောက်သည့် နေရာတွင် မြောက်ပန်းပိုင်းရှိသဖြင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏ သူငယ်ချင်း လုဖေတို့သည် မြောက်ပန်းဝင်၍ လုန်နေကြ၏။ ထိုမြောက်ပန်းပိုင်းတွင် ကျောင်းသားဆို၍ ကျွန်ုပ်တို့နှစ်ဦးသာရှိ၏။

ကျန်လူများမှာ ဆိုက်ကားသမားများနှင့် ဈေးမှ ကူလီများ ဖြစ်၏။ ကျွန်ုပ်က စည်းခင်း၏။ စည်းနီးသောအခါ၌ လှုဖေက ဝင်၍ လှန်ရ၏။

မြောက်ပန်းလှန်ရာ၌ 'ဘတ်'ဟုခေါ်သည့် အရာတစ်ခုသည် လို၏။ ထိုအရာမှာ တစ်မိုက်ခန့်ရှိ ဝါးခြမ်းပြားသာ ဖြစ်၏။ ထိုဝါးခြမ်းပြားပေါ်တွင် စည်းအနီး လူသားအားလုံး၏ ပိုက်ဆံများကို စီ၍တင်ကာ အပေါ်သို့ မြောက်ရ၏။ ထိုသို့ မြောက်ပြီးနောက် အောက်သို့ ပြန်၍ ကျလာသောအခါတွင် ခေါင်းဘက်ကကျသော ပိုက်ဆံများကို ယူရ၏။ ပန်းကျသော ပိုက်ဆံများကို ဒုတိယကျသော လူက ဆက်၍ လှန်ရ၏။ ထိုသူလည်း ခေါင်းကျသည့် ပိုက်ဆံများကို ယူ၍ ပန်းကျသည့် ပိုက်ဆံများကို တတိယလူက ဆက်၍ လှန်ရ၏။

ထို့ကြောင့် မြောက်ပန်းလှန်သော လောင်းကစားနည်းတွင် စည်းကို အနီးဆုံးရအောင် ခင်းရန်နှင့် ခေါင်းအများဆုံးကျရန် လှန်နိုင်သော ကျွမ်းကျင်မှုနှစ်ခုသည် လိုအပ်လှ၏။ ကျွန်ုပ်သည် အချိန်ရှိသရွေ့ စည်းနီးအောင် လေ့ကျင့်ထားသည်ဖြစ်ရာ ခင်းတိုင်း ပထမရလေ၏။ သို့ရာတွင် လှုဖေသည် ဘတ်လှန်သော နေရာ၌ လေ့ကျင့်ထားခြင်း မရှိရကား ပထမလှန်ခွင့်ရသော်လည်း ပန်းအကျများသောကြောင့် ကျွန်ုပ်တို့နှစ်ဦးသည် အရှုံးပေါ်နေ၏။

ကျွန်ုပ်သည် မြောက်ပန်းလှန်ရန်အတွက် ဝါးခြမ်းပြားကို အကျအန ဓားဖြင့် သတ်၍ ကိုင်၍ ကောင်းစေရန် လုပ်ထား၏။ ထိုဘတ်ကို လှုဖေအား ပေး၍ လေ့ကျင့်ခိုင်းထား၏။ သို့ရာတွင် လှုဖေသည် လေ့ကျင့်ခြင်း မပြုရုံမျှမက ဘတ်ကို ဖျောက်ပစ်လိုက်၏။





ယခု မြောက်ပန်းဝိုင်းတွင် ကိုယ့်ဘတ်နှင့်ကိုယ် လှန်ရမည်။ ဘတ်မငှားကြေးဟု ဆိုသောကြောင့် လှုဖေသည် ကျောင်းသုံးပေတံကို တစ်ဝက်ချိုး၍ ဘတ်အဖြစ် အသုံးပြုကာ လှန်လေ၏။ ထို့ကြောင့် ချိန်သားမကိုက်ဘဲ ပန်းချည်း ကျနေလေ၏။

ကျွန်ုပ်သည် လှုဖေအပေါ် ဒေါပွလျက် ရှိလေ၏။

"မင်း မလှန်နဲ့ကွာ၊ ငါက စည်းနီးအောင်ဘယ်လောက်ပဲ ခင်းထား. . . ခင်းထား၊ မင်းလုပ်ပုံကတော့ ကုန်မှာပဲ"ဟု ပြောရာ ဆိုက်ကားသမားတစ်ဦးက. . .

"ဟေ့ကောင်၊ ဒီကောင်လှန်ပုံမျိုးနဲ့ဆိုရင်တော့ ဆာဖိုးသာ တောင် ငိုသွားလိမ့်မယ်၊ မင်းတို့ပိုက်ဆံကို တင်းနဲ့ချင်ပြီး ယူလာရင် တောင် လောက်မှာ မဟုတ်ဘူး"ဟု ပြောလေ၏။ ကျွန်ုပ်မှာ လေ့ကျင့်ထားသောကြောင့် စည်းခင်းရန် ကျွန်ုပ်၏ ပိုက်ဆံကို ပစ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ ပိုက်ဆံပြားကလေးသည် စည်းပေါ်တွင် အုပ်၍နေသည့်တိုင်အောင် အနီးဆုံးနေရာကို ရရှိလေ၏။ ထိုအခါမျိုး၌ ကျွန်ုပ်က ဝမ်းသာအားရ လှမ်း၍ အော်လိုက်လျှင် ကျန်ကစားသမားများက. . .

"ဟေ့ကောင်ရာ ဘယ်လောက်ပဲ မင်းက နီးအောင်လုပ်လုပ်၊ လှုဖေက ပန်းတွေဖြစ်အောင် လုပ်ပစ်မှာပါကွာ"ဟု ပြောဆိုရယ်မောကြလေ၏။

မှန်ပေသည်။ လှုဖေသည် ပေတံအကျိုးပေါ်၌ ပိုက်ဆံများကို စီ၍ တင်ကာ မြောက်လိုက်ရာ အားလုံးလိုလို ပန်းများ ဖြစ်ကုန်၏။ ထိုအခါ၌ ကျွန်ုပ်သည် လွန်စွာ စိတ်ဆိုး၏။ အခြားသူများက

ကျွန်ုပ်၏ အဖြစ်ကို ကြည့်၍ လှောင်ပြောင်ကြ၏။ ကျွန်ုပ်တို့မှာ ရှုံး၍ အလှောင်အပြောင်လည်း ခံနေရ၏။

ထိုအချိန်မှာပင် ကျောင်းတက်ခေါင်းလောင်းထိုးသံ ကြားရလေတော့၏။ ထိုအခါ ကျွန်ုပ်က. . .

"ဟေ့ကောင် လှဖေ၊ ခေါင်းလောင်းထိုးပြီ"ဟု ပြောလိုက်ရာ လှဖေက. . .

"ထိုးထိုးကွာ၊ ဒီမှာ ရှုံးနေတာ မင်းအသိသားပဲ၊ ပြီးတော့ ဒီနေ့ဟာ ဆရာမ ဒေါ်မေရီ အလှည့်ပါကွ"ဟု ပြောလိုက်လေ၏။ မှန်ပေသည်။ ဒေါ်မေရီသည် လွန်စွာ သဘောကောင်း၏။ ကျွန်ုပ်တို့အား ရိုက်သည်ဟူ၍ မရှိပေ။ စာသင်ခန်းတွင်းသို့ ဝင်လာပြီးနောက်. .

"မင်းတို့ မဆူကြနဲ့၊ မှတ်စုလိုက်ပြီး ကူးကြ၊ တင်ရှိန်လံဘား၊ ဟောဒီမှာ စာအုပ်ယူပြီး သင်ပုန်းပေါ်မှာ ကူးစမ်း"ဟု ဆိုလေ၏။

တင်ရှိန်လံဘားလည်း ဆရာမ၏ မှတ်စုကိုယူ၍ သင်ပုန်းပေါ်တွင် ရေးလေ၏။ ကျွန်ုပ်တို့က လိုက်၍ ကူးရ၏။ သင်ပုန်းပေါ်တွင် မှတ်စုကူးရသော အလုပ်ကို တင်ရှိန်လံဘားက အစဉ်သဖြင့် လုပ်ရလေ၏။ အဘယ့်ကြောင့်ဆိုသော် သူသည် ကျွန်ုပ်တို့ အတန်းထဲတွင် အရပ်အရှည်ဆုံးကျောင်းသားဖြစ်၍ သင်ပုန်း၏ အပေါ်ဆုံးနေရာအထိ သူ၏ လက်က မီလေ၏။

တင်ရှိန်သည် သင်ပုန်းပေါ်တွင် မှတ်စုများ ရေးရလွန်းသောကြောင့် သူ၏ လက်ရေးသည် ပုံသေကာ ဝိုင်းစက်နေပြီ ဖြစ်၏။ ကျွန်ုပ်မှာမူကား စာအုပ်ထဲတွင်ရေးသော လက်ရေး မညံ့လှသော်လည်း သင်ပုန်းပေါ်တွင် ရေးသောလက်ရေးသည် မည်သို့ဖြစ်သည်မသိ





လွန်စွာ လမ်းရေးညံ့သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်ရေးရသော အလှည့်များတွင် ကျန်သော ကျောင်းသားများက. . .

"ဟေ့ကောင် မဖတ်တတ်ဘူး"ဟု ဝိုင်း၍ အော်လေ့ရှိ၏။

ကျန်သော ကျောင်းသားများ ရေးလျှင်လည်း ကျွန်ုပ်ကဲ့သို့ပင် အအော်ခံရတတ်လေ၏။ တင်ရှိန်ရေးလျှင်မူ ကျွန်ုပ်တို့အားလုံးက ကျေနပ်၏။ အဘယ်ကြောင့်ဆိုသော် သူ၏ မြေဖြူလက်ရေးသည် ဝါရင့်ဆရာတစ်ဦးကဲ့သို့ လှနေသောကြောင့် ဖြစ်၏။

ဒေါ်မေရီသည် စာသင်ခန်းတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် တင်ရှိန်အား မှတ်စုစာအုပ်ကို အပ်လိုက်၏။ တင်ရှိန်က သင်ပုန်းပေါ်တွင် ရေးလေတော့၏။ ကျွန်ုပ်တို့ကလည်း ကူးကြလေတော့၏။ ဆရာမ ဒေါ်မေရီမှာမူ စာအုပ်တစ်အုပ်ကို ထုတ်၍ ဖတ်နေပြီ ဖြစ်၏။ အတန်းပြောင်း၊ ခေါင်းလောင်းထိုးသောအခါ၌ တင်ရှိန် လက်ထဲမှ စာအုပ်ကို ပြန်၍ တောင်းပြီး ကျွန်ုပ်တို့အား နှုတ်ဆက်ကာ ထွက်သွားလေ၏။ ကျွန်ုပ်တို့ကလည်း ဆရာမ ဒေါ်မေရီအား နှုတ်ဆက်လိုက်ကြ၏။ ထိုအခါကျမှပင် တင်ရှိန်သည် သူ့အတွက် မှတ်စုကူးရန် ကျွန်ုပ်တို့ထံတွင် စာအုပ်ငှားရလေတော့၏။ ထိုအခါ ကျွန်ုပ်တို့က တင်ရှိန်အား. . .

"မင်းက တတ်ပြီးသားပါကွာ၊ ကူးဖို့ မလိုပါဘူး"ဟု ပြောဆိုကာ မှတ်စုစာအုပ်ကို မငှားဘဲ နေကြလေတော့၏။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံး၏ စာအုပ်တွင် မှတ်စုများ ပြည့်စုံစွာ ရှိ၏။ ဤသို့ မှတ်စုများ ပြည့်စုံစွာ ရှိရန်အတွက် သင်ပုန်း၌ မြေဖြူဖြင့် ရေးပေးခဲ့ရသော တင်ရှိန်၌မူ မှတ်စုများ မစုံရှာပေ။

တင်ရှိန်သည် ဆရာ၊ ဆရာမများ၏ လက်ထောက်အတန်းအုပ် မော်နီတာ၊ တင်ရှိန် လံဘားက အတန်းကို ထိန်းထားရ၏။ တင်ရှိန်က. . .

"ဟော့ကောင်တွေ မဆူနဲ့"ဟု ပြော၏။ ကျွန်ုပ်တို့က ဆူ၏။ တင်ရှိန်က. .

"ဟော့ကောင်တွေ မဆော့နဲ့"ဟု ပြော၏။ ကျွန်ုပ်တို့က ဆော့၏။ အခြားကျောင်းများ၌ မည်သို့ရှိသည် မသိ၊ ကျွန်ုပ်တို့ ကျောင်း၌မူ မော်နီတာလုပ်သူသည် လူနံ့လူအဟု အားလုံးက တညီတညွတ်တည်း သဘောထားကြလေ၏။ သူသည် ကျောင်းသားဖြစ်ပါလျက် ဆရာ၊ ဆရာမများ၏ အလုပ်များကို လုပ်နေသည်ကပင် သူ၏ ပါးရည်နပ်ရည် မရှိမှုကို ဖော်ပြသည်ဟု ကျွန်ုပ်တို့က နားလည်၏။

ဆရာမများသည် အတန်းပြောင်းသောအခါ၌ စာအုပ်များကို သယ်၍ မသွား၊ မော်နီတာက စာအုပ်များကို ပွေ့ပိုက်၍ နောက်က လိုက်ပို့ရ၏။ အချို့ ဆရာမများသည် ကျောင်းတက် ရယ်ဂျစ်စတာကို ကိုယ်တိုင်မခေါ်၊ မော်နီတာကို ခေါ်ခိုင်း၏။ ဆရာ ဆရာမများ ကိုယ်တိုင် ကျောင်းတက်စာရင်းခေါ်လျှင်မူ ကျွန်ုပ်တို့က. . .

"ရှိပါတယ်ခင်ဗျ"ဟု ထူးလေ၏။ ဆရာ၊ ဆရာမကိုယ်စား မော်နီတာ ခေါ်လျှင်မူ. . .

"ရှိ"ဟုသာ တစ်လုံးတည်း ထူးကြ၏။ "ခင်ဗျာ"ဟူသော ရိုသေသမှုအတွက် သုံးသော စကားကို ဖြုတ်ပစ်လိုက်၏။

ထိုအချိန်က မော်နီတာ လုပ်ရအောင် နုံလွန်းအလွန်းသော ငနုံငအအား ရိုသေစရာ မလိုဟု ကျွန်ုပ်၏ စိတ်၌ မှတ်ထင်ထား၏။





ကျွန်ုပ်တို့၏ အတန်း၌မူ မော်နီတာအပေါ်၌ထားသော သဘောထားသည် ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ရှိ၏။ ကျွန်ုပ်တို့သည် မော်နီတာဆိုသူများအပေါ် အထင်သေးသော အခြားအကြောင်းလည်း ရှိသေး၏။ ထိုအကြောင်းမှာ မော်နီတာဆိုသူများသည် စာမေးပွဲကျလေ့ရှိ၏။ စာမေးပွဲကျ၍ အတန်းထဲတွင် အသက်ကြီး၍ ကျန်ခဲ့သော ကျောင်းသားများသာ မော်နီတာလုပ်လေ့ရှိသည်ဟု ကျွန်ုပ်တို့အနေနှင့် သဘောပေါက်ထား၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ စိတ်၌ မော်နီတာဆိုသူများသည် စာညံ့သူများ၊ ထိုသို့စာညံ့ပါလျက် ငြိမ်ငြိမ်မနေဘဲ ဆရာလုပ်လိုသူများ၊ ဆရာ၊ ဆရာမများအား အကြောင်းမဲ့ မျက်နှာလို မျက်နှာရလုပ်သူများဟု နားလည်ထား၏။

ထိုအချိန်က ကျွန်ုပ်တို့သည် ကျောင်းပြေးသောအခါ၌ မီးရထားကို ခိုးစီးလေ့ရှိ၏။ ထိုသို့ ခိုးစီးသည့်အခါတိုင်း၌ လက်မှတ်စစ်သည် လိုက်၍ ဖမ်း၏။ ထို့ကြောင့် ကျွန်ုပ်တို့ ကျောင်းပြေးသော ကျောင်းသားများသည် လက်မှတ်စစ်ကို မုန်းကြ၏။ ထိုလက်မှတ်စစ်တို့ အထဲတွင် 'စံလင်း'ဆိုသော လက်မှတ်စစ်သည် ကျွန်ုပ်တို့အား အဖမ်းဆုံး ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ ကျောင်းသားများအဖို့ လက်မှတ်စစ် စံလင်းကို အမုန်းဆုံး ဖြစ်ကြ၏။ ထို့ကြောင့် ရထားတွဲများပေါ်တွင် စံလင်းကို ရှုန့်ရင်းကြမ်းတမ်းစွာ ဆဲထားသော စာများကို ကျောင်းသားတိုင်း ရေးသွားကြ၏။

ကျွန်ုပ်တို့သည် မီးရထားလက်မှတ်စစ်များကို မုန်းသကဲ့သို့ အတန်းထဲတွင် လူတွင်ကျယ်လုပ်သော မော်နီတာများကိုလည်း

မုန်းကြ၏။ လက်မှတ်စစ်သည် ကျွန်ုပ်တို့ လက်မှတ်မပါဘဲ ရထားခိုးစီးသောကြောင့်ဖမ်း၏။ မည်သည့်အကြောင်းနှင့်ဖမ်းဖမ်း ကျွန်ုပ်တို့အနေနှင့် ဖမ်းသည်ဆိုခြင်းကို မကြိုက်။ ထို့ကြောင့် မုန်းခြင်းဖြစ်တန်ရာ၏။

ထို့အတူ မော်နီတာများသည်လည်း ကျွန်ုပ်တို့အတန်းထဲတွင် ဆော့ခြင်းကို အတန်းပိုင်ဆရာကိုယ်စား ဖမ်း၏။ ထို့ကြောင့် မော်နီတာကိုလည်း မုန်းခြင်းဖြစ်၏။ သို့ရာတွင် လက်မှတ်စစ်သည် တစိမ်းဖြစ်၍ မော်နီတာသည် သူငယ်ချင်းဖြစ်သောကြောင့် မော်နီတာကို လက်မှတ်စစ်အား မုန်းသလောက်တော့ မမုန်းပေ။

လှဖေက. . .

"ကိစ္စမရှိပါဘူးကွာ၊ ဒီနေ့က ဒေါ်မေရီအလှည့်ပါ"ဟု ပြောသောကြောင့် ကျွန်ုပ်သည်လည်း အရေးမကြီးဟု သဘောထားကာ မြောက်ပန်းဆက်၍ လှန်နေ၏။

လှဖေသည် ကျင့်သားအတော်အတန် ရလာပြီဖြစ်သောကြောင့် ယခင်ကကဲ့သို့ ပန်းများများ မကျတော့ဘဲ ခေါင်းများများကျလာ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယခင်ကကဲ့သို့ မရှုံးတော့ဘဲ နိုင်စပြုလာ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်၏နား၌. . .

"ရွှမ်း. . . ရွှမ်း"ဟု အသံကြားလိုက်ရပြီး ကျော၌လည်း ပူခနဲဖြစ်သွား၏။ ထို့ကြောင့် ကျွန်ုပ်၏ ကျောသည် ကော့သွား၏။

ကျွန်ုပ်သည် လှဖေကိုလှမ်း၍ ကြည့်လိုက်ရာ လှဖေလည်း ကျောကော့၍သွားသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့၏ကျောင်းမှ 'ပိုးဟပ်ဖြူ"ဟု နာမည်ပေးထားသော ဆရာက ကျွန်ုပ်တို့အား ကြိမ်ဖြင့်





ရိုက်လိုက်ခြင်းဖြစ်၏။ ကျွန်ုပ်တို့က ထ၍ပြေးမည်ဟု ကြံလိုက်၏။ သို့ရာတွင် ဆရာပိုးဟပ်ဖြူက. . .

"ဟော့ကောင်တွေ မပြေးနဲ့၊ ဟိုမှာကပ်စမ်း"ဟုဆိုကာ အနီးရှိ ကုက္ကိုပင်ကြီးတွင် ကျွန်ုပ်တို့နှစ်ဦးအား ကပ်ခိုင်းပြီးလျှင် စိတ်ကြိုက် ရိုက်လေတော့၏။ ကျွန်ုပ်တို့အား ရိုက်နှက်ပြီးနောက် ကျွန်ုပ်တို့နှင့် ကစားဘက်ဖြစ်သော ဆိုက်ကားသမားများနှင့် ဈေးကူလီများအား. .

"ခင်ဗျားတို့ကလဲဘာဖြစ်လို့ ဒီကလေးနှစ်ယောက်ကို လက်ခံကစားရတာလဲ၊ ကျောင်းသားတွေမှန်းသိရင် မောင်းထုတ်လိုက်ပေါ့ဗျာ"ဟု ပြောရာ ဆိုက်ကားသမားတစ်ဦးက. . .

"ကျုပ်တို့က ခင်ဗျားကျောင်းသားတွေ မဟုတ်ဘူး၊ ကျုပ်တို့ကိုလာပြီး မာန်လားမဲလား လုပ်မနေနဲ့"ဟု ဘုဆတ်ဆတ် ပြောလေ၏။ ထိုအခါ ဆရာက. . .

"ခင်ဗျားတို့ကို မာန်တာမဲတာမဟုတ်ပါဘူး၊ ဒီကလေးတွေ ပညာတတ်ဖို့လိုတယ်၊ တိုင်းပြည်မှာ ပညာတတ်တဲ့လူပေါလာမှ တိုင်းပြည်အတွက် ကောင်းမှာမဟုတ်လား၊ ခင်ဗျားတို့လဲ မြန်မာတွေပဲ မဟုတ်လား၊ ကိုယ့်မြန်မာလေးတွေ မပျက်စီးတန်တာ မပျက်စီးရအောင် တာဝန်ရှိတာပေါ့"ဟု ပြောလိုက်ရာ အခြားသော ဆိုက်ကားသမားတစ်ဦးက. . .

"ကျုပ်တို့ကိုလာပြီး နိုင်ငံရေးတရား ဟောမနေနဲ့၊ ခင်ဗျားတပည့်နှစ်ယောက်သာ ခင်ဗျားခေါ်သွား၊ ကျုပ်တို့ကတော့ ကစားမှာပဲ၊ ကျောင်းသားပဲလာလာ၊ ဆရာပဲလာလာ၊ ကျုပ်တို့ အလုပ် မဟုတ်ဘူး"ဟု ပြောလိုက်ရာ ကျွန်ုပ်တို့၏ ဆရာပိုးဟပ်ဖြူသည် ဒေါသကို

မထိန်းနိုင်ဘဲ လက်တွင်းမှ ကြိမ်လုံးဖြင့် ထိုဆိုက်ကားသမား၏ မျက်နှာကိုဖြတ်၍ 'ရွှမ်း'ခနဲ ရိုက်လိုက်လေတော့၏။ ထိုအခါ ဆိုက်ကားသမားများက ဆရာအား ဝိုင်းဝန်းထိုးကြိတ်ကြလေတော့၏။

တကယ့်တကယ် ဖြစ်လာသောအခါ၌ လှဖေနှင့် ကျွန်ုပ်လည်း မနေနိုင်တော့ပေ။ မိမိဆရာအား ထိလာသောအခါ၌ အနီးရှိ ကျောက်ခဲများကိုယူကာ ဆိုက်ကားသမားများကို ဝင်၍ထုကြလေတော့၏။ ထို့နောက်တွင်ကား ဆိုက်ကားသမားများ၊ ကူလီများနှင့်အတူ ကျွန်ုပ်တို့ဆရာတပည့် သုံးဦးလည်း ဂိတ်သို့ ရောက်သွားကြလေတော့၏။ ဂိတ်မှတစ်ဆင့် ဆေးရုံသို့ရောက်ကြ၏။ ဆေးရုံတွင် ဆေးထည့်၍ပြီးသောအခါ၌ ပတ်တီးခေါင်းပေါင်းများဖြင့် ကျွန်ုပ်တို့ဆရာတပည့်သုံးဦးသည် ကျောင်းသို့ ပြန်လာခဲ့ကြလေတော့၏။

ကျောင်းသို့ရောက်သောအခါ ကျောင်းအုပ်ဆရာကြီးက ဆရာပိုးဟပ်ဖြူအား. . .

"ဆရာနှယ်ဗျာ၊ လမ်းဘေးကလူတွေနဲ့ ရန်ဖြစ်ရတယ်လို့"ဟု အပြစ်တင်လေ၏။ ကျွန်ုပ်နှင့် လှဖေမှာမူ အတန်းထဲသို့ ဝင်လိုက်သည်နှင့် ကျန်သောကျောင်းသားများက ခေါင်းတွင်စည်းလာသော ပတ်တီးခေါင်းပေါင်းများကို အကြောင်းပြု၍. . .

"ဂရိတ် ဘိုးစိန်တွေ"ဟု မကြားတကြား နောက်ကြလေ၏။ ဆရာ ဆရာမ အချို့ကမူ၊ ဆရာပိုးဟပ်ဖြူအား အပြစ်တင်လေ၏။ ထိုအထဲတွင် ဒေါ်မေရီသည် အဆိုးဆုံးဖြစ်၏။ ဒေါ်မေရီသည် မျက်နှာကို မဲ့ရွဲ့၍. . .





"ဆရာလုပ်နေပြီး မြောက်ပန်းဝိုင်းက ကူလီတွေနဲ့ ရန်သွားဖြစ်တာ သူ့အဆင့်အတန်းကိုပြတာပဲ"ဟု ပြောလေ၏။

ကျွန်ုပ်တို့၏ မော်နီတာ တင်ရှိန်လံဘားကမူ ကျွန်ုပ်တို့နှစ်ဦးအား. . .

"မင်းတို့နှစ်ယောက် ကျောင်းပြေးတာကိုး၊ ဆရာဆရာမစကား နားမထောင်တဲ့ကောင်တွေ ဒီလိုပဲဖြစ်မှာပေါ့. . ."ဟုပြောရာ ကျွန်ုပ်က တစ်စုံတစ်ရာပြန်၍ မချေပသော်လည်း၊ လှဖေက. . .

"မင်းကတော့ ဆရာ. . . ဆရာမစကား နားထောင်လို့ တစ်တန်းမှာ နှစ်နှစ်နေတာပေါ့၊ မင်းဆယ်တန်းအောင်တဲ့အချိန်ဟာ လူအိုရုံရောက်တဲ့ အချိန်ဖြစ်မှာပဲ"ဟု ပြောလိုက်ရာ တစ်တန်းလုံးက 'ဝါး'ခနဲ ရယ်မောလိုက်လေ၏။ တင်ရှိန်လည်း ငြိမ်သွားလေ၏။ ထိုအခိုက် ကျောင်းသားတစ်ဦးက. . .

"မော်နီတာ တော်ပြီကွာ"ဟု ပြောလိုက်ပြန်လေ၏။

ဆရာပိုးဟပ်ဖြူသည် ကျွန်ုပ်တို့အား ကျောင်းတက်ခြင်း ရှိမရှိလာ၍ ချောင်း၏။ ထို့နောက် 'မင်းတို့မှာ ဒဏ်ရာဘာမှ မကြီးဘူး၊ ခွင့်ယူရင် ငါနဲ့တွေ့မယ်'ဟု ဆရာပိုးဟပ်ဖြူက ကြိမ်းလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ခွင့်မယူရဲကြတော့ပေ။

ကျွန်ုပ်တို့အား ခွင့်မယူခိုင်းသကဲ့သို့ ၎င်းကိုယ်တိုင်လည်း ခွင့်မယူခဲ့ပေ။ ခေါင်းတွင် ပတ်တီးကြီးစည်းလျက်သားဖြင့် စာသင်၏။ ကျန်သော ဆရာ ဆရာမများက ၎င်းအား နောက်မှနေ၍ မေးငေါ့ကာ မဲ့ပြသွား၏။

ဆရာပိုးဟပ်ဖြူသည် ကျွန်ုပ်တို့၏ အတန်းအတွင်းသို့ ဝင်လာ၏။ ထို့နောက် ဘလက်ဘုတ်အား ကြိမ်လုံးဖြင့် 'ဖြန်း. . . ဖြန်း'ဟု ရိုက်လိုက်၏။ ထို 'ဖြန်း. . . ဖြန်း'ဟူသော အသံသည် ကျွန်ုပ်တို့ ကျောင်းသားများအဖို့ အမင်္ဂလာ အသံပင်ဖြစ်၏။ ထိုအသံကို ကြားလိုက်သည်နှင့်. . .

"ပိုးဟပ်လာပြီဟေ့"ဟု အချင်းချင်း ကျိတ်၍ပြောကာ ကျောင်းသားအားလုံး ငြိမ်၍သွားကြလေ၏။

ဆရာပိုးဟပ်ဖြူသည် အခန်းတွင်းသို့ဝင်၍ သင်ပုန်းကို ဤသို့လျှင် 'ဖြန်း. . . ဖြန်း'ဟု ရိုက်ပြီးသည်နှင့် စာများကို မနားတမ်း သင်လေတော့၏။ ဆရာပိုးဟပ်ဖြူပြသော ဘာသာရပ်မှာ သင်္ချာဖြစ်၏။ ဆရာသည် သင်္ချာကို သင်ပုန်းပေါ်တွင် တွက်ပြ၏။ ရှင်းပြ၏။ ထို့နောက် ပြန်တွက်ခိုင်း၏။ တွက်နေစဉ်အတွင်း ကျောင်းသားတစ်ဦးစီကို လိုက်၍ကြည့်၏။ ကိုးရိုးကားရားဖြစ်နေသည်ကို တွေ့လျှင် ချက်ချင်းရိုက်၏။

"ပုစ္ဆာကို သေသေချာချာဖတ်စမ်း၊ အခုငါမေးထားတဲ့ ပုစ္ဆာဟာ နည်းရမယ့် ပုစ္ဆာလား၊ များရမယ့်ပုစ္ဆာလား၊ နည်းရမှာဆို အနည်းလို အများစားခြေ များရမှာဆို အနည်းစားခြေ ဒါလေးတောင် မသိဘူးလား"ဟုဆိုကာ မတွက်တတ်၍ အူကြောင်ကြောင်ဖြစ်နေသော ကျောင်းသားတိုင်းကိုရိုက်၏။ ထို့ကြောင့် ဆရာပိုးဟပ်ဖြူ၏ အချိန်တွင် ကျွန်ုပ်တို့၏ စာသင်ခန်းသည် ဘီလူးဝင်သော ဝေသာလီပြည်ကဲ့သို့ အထိတ်တလန့် ဖြစ်ကြရကုန်၏။





အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်လခန့်ကြာသော အခါ၌ ကျွန်ုပ်နှင့် လှဖေသည် ကျောင်းသို့လာစဉ် ဈေးအနီးမှတိုက်ရိပ်တစ်ခုတွင် ဈေးကူလီကုလားကလေးများနှင့်အတူဝင်၍ ဂျင်ဂလီခေါက်၏။ ဂျင်ဂလီခေါက်သည်ဆိုသည်မှာ ပိုက်ဆံကို လက်ပေါ်တွင် တင်၍ သံမန်တလင်းပေါ်သို့ ခေါက်ချရ၏။ ထိုသို့ခေါက်ချ၍ ခေါင်းကျလျှင်ရပြီး၊ ပန်းကျလျှင် အစားခံရသော ကစားနည်းဖြစ်၏။

ကျွန်ုပ်တို့ ကစားနေစဉ်အတွင်း အခြားသော ကျောင်းမှကျောင်းသားနှစ်ဦးလည်း ကျောင်းသို့ဆက်၍ မသွားဘဲ ကျွန်ုပ်တို့နှင့်အတူ ဂျင်ဂလိဝင်၍ ခေါက်၏။ ထိုအခါ ဈေးကူလီကုလားလေးများသည် ကျွန်ုပ်တို့ဝိုင်းမှ ထွက်သွားကြ၏။ ကျွန်ုပ်တို့ ကျောင်းသားလေးဦး သာလျှင် ဆက်၍ကစားနေကြရ၏။ အခြားကျောင်းမှ ကျောင်းသားနှစ်ဦးသည် ရှုံးလေတော့၏။ ထိုအခါ ကျွန်ုပ်က ထိုကျောင်းသားနှစ်ဦးအား. . .

"မင်းတို့ကုန်ပြီမဟုတ်လား၊ ကုန်ရင်သွားမယ်"ဟု ပြောရာ ကျောင်းသားနှစ်ဦးအနက် လက်တွင်လက်ပတ်နာရီ ပတ်ထားသော ကျောင်းသားက. . .

"မင်းတို့ ဒီမှာစောင့်နေမလား၊ ငါ့အိမ်မှာ ပိုက်ဆံရှိသေးတယ် ငါပြန်ယူမယ်"ဟု ပြောရာ လှဖေက. . .

"မစောင့်နိုင်ဘူး" မင်းလက်ကနာရီ ပေါင်မလား၊ ပေါင်မယ်ဆိုရင် ငါ့ဆီမှာ ရှစ်ကျပ်ရှိတယ်၊ မင်းအနေနဲ့ အချိန်မရွေး ပြန်ရွေးလို့ရတယ်၊ ခြောက်တန်း (အေ) က လှဖေနဲ့ အောင်ထွန်းဆိုရင် လူတိုင်းသိတယ်"ဟုပြောရာ ထိုကျောင်းသားက နာရီကိုချွတ်၍ပေး

လေ၏။ လှဖေနှင့် ကျွန်ုပ်က ငွေလေးကျပ်စီစပ်၍ ပေးလိုက်လေ၏။ ထို့နောက် နာရီကိုမည်သူပတ်ထားရမည်ကို လှဖေနှင့်ကျွန်ုပ် ခေါင်းပန်းလှန်၍ ဆုံးဖြတ်ကြလေ၏။ ကျွန်ုပ်ရှုံးသွားသဖြင့် လှဖေသည် လက်ပတ်နာရီကို ပတ်ခွင့်ရသွားလေတော့၏။ လှဖေသည် နာရီကို ပတ်ခွင့်ရလျှင် မပတ်သေးဘဲ သော့သီးကို လျှောက်၍ လှည့်နေ၏။ ထို့ကြောင့် နာရီပိုင်ရှင်က. . .

"ဟေ့ကောင် လျှောက်ပြီး ကလိမနေနဲ့၊ သံပတ်ပြတ်သွားရင် မင်းလျော်ရမယ်"ဟု ပြောလိုက်ရာ ကိုလှဖေက. . .

"ကိုယ်ပိုင်နေတုန်းတော့ ကိုယ်ပစ္စည်းပဲကွ၊ နည်းနည်းပါးပါးတော့ လုပ်ကြည့်ရမှာပဲ"ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ဆက်၍ ဂျင်ဂလိခေါက်ကြလေ၏။ ထိုကျောင်းသားများသည် ငွေသုံးကျပ်ထပ်၍ ရှုံးသွား၏။ ထိုအချိန်၌မှာပင်၊ လှဖေနှင့် ထိုကျောင်းသားနှစ်ယောက်မှာ စကားများရာမှအစ ထိုးကြိတ်သည်အထိ ဖြစ်သွားရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဝင်ပါရလေတော့၏။

ကျွန်ုပ်တို့လေးဦးသည် ထွေးလုံးရစ်ပတ် ဖြစ်နေကြ၏။ ထိုသို့ ဖြစ်နေရာမှ နာရီပိုင်ရှင် ကျောင်းသားက လမ်းဘေးမှ အုတ်ခဲပိုင်း တစ်ခုကို ကောက်၍ကိုင်လိုက်လေ၏။ ထိုအခါ လှဖေက နာရီကို ကိုင်မြှောက်၍ ထိုကျောင်းသားအား. . .

"ဟေ့ကောင်မင်း. . . ငါ့ကို ခဲနဲ့ပစ်ရင်၊ မင်းနာရီကို ပေါက်ခွဲလိုက်မယ်"ဟု ပြောလိုက်ရာ ထိုကျောင်းသားလည်း လက်ထဲမှ အုတ်ခဲပိုင်းကြီးကို ချလိုက်လေတော့၏။ ထိုအခါ လှဖေက. . .





"ဟေ့ကောင်လာ ကျောင်းသွားမယ်"ဟုဆိုသဖြင့် ကျွန်ုပ်တို့ နှစ်ဦးသည် ကျောင်းဘက်ဆီသို့ ထွက်လာခဲ့ကြလေတော့၏။

ကျွန်ုပ်တို့သည် စာသင်ချိန် နှစ်ချိန်လွတ်၍သွား၏။ ကျွန်ုပ်တို့ ရောက်ပြီး များမကြာမီ၌ပင် ကျွန်ုပ်တို့အတန်းသို့ ဆရာပိုးဟပ်ဖြူ ရောက်လာလေတော့၏။ ပြီးလျှင်ကြိမ်လုံးဖြင့် သင်ပုန်းကို တဖြန်းဖြန်း ရိုက်လေတော့၏။ ထို့နောက် စာသင်လေတော့၏။

ကျွန်ုပ်သည် ဆရာသင်သည်ကို လိုက်၍ကြည့်၏။ ထို့နောက် သင်ပုန်းပေါ်မှစာကို ကူးလေ၏။ လှဖေသည် သင်ပုန်းပေါ်မှစာကို မကြည့်၊ နာရီကိုသာမကြာခဏ ကြည့်နေ၏။ ထိုသို့ကြည့်ပြီးနောက် လည်း အငြိမ်မနေ၊ သော့သီးကို ကလိပြန်၏။ ကလိပြီး ပြန်လျှင်လည်း အငြိမ်မနေ၊ ကွန်ပါစူးချွန်ဖြင့် နာရီကိုဖွင့်ရန် ကြိုးစားနေပြန်၏။

ထိုအခါ ၎င်း၏နောက်တွင် မည်သည့်အချိန်ကတည်းက ရောက်နေမှန်း မသိသော ဆရာပိုးဟပ်ဖြူသည် လှဖေ၏ ကျောကို ကြိမ်ဖြင့် 'ရွှမ်း' ခနဲ ရိုက်လိုက်လေ၏။ ထို့နောက် နာရီကို တွေ့မြင်သွားပြီးလျှင်. . .

"မင်းမှာ အရင်က နာရီမရှိပါဘူး၊ ဘယ်လိုကဘယ်လို နာရီရလာသလဲ"ဟု မေးလေ၏။ ထိုအခါ လှဖေက. . .

"ကျွန်တော့်ဦးလေး ထီပေါက်လို့ ဝယ်ပေးတာပါဆရာ"ဟု ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ပုလိပ်နှစ်ဦးသည် ကျွန်ုပ်တို့ကျောင်းဝင်း အတွင်းသို့ဝင်လာလေ၏။ ပုလိပ်နှစ်ဦးနှင့်အတူ မိန်းမကြီးတစ်ယောက် ကျွန်ုပ်တို့နှင့်အတူ ဂျင်ဂလိခေါက်ခဲ့သော ကျောင်းသားနှစ်ယောက်

လည်း လိုက်ပါလာကြလေ၏။ ထိုသူတို့သည် ကျောင်းအုပ်ဆရာကြီး ရုံးခန်းသို့ တန်းတန်းမတ်မတ်ကြီး သွားကြလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် လှဖေအား တံတောင်ဖြင့်တွက်ပြီး ထိုသူရှိရာသို့ ပြလိုက်လေ၏။ ထိုအခါ လှဖေက. . .

"တို့ဆီက နာရီကို ငွေရှစ်ကျပ်ပြန်မပေးရင် လုံးဝမပေးဘူး၊ ဘာပဲဖြစ်ဖြစ် သူတို့ကို နာရီပြန်မပေးခင် နာရီကိုဖွင့်ကြည့်ရမယ်ကွ၊ အရေးထဲ နာရီကလဲဖွင့်လို့ မရဘူး၊ မင်းနည်းနည်း ကြိုးစားကြည့် စမ်းပါကွာ"ဟု ကျွန်ုပ်အား ပြောလေ၏။

"ငါမလုပ်တတ်ဘူးကွ၊ မင်းဘာသာ မင်းလုပ်"ဟု ကျွန်ုပ်က ပြောရာ လှဖေသည် ကြိုးစား၍ ဖွင့်လေ၏။ ဆရာပိုးဟပ်ဖြူမှာမူ သင်္ချာများကို တစ်ပုဒ်ပြီး တစ်ပုဒ်တွက်ပြနေ၏။ ထိုစဉ် လှဖေသည်. . .

"ပွင့်ပြီဟေ့"ဟု ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ကျောင်းအုပ်ဆရာကြီးနှင့် ပုလိပ်နှစ်ဦးသည် အတန်းတွင်းသို့ ဝင်လာလေ၏။ မိန်းမကြီးနှင့် ကျောင်းသားနှစ်ဦးလည်း ပါလာလေ၏။ ပုလိပ်တစ်ဦးက ကျောင်းသားနှစ်ဦးအား. . .

"မင်းတို့မှတ်မိတယ်ဆိုတာ၊ ဘယ်မှာလဲပြလေ"ဟု ပြောလိုက်ရာ ကျွန်ုပ်နှင့် လှဖေအား ထိုကျောင်းသားနှစ်ဦးက ပြလိုက်လေ၏။ ထိုသို့ ပြလိုက်သည်နှင့် ပုလိပ်တစ်ဦးသည် လက်ထိပ်ကိုကိုင်ကာ ကျွန်ုပ်တို့နှစ်ဦးဆီသို့ လျှောက်လာလေ၏။ ထိုအခါ ကျွန်ုပ်တို့၏ ဆရာပိုးဟပ်ဖြူက ထိုပုလိပ်အား. . .

"ဟေ့လူ ရှေ့မတိုးနဲ့၊ ကျုပ်ကျောင်းသားတွေကို လက်ဖျားနဲ့တောင် မထိနဲ့၊ ဘာကိစ္စရှိသလဲ၊ ကျုပ်ကိုပြောပါဗျ"ဟု ပြောလိုက်ရာ ထိုပုလိပ်က. . .





"အဲဒီကျောင်းသားနှစ်ယောက်က ဟောဒီကျောင်းသားနှစ်ယောက်ကို ထိုးကြိတ်ပြီး နာရီကိုလုယက်သွားတယ်။ အဲဒါ လုယက်မှုပဲ"ဟု ပြောလိုက်လေ၏။

"လုယက်မှုမကလို့၊ လူသတ်မှုပဲဖြစ်ဖြစ် ကျုပ်ကိုပြောရမယ်၊ ကျုပ်ဟာဒီအတန်းရဲ့ အတန်းပိုင်ဆရာပဲ၊ ကျုပ်စာသင်နေတုန်း ကျုပ်အတန်းထဲက၊ ကျောင်းသားကို ကျုပ်ခွင့်ပြုချက်မရဘဲ ဖမ်းလား ဆီးလား လက်ထိပ်ခတ်လား လုပ်ခွင့်မရှိဘူး။ လိုအပ်ရင် ကျုပ်ကိုယ်တိုင် ဂါတ်ကိုလာပို့မယ်။ ကျုပ်ကျောင်းသားတွေ ထွက်မပြေးဖို့ ကျုပ်မှာ တာဝန်ရှိတယ်"ဟု ဆရာပိုးဟပ်ဖြူက ပြောလိုက်ရာ ပုလိပ်သည် လွန်စွာစိတ်ဆိုး၍ သွား၏။ ထို့ကြောင့် ထိုပုလိပ်က. . .

"ဒီမှာဆရာ၊ ကျွန်တော် တာဝန်ဝတ္တရားနဲ့ လာတာ၊ လုယက်မှုတရားခံ နှစ်ယောက်ကို ဖမ်းဆီးဖို့လာတာ၊ တရားခံဖမ်းရာမှာ တရားခံလွတ်မြောက် ထွက်ပြေးနိုင်အောင် ကူညီသည်ဖြစ်စေ၊ ဖမ်းဆီးမယ့်သူကို အဟန့်အတားလုပ်သည်ဖြစ်စေ၊ ဥပဒေအရ အရေးယူနိုင်တယ်ဆိုတာ ဆရာသိမှာပေါ့"ဟု ပြောလိုက်ရာ ကျွန်ုပ်တို့၏ ဆရာပိုးဟပ်ဖြူ မျက်နှာသည် ဖြူဖတ်ဖြူရောင် အရောင်မှ ဟင်္သာပြဒါးရောင်ကဲ့သို့ နီမြန်းသွားလေတော့၏။ ထို့နောက်. . .

"ကျုပ်ကျောင်းသားတွေကို ခင်ဗျားပုဒ်ထိုးတွေ၊ ပုဒ်မတွေနဲ့ ပုံကြီးချဲ့မနေနဲ့၊ ကျောင်းသားတွေဟာ ခင်ဗျားပြောသလို တရားခံတွေဟုတ်မှာ မဟုတ်ဘူး၊ ကျုပ်ကျောင်းသားတွေကို ကျုပ်မေးကြည့်မယ်"ဟုဆိုကာ ကျွန်ုပ်တို့ဘက်သို့ လှည့်ပြီးလျှင် ကျွန်ုပ်တို့အား. . .

"ကဲ. . ငါတပည့်တို့၊ သူတို့ပြောတဲ့အတိုင်း ဟုတ်တယ်ဆိုရင်တော့ မတတ်နိုင်ဘူး၊ အပြစ်ရှိတဲ့အတိုင်း ခံကြပေတော့၊ ဘယ်လိုဖြစ်တာလဲ မှန်မှန်ပြောကြ"ဟု မေးလိုက်ရာ လှဖေက. . .

"လုတာမဟုတ်ဘူးဆရာ၊ သူတို့က ပေါင်တာ၊ ပေါင်ပြီးကျွန်တော်တို့နဲ့ ဂျင်ဂလီကစားတာ၊ သူတို့ရှုံးလို့ ညစ်တာဆရာ၊ ကျွန်တော်ကတော့ ငွေရှစ်ကျပ်ရရင် အခုပြန်ပေးမယ်၊ ဒါတောင်အတိုးမယူဘူး၊ အရင်းအတိုင်း ပြန်ပေးတာ"ဟုပြောပြီးလျှင် နာရီပိုင်ရှင်ကျောင်းသားဘက်သို့ လှည့်ကာ. . .

"ဟေ့ကောင် မင်းက ဘာချောက်တွန်းတာလဲ"ဟု မေးလိုက်ရာပုလိပ်တို့နှင့် ပါလာသော မိန်းမကြီးက. . .

"နာရီကော ရှိသေးရဲ့လားရှင်၊ မေးပါဦး"ဟု ပုလိပ်များအားပြောလိုက်လေ၏။ ထိုအခါ ပုလိပ်က လှဖေအား. . .

"မင်းဆီမှာ အဲဒီနာရီ ရှိသေးလား"ဟု မေးရာ လှဖေက. .

"ရှိတာပေါ့ဗျ"ဟု ပြောလေ၏။ ထိုအခါ ပုလိပ်က. . .

"အဲဒါ သက်သေခံပစ္စည်းပဲ၊ သိမ်းရမယ်"ဟုဆိုကာ ရှေ့သို့တိုးသွားလေ၏။ သို့ရာတွင် ဆရာပိုးဟပ်ဖြူက ပုလိပ်၏ ဂုတ်အားဖမ်း၍ဆွဲထားပြီးလျှင် မျက်နှာကို လက်ဝါးဖြင့် 'ဖျန်း'ခနဲ ရိုက်လိုက်လေတော့၏။ ထိုအခါ လာ၍ဖမ်းသော ပုလိပ်က ကျွန်ုပ်တို့၏ဆရာပိုးဟပ်ဖြူအား တထောင့်ဖြင့်လှည့်၍ တွက်၏။ ထိုသို့ တွက်သည်ဆိုလျှင် လှဖေသည် ဝုန်းခနဲထကာ ခုံစောင်းများကို ခုန်၍ကျော်သွားပြီးလျှင် ပုလိပ်အား ကန်လေ၏။ ကျွန်ုပ်ကလည်း သံပေတံဖြင့်ပြေး၍ခုတ်၏။ ကျန်သောကျောင်းသားများမှာ မနေနိုင်တော့ဘဲ





ထိုပုလိပ်အား ဝိုင်း၍ကိုက်သူကိုက်၊ ရိုက်သူရိုက်ကြ၏။ ပုလိပ်ခမျာမှာမူ မသေမရှင်ဖြစ်နေသော ယင်ကောင်ကို ပုရွက်ဆိတ်များ ဝိုင်း၍ဆွဲသကဲ့သို့ ယက်ကန်ယက်ကန် ဖြစ်နေရှာတော့၏။

ထိုအခါ ကျောင်းအုပ်ဆရာကြီးသည် ကျွန်ုပ်တို့အား ကြိမ်လုံးဖြင့်ရိုက်၍ လူစုခွဲလေ၏။ ထိုသို့ လုံးလားထွေးလား ဖြစ်နေစဉ်၌ပင်လှဖေသည် ကျောင်းသားနှစ်ဦးကို ဝင်ထိုးပြီး နာရီကိုလည်း ပေါက်ခွဲပြီးသားဖြစ်နေလေတော့၏။ နာရီမှာ နဂိုကပင်ဖြုတ်ထားပြီး ဖြစ်ရာတစ်စစီဖြစ်သွားလေတော့၏။

ထို့နောက်တွင်ကား ကျွန်ုပ်နှင့် လှဖေအား လုယက်မှုဖြင့်ဖမ်းလိုက်ကြ၏။ ဆရာပိုးဟပ်ဖြူကိုမူ ဝတ္တရားနှောင့်ယှက်မှုဖြင့်တရားစွဲထား၏။ ဆရာပိုးဟပ်ဖြူကလည်း စာသင်နေစဉ် စာသင်ခန်းတွင်းသို့ ဝင်ရောက်နှောင့်ယှက်မှုဖြင့် တရားစွဲဆိုထား၏။

ကျောင်းအုပ်ဆရာကြီးသည် ဆရာပိုးဟပ်ဖြူအား အကြီးအကျယ် ဆူပူ၏။

"ကျုပ်တစ်ယောက်လုံး ပါလာတာပဲဗျာ၊ ဟိုကျောင်းသားနှစ်ယောက်ဟာ လုယက်မှုဖြစ်ကြောင်း ထင်ရှားနေတာပဲ၊ ပုလိပ်လက်သာအပ်ရမှာ၊ ခင်ဗျားက ဘာလို့ကာကွယ်နေရတာလဲ"ဟု ဆရာကြီးက ပြောရာ. . .

"အဲဒါဆရာကြီးမှားတာပေါ့၊ တကယ်ဆို ကျွန်တော့်ကိုဆရာကြီးရုံးခန်းကို ခေါ်ရမှာ၊ ကျွန်တော်က ကျောင်းသားနှစ်ယောက်ကို ခေါ်ပြီး ဆရာကြီးဆီလာပြီးမှ ကျွန်တော်ကိုယ်တိုင် ဂါတ်ကိုလိုက်ပို့ရမှာပေါ့၊ ခုတော့ ဆရာကြီးကိုယ်တိုင်က ပုလိပ်ကို စာသင်ခန်းထဲကို

ခေါ်လာပြီး တခြားကျောင်းသားတွေရှေ့မှာ ဒီကလေးနှစ်ယောက်ကို ဖမ်းလားဆီးလား လုပ်ခိုင်းတယ်၊ ဒါကို ကျွန်တော် ကြည့်မနေနိုင်ဘူး။ ကျွန်တော့်ကျောင်းသားတွေဟာ ပြုပြင်လို့ရတဲ့ အခြေအနေမှာရှိရင် ကျွန်တော်တို့က ပြုပြင်ပေးရမယ်၊ စာသင်ခန်းထဲကနေ ဒီကလေးတွေကို ပုလိပ်ကဖမ်းသွားရင် တခြားကျောင်းသားတွေက ဒီကလေးနှစ်ယောက်ကို လူဆိုးလေးတွေလို့ သတ်မှတ်သွားကြလိမ့်မယ်။ ကလေးတွေကိုယ်တိုင်ကလဲ သူတို့ကိုယ်သူတို့ လူဆိုးတွေလို့ ခံယူသွားကြလိမ့်မယ် အဲဒါကို ကျွန်တော် မခံနိုင်ဘူး။ ကျောင်းဆရာဟာ ကလေးတွေကို စာသင်ရုံနဲ့ တာဝန်မကျေဘူး၊ ကလေးတွေရဲ့စိတ်ဓာတ်ကို မြင့်မားအောင် လုပ်ပေးဖို့လဲ တာဝန်ရှိတယ်"ဟု ပြောလိုက်လေ၏။

ထို့နောက် ကျောင်းသားများသည် အမှုတွဲတွင် ပါသောကြောင့် ကျောင်းသားမိဘများပါ ပါလာ၏။ ထိုအခါ ပုလိပ်ဘက်မှ ရပ်ကွက်နှင့် ပြဿနာဖြစ်မည်ကို စိုးရိမ်လာလေ၏။ ထို့ကြောင့် ပုလိပ်ဘက်မှ အကြီးအကဲများ ကျောင်းသားမိဘများ ညှိနှိုင်းကာ အမှုကိုရုပ်သိမ်းလိုက်ကြလေ၏။

ဤသို့နှင့်ပင် စာမေးပွဲဖြေသောအချိန်သို့ ရောက်လာ၏။ ကျွန်ုပ်တို့ကလည်း စာမေးပွဲဖြေဆိုကြ၏။ ကျွန်ုပ်တို့အားလုံး စာမေးပွဲအောင်ကြ၏။ မော်နီတာလုပ်သော တင်ရှိန်လံဘားကြီးသာ စာမေးပွဲကျ၍ ကျန်ခဲ့လေ၏။

ခုနစ်တန်းရောက်သောနှစ်တွင် လှဖေ၏ အိတ်ထဲ၌ ဆေးပေါ့လိပ်နှင့် မီးခြစ်များ ပါလာလေတော့၏။ ထို့နောက် လှဖေသည် ကျွန်ုပ်အား ကန်တော်ကြီးသို့ ခေါ်သွားကာ ဆေးလိပ်သောက်ပြလေ





၏။ ကျွန်ုပ်ကိုလည်း ဆေးလိပ်တစ်လိပ် ပေး၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဆေးလိပ်ကို မဖွာတတ် ဖွာတတ်နှင့် ဖွာလေ၏။ ဤသို့လျှင် ရက်အတန်ကြာ ဆေးလိပ်သောက်ကျင့်ခဲ့ရာ ဆေးလိပ်စွဲလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"ဟေ့ကောင် လှဖေ ဆေးလိပ်ပေးပါဦး"ဟု တောင်းရာ လှဖေက. . .

"မပါဘူးကွ၊ မင်းမှာ ပိုက်ဆံပါရင် ဝယ်လိုက်"ဟု ပြောရာ ကျွန်ုပ်လည်း ဝယ်ရလေ၏။ ကျွန်ုပ်တို့၏ ကျောင်းမုန့်ဖိုးသည် မုန့်စားရသည် မရှိ ဆေးလိပ်ဖိုးနှင့်သာ ကုန်ကြရလေ၏။

တစ်နေ့တွင် ကျွန်ုပ်နှင့် လှဖေသည် ဆေးလိပ် တစ်ယောက်တစ်လိပ်စီ ဖွာကာ စကားတပြောပြောနှင့် လျှောက်လာ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်တို့အနီးမှ ဖြတ်၍ ဘတ်စ်ကားတစ်စီး ဖြတ်၍သွား၏။ တအောင့်မျှကြာသောအခါ ကျွန်ုပ်တို့၏ ဇက်ပိုးကို တစ်စုံတစ်ယောက်က နောက်မှ အုပ်လိုက်ရာ ပါးစပ်ထဲမှ ဆေးလိပ်များပင် လွင့်ကျသွား၏။ ကျွန်ုပ်နှင့် လှဖေသည် အလန့်တကြားဖြင့် ထိုသူကို ငဲ့ကြည့်လိုက်ရာ ကျွန်ုပ်တို့၏ဆရာ ပိုးဟပ်ဖြူ ဖြစ်နေ၏။

"ခွေးမျိုးတွေ၊ မင်းတို့တွေ ဆေးလိပ်သောက်တာတွေ့တာနဲ့ ရှေ့မှာဆင်းပြီး စောင့်နေတာ၊ မကောင်းတဲ့အတတ်ကို တစ်ခုပြီးတစ်ခု တတ်တဲ့ကောင်တွေ"ဟု ဆိုကာ လမ်းလယ်ကောင်တွင် ပယ်ပယ်နယ်နယ် ရိုက်လေတော့၏။ ထိုသို့ ရိုက်ပြီးနောက်. . .

"နောက်ဆေးလိပ်သောက်တာတွေ့ရင် သတ်ပစ်မယ်"ဟု ကြိမ်းလေ၏။

ကျွန်ုပ်တို့လည်း ထိုနေ့မှစ၍ ဆေးလိပ်ကို ရဲရဲတင်းတင်း မသောက်ရဲ ဆရာပိုးဟပ်ဖြူ မည်သည့်အရပ်မှ ပေါ်လာမည်နည်းဟု တွေးရင်း မရဲတရဲ သောက်ရလေတော့၏။

တစ်နေ့တွင်လည်း ခုနစ်တန်း ခြောက်လပတ်စာမေးပွဲတွင် လှဖေကော ကျွန်ုပ်ပါ သင်္ချာတွင် အမှတ်လေးဆယ်ရ၍ အောင်ရုံသာ အောင်လေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် အောင်ပြီဆိုရုံနှင့်ပင် ကျေနပ်ကြလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် လှဖေမှာ စကား တပြောပြောနှင့် လမ်းလျှောက်လာရာ ဆရာပိုးဟပ်ဖြူနှင့် လမ်းတွင် ပက်ပင်းသွား၍ တိုးလေတော့၏။ ထိုအခါ ဆရာပိုးဟပ်ဖြူက. . .

“အတော်ပဲ၊ အတော်ပဲ၊ မင်းတို့နှစ်ကောင်နဲ့ တွေ့ချင်နေတာ၊ ခြောက်လပတ်စာမေးပွဲမှာ ဂဏန်းသင်္ချာမှာ အမှတ်လေးဆယ်ပဲ ရတယ်ဆို၊ မင်းတို့မေးခွန်းတွေကို ငါဖတ်ကြည့်ပြီးပြီ။ ဒါတွေကို ငါသင်ပေးပြီးသား၊ မဖြေနိုင်စရာ ဘာမှ မရှိဘူး၊ ငါ့အတန်းက တက်သွားတဲ့ ကောင်တွေအားလုံး အမှတ်ခုနစ်ဆယ် အနည်းဆုံး ရှိတယ်။ မင်းတို့နှစ်ယောက်တည်း လေးဆယ်ရတဲ့လူ ရှိတယ်။ ကဲ ညံ့ဦးကွာ၊ ညံ့ဦးကွာ”ဟု ဆိုကာ ကျွန်ုပ်နှင့် လှဖေ နှစ်ယောက်စလုံး ကို လမ်းလယ်ကောင်တွင် ရိုက်ပြန်လေ၏။

ထို့နောက် ဆရာပိုးဟပ်ဖြူက. . .

“အတန်းတင်စာမေးပွဲမှာ ဂဏန်းသင်္ချာများ ကျတယ်ဆိုလို့ ကတော့ မင်းတို့အသက် ဖက်နဲ့ထုပ်ထား”ဟု ကြိမ်းသွားသေး၏။ ထို့ကြောင့် လှဖေကော ကျွန်ုပ်ပါ ဂဏန်းသင်္ချာကို ကြိုးစားကြလေ ၏။ လှဖေကမူ. . .





“အောင်ထွန်းရေ စာမေးပွဲမအောင်လို့ အတန်းမတက်ရရင် အကြောင်းမဟုတ်ဘူးကွ၊ ဂဏန်းသင်္ချာကျရင် နာလိမ့်မယ်။ ကြိုးစား ထားကွ”ဟု ပြောလေ့ရှိ၏။

ကျွန်ုပ်တို့ထက် အတန်းကြီးသော ကျောင်းသားကြီးများအား ဆရာပိုးဟပ်ဖြူအကြောင်း မေးကြည့်ရာ ဆယ်တန်းကျောင်းသားကြီး တစ်ဦးက. . .

“ဟာ. . . ဆရာ ပိုးဟပ်ဖြူလား၊ မလွယ်ဘူးကွ၊ ငါတို့လဲ အခုထက်ထိ အရိုက်ခံနေရတုန်းပဲ”ဟု ပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် ဆယ်တန်းသို့ ရောက်လာခဲ့ ကြ၏။ ကျွန်ုပ်သည် ဆယ်တန်းဖြေပြီးသည်နှင့် တစ်ပြိုင်နက် တပ်ထဲသို့ ဝင်သွား၏။ လှဖေကြီးကမူ ပုလိပ်ထဲသို့ ဝင်သွားလေ၏။

နှစ်အတန်ကြာသောအခါ၌ ကျွန်ုပ်သည် စစ်တပ်မှ ထွက်ခဲ့ ရ၏။ လှဖေကြီးမှာမူ ပုလိပ်ထဲတွင် မြဲနေ၏။

လှဖေကြီးသည် အလုပ်တစ်ဘက်နှင့် ကျောင်းတက်၏။ ကျွန်ုပ်မှာမူကား စာသင်ကျောင်းနှင့် သေခန်းပြတ်သွားလေတော့၏။ ဈေးရောင်းသည့်အခါတွင် ရောင်းနေရ၏။ အလုပ်ကြမ်းလုပ်သည့် အခါတွင် လုပ်နေရ၏။

တစ်နေ့တွင် ကျွန်ုပ်သည် ဒူးရင်းသီးရောင်းရန်အတွက် ဒူးရင်းသီး ပွဲရုံသို့ သွား၏။ ထိုသို့သွားရာတွင် ထမင်းလခကြွေးများ၊ အိမ်ခန်းခ ကြွေးများနှင့် ငွေတိုးချေးထားသော အတိုးများကို စဉ်းစားရင်း ဆေးလိပ်တိုကလေးကို ပါးစောင်တွင်ခဲရင်း ရွှေတောင်တန်းလမ်း အတိုင်း လျှောက်၍သွားရာ ဆရာပိုးဟပ်ဖြူနှင့် ပက်ပင်းတိုး

လေတော့၏။ ဆရာသည် ကျွန်ုပ်၏ ပါးစောင်ထဲမှ ဆေးလိပ်တိုကို ခတ်ခနဲ ဆွဲယူ၍ လွှင့်ပစ်လိုက်၏။ ၎င်းနောက်မှ. . .'

"မင်းဘာလုပ်နေလဲ"ဟု မေးလေ၏။

"ကျွန်တော်ပွဲရုံက ဒူးရင်းသီးတစ်ခြင်းကို ဆယ့်ရှစ်ကျပ်နဲ့ ယူပြီး၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ လက်လီပြန်ရောင်းနေတယ် ဆရာ"ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆရာပိုးဟပ်ဖြူက. . .

"ဘယ်လောက်မြတ်သလဲကွာ"ဟု မေးလေ၏။

"တစ်ခါတစ်လေ ဆယ့်ငါးကျပ်လောက် မြတ်တယ်၊ တစ်ခါ တစ်လေ နှစ်ဆယ်လောက်မြတ်တယ်ဆရာ၊ အမှန်မရှိဘူးဆရာ"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ဆရာကြီးပိုးဟပ်ဖြူက. . .

"ကောင်းပြီ၊ ဆယ့်ရှစ်ကျပ်နဲ့ဝယ်တဲ့ ဒူးရင်းသီးတစ်ခြင်းက နှစ်ဆယ်မြတ်တယ်ပဲ ထားပါတော့ကွာ၊ တစ်လုံးကိုငါးကျပ်ရတဲ့ အလုံးက သုံးလုံးပါတယ်၊ ကိုးကျပ်ရတဲ့ အလုံးက နှစ်လုံးပါတယ်။ မရောင်းရသေးတာ နှစ်လုံးကျန်တယ်၊ အဲဒါ တစ်လုံးကို ဘယ်လောက် နဲ့ ရောင်းရင် ဘယ်နှစ်ဆယ် မြတ်မလဲကွာ"ဟု မေးလေ၏။

ကျွန်ုပ်မှာ အလွန်ဦးနှောက်ခြောက်သွား၏။ ကြွေးစာရင်းများ တွက်၍မှ မဆုံးမီ မမျှော်လင့်ဘဲ ဆရာပိုးဟပ်ဖြူနှင့် တွေ့ရ၏။ ပါးစပ်ထဲမှ၊ ဆေးလိပ်ကို ဆွဲ၍ လွှတ်ပစ်ခံရ၏။ ထို့နောက် သင်္ချာပုစ္ဆာအမေးခံရပြန်၏။ ကျွန်ုပ်သည် စိတ်တွက်နှင့် တွက်နေ သော်လည်း မရပေ။ ပိုးဟပ်ဖြူက ခေါင်းကို လှုပ်၍ ခေါက်၏။

"ခွေးကောင် ဒါလေးတောင် မတွက်တတ်ဘူးလား၊ မင်းတို့ကို သင်္ချာတော်အောင် သင်ပေးတာတွေ သဲထဲရေသွန် ဖြစ်သွားပြီ"ဟု





ဆရာပိုးဟပ်ဖြူက ပြောရင်း ခေါက်ပြန်၏။ ထို့နောက် ဆရာပိုးဟပ်ဖြူ ကပင်. . .

"မင်းဟာမင်း ဒူးရင်းသီးပဲ ရောင်းရောင်း၊ ငှက်ပျောသီးပဲ ရောင်းရောင်း၊ အတွက်အချက်နိုင်ရမယ်ကွ၊ ငါက ဒီလောက် လေ့ကျင့်ပေးထားပါလျက် မင်းက ဒီလောက်ညံ့ရလား၊ ဒါလေးဟာ စိတ်တွက်နဲ့ကို တွက်နိုင်ရမယ်၊ ဆယ်တန်းလေးဘာလေး ဖြေပါဦးလား၊ သံချေးတက်ခံရလား"ဟု ပြောကာ တစ်ချက် ခေါက်ပြန်၏။ ထို့နောက် ဆရာပိုးဟပ်ဖြူ ထွက်သွား၏။

ကျွန်ုပ်သည် ဒူးရင်းသီးရောင်း၍ ထိုနေ့အဖို့ မြတ်မည် မမြတ်မည် မသိပါ၊ ခေါင်း၌မူ လေးချက် အမြတ်ရခဲ့ပြီ ဖြစ်၏။

ထို့နောက်တွင်ကား ဆရာပိုးဟပ်ဖြူနှင့် မတွေ့တော့ပါ။ ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ဘဝအမျိုးမျိုးကို ကျင်လည်ခဲ့ရ၏။ နောက်ဆုံးတွင် စာရေးဆရာ ဖြစ်လာ၏။ တစ်နေ့တွင် ကျွန်ုပ်၏ အိမ်ရှေ့၌ ရဲကားတစ်စီးလာ၍ ရပ်လေ၏။ ရဲကားပေါ်မှ ဗိုက်ရွဲ၍ ရဲအရာရှိတစ်ဦး ဆင်းလာ၏။ ထို့နောက် ကျွန်ုပ်၏ အိမ်ပေါ်သို့ တက်လာ၏။ ကျွန်ုပ်မှာ မျက်စိမှုန်နေပြီ ဖြစ်၏။ ထို့ကြောင့် မည်သူမည်ဝါဟု မသိပါ။ ထိုအချိန်၌မှာပင် ထိုရဲအရာရှိက. . .

"ဟေ့ကောင် အောင်ထွန်း"ဟု ခေါ်လိုက်သဖြင့် ကျွန်ုပ် ကောင်းစွာ မှတ်မိသွား၏။

"ဟေ့ လှဖေ"ဟု ကျွန်ုပ်က ပြန်၍ ခေါ်လိုက်၏။

"ငါက မင်းကို မသိပါဘူးကွာ၊ ငါ့တပည့်တွေက မင်းရေးတဲ့ ဆားပုလင်းနှင်းမောင်ကို ဖတ်ပြီး သဘောကျနေကြတယ်၊ နောက်တော့

မှ ငါ့တပည့်တစ်ယောက်က စာအုပ်ကြော်ငြာက မင်းပုံယူလာပြမှ မင်းမှန်း သိရတာကွ၊ ငါလဲ အခုနယ်က ပြောင်းလာပြီး တစ်သက်လုံး စုဆောင်းထားတဲ့ ငွေကလေးနဲ့ အခန်းလေးတစ်ခန်း ဝယ်မလို့ဟာ အခန်းရှင်က သူရောင်းချင်တာ နှစ်ခန်းတဲ့ နှစ်ခန်းစလုံးယူမှ ရောင်းမယ်တဲ့၊ ငါကလဲ နှစ်ခန်းဖိုး မတတ်နိုင်ဘူးကွ၊ အဲဒါနဲ့ ငါကလဲ စိတ်ပျက်ပျက်နဲ့ ထွက်လာတာ”ဟု လှဖေက ပြောလေ၏။

“ပိုက်ဆံလိုရင် ဈေးထိပ်မှာ ဂျင်ဂလိ ခေါက်ရအောင်ကွာ” ဟု ကျွန်ုပ်က ပြောလိုက်ရာ လှဖေကြီးက လက်ခုပ်လက်ဝါးတီး၍ ရယ်ပြီးလျှင်. . .

“ပြောရဦးမယ်ဟေ့၊ အဲဒီကောင်နဲ့ ငါနဲ့ ပြန်တွေ့သေးတယ်ကွ၊ ဒီကောင်အခု နာမည်ကြီး လူလိမ်ပေါ့ကွာ၊ ဖိုးတွမ်တီး အမှုနဲ့ ငါ့တပည့်တွေ ဖမ်းလာဖို့ ငါနဲ့ ပြန်တွေ့ရသေးတယ်ကွ” ဟု ပြောလေ၏။

“ဒါနဲ့ မင်းက အငြိုးနဲ့ ကျောင်းတော်က ရန်စကို သတိရပြီး နားသယ်ကို နှစ်ချက်လောက် ရိုက်လိုက်သေးတယ်ပေါ့” ဟု ကျွန်ုပ်က ပြောလိုက်ရာ လှဖေက. . .

“ဒီလို လုပ်လို့ ရမလားကွာ၊ ငါ့ကိုနိုင်ငံတော်က ယုံကြည်လို့ ခန့် အပ်ထားတဲ့ ရဲအရာရှိကွ၊ အငြိုးအမှတ်နဲ့ရိုက်လား၊ နှက်လား လုပ်လို့မရဘူး၊ အပြစ်မရှိရင် ပြန်လွှတ်မယ်၊ အပြစ်ရှိရင် ရုံးကိုပို့မယ်။ အပြစ်ရှိတယ်မရှိဘူးဆိုတာလဲ ငါ့အနေနဲ့ ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး။ ရုံးတော်ကဆုံးဖြတ်လိမ့်မယ်။ ဒါပေမယ့်ကွာ ဒီကောင်ကငါ့ကို မချေမငံပြောတာနဲ့ တစ်ချက်လောက်တော့ တွယ်လိုက်သေးတယ်ကွ၊





အဲဒါကတော့ ရဲအရာရှိအနေနဲ့ တွယ်တာမဟုတ်ဘူး၊ လှဖေအနေနဲ့ မခံချင်လို့ တွယ်တာဟေ့၊ ဒီလိုအခြောင်ကြောင်လုပ်လို့ကတော့ လူမရွေး နေရာမရွေးတွယ်ရမှာပဲ”ဟု ပြောလေ၏။ ထို့နောက် လှဖေကြီးသည် ကျွန်ုပ်အား ထမင်းကျွေးရန် ခေါ်သွားလေ၏။ ထမင်းစားရင်း ကျွန်ုပ်က ‘ငါလဲအခန်းရှာနေတာ’ဟု ပြောလိုက်ရာ လှဖေက ‘ဒါဖြင့် ငါယူမယ့်အခန်းဘေးက တစ်ခန်းကို မင်းယူကွာ၊ ငါနဲ့မင်းနဲ့ နီးနီးနားနား နေရတာပေါ့’ဟု ပြောလေ၏။ ထမင်းစားပြီးသောအခါ၌ ကျွန်ုပ်လည်း လှဖေနှင့်အတူ အခန်းကိုလိုက်ကြည့်၏။

မျက်နှာချင်းဆိုင် အိမ်တန်းမရှိခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ မြို့လယ်ကောင်ဖြစ်ခြင်းတို့ကြောင့် ကျွန်ုပ်ထိုအခန်းကို ကြိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

“ငါယူမယ်ကွာ”ဟု ပြောဆိုလိုက်ရာ လှဖေကအိမ်ရှင်အား ငွေလာချေမည့်ရက်ကို ချိန်းဆိုလေ၏။ အိမ်ရှင်မှာ လွန်စွာသဘောကောင်း၏။

“လာခဲ့ပါ၊ ဆရာတို့လာခဲ့ပါ၊ ကျွန်တော်စောင့်နေပါ့မယ်”ဟု အိမ်ရှင်က ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်နှင့် လှဖေသည် ချိန်းဆိုထားသောနေ့၌ ငွေထုပ်များပိုက်ကာ အိမ်ရှင်ထံသို့ သွားလေ၏။ အိမ်ရှင်သည် ကျွန်ုပ်တို့နှစ်ဦးအား ချက်နို့ဆီဖြင့်ဖျော်သော လက်ဖက်ရည်ဖြင့် ဧည့်ခံထား၏။ ကျွန်ုပ်က. . .

“ကျွန်တော်လက်ဖက်ရည် မကြိုက်ဘူး၊ ဟော့ဒီကောင်ကြီးက လက်ဖက်ရည် သိပ်ကြိုက်တာ၊ သူနှစ်ခွက် သောက်လိမ့်မယ်”ဟု

ပြောဆိုကာ လက်ဖက်ရည်ခွက်ကို လှဖေဘက်သို့ ထိုးပေးလိုက်လေ၏။ လှဖေသည် စာချုပ်များကိုထုတ်၍ ငွေများကိုရေလေ၏။ ထိုအခါ အိမ်ရှင်က. . .

"သက်သေအဖြစ် လက်မှတ်ထိုးဖို့ အပိုင်ကောင်စီကို ခေါ်ထားပါတယ်၊ ဟော ပြောရင်းဆိုရင်းလာပြီ"ဟု ဆိုသဖြင့် ကျွန်ုပ်ကော လှဖေပါ အပိုင်ကောင်စီအား လှမ်း၍ ကြည့်လိုက်လေ၏။

ကျွန်ုပ်တို့နှစ်ဦး အစဉ်ထာဝရ နေမည်ဖြစ်၍ အပိုင်ကောင်စီအား ရင်းနှီးရန်လို၏။ ထို့ကြောင့် ကျွန်ုပ်တို့က. . .

"ကြွပါခင်ဗျား၊ ကြွပါ"ဟု ပြောလိုက်ရာ အပိုင်ကောင်စီလည်း ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်၍ထိုင်လေ၏။ ကျွန်ုပ်ကော လှဖေပါ ထိုအပိုင်ကောင်စီ၏ မျက်နှာကို မြင်သောအခါ. . .

'ဟိုက်' ဟူ၍ ပြိုင်တူယောင်၍ အော်လိုက်ကြ၏။ ထို့နောက် လှဖေက ထိုသူ၏ မျက်နှာကို သေသေချာချာကြည့်ကာ. . .

"မော်နီတာ" ဟု ခေါ်လိုက်လေ၏။

မှန်ပေသည်။ ထိုအပိုင်ကောင်စီသည် ကျွန်ုပ်တို့ကျောင်းနေစဉ်က စားလည်းလွန်စွာညံ့၍ လွန်စွာမှလည်း ရိုးသားနုံအလှသော တင်ရှိန်လံဘားကြီး ဖြစ်နေလေတော့၏။ ထိုအခါ မော်နီတာတင်ရှိန်လံဘားလည်း ကျွန်ုပ်တို့ကို ကောင်းစွာ မှတ်မိသွားပြီး. . .

"ဘယ်သူတွေများလဲမှတ်တယ်၊ လက်စသတ်တော့ မင်းတို့နှစ်ကောင်ကိုး ကောင်းပါတယ်ကွာ၊ ငါ့အပိုင်ထဲ မင်းတို့ရောက်လာတာ တခြားအပိုင်ထဲ မင်းတို့နှစ်ယောက်တွဲရင် ပြဿနာတက်မှာ" ဟု ပြောလေ၏။ ထိုအခါ လှဖေကြီးက. . .





"ကျွန်တော်တို့နှစ်ယောက်ကို စောင့်ရှောက်ပါ မော်နီတာကြီးရယ်"ဟု ခပ်ငေါ့ငေါ့ပြန်၍ ပြောလေ၏။ သို့ရာတွင် မော်နီတာကြီးမှာ ငေါ့မှန်းမသိဘဲ. . .

"စောင့်ရှောက်ရမှာပေါ့ကွာ၊ မင်းတို့နှစ်ကောင်ကို ငါကျောင်းကတည်းက အုပ်ချုပ်ခဲ့တာပဲ" ဟု ပြောလေ၏။ ထို့နောက် မော်နီတာကြီးသည် စာချုပ်တွင် သက်သေအဖြစ် လက်မှတ်ထိုး၍ ပြန်သွားလေ၏။ ထိုအခါ လှဖေကြီး. . .

"အစက ငါ ဒီကောင်ကြီးနဲ့ နီးမှန်းသိရင် ဒီအခန်းကို မငှားပါဘူးကွာ၊ ဒီကောင်ကြီး အခုထက်ထိ ဘာမှ မပြောင်းလဲသေးဘူးကွ၊ ကျောင်းတုန်းကအတိုင်းပဲ၊ နုံလိုက်အလိုက်တာလဲ လွန်ပါရောကွာ" ဟုဆိုကာ သူ၏အိတ်တွင်းမှ ဒူးယားဘူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို မီးညှိပြီး ဘူးကို ကျွန်ုပ်ဘက်သို့တွန်း၍ ပေးလိုက်၏။ ထိုအခါ ကျွန်ုပ်က ဒူးယားဘူးကိုပြန်၍ပေးရင်း ကျွန်ုပ်၏ အိတ်အတွင်းမှ ငါးသုံးလုံးဘူးကို ထုတ်၍ တစ်လိပ်ကို မီးညှိလေ၏။ ထိုအခါ လှဖေကြီးက. . .

"လုပ်ပေါ့ကွာ၊ တို့က လခစားဆိုတော့ တိုင်းပြီးသုံးရတာ" ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် စီးကရက်တစ်လိပ်ကို ဖွာ၍ ရောက်တတ်ရာရာများ ပြောနေကြစဉ် တစ်စုံတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၏။

ထိုသူဝင်လာသည်နှင့် တစ်ပြိုင်နက် လှဖေသည် ပါးစပ်မှ စီးကရက်ကို ဖြုတ်၍ နောက်သို့ဝှက်လိုက်လေ၏။ ကျွန်ုပ်သည် ကြောင်၍နေစဉ် ထိုသူသည် ကျွန်ုပ်ပါးစပ်တွင်းမှ ဆေးလိပ်ကိုယူ၍

ဝရံတာပေါ်မှ ကျော်၍ ပစ်လိုက်လေတော့၏။ ထိုအခါကျမှပင် ကျွန်ုပ်က. . .

"ဆရာ" ဟု ခေါ်လိုက်မိလေ၏။

ဆရာ ဝိုးဟပ်ဖြူသည် ကျွန်ုပ်တို့နှစ်ဦးကိုတွေ့၍ ဝမ်းသာနေ၏။

"မင်းတို့နှစ်ကောင် ဒီကိုရောက်နေတယ်လို့ အခုပဲ တင်ရှိန်က ပြောလို့ ငါတက်လာတာကွ"ဟု ဆရာဝိုးဟပ်ဖြူက ပြောလေ၏။ ထိုအခါ လှဖေက. . .

"ဆရာက ဘယ်မှာနေလို့လဲ"ဟု မေးလိုက်လေ၏။

"နေတာကတော့ သယ်န်းကျွန်းမှာကွ၊ ပင်စင်လခနဲ့ မလောက်တာနဲ့ မင်းတို့အိမ်ရှေ့က ပလက်ဖောင်းမှာ စာအုပ်ဟောင်းလေးတွေလာပြီး ရောင်းနေရတာ"ဟု ဆရာဝိုးဟပ်ဖြူက ပြောလေ၏။ လှဖေကြီးသည် မယောင်မလည်နှင့် ဝရံတာအနီးသို့ ထသွားကာ သူ၏လက်အတွင်းမှ စီးကရက်ကို လွှတ်ပစ်လိုက်၏။ ထိုသို့လွှတ်ပစ်လိုက်သည်ကို ဆရာဝိုးဟပ်ဖြူက လှမ်း၍မြင်လိုက်၏။ ထို့ကြောင့် ပြုံးလိုက်၏။

"ကဲကဲ. . တပည့်တို့ ထိုင်ကြ၊ မင်းတို့တွေလဲ လူကြီးတွေဖြစ်နေကြပြီပဲကွာ၊ အရက်လဲသောက်ချင် သောက်ကြပေမပေါ့။ ဆေးလိပ်လဲသောက်ချင်သောက်ပေမပေါ့။ ဒါကိုဆရာသိပါတယ်၊ ဒါပေမယ့် ကျောင်းတုန်းက ဆေးလိပ်သောက်တာ မကောင်းဘူးလို့ တားမြစ်ခဲ့တဲ့ တားမြစ်ချက်ဟာ ကျောင်းအပြင်ကို ရောက်လို့ ကိုယ့်တပည့်က ကိုယ့်ရှေ့မှာ ဆေးလိပ်သောက်တာကို အရေးမယူခဲ့ရင် ကျောင်းတုန်းက ပြောခဲ့တဲ့စကားဟာ အလကားဖြစ်သွားမယ်။ ကျောင်းမှာတုန်းက





ဆေးလိပ်မသောက်နဲ့လို့ ပြောတာ၊ ငါကကျောင်းဆရာ ဖြစ်နေလို့ ပြောရတာပါ၊ ပြောချင်လို့ ပြောတာမဟုတ်ဘူး၊ တာဝန်ရှိလို့သာ ပြောတဲ့သဘောလို့ အဓိပ္ပာယ် ရသွားလိမ့်မယ်။

အဲ့ဒီတုန်းက မင်းတို့ကို ဆေးလိပ် မသောက်စေချင်တာဟာ တာဝန်အရ ဆေးလိပ်မသောက်စေချင်တဲ့ သဘောမဟုတ်ဘူး၊ အဲဒီတုန်းက မင်းတို့ကို စာတော်စေချင်တာဟာလဲ ငါကကျောင်းဆရာ ဖြစ်နေလို့ တော်စေချင်တာမဟုတ်ဘူး၊ ငါ့ရဲ့ရင်ထဲအသည်းထဲကကိုက တော်စေချင်တာ၊ ငါမှန်းလဲသိရော လှဖေကြီးက သူသောက်တဲ့ စီးကရက်ကို နောက်ကိုဆတ်ခနဲ ဝှက်လိုက်တယ်။ အဲ့ဒါ ငါ့ကို လေးစားတယ်လို့ ပြောလိုက်တာပဲ။

"ငါ့ကို အခုထိကြောက်နေသေးတယ်လို့ ပြလိုက်တာဟာ ငါ့ကိုအခုထိ ချစ်နေသေးတယ်လို့ ပြောလိုက်တာပဲ၊ ငါသိပ်ပြီး ပီတိဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါကလဲ ငါ့ရဲ့ ကျောင်းသားတွေကို အခုထက်ထိ ချစ်နေလို့ပဲ၊ အခုထက်ထိ တော်စေချင် တတ်စေချင်တုန်းပဲ။ မင်းတို့တွေက ငါ့ကိုချစ်တဲ့ ကြောက်တဲ့၊ ရှိသေတဲ့ အမူအရာတွေကိုပြတာ မြင်ရတာဟာ ငါ့အနေနဲ့ ရှင်းမပြနိုင်တဲ့ ဝမ်းမြောက်မှုကိုရရှိပါတယ်။ ငါ့တပည့်ကြီးများ ကျန်းမာချမ်းသာပြီး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုတဲ့ စကားအတိုင်း ခုထက်ပိုပြီး တိုင်းကျိုးပြည်ကျိုး၊ လူမျိုးဘာသာအကျိုး ဆောင်ရွက်နိုင်ပါစေကွာ၊ ငါဝမ်းသာတယ်၊ ကဲ ငါသွားမယ်ကွာ"ဟု ဆိုကာ ထိုင်ရာမှထလေ၏။ ထိုအခါကျွန်ုပ်က. . .

"ဆရာ ရောင်းလို့ ဝယ်လို့ကောင်းရဲ့လား"ဟု မေးလိုက်ရာ ဆရာ ပိုးဟပ်ဖြူက. . .

"ကောင်းတော့ကောင်းပါတယ်ကွာ၊ ဒါပေမယ့် ပြီးခဲ့တဲ့ အပတ်ကတော့ ဂျွန်သိမ်းသွားလို့ ငါ့စာအုပ်တွေပါသွားလေရဲ့၊ သူတို့က မလွှန်ပါဘူးကွာ၊ ဒီလိုမလုပ်ရင်လဲ ပလက်ဖောင်းပေါ်မှာ လူလျှောက်လို့တောင် ရမှာမဟုတ်တော့ဘူး၊ တို့တွေကလဲ တို့တွေပဲဟေ့၊ ပြီးတော့ အခုငါတို့ ဈေးရောင်းတဲ့နေရာက မော်နီတာ တင်ရှိန်ရဲ့အပိုင်လေကွာ၊ သူ့စကားလဲ နားထောင်ရတယ်ကွ။ သူက မထွက်ပါနဲ့ဆရာရယ် ဆိုရင်လဲ မထွက်ဘဲ နေရတယ်ကွ၊ သူက ဘာမှမပြောရင်လဲ တို့က ထွက်ပြန်ရောဟေ့၊ သူ့လဲ အပြစ်တင်လို့ မဖြစ်ပေဘူးကွ။ ဒီကောင်က ကျောင်းကတည်းက မင်းတို့လို မဟုတ်ဘူးကွ စည်းကမ်းရှိတဲ့ ကျောင်းသား၊ အခုလဲ စည်းကမ်း အတိုင်းပဲဟေ့၊ စည်းကမ်းကို နည်းနည်းမှအထိမခံဘူး၊ ဒါလဲကောင်းတဲ့ အမူအကျင့် တစ်ခု မဟုတ်ပါလားကွာ၊ ကဲ စာအုပ်တွေ ဂျွန်မ, သွားဦးမယ်"ဟု ဆိုကာ ကုန်းကုန်း ကုန်းကုန်းနှင့် ဆင်းသွားလေတော့၏။

ထိုအခါကျမှပင် ကျွန်ုပ်ကောလှဖေပါ စီးကရက်တစ်လိပ်စီကို ထုတ်၍မီးညှိကြလေတော့၏။

ပိုးဟပ်သည် ဗလက်တီးဒီးမျိုးရင်းတွင်ပါ၍ ဩသော်ပတာရား မျိုးစဉ်တွင် ပါသည်ဟု ပိုးမွှားနှင့်ပတ်သက်သော ပညာရှင်တစ်ဦးက ထုတ်ဖော်ပြောဆို၏။ ကျွန်ုပ်သည် ဗလက်တီးဒီးဆိုသည်ကိုလည်း ကောင်း၊ ဩသော်ပတာရာဆိုသည်ကိုလည်းကောင်း မသိပါ။ ထို့အတူ





မကြာခဏ တွေ့မြင်ဖူးသော ပိုးဟပ်အကြောင်းကိုလည်း ဂဃနဏ မသိပါ။ ပိုးဟပ်အကြောင်းသိမှ လူရာဝင်မည်ဆိုလျှင် ကျွန်ုပ်သည် ဤတစ်သက်၌ လူရာဝင်မည့် စာရင်း၌ ပါမည်မဟုတ်တော့ပေ။

ပိုးဟပ်အကြောင်းသိမှ ပညာရှိဖြစ်မည်ဆိုလျှင်လည်း ကျွန်ုပ်သည် နလပိန်းတုံးစာရင်းမှ တက်လိမ့်မည်မဟုတ်။

ပိုးဟပ်အကြောင်း သိမှအလုပ်ရမည်ဟုဆိုလျှင်လည်း ကျွန်ုပ်သည် အလုပ်လက်မဲ့တစ်ဦး ဖြစ်ဖွယ်ရာရှိ၏။

ပိုးဟပ်အကြောင်းသိမှ မိန်းမရမည်ဆိုလျှင်လည်း ကျွန်ုပ်သည် တစ်သက်လုံး လူပျိုကြီးဘဝနှင့်ပင် နေသွားရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ပိုးဟပ်အကြောင်းကို မသိသောကြောင့်ဖြစ်၏။

ထိုပိုးဟပ်အကြောင်းကို မသိသော ကျွန်ုပ်၌ 'ပိုးဟပ်နှင့်တူသော ဆရာတစ်ဦး'ရှိခဲ့ဖူးပါသည်။ ထိုဆရာကို ကျွန်ုပ်သည် ယခုထက်တိုင် ကြောက်နေဆဲ။ ယခုထက်တိုင် ရိုသေနေရဆဲ။ ယခုထက်တိုင် ချစ်နေရဆဲ ရှိပေသည်။

အဘယ်ကြောင့်ဆိုသော် ထိုပိုးဟပ်နှင့်တူသော ဆရာ၏ ကိုယ်ထဲတွင်၊ မြတ်နိုးဖွယ်ရာ ကောင်းသော အရာတစ်ခုရှိသောကြောင့် ဖြစ်ပေသတည်။

✣✣✣✣✣

# ပုလင်းလွတ်နှင့်
# တူသောအလုပ်ရှင်

မည်သို့ဖြစ်သည်မသိ ကျွန်ုပ်သည် ပုလင်းဟောင်းစုခြင်းကို ဝါသနာပါ၏။ ရောက်သည့်အရပ်တွင် ရှေးဦးစွာပုလင်းဟောင်းဆိုင်ကိုရှာ၏။ ထို့နောက် ကျွန်ုပ်မျက်စိထဲတွင် ကြည့်၍ မျက်နှာကြောတည့်သော ပုလင်းများကို ဝယ်ယူလေ့ရှိ၏။ ထို့ကြောင့် ကျွန်ုပ်၏အိမ်တွင် လက်သန်းလောက်ရှိသော ပေါ့ကျိုကျွေ့ပုလင်းမှစ၍ လူတစ်ဖက်ခန့်ရှိသော ငရဲမီးပုလင်းကြီးအထိ အရွယ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးသော ပုလင်းတို့သည် ရှိကုန်၏။

လွန်ခဲ့သော နှစ်လေးငါးဆယ်ခန့်က အသုံးပြုခဲ့သည့် အဝတွင် ဖန်ဂေါ်လီလုံးဆို့ထားသော ဘီလပ်ရည်ပုလင်းလည်း ကျွန်ုပ်၌ရှိ၏။





ရှေးဟောင်းပစ္စည်းဆိုင်၌ ဤပုလင်းမျိုးကို သုံးရာမှ ငါးရာအထိ ဈေးခေါ်၍ရောင်း၏။ ဤပုလင်းမျိုးသည် ရှေးဟောင်းပစ္စည်းစာရင်းတွင် အကျုံးဝင်သွားပြီဖြစ်၏။ လည်ပင်းရှည်၍ ပုပိုင်းဝိုင်းကိုယ်ထည်ရှိသော ပုလင်းမျိုးလည်းရှိ၏။ ပုလင်းကလည်း လေးထောင့်၊ အဖုံးကလည်းလေးထောင့်၊ ကြည်နေသော ဖန်သားဖြင့် ပြုလုပ်ထားသော နံ့သာဆီထည့်သော ပုလင်းမျိုးလည်းရှိ၏။

ကျွန်ုပ်၌ရှိသော ပုလင်းများကို ရှေးဟောင်းပစ္စည်းဆိုင်မှ လူများတွေ့လျှင် လွန်စွာသွားရည်ကျ၏။ ကျွန်ုပ်သည် ထိုပုလင်းများကို တစိမ့်စိမ့်ထိုင်၍ကြည့်၏။ ထို့နောက်ဖုန်တက်နေသော ပုလင်းများကို တံဆိပ်လည်း မပျက်စီး၊ ဖုန်ကိုလည်း လွင့်ပျောက်စေရန် အနုစားကြက်မွေးကလေးဖြင့် ဖုန်ခါရသော အလုပ်သည်လည်း ကျွန်ုပ်အဖို့ ပီတိဖြစ်ဖွယ်ရာကောင်းသော အလုပ်တစ်ခုပင်ဖြစ်၏။ ကျွန်ုပ်သည် အားလပ်သောအခါ၌ အခြားနေရာသို့ သွားရောက်လည်ပတ်ခြင်းမရှိဘဲ အထပ်ခိုးရှိ ပုလင်းများ၏အလယ်တွင် ဝင်၍ထိုင်ကာ ၎င်းတို့နှင့် စကားပြော၏။

ကျွန်ုပ်က ပုလင်းများကို စကားပြောသကဲ့သို့ ပုလင်းများက ပြောသော စကားသံကိုလည်း ကျွန်ုပ်ကောင်းစွာ ကြားရ၏။ ကျွန်ုပ်သည်ပုလင်းများ၏ အလယ်ကောင်သို့ ထိုင်မိသည့်အခါ၌ ငရဲမီးပုလင်းကြီးအား အားရပါးရ ဖက်လိုက်တတ်၏။ ထိုသို့ ဖက်လိုက်သောအခါ၌ အေးချမ်းသော သူ၏အတွေ့သည် ကျွန်ုပ်၏ရင်ဘတ်နှင့် ကျွန်ုပ်၏လက်မောင်းများသို့ ရောက်ရှိလာ၏။ ထိုအခါ ကျွန်ုပ်သည်

ပါးပြင်ဖြင့် ပုလင်းကို ကပ်လိုက်တတ်၏။ ထိုအခါ၌ ကျွန်ုပ်၏ ပါးပြင်တစ်ခုလုံး အေးသွား၏။ ကျွန်ုပ်သည် ထိုအရသာကို လွန်စွာမှ သဘောကျ၏။ သဘောကျသည်ကို စကားဖြင့်လည်း ပြောမပြတတ်၊ စာဖြင့်လည်း ရေးမပြတတ်ပေ။ ရင်ထဲ၌မူ သိနေ၏။

ကျွန်ုပ်သည် ထိုတစ်ဖက်ခန့်ရှိသော ငရုံမီးပုလင်းကြီးအား အထီးဟူ၍ မယူဆ၊ အမဟူ၍သာ ယူဆ၏။ ထိုပုလင်းကြီးကို ကြည့်ရသည်မှာ ကျွန်ုပ်၏စိတ်ထဲတွင် အသက်အားဖြင့် နှစ်ဆယ်ကျော် သာရှိပြီး ဆူဖြိုးလွန်းသည့် မိန်းမကလေးတစ်ဦး ပုံသဏ္ဌာန်ကို မျက်စိ၌ မြင်ယောင်မိ၏။ ထို့ကြောင့် ထိုငရုံမီး ပုလင်းဝဝကြီးအား လေဒီဖက် (Lady Fat) နာမည်ပေးထား၏။

ကျွန်ုပ်သည် ငရုံမီးပုလင်းကြီးအား ရင်ဘတ်များ၊ လက်မောင်းများကို အသုံးပြု၍ အားရပါးရ ဖက်ထားပြီး ကျွန်ုပ်၏ပါးပြင်ကို အေးစက်သော ဖန်သားပြင်နှင့် ကပ်ထားကာ. . .

"လေဒီဖက်ရယ်၊ နင်နဲ့ဆိုရင်ငါဟာ ဖျက်မယ့် သဘော်ကို တောင်စီးဝံ့ပါတယ်။ သဘော်ပျက်ပြီဆိုတာနဲ့ နင့်ခေါင်းကို ဘူးဆို့နဲ့ အသေပိတ်ပြီး နင့်ကိုအခုလို အားရပါးရ ဖက်ပြီး ရေထဲကို အသာလေး ဆင်းသွားရုံပဲ လေဒီဖက်ရေ၊ နင်နဲ့သာဆိုရင် တိုင်းလုံးကျော်နဲ့ လိုက်ရ လိုက်ရ၊ တိုးအေးနဲ့လိုက်ရလိုက်ရ၊ တိန်နန်းနဲ့ လိုက်ရလိုက်ရ၊ တိုးမော်နဲ့ လိုက်ရ လိုက်ရ၊ ကုန်ကုန် ပြောမယ် မိန်းကလေး၊ တိုက်ရေယာဉ် (၁၀၃) လိုက်ရ လိုက်ရ လိုက်ဝံ့ပါတယ်" ဟု တတွတ်တွတ်ပြောနေမိ၏။ တစ်ခါ၌လေဒီဖက်က ကျွန်ုပ်အား တစ်ခုခု ပြန်ပြော၏။ ထိုပြောသံကို အခြားသူများ မကြားရ၊ ကျွန်ုပ်သာလျှင် ကြားရ၏။ ထို့ကြောင့် ကျွန်ုပ်က. . .





"ဟယ်. . တိရစ္ဆာန်မ၊ နင်နဲ့ငါ သားအဖတော်တယ်၊ တော်တီးတောက်တဲ့တွေ လျှောက်ပြောမနေနဲ့၊ နင်တို့အပျိုကြီးတွေ ဟာ ကတ်သီးကပ်သတ် သိပ်ပြီး စဉ်းစားတာပဲ"ဟု ပြောလိုက်လေ၏။ ထိုအခါ လေဒီဖက်က ကျွန်ုပ်အား ပြောပြန်လေ၏။ သူ၏စကားသံကို ကျွန်ုပ်ကြားရ၏။ အခြားသူများကြားရမည် မဟုတ်ချေ။

"နင် တယ်ခက်ပါလား လေဒီဖက်ရယ်။ ကိုယ့်အဖေအိမ်မှာ နေတာထက် တခြားဘယ်မှာများ ကောင်းတဲ့နေရာရှိလို့လဲ၊ မိဘမေတ္တာ အရိပ်ထက်အေးတဲ့ အရပ်မရှိဘူး မိန်းကလေး"ဟု ကျွန်ုပ်၏ မွေးစားသမီးဖြစ်သော လေဒီဖက်အား ဆုံးမရလေတော့၏။ အမှန် စင်စစ် လေဒီဖက်သည် နိုင်ငံခြားသူဖြစ်၏။ သူသည် တစ်ခါက ငရုံမီးထည့်သော ပုလင်းဖြစ်ခဲ့၏။ ငရုံမီးကုန်သောအခါ၌ ငရုံမီးရောင်း သမားတို့သည် သူ့အားခါးတွင် ကြိုးဖြင့်တုပ်ကာ လည်ပင်း၌ စာဆွဲ၍ရောင်းပစ်ခဲ့ကြ၏။

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်း အတော်ကြာက (၂၇) လမ်းကို ဖြတ်၍ လျှောက်ခဲ့စဉ် ခါးတွင်ကြိုးနှင့်တုပ်ကာ လည်ပင်းတွင် စာဆွဲ၍ နေပူလှန်းခံထားရသော လေဒီဖက်အားတွေ့၍ သနားသဖြင့် ငွေငါးဆယ်ပေး၍ ဝယ်ယူလာခဲ့၏။ အိမ်သို့ ရောက်သောအခါ၌ ၎င်းအား ကျွန်ုပ်ကိုယ်တိုင် ရေမိုးချိုးပေးခဲ့ရ၏။ ရေနွေး ကြက်သီးနွေး ကလေးနှင့် ဆပ်ပြာဖျော်ကာ တစ်ထပ်ချိုးပေးခဲ့၏။ ထို့နောက် ရေအေးဖြင့် တစ်ထပ်ချိုးပေးပြန်၏။ ဒီကောင်မကြီးအား ရေချိုး ပေးရသည်မှာ မလွယ်ကူလှပေ။ ဆပ်ပြာတိုက်ထားသောသူ၏ ကိုယ်လုံးကြီးသည် ကျွန်ုပ်၏ လက်အတွင်းမှ မကြာခဏ ချော်၍

ချော်၍ ထွက်သွား၏။ ကျွန်ုပ်က ဖမ်းထားရ၏။ ရေချိုးပြီးသော အခါ၌လည်း မျက်နှာသုတ်ပဝါ တစ်ထည်ဖြင့် တစ်ကိုယ်လုံး၊ အကြိုအကြားမကျန် ကျွန်ုပ်ကိုယ်တိုင် ပွတ်တိုက်ပေးခဲ့ရ၏။

ကျွန်ုပ်သည် လေဒီဖက်အား ဗလာကိုယ်လုံးတီးဖြင့် ကြည့်ရသည်မှာ မျက်စိရှက်လာ၏။ သူကိုယ်တိုင်လည်း မွေးစားဖခင်၏ရှေ့တွင် ဗလာကိုယ်လုံးတီးဖြင့် နေရသည်မှာ ရှက်သည်ဟု ကျွန်ုပ်စိတ်ထဲ၌ ထင်လာ၏။ ထို့ကြောင့် သူ၏အောက်ပိုင်းကို ကြိမ်ကွပ်၍ အဝတ်အစား ဝတ်ပေးထားလိုက်ရ၏။ လေဒီဖက်သည် ကြိမ်ဂါဝန်ကလေးနှင့် အလွန်ကြည့်၍ ကောင်းသွား၏။

တစ်နေ့တွင် လေဒီဖက်သည် ကျွန်ုပ်အား အဖော်မရှိဘဲ တစ်ကိုယ်တည်း နေရသည်မှာ ပျင်းရိငြီးငွေ့ကြောင်း၊ ထို့ကြောင့် အဖော်လိုကြောင်း ပူဆာလေတော့၏။ ကျွန်ုပ်သည် အလွန်ဒေါပွ၏။

"နင့်ကိုငါက တစ်ယောက်တည်း ထားလို့လား၊ ဒါတွေဟာ နင့်အဖော်တွေ မဟုတ်လို့ ဘာတွေလဲ"ဟု ပြောကာ အနီးရှိ ပုလင်းလွတ်များကို ညွှန်ပြခဲ့၏။ ထိုအခါ လေဒီဖက်က. . .

"အို. . . ဒယ်ဒီကလဲ၊ ဒါတွေဟာသမီးအဖော်လို့ ဘယ်လိုပြောလို့ ရမှာလဲ၊ သမီးလိုချင်တာက သမီးလို ဂိုက်ကြီးဆိုက်ကြီးမျိုးမှ လိုချင်တာ၊ ဒယ်ဒီ့ကောင်တွေက ပုလင်းစဉ်မီတဲ့ ကောင်စားမျိုးတွေမှ မဟုတ်ဘဲ"ဟု ပြောလေ၏။

"လေဒီဖက်ရယ် ကြံကြံဖန်ဖန် မပြောစမ်းပါနဲ့၊ လူစဉ်မီတယ်လို့ပဲ ကြားဖူးပါတယ်၊ နင့်လက်ထက်ကျမှ ပုလင်းစဉ်မီတယ်ရယ်လို့ ကြားဖူးတော့တယ်"ဟု ကျွန်ုပ်က ရေရွတ်မိလေ၏။ ထိုအခါ၌ ကျွန်ုပ်၏ မွေးစားသမီး လေဒီဖက်က. . .





"လူဆိုရင်တော့ လူစဉ်မီတယ်လို့ ပြောရမှာပေ့ါ ဒယ်ဒီရယ်၊ ပုလင်းဆိုတော့လဲ ပုလင်းစဉ်မီတယ်ရယ်လို့ ပြောရတာပေ့ါ၊ နောက်ပြီး သမီးတို့နဲ့ ဆွေမျိုးတော်တဲ့လူတွေ နိုင်ငံခြားက ရောက်လာတာတွေ့သေးလား ဒယ်ဒီ"ဟု မရဲတရဲဖြင့် ကျွန်ုပ်အားမေးလေ၏။

"အောင်မာ. . နင်က အခုထက်ထိ နိုင်ငံခြားကို စိတ်မကုန်သေးဘူးလား၊ တို့လူမျိုးကို ငရဲမီးမလုပ်တတ်တဲ့ လူမျိုးများအောက်မေ့နေလား၊ တို့ဟာတို့လုပ်နေကြပြီ၊ နိုင်ငံခြားက မှာစရာမလိုတော့ဘူး၊ နင့်အမျိုးတွေကို မျှော်မနေနဲ့၊ ဘယ်ကောင်မှ လာစရာ မလိုတော့ဘူး၊ နင်လဲယောကျ်ားယူဖို့ဆိုရင် နိုင်ငံခြားသားကို မျှော်မနေနဲ့၊ တို့ဆီက ဖန်ချက်စက်ရုံတွေမှာ နင့်လို ဝတုတ်ပြဲတွေ အများကြီးရပြီ၊ နင်နဲ့ဆိုက်တူ ဂိုက်တူကောင်တွေ အများကြီးပဲ၊ နင်မရမှာ မပူနဲ့ လေဒီဖက်ရေ"ဟု ကျွန်ုပ်ကအော်၍ ပြောလိုက်လေ၏။ ထိုအခါ လေဒီဖက်သည် နှုတ်ခမ်းစူ၏။ မျက်နှာကို မဲ့၏။ ပြီးလျှင်. . .

"ဒယ်ဒီရယ်၊ သမီးကို ရိုက်နှက်ပြီး ဆုံးမချင် ဆုံးမပါ၊ နိုင်ငံခြားက နောက်ထပ်မလာလို့ လင်မရချင်လဲ နေပါစေ၊ မြန်မာတော့ မယူပါရစေနဲ့၊ မြန်မာပုလင်းကောင်တွေ သမီးတွေ့ဖူးပါတယ် အသားအရေက ပွစိစိနဲ့ တစ်ကိုယ်လုံးလဲ လေခိုတဲ့ အစက်အပြောက်တွေနဲ့၊ ပြီးတော့ ပုံမကျ ပန်းမကျ ရွဲ့တဲ့တဲ့ ယိုင်တိုင်တိုင်နဲ့၊ သမီးသူတို့ကို မယူချင်ပါဘူး ဒယ်ဒီရယ်၊ မြန်မာပုလင်းကောင်တွေကို သမီးအနေနဲ့ ချစ်ကြည့်လို့မရဘူး၊ အဆင့်အတန်း ခွဲတာတော့မဟုတ်ပါဘူး ဒယ်ဒီရယ်၊ ဒီကောင်တွေဟာ အရည်အသွေးနည်းနည်း လိုနေသလိုပဲ"ဟု ပြောလေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ မွေးစားသမီး လေဒီဖက်အား မကျေနပ်ဖြစ်သွား၏။ ထို့ကြောင့် ကျွန်ုပ်က. . .

“တော်ပြီဟယ်၊ နင်နဲ့ဆက်ပြီးစကားပြောလို့ အပေါက်အလမ်းမတည့်ပါဘူး”ဟု ဆိုကာ အခြားသော ပုလင်းများဘက်သို့ လှည့်၍ စကားပြောရလေ၏။

မြောက်မြားလှစွာသော ပုလင်းများထဲမှ အသံကလေးတစ်သံ ထွက်နေ၏။ ထိုအသံကို ကျွန်ုပ်ကောင်းစွာ ကြားရ၏။

“ဗျို့. . . ဦးဘသောင်း ကျွန်တော်ဒီမှာပါ၊ စကားနည်းနည်းပြောချင်လို့ပါ”ဟူသော ခေါ်သံကို အဆက်မပြတ်ကြားနေရ၏။ ထို့ကြောင့် ကျွန်ုပ်သည် အသံလာရာကို နားစွင့်၍ ရှာဖွေလိုက်ရာ အပြာရောင်သမ်းနေသည့် ငှက်ပျောဖူးပုလင်းကြီးကို မှီ၍ရပ်နေသော လွန်စွာသေးကွေးသည့် ပုလင်းကလေးကို တွေ့ရလေ၏။ စောစောက ခေါ်သံသည် ထိုပုလင်းကလေး၏ ခေါ်သံဖြစ်၏။

ကျွန်ုပ်သည် ထိုပုလင်းကလေးအား ကောက်ယူလိုက်လေ၏။ ထိုအခါ ထိုပုလင်းပိစိညှောက်ကလေးက. . .

“ဗျို့. . . ဦးဘသောင်း ကျုပ်ကို မမှတ်မိတော့ဘူးလား၊ ကျုပ်နာမည် ပေါ့ကျုံကျွေ့လေ။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်အထိ ပြည်သူတစ်ရပ်လုံးနဲ့ နီးစပ်ခဲ့တဲ့ ပေါ့ကျုံကျွေ့ပါ။ အခုလို မိုးဦးကျဆိုရင် လူတိုင်းလောက်နီးနီး ကျုပ်ကို သတိရကြတာပေါ့။ လူတွေကို အများကြီး ကျုပ်ကူညီခဲ့တာပေါ့ ဦးဘသောင်း”ဟု စကားကြီး စကားကျယ်ပြောလေ၏။





“ဟော့ကောင် ပေါ့ကျုံကျွေ့၊ မကြီးကျယ်နဲ့၊ လူတွေကို အများကြီးအကျိုးပြုခဲ့တယ်ဆိုတာ မင်းပြုတာ မဟုတ်ဘူး၊ မင်းထဲမှာ ထည့်ထားတဲ့ ဆေးရည်က အကျိုးပြုတာ၊ အခုအခါမှာ ပုလင်းခွံပဲ၊ အခွံစကားပြော၊ အနှစ်အသားစကား မပြောနဲ့”ဟု ကျွန်ုပ်က ပြောလိုက်ရာ၊ ပေါ့ကျုံကျွေ့ ပုလင်းကရယ်၏ ရယ်သောလေသံ၌ သရော်သော အသံများပါနေ၏။

“ဗျို့. . ဦးဘသောင်းကြီး။ ခင်ဗျားမှားနေပြီ၊ ခင်ဗျားမှာ ရုပ်နဲ့နာမ်ရှိသလို ကျုပ်မှာလဲ ပုလင်းနဲ့အထဲက ပစ္စည်းဆိုပြီး နှစ်ခု ရှိတာပေါ့ဗျာ၊ အဇ္ဈတ္တနဲ့ ဗဟိဒ္ဓလို့ နားလည်ရင် ပိုပြီးကောင်းပါတယ် ဦးဘသောင်း။ အဲ့ဒီတော့ ခင်ဗျားအခု ပြောလိုက်တဲ့စကားဟာ ကျုပ်ရဲ့ အဇ္ဈတ္တကိုတော့ လေးစားတယ်၊ ဗဟိဒ္ဓကို မလေးစားဘူးလို့ ပြောသလိုဖြစ်နေတယ်၊ ကျုပ်လိုဆေးပုလင်း တစ်လုံးကို ခင်ဗျား ဘယ်လို နားလည်သင့်သလဲဆိုတော့ ကျုပ်ရဲ့အထဲမှာ ထည့်ခဲ့ဖူးတဲ့ ပေါ့ကျုံကျွေ့ ဆေးရည်ဟာ ကျုပ်ရဲ့စွမ်းရည်သတ္တိပဲ၊ ကျုပ်ကတော့ အဲ့ဒီစွမ်းရည် သတ္တိကို ပိုင်ဆိုင်တဲ့သူပေါ့ဗျာ၊ ကျုပ်ရဲ့စွမ်းရည် သတ္တိတွေကို ခင်ဗျားတို့ လူတွေက သွားဖြန့်နားဖြန့်သုံးပြီး စွမ်းရည်သတ္တိ ကုန်သွားတော့မှ ကျုပ်ကို ဘာမှတန်ဖိုး မရှိတဲ့ကောင်ဆိုပြီး အခုလို ချောင်ထိုးထားတာတော့ မကောင်းပါဘူး။ ဒီမှာ ဦးဘသောင်း၊ နှင်းဆီပန်းဟာ နှင်းဆီပန်းပါပဲ၊ ရှင်ဘုရင်ရဲ့ ပန်းဥယျာဉ်မှာ ပေါက်လဲ နှင်းဆီပန်းပဲ၊ သချိုင်းမြေမှာ ပေါက်လဲ နှင်းဆီပန်းပါပဲ။ အဲ့ဒီလိုပဲ ပေါ့ကျုံကျွေ့ဟာ ပေါ့ကျုံကျွေ့ပါပဲ၊ အထင်မသေးစမ်းပါနဲ့ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း သေးကွေးသော ပေါ့ကျုံကျွေ့ ပုလင်းအား မျက်လုံးပြူး၍ ကြည့်မိလေတော့၏။ ကျွန်ုပ်သည် မျက်လုံးပြူး၍ ကြည့်နေစဉ်၌ ပေါ့ကျုံကျွေ့ပုလင်းက. . .

"ဒီမှာ ဦးဘသောင်း၊ ခင်ဗျားတို့က သိပ်ပြီး ကျေးဇူးကန်းတတ်တဲ့လူတွေပဲ၊ ပြီးတော့လဲ မေ့လွယ် ပျောက်လွယ် အလွန်လုပ်ကြတာကိုး၊ ခင်ဗျား ဝမ်းဖောဝမ်းရောင်ဖြစ်တုန်းက ကျုပ်ကြောင့် ပျောက်ခဲ့တာ မဟုတ်လား။ ခင်ဗျားယောက္ခမကြီး အအေးမိတုန်းက ကျုပ်ကြောင့်ပဲ သက်သာတာမဟုတ်လား၊ ခင်ဗျားကလေးတွေ သန့်ထိုးလို့ အော်တုန်းက ခင်ဗျားကိုယ်တိုင် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေတာ ဘာမှမလုပ်နိုင်ခဲ့ဘူး မဟုတ်လား၊ ကျုပ်ကြောင့် ခင်ဗျားကလေးတွေ သက်သာခဲ့ရတာ မဟုတ်လား။ ဒီမှာဦးဘသောင်း ဒီကျေးဇူးတွေကို ခင်ဗျားမေ့ပစ်ခဲ့ပြီကိုး"ဟု လက်တောက်လောက်ရှိသော ပုလင်းငယ်ကလေးက ကျွန်ုပ်အား ပမာမခန့် ပြောဆိုနေလေ၏။

"ဟေ့ကောင် ပေါ့ကျုံကျွေ့၊ လျှောမွေးက ဗာရာဏသီချဲ့တယ်ဆိုတာ မင်းလိုကောင်မျိုးကို ပြောတာ၊ ငါ့ဆီမှာရှိတဲ့ ပုလင်းတွေထဲမှာ မင်းရယ်၊ ရာပန်းဆီရယ်၊ ကုလားမ ထီးဆောင်းတစ်မတ်တန် ရေမွှေးပုလင်းရယ်ဟာ အသေးဆုံးပဲ၊ ဟိုကောင်လေးနှစ်ကောင်က ဘာမှမပြောဘူး။ ဒီကောင်လေးတွေ သိပ်ယဉ်ကျေးတယ်၊ လူလိမ္မာသားယဉ်ပါးဆိုတဲ့အတိုင်း ယဉ်ကျေးကြတယ်၊ ငါက ကျေးဇူးကန်းတာမဟုတ်ဘူး၊ မင်းတို့က ပျောက်ကွယ်နေတာ၊ မင်းတို့က ဘာဖြစ်လို့ ငါတို့ဆီမလာကြတာလဲ၊ မင်းတို့အောက်ခြေလွတ်သွားပြီလား၊ မင်းတို့ဟာ အခြေခံလူတန်းစားနဲ့ ကင်းကွာသွားပြီလား၊ တစ်နေ့ မင်းတို့ကို





အဲ့ဒီလူတန်းစားက ဒဏ်ခတ်လိမ့်မယ် ပေါ့ကျုံကျွေ့"ဟု ကျွန်ုပ်က ပြန်လည်၍ ကြိမ်းမောင်းလိုက်လေ၏။ ထိုအခါ ပေါ့ကျုံကျွေ့က ရယ်လေ၏။ သူ၏ ရယ်သံ၌ လှောင်သံများ ပါနေ၏။

"ဒီမှာ ဦးဘသောင်း၊ ခင်ဗျားနဲ့ ကျုပ်စကားနိုင်လုရာကနေ စကားတွေ ဘေးရောက်ကုန်ရင် မကောင်းဘူး။ အဲ့ဒီတော့ ဆက်ပြီး စကားမပြောကြရင် နှစ်ယောက်စလုံးအတွက် ငြိမ်းချမ်းမယ်။ ခင်ဗျားနားလည်ထားဖို့ကတော့ ကျုပ်ဟာ တစ်ပဲတန် ပေါ့ကျုံကျွေ့ကလေးပါပဲ၊ ဒါပေမယ့် ကျုပ်ဟာပြည်သူ့အချစ်တော်။ နောက်တစ်ခုပြောလိုက်ဦးမယ်၊ အကောင်ငယ်တယ်ဆိုပြီး ကျုပ်ကို အထင်မသေးနဲ့၊ သက်ကြီးပူဇော်ပွဲ လုပ်ကြေးဆိုရင်ကျုပ်ကို ခင်ဗျားထိုင်ကန်တော့သွားရမယ်၊ ခင်ဗျားအဘိုးနဲ့ ကျုပ်နဲ့မှ ကစားဘက်ဗျ၊ မယုံရင် ခင်ဗျားအဘိုးကို မေးကြည့်၊ ဒီမှာ ဦးဘသောင်း၊ ခင်ဗျားဟာ ကျုပ်မြေးလောက် ရှိသေးတယ်၊ ခင်ဗျားအဘိုးနဲ့လဲ သူငယ်ချင်း ခင်ဗျားအဘိုးလက်ထက်က သူ့အိမ်ဟာ ကျုပ်ရဲ့စားအိမ်၊ သောက်အိမ်၊ ခင်ဗျားအဖေ လက်ထက်မှာလဲ ကျုပ်နဲ့ အဆင်ပြေခဲ့တာပဲ၊ ဒီမှာဗျ တစ်ဦးကိုတစ်ဦး မလိမ်တမ်းပြောမယ်၊ ခင်ဗျားနဲ့ ကျုပ်ဟာလဲ မိတ်ဆွေရင်းတွေပါပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်ကမှ တစ်ဦးနဲ့တစ်ဦး အကြောင်းကြီးငယ်မရှိဘဲ ခပ်တန်းတန်းဖြစ်သွားရတာ၊ ခင်ဗျားသား အသက် နှစ်ဆယ့်ခြောက်နှစ်ကျော်ပြီဖြစ်တဲ့ ကောင်လေးဟာလေ၊ ဒီကောင်က တစ်နေ့ကတုန်းက ကျုပ်ကိုတွေ့တော့ ခင်ဗျားကို မေးတယ်လေ၊ ဒီကောင် ဘာကောင်လဲတဲ့၊ ရှိုင်းလိုက်တဲ့ကောင်လေး၊ ကျုပ်ကို ဘာကောင်ဆိုတာ သူမသိဘူး၊

သူ့အဖေ၊ သူ့အဘိုး၊ သူ့အဘေးတွေရဲ့ ရောဂါကို ကုစားပေးခဲ့တဲ့ ကျေးဇူးရှင် ပေါ့ကျုံကျွေ့ကိုများ ဒီကောင် ဘာကောင်လဲတဲ့၊ ရယ်ဖို့ကောင်းလိုက်တာ၊ အဲဒီတော့ ခင်ဗျားမှာလဲ တာဝန်ရှိတယ်၊ ကျုပ်လို အစဉ်အလာကြီးမားတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုကောင်လဲဆိုတာ ခင်ဗျား သားသမီးတွေကို ပြောပြထားစမ်းပါဗျာ’ ဟု ပေါ့ကျုံကျွေ့ပုလင်းလေးက ကျွန်ုပ်အား ပြောလေတော့၏။ ကျွန်ုပ်သည် ပေါ့ကျုံကျွေ့နှင့်ဆက်၍ စကားမပြောလိုတော့ပါ၊ စကားနိုင်လည်း မလုလိုတော့ပါ။ ထို့ကြောင့် ၎င်းအား ဘေးသို့အသာချလိုက်လေ၏။

ထို့နောက် အခြားပုလင်းတစ်လုံးဆီသို့ ကျွန်ုပ်၏မျက်စိသည် ရောက်သွား၏။ ၎င်းကလည်း မျက်စိတစ်ဘက်ကို မှိတ်၍ ခေါ်လိုက်၏။ ကျွန်ုပ်သည် ထိုပုလင်းအား ကောင်းစွာမှတ်မိ၏။ သူ့ကို ကျွန်ုပ်တစ်ချိန်က ရင်းနှီးခဲ့၏။ သူ၏အရွယ်ကိုလည်း ကျွန်ုပ်သဘောကျ၏။ သူ့၌ နှစ်လိုဖွယ်ရာ ကောင်းသောအပြာရောင်သည်ရှိ၏၊ ထိုအပြာရောင်သည် နီလောကျောက်ရောင်နှင့် တူ၏။ ထို့ကြောင့် ကျွန်ုပ်က သူ့အား ‘နီလာ’ ဟုပင်ခေါ်၏။

၎င်းနီလာသည် အပျိုမဟုတ်။ ကလေးအမေတစ်ဦးဖြစ်ဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော်သူသည် နို့ထွက်သာ မိန်းမဖြစ်သောကြောင့် ဖြစ်၏။ သူ့၌ အမည်ရင်းရှိ၏။ ထိုအမည်ရင်းမှာ ‘မိလ်ခ်အော့ဖ်မဂ္ဂနီးရှား’ဟူ၍ ဖြစ်၏။ အကြမ်းဖျင်းအားဖြင့်ဆိုရသော် မဂ္ဂနီစီယမ်ဓာတ်ပါသော နို့ပင်ဖြစ်၏။ နို့ဟုဆိုသော်လည်း အမှန်တကယ်နို့ဖြစ်ချင်မှလည်း ဖြစ်ပေလိမ့်မည်။ မည်သို့ ဖော်စပ်ထားသည်ကို ကျွန်ုပ်မသိပါ။ သို့သော် ထိုအရာသည် သွားတိုက်ဆေးလောက်လည်း





မပျစ်၊ နို့ရိုးရိုးလောက်လည်း မသွက်သော နို့မျိုးဖြစ်၏၊ အိပ်ခါနီးတွင် ဖြစ်စေ သောက်ရ၏။ သူသည် အစာအိမ်ရောဂါမဖြစ်စေရန် ကာကွယ်ပေး၏။ ထို့အပြင် ဝမ်းပျော့ပျော့ သွားစေ၏။ သူ့ကို သောက်ရသည်မှာ အဝင်ကောင်းလှ၏။ အချို့သော မိန်းမများသည် အသားအရေကောင်းသည်ဟုဆိုကာ သောက်၏။ မည်သို့ပင်ဖြစ်စေ၊ လိပ်ခေါင်းရောဂါသည်များအတွက်မူ အထူးပင် သင့်တော်လှတော့၏။ ကျွန်ုပ်သည် ထိုပုလင်းပြာကလေးကိုကိုင်၍ ကြည့်နေ၏။ ထိုအခါပုလင်းပြာကလေးက. . . .

“ရှင်ကလဲ ကျွန်မကို ကြည့်နေလိုက်တာ ပြူးတူးပြဲတဲနဲ့ မတွေ့ဖူးတာကျနေတာပဲ၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က ရှင်နဲ့ကျွန်မနဲ့ဟာ ဘယ်လောက်ရင်းနှီးခဲ့ကြတယ်ဆိုတာ ရှင်အသိဆုံးပဲ”ဟု ပြောလေ၏။

“သိပါတယ် မနီလာ သိပါတယ်၊ ကျုပ် လိပ်ခေါင်းရောဂါဖြစ်တုန်းက ခင်ဗျားက ကျုပ်ကို အများကြီး အကူအညီပေးခဲ့တာပဲ၊ ဒါနဲ့ နေစမ်းပါဦးဗျ၊ ကျုပ်နဲ့ ခင်ဗျားနဲ့ ကွဲကွာသွားတဲ့ အချိန်ကာလအတွင်းမှာ ကျောက်ကုန်သည်လိုလို လုပ်နေတယ်လို့ကြားတယ်၊ အဲဒါ ဟုတ်သလား” ဟု ကျွန်ုပ်က မေးလိုက်ရာ ပုလင်းပြာကလေးက ကျွန်ုပ်အားကြည့်၍ ရှက်ကိုးရှက်ကန်း ပြုံးလေ၏။

“အဲဒီအထဲမှာ ကျွန်မ မပါပါဘူးရှင်၊ ကျွန်မနဲ့လူမျိုးတူဘဝတူတွေကိုတော့ ထုထောင်းပြီး မီးနဲ့ကျိုကြတယ်၊ ပြီးတော့ အလုံးကလေးတွေလုပ်ပြီး မိုးကုတ်မြို့ကရတဲ့ နီလာဆိုပြီး လမ်းဘေးမှာ တခြားပစ္စည်းတွေနဲ့အတူ ရောင်းကြတယ်၊ မသိတဲ့လူတွေကတော့

ဝယ်ကြတာပေါ့၊ နောက်တော့လဲ ကျွန်မတို့ အဖော်တွေ နိုင်ငံခြားကနေ ဒီကိုမလာရတော့ဘူး၊ အဲဒီအခါမှ ကျွန်မတို့အစား ကိုဘီယာတို့လူစု နီလာအတုလုပ်ခံရပြန်ရော” ဟု ပုလင်းပြာက ပြောလေတော့၏။

ကျွန်ုပ်သည် ထိုအဖြစ်အပျက်ကို ကောင်းစွာ သိပါသည်။ ဘီယာပုလင်းပြာများသည် နီလာအဖြစ်ဖြင့် လမ်းဘေးတွင် အရောင်းခံခဲ့ရ၏။ ကျွန်ုပ်သည် ဆေးလိပ်ကိုဖွာ၏။ ထို့နောက် ထိုပုလင်းပြာကလေးအမေအား. . .

“ဒီမှာ မပြာလောင်ရေ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်ကတော့ ခင်ဗျားမရှိရင် နေလို့မရတော့ဘူးလို့ ထင်ခဲ့တာ၊ ကျုပ်မှာကလဲ လိပ်ခေါင်းရောဂါကြီးနဲ့ကိုးဗျ။ ဒါပေမယ့်လဲ အခုတော့ ကျုပ်ကောင်းကောင်း သိသွားပြီ။ ခင်ဗျားတို့မရှိလဲ ကျုပ်တို့ ကောင်းကောင်းနေနိုင်ပါပြီ၊ တစ်ဆိတ်လောက် ခင်ဗျားတို့ နိုင်ငံခြားကလူတွေကို ပြောလိုက်ပါ၊ ကျုပ်တို့ဆီကို မလာပါနဲ့လို့၊ လာရင်လဲ ခင်ဗျားတို့ကို ဘယ်သူကမှ မသိတော့ဘူး၊ အသက် နှစ်ဆယ်ကျော်အစိတ်လောက်ရှိတဲ့ သူတွေကတော့ ခင်ဗျားတို့ကို သူစိမ်းပြင်ပြင်ဆက်ဆံကြလိမ့်မယ်၊ အဲဒီတော့ ကျုပ်တို့လို လူကြီးတွေက ကြားထဲကမျက်နှာပူရလိမ့်မယ်ဗျ” ဟု ကျွန်ုပ်က ပြောလိုက်ရာ ပုလင်းပြာအမျိုးသမီးကလေးသည် တစ်ဘက်သို့ လှည့်သွားလေ၏။ ကျွန်ုပ်အား အပြီးအပိုင် မုန်းသွားလေတော့၏။

ကျွန်ုပ်သည် ဆေးလိပ်တိုကို အနီးရှိ ဆေးလိပ်ပြာခွက်တွင် ထိုးခြေလိုက်၏။ ထို့နောက် ကျွန်ုပ်သည် စိမ်းဖန့်ဖန့်အရောင်ရှိသော





ချက်စူ ပုလင်းအားကောက်၍ ကိုင်လိုက်လေ၏။ ထိုအခါ ထိုပုလင်းက ကျွန်ုပ်အား ပြုံးပြလိုက်လေ၏။ ထိုသို့ ပြုံးပြပြီးနောက်. . .

“ခင်ဗျားက ကျုပ်ကို ခင်လို့မင်လို့ အိမ်ကိုခေါ်ထားတယ်၊ အခုလို အထပ်ခိုးပေါ်မှာ အမြတ်တနိုးတင်ထားတယ်၊ ခင်ဗျားမိန်းမက လုံးဝ မသိတတ်ဘူး၊ ကျုပ်ကို အောက်ကိုယူချသွားပြီး ကျုပ်ကိုယ်ထဲကို ရေနံဆီတွေ ထည့်တယ်၊ ကျုပ်က မထည့်ဖို့ အတန်တန် တောင်းပန်တယ်၊ ဒါပေမယ့် ကျုပ်စကားကို သူက ကြားဟန်မတူဘူး၊ ပုလင်းတွေ ပြောတဲ့စကားကို ကြားနိုင်တဲ့နားသူ့မှာမရှိဘူး၊ အဲဒီတော့ ကျုပ်ကိုယ်ထဲကို ရေနံဆီတွေ ထည့်ဖြစ်အောင်ထည့်တော့တာပေါ့၊ ကျုပ်က သိပ်ပြီး ရှက်တတ်တဲ့ကောင်ဗျ၊ မရှိရင် မရှိတဲ့အတိုင်းနေမယ်၊ ရှိလိုက်၊ မရှိလိုက်ဆို အိမ်နီးနားချင်း ပုလင်းတွေက ကဲ့ရဲ့ကြလိမ့်မယ်၊ အဲဒီလို ကဲ့ရဲ့တာကို ကျုပ်ကမခံနိုင်ဘူး၊ ထည့်နိုင်ရင် ကျုပ်ကိုယ်ထဲကို တစ်သက်လုံး ထည့်ထား၊ ကျုပ်အနစ်နာခံမယ်၊ အခုတော့ သူလဲဘာကြောင့်မှန်းမသိဘူး၊ ကျုပ်ထဲကို ရေနံဆီမထည့်တာကြာပြီ၊ ဒါမှမဟုတ် ကျုပ် မကြိုက်မှန်းသိလို့ ခင်ဗျားမိန်းမက တမင်သက်သက် မထည့်တာလား၊ ဒီပစ္စည်းဟာ အင်မတန်ပေါတဲ့ပစ္စည်းပါဗျာ၊ ကျုပ်ကို တမင်သက်သက် ညစ်ပြီး မထည့်တာဖြစ်မှာပါ” ဟုပြောလျှင် ကျွန်ုပ်သည် စိတ်ညစ်၍ခေါင်းကို တဗျင်းဗျင်း ကုတ်မိလေ၏။ ထို့ပြင် ဤမျှမသိမသာ ဆိုးဝါးသော ချက်စူပုလင်းနှင့် ဆက်လက်၍ စကားပြောရန် အလိုမရှိသောကြောင့် ၎င်းကို အသာချလိုက်လေ၏။ ထိုအခါ ချက်စူပုလင်းက လှမ်း၍ အော်လေ၏။

"ဗျို့ ကိုဘသောင်းကြီး၊ ခင်ဗျားမဖြေနိုင်တော့ဘူး မဟုတ်လား၊ ခင်ဗျား မိန်းမလုပ်ပုံ ကောင်းသေးရဲ့လား၊ ဒီလောက်ပေါတဲ့ ပစ္စည်း ကျုပ်ထဲကိုမထည့်တာဟာ ကျုပ်ကို သက်သက်အရှက်ခွဲတာပဲ၊ ကျုပ်ဟာ ပုလင်းပုံအလယ်မှာ ဘယ်လောက်မျက်နှာငယ်ရလဲ၊ ရေနံဆီ မရှိတဲ့ ချက်စူကြီးတဲ့" ဟု လှမ်း၍ အော်လေ၏။

ကျွန်ုပ်သည် အလွန်စိတ်ညစ်သွား၏။ ဤချက်စူနှင့် ဆက်၍ နေလျှင် ပြဿနာတက်ဖွယ်ရာရှိ၏။ ထို့ကြောင့် စကားကို တိုးတိုး ပြောရန် သတိပေးလိုက်လေ၏။ ထို့ပြင် ကျွန်ုပ်သည် ချက်စူပုလင်း အား တိုးတိုးကပ်၍ ပြောလိုက်၏။ ထိုသို့ ပြောလိုက်ခါမှပင် ပို၍ ဆိုးလေ၏။

"ဒီမှာ ဟေ့လူကြီး၊ ခင်ဗျားဒါမျိုးတော့ လာဖိန့်မနေနဲ့၊ နံ့သာဆီထက်ပဲ ရှားဦးမလားဗျာ၊ ဘယ်နည်းနဲ့မျှ ဒီစကားကို လက်မခံနိုင်ဘူး၊ ရေနံ. . ရေနံဆိုတဲ့ စာတန်းကလေး ထိုးထားတဲ့ လင့်ရိဘာ ကားကလေးတွေ မာဇဒါဂျစ်ကလေးတွေ၊ နေ့တိုင်း ခင်ဗျားအိမ်ရှေ့က ဖြတ်မောင်းနေတာပဲ၊ ခင်ဗျား ပြောသလောက် ရှားပါးသွားရင် အဲဒီစာတန်းကလေးထိုးထားတဲ့ ကားတွေရှိပါဦး မလား၊ မဖြီးပါနဲ့ဗျာ၊ ကျုပ်ကို အသက်ကြီးပြီဆိုပြီး ခင်ဗျားက ညာမလို့လား၊ ချက်စူတို့က တက်လူတွေနဲ့အတူ ဘာမဆို သိနေတာ ဗျ၊ ဘယ်နည်းနဲ့မှ ဒီလောက်မရှားနိုင်ဘူး၊ ခင်ဗျားမိန်းမကြီးက ကျုပ်ကို သက်သက် အရှက်ခွဲချင်လို့ ကျုပ်ထဲကို ရေနံမထည့်တာ" ဟု ပြောလေ၏။ ကျွန်ုပ်သည် ချက်စူကို အလွန် ဒေါပွသွား၏။

ထိုအချိန်မှာပင် အောက်ထပ်မှ ကျွန်ုပ်၏ မိန်းမက. . .





"ကိုဘသောင်းရေ၊ ရှင်သားအငယ်ကောင် ခေါင်းမှာ အနာစိမ်းတွေ ပေါက်နေတယ်" ဟု လှမ်း၍ အော်သံကို ကြားရ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"အဲဒါ ငါက ဘယ့်နှယ်လုပ်ရမှာလဲ" ဟု လှမ်း၍ ပြောလိုက်ရာ ကျွန်ုပ်မိန်းမက. .

"ကျိုက်လတ်က ကျောင်းဆရာ ကိုလှိုင်ကြီး လာတုန်းက ပြောသွားတယ်။ အဲဒီအနာမျိုးဖြစ်ရင် ချက်စူပုလင်းကို မီးဖုတ် အမှုန့်ကြိတ်ပြီး ရေနံချေးနဲ့ လိမ်းပေးရင် အလွှာလိုက် ကွာကျတယ်ဆိုပဲ၊ အဲဒီတော့ ရှင့်ဟာတွေထဲမှာ ချက်စူပုလင်းရှိရင် အောက်ကို ချလိုက်ပါတော်" ဟု ပြောလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် အလွန် စကားများသော လူစကား နားမလည်သော ချက်စူပုလင်း အား ကပျာကယာ ကောက်ယူပြီး အောက်သို့ လှမ်း၍ ပေးလိုက်လေ၏။ ထိုအခါ ချက်စူပုလင်းက. . .

"ဒါကလေး မေးမိတာနဲ့ ခင်ဗျားက ကျုပ်ကို ရက်ရက်စက်စက် လုပ်ပြီလားဗျာ"ဟု လှမ်း၍ အော်သွားလေတော့၏။

ကျွန်ုပ်သည် ပုလင်းများကြားတွင် ဆက်၍ ထိုင်နေ၏။ ထို့နောက်. . .

"ဒီပုလင်းခွံတွေဟာ သိပ်ပြီး စကားများတဲ့ ကောင်တွေ" ဟု ရေရွတ်မိလေတော့၏။

ထိုအခါ ခြောက်ထောင့်သဏ္ဌာန် ပုလင်းကလေးတစ်လုံးက. .

"ဗျို့. . . ဦးဘသောင်း ကျုပ်တို့ကို ပုလင်းခွံတွေလို့ မပြောပါနဲ့ဗျာ" ဟု ကန့်ကွက်သံကို ကြားရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ထိုပုလင်းကလေးကို ကောက်ယူလိုက်၏။ ထိုပုလင်းကလေးမှာ လက်မခန့်ရှိ ကျားတံဆိပ် ပရုပ်ဆီပုလင်းကလေး ဖြစ်၏။ ထိုပုလင်းကလေးက ကျွန်ုပ်အား. . .

"ကိုက်လိုက်တဲ့ခေါင်း၊ ကောင်းလိုက်တဲ့ ဘာမ်းဆိုတဲ့ ကျား ဘာမ်းပရုပ်ဆီလေ ကျုပ်ကို မေ့သွားပြီလား" ဟု မေးလိုက်လေ၏။

"ငါက ပုလင်းခွံတွေကို မြတ်နိုးတဲ့ကောင် ဘယ်မေ့မလဲကွ" ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ကျုပ်တို့ကို အခွံတွေလို့ မပြောစမ်းပါနဲ့ဗျာ" ဟု ပရုပ်ဆီပုလင်းကလေးက ပြောလေ၏။

"အထဲမှာ ဘာမှမရှိရင် အခွံပေါ့ကွ၊ အဲဒါကို ငါက အခွံလို့ မပြောရင် ဘယ်လိုလုပ် ပြောမလဲ" ဟု ကျွန်ုပ်က ပြန်၍ အော်လိုက်လေ၏။

"ကျုပ်တို့ဟာ ပုလင်းခွံတွေ မဟုတ်ဘူးဗျ၊ ပုလင်းလွတ်တွေ၊ အခွံဆိုတာက အဆန်မပါဘူးလို့ ပြောတဲ့စကားနဲ့ အတူတူပဲ၊ အဲဒီတော့ အဆန်မပါဘူး၊ ဟန်ချည်းသက်သက် ရှိတယ်လို့ အဓိပ္ပာယ်ရတယ်၊ ဒါကြောင့် ကျုပ်တို့က ပုလင်းခွံလို့ ခေါ်တာကို မကြိုက်ဘူး၊ အဲဒီ ဝေါဟာရကို တရားဝင် ကန့်ကွက်တယ်၊ ကျုပ်တို့ဟာ လွတ်လပ်သူတွေဖြစ်တယ်၊ ဒါကြောင့် ပုလင်းလွတ်လို့ ခေါ်ရမယ်၊ ပုလင်းလွတ်ဆိုတာနဲ့ ပုလင်းခွံဆိုတာ အဓိပ္ပာယ် အများကြီးကွာတယ်၊ ဒါကြောင့် အခွံလို့ မခေါ်ပါနဲ့" ဟု လက်မလောက်ရှိသော ပရုပ်ဆီပုလင်းလေးက ကျွန်ုပ်အား ဒေါနှင့်မောနှင့် ပြောနေလေ၏။





"ဘာမှမရှိရင် အခွံပဲကွ၊ ငှက်ပျောသီးဟာ အထဲမှာ ဘာမှ မရှိတော့ရင် ငှက်ပျောခွံလို့ ခေါ်တယ်ကွ၊ ငှက်ပျောခွံကြီးကိုကြည့်ပြီး ဘယ်လိုလူမျိုးကမှ ငှက်ပျောလွတ်လို့ မခေါ်ဘူး၊ ဒူးရင်းသီးလဲ ဒီလိုပဲ၊ အထဲမှာ ဘာမှမရှိတော့ရင် ဒူးရင်းခွံပဲ ခေါ်တယ်၊ ဒူးရင်းလွတ်လို့ ဘယ်သူမှ မခေါ်ဘူး" ဟု ကျွန်ုပ်က ပြောလိုက်ရာ ပရုပ်ဆီပုလင်းလေးက. . .

"ဒီမှာ ဦးဘသောင်း ဒီလိုပြောကြေးလား၊ လူမနေတဲ့ အိမ်ကြီးကို အိမ်လွတ်ကြီးလို့ပဲ ပြောတယ်၊ အိမ်ခွံချည်းလို့ ဘယ်သူက ပြောဖူးလဲ၊ ပြီးတော့ ခရီးသည်မပါတဲ့ ဘတ်စ်ကားကြီးကို ကားလွတ်ကြီးလို့ပဲ ပြောကြတယ်၊ ဘယ်လိုလူမျိုးကမှ ကားခွံကြီးလို့ မပြောဘူး"ဟု ပရုပ်ဆီပုလင်းက ပြောလေ၏။ "ဟဲ့ ပုလင်းပိစိညှောက်လေး၊ ပုလင်းပါးမဝနဲ့၊ မင်းငါ့ကို ဘာများအောက်မေ့နေလို့လဲ၊ မင်းမှန်သလား၊ ငါမှန်သလားဆိုတာ ပညာရှိရှေ့မှောက်မှာ အဆုံးဖြတ်ခံမယ်၊ ငါ့မှာ ပညာရှိဆရာသမားတွေ အများကြီးရှိတယ်၊ မင်းရှုံးသွားမယ်"ဟု ကျွန်ုပ်က ပြောလိုက်ရာ ပရုပ်ဆီပုလင်းကလေးက. .

"ဒီကိစ္စဟာ ပညာရှိနဲ့ ဆုံးဖြတ်ရမယ့် ကိစ္စဖြစ်တယ်၊ လူထုရဲ့ အဆုံးဖြတ်ကို ခံယူရမယ်၊ ခင်ဗျားပြောတဲ့ ပညာရှိက ဘယ်နှစ်ယောက်များ ရှိလို့လဲ၊ အနည်းစုပါဗျာ၊ ပြီးတော့ ပုလင်းဆိုတာ ပညာရှိ ပစ္စည်းမဟုတ်ဘူး၊ အဲဒီတော့ ပြည်သူ့ရှေ့မှောက်မှာ ခင်ဗျားမှန်သလား၊ ကျုပ်မှန်သလား ဆန္ဒမဲခွဲမယ်' ဟု ကျွန်ုပ်မခံချင်သော စကားဖြင့် ကျွန်ုပ်အား စိန်ခေါ်လေတော့၏။

ထိုအချိန်မှာပင် လမ်းမဆီမှ ပုလင်းဝယ်သောသူ၏ အသံကို ကြားရလေတော့၏။

"ပုလင်းလွတ် ရောင်းဖို့ရှိသလား"ဟု ကျယ်လောင်စွာ အော်လိုက်သောအသံကို ကျွန်ုပ်ကော ပရုပ်ဆီပုလင်းပါ ကြားလိုက်လေတော့၏။

ထိုအခါ ပရုပ်ဆီပုလင်းက. . .

"ကဲ. . ကြားပြီလား ဦးဘသောင်း၊ ပုလင်းလွတ်တဲ့၊ ခင်ဗျား ဘာပြောချင်သေးသလဲ"ဟု မခိုးမခန့် လေသံဖြင့် မေးလေ၏။

"ဟေ့ကောင် ပရုပ်ဆီပုလင်း၊ ပုလင်းပါးမဝနဲ့၊ မင်းနဲ့ငါ ငြင်းခုံနေတာက မြန်မာစကားကွ။ အဲ့ဒါကို ဒန်အိုး ဒန်ခွက်ပုလင်း အစုတ်အပြတ်ဝယ်တဲ့ ဘော်တယ်ကုလားရဲ့ အသံနဲ့ အဆုံးအဖြတ်ပေးလို့မဖြစ်ဘူး၊ သူဟာ ကုလားတစ်ယောက်ဖြစ်တယ်၊ မြန်မာစကားကို သူပြောတတ်သလို ပြောမှာပေါ့ကွာ၊ ဒါကို အမှန်ယူလို့ ဘယ်ဖြစ်မလဲကွာ"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါ ပရုပ်ဆီပုလင်းငယ်က. . .

"ဒီမှာ ဦးဘသောင်း၊ ခင်ဗျားနဲ့ စကားမပြောချင်တာ အဲဒီအချက်ပဲ၊ ခင်ဗျားဟာ ခေတ်ကြီးကို မျက်ခြည်ပြတ်နေပြီ၊ ဒီခေတ်မှာ ဘော်တယ်ကုလား မရှိဘူး၊ ဘော်တယ်မြန်မာပဲရှိတယ်၊ ဒန်အိုးဒန်ခွက်တွေဝယ်တာ ကုလားတွေ မဟုတ်တော့ဘူး၊ ကုလားတွေရဲ့ စီးပွားရေးနေရာကို ကျုပ်တို့ မြန်မာတွေက အစားဝင်ရောက်နေရာယူနေကြပြီ၊ ဒါကြောင့် ပုလင်းဝယ်တဲ့လူကို ကုလားလို့ မထင်နဲ့ မိတ်ဆွေကြီးရယ်၊ အဲဒါမြန်မာအစစ်ကြီး၊ ကျုပ်တို့မြန်မာတွေ ဒီ





အလုပ်တစ်ခုတည်းမှာ နေရာယူတာ မဟုတ်ဘူး၊ အလုပ်တော်တော်များများမှာ နေရာယူကုန်ကြပြီ၊ အီအီးကျုံးတဲ့နေရာတောင် ကုလားတွေ မရှိတော့ဘူး။ ကျုပ်တို့မြန်မာတွေ အစားဝင်ပြီး နေရာယူကုန်ကြပြီ၊ ဒါကို ခင်ဗျား သတိမထားမိဘဲကိုး"ဟု ဒေါနှင့် မောနှင့် ပြောလေတော့၏။

"ဒါတော့ စိတ်မကောင်းစရာပဲကွာ၊ အရင်တုန်းကဆိုရင် ဒီအလုပ်မျိုးကို မြန်မာမလုပ်ဘူးကွ၊ ချေးကျုံးမြန်မာဆိုတာ မရှိဘူး၊ ဘယ်လိုဖြစ်ကုန်ကြတာလဲ"ဟု ကျွန်ုပ်က ညည်းညူလိုက်လေ၏။

ထိုအခါ ပရုပ်ဆီပုလင်းက. . .

"ဦးဘသောင်းခင်ဗျားကလဲ အတော်ဘဝင်မြင့်တဲ့လူပဲ၊ သဘောလဲမပေါက်ပါလား၊ သဘောမပေါက်လို့ ကျော်ပေါက်သွားတယ်ဆိုတာ ခင်ဗျားလို လူမျိုးကိုပြောတာ၊ ဒီမှာအဘိုးကြီး ကိုယ့်အိမ်ကိုယ်ဆောက်၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ချေးကိုယ်ကျုံးပေါ့ဗျ၊ ဒါ အဆန်းလား ခင်ဗျား တကယ် စိတ်မကောင်း ဖြစ်တာလား၊ ခင်ဗျား စိတ်မကောင်းရင် ဒီကနေ့ကစပြီး အိမ်သာမတက်နဲ့၊ ကျုပ်တို့ပုလင်းတွေလိုနေ၊ ပုလင်းတွေဟာ အီးအီးပါစရာမလိုဘူး၊ ရှူရှူးပေါက်စရာလဲ မလိုဘူး"ဟု ပြောလိုက်လေ၏။

"ငါက မင်းတို့လို ပုလင်းမဟုတ်ဘူးကွ၊ ငါကလူ၊ လူဆိုတာ စားမယ်၊ သောက်မယ်၊ ပေါက်မယ်၊ ယိုမယ်"ဟု ကျွန်ုပ်က ပြောလိုက်ရာ ပရုပ်ဆီပုလင်းလေးက ခြောက်ခါတိတိ ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက်. . .

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ပုလင်းဘဝက ခင်ဗျားပြောတဲ့ ဒုက္ခ မရှိဘူး။ ခင်ဗျားတို့မှာက ဒုက္ခတွေက အများကြီးဗျ၊ စားရတာရယ်၊ သောက်ရတာရယ်၊ ပေါက်ရတာရယ်၊ ယိုရတာရယ်၊ စားဖို့မရှိလို့ ရှာရတာရယ်၊ ရှာလို့ မလောက်လို့ တိုရတာရယ်၊ တိုရတယ်ဆိုတာ ခိုးတာဗျ၊ ခိုးတာဆိုတာ သီလမစောင့်တာဗျ၊ ကျုပ်တို့ ပုလင်းလောကမှာတော့ အဲ့သည် ဒုက္ခတွေ မရှိဘူး၊ အဲဒီတော့ ဒီတစ်ခါ ခင်ဗျားသေခါနီးမှာ ပုလင်းဖြစ်ရပါလို၏လို့ ဆုတောင်းဗျာ၊ ဆုတောင်းတဲ့အခါမှာလဲ သတိထားပြီး ဆုတောင်းဗျာ၊ ချက်စူပုလင်းကြီးအဖြစ်ကို ဆုမတောင်းမိစေနဲ့၊ ဒီကောင်ကြီးက ပုလင်းထဲမှာ တော်တော်သိက္ခာကျနေတယ်၊ ဒီကောင့်ကိုတော့ ပုလင်းထဲမှာ အမွဲဆုံးစာရင်း သွင်းလိုက်ပြီ" ဟု ပရုပ်ဆီပုလင်းက ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ကျွန်ုပ်သည် တစ်စုံတစ်ခုကို သတိရမိလေ၏။ ထို့ကြောင့် ပရုပ်ဆီပုလင်းအား . . .

"ဟော့ . . . ပရုပ်ဆီပုလင်း၊ ငါ့မှာရှိတဲ့ တခြား ပုလင်းကောင်းတွေကတော့ နောက်ထပ် မဝင်တော့ဘူးကွ၊ ဒါပေမယ့် မင်းတို့ ကျားဘမ်းပရုပ်ဆီကတော့ ဟိုနားဒီနားမှာ တွေ့နေပါလား၊ အတုတွေများလားကွာ"ဟု ကျွန်ုပ်ကမေးလိုက်ရာ ပရုပ်ဆီပုလင်းက . . .

"ခင်ဗျားကြီးကလဲ မြင်မြင်ကရာ အတုချည်းအောက်မေ့နေတာပဲ၊ အစစ်ဗျအစစ်၊ ကျုပ်တို့ရဲ့ပိုင်ရှင် ကျားသူဌေးကြီး ဒိုက်ဦးက မိန်းမနဲ့ အိမ်ထောင်ကျဖူးတယ်ဗျ။ အဲ့ဒီတော့ ဒိုက်ဦးမှာ ကျားမျိုးတွေ ရှိတယ်ပေါ့ဗျာ။ သူတို့ဆီမှာ ကျားပရုပ်ဆီ ဖော်မြူလာရှိတယ်။ အဲဒီတော့ အဲဒီဆွေမျိုးစုဟာ အိမ်တွင်းလုပ်ငန်းအဖြစ် အခုတလော





ကျားပရုပ်ဆီတွေ ပြန်ချက်ပြီး လက်လုပ်မီသလောက်လေး ရောင်းဝယ်ဖောက်ကားနေကြတာ၊ ခင်ဗျားက အဲဒါကို မျက်စောင်းမထိုးစမ်းပါနဲ့ဗျာ၊ ဒီလောက်လဲ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်တာ မဟုတ်ပါဘူး၊ လုပ်နိုင်သလောက်လေး လုပ်ပြီး ရောင်းနေကြတာပါ"ဟု ကျွန်ုပ်အား ရှင်းပြလေ၏။

ထိုအချိန်၌မှာပင် အောက်ထပ်မှ ကျွန်ုပ်၏ မိန်းမက . . .

"အစ်ကိုရေ အစည်းဝေး လာဖိတ်ထားတယ်လေ အချိန်နီးပြီ၊ ပုလင်းတွေနဲ့ အချိန်ဖြုန်းမနေနဲ့ အဝတ်အစားလေး ဘာလေး လဲတော့လေ၊ တိုက်ပုံအကျႌကတော့ မလျှော်ရသေးဘူး။ တိုင်မှာချိတ်ထားတာပဲ ဝတ်သွားတော့"ဟု ပြောလေ၏။ ကျွန်ုပ်လည်း ပုလင်းများကို နှုတ်ဆက်လိုက်၏။ ထိုအခါ ပရုပ်ဆီပုလင်းက . . .

"ကျုပ်တို့နဲ့ဆက်ပြီး စကားမပြောတော့ဘူးလား၊ ကျုပ်တို့ကို ဒီကောင်တွေဟာ သက်မဲ့ပစ္စည်း ပုလင်းလွတ်တွေ၊ ဒီကောင်တွေနဲ့ စကားပြောရတာ ဘာမှအကြောင်းမထူးဘူးဆိုပြီး ခင်ဗျားသွားတော့ မလို့လား၊ ဒီမှာ ဦးဘသောင်း ကျုပ်တို့နဲ့ဆိုရင် ခင်ဗျားပြောချင်တာ ပြောလို့ရတယ်။ ကျုပ်တို့ထက်ကောင်းတဲ့နေရာများ ခင်ဗျားမှာရှိသေး လို့လား၊ ထိုင်စမ်းပါဦးဘသောင်း"ဟု ပြောလေ၏။

ကျွန်ုပ်သည် အောက်ထပ်သို့ ဆင်းလာပြီးလျှင် တိုင်၌ ချိတ်ထားသော တိုက်ပုံအကျႌကို ကပျာကယာဝတ်၏။ ထို့နောက် လက်ဆွဲအိတ်ကလေးကို ဆွဲ၍အစည်းအဝေးသို့ ကပျာကယာ ထွက်ခဲ့၏။ အစည်းအဝေးသို့ ရောက်လျှင် ကျွန်ုပ်သည် တက်ရောက် သူများ အမည်စာရင်းတွင် လက်မှတ် ထိုးလိုက်၏။ ပြီးလျှင်

ထွက်ပေါက်နှင့် နီးသော ခုံလွတ်တစ်ခုတွင် ဝင်၍ ထိုင်လိုက်၏။ အစည်းအဝေးမှာ စိတ်ဝင်စားဖွယ်ရာကောင်း၏။ ပြောဆို ဆွေးနွေးနေကြသူများသည် တက်တက်ကြွကြွ ဆွေးနွေးနေကြ၏။ ကျွန်ုပ်သည် ကျွန်ုပ်တစ်ဦးတည်းသာလျှင် အစည်းအဝေးခန်း၌ထိုင်လျက် စိတ်က ပုလင်းလွတ်များဆီသို့ ရောက်နေ၏။ ကျွန်ုပ်သည် ငရဲမီးပုလင်း အလွတ်ကြီး တည်ထားသကဲ့သို့ အစည်းအဝေးခန်းထဲတွင် ငူငူကြီး ထိုင်နေ၏။ ထိုအချိန်၌ လက်ခုပ်တီးသံကြား၍ ကျွန်ုပ်လည်း ကပျာကယာလိုက်၍ လက်ခုပ်တီး၏။ ကျွန်ုပ်၏ လက်ခုပ်တီးခြင်းသည် မည်သည့် လက္ခဏာကိုမျှ မဆောင်ပါ။ အများတီး၍ လိုက်တီးခြင်းသာ ဖြစ်၏။ ထို့နောက် ကျွန်ုပ်၏စိတ်သည် ထပ်ခိုးပေါ်မှ ပုလင်းလွတ်များ ဆီသို့ ရောက်သွားပြန်၏။ ကျွန်ုပ်သည် ပုလင်းလွတ်များအကြောင်းကို စဉ်းစားပြန်၏။ ထိုအချိန်မှာပင် လက်ခုပ်တီးသံကို ကြားရပြန်၏။ ကျွန်ုပ်လည်း ကပျာကယာလိုက်၍ လက်ခုပ်တီးရပြန်၏။ ထို့နောက် မကြာမီ အချိန်၌ပင် လက်ခုပ်တီးသံ ကြားရပြန်၏။ ကျွန်ုပ်လည်း လိုက်၍တီးရပြန်၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်၏နားတွင် တီးတိုးလေသံ လေးတစ်သံကို ကြားရလေ၏။

"ဗျို့ဦးဘသောင်းကြီး၊ ခင်ဗျားဟာ ငဖြီးကြီးပဲ၊ ဘုမသိ ဘမသိနဲ့ လက်ခုပ်ပဲ လုက်တီးနေတာပဲ"ဟူသော အသံပင်ဖြစ်လေ၏။ ကျွန်ုပ်သည် ထိုအသံကို မည်သည့်နေရာမှလာသည်ကို ရှာဖွေကြည့်၏။ ကျွန်ုပ်၏ ရင်ဘတ်နေရာလောက်မှ လာကြောင်း သတိပြုမိလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ရင်ဘတ်ကို ယောင်၍လက်ဖြင့် ဖိမိလေတော့ ၏။ ထိုအခါကျမှပင် အဖြစ်မှန်ကို သဘောပေါက်ရလေတော့၏။





ကျွန်ုပ်သည် ပရုပ်ဆီပုလင်းကလေးအား ထပ်ခိုးတွင် ထားခဲ့ရမည့် အစား၊ ထိုပုလင်းကလေးအား ကျွန်ုပ်သည်ယောင်၍ အိတ်ထဲတွင် ထည့်လာမိခဲ့ခြင်း ဖြစ်၏။ စကားကြီးစကားကျယ် ပြောတတ်သော ပရုပ်ဆီ ပုလင်းကလေးသည် ကျွန်ုပ်နှင့်အတူ အစည်းအဝေးသို့ တက်ရောက်နေပြီ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"မင်းပါလာတာကိုး"ဟု အလန့်တကြား ပြောလိုက်လေ၏။ ထိုအခါ ပရုပ်ဆီပုလင်းကလေးက. . .

"အစည်းအဝေး တက်ရောက်သူများ စာရင်းမှာ ကျုပ်နာမည် ကိုလဲ ထည့်လိုက်ပါဗျ"ဟု ပြောလိုက်လေ၏။

"ဘာဖြစ်လို့ ထည့်ရမှာလဲ၊ မင်းက လူမှ မဟုတ်ဘဲ၊ ပုလင်း ပဲဥစ္စာ၊ ပြီးတော့ ဒီအစည်းအဝေးက လူတွေတက်ဖို့ လုပ်ထားတာ၊ မင်းလို ပုလင်းလွတ်တက်ဖို့ လုပ်ထားတာ မဟုတ်ဘူး၊ မင်းအနေနဲ့ တက်ခွင့်လဲမရှိဘူး၊ သက်ဆိုင်ရာက မသိလို့ သိရင် ငါပါ အရေးယူခံ ရမယ်၊ အဲဒီတော့ တစ်ဆိတ်ကလေး တိတ်တိတ်နေပါကွာ"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ပရုပ်ဆီပုလင်းသည် ငြိမ်ငြိမ်မနေ။

"အစည်းအဝေးပဲဗျာ။ ငြိမ်ငြိမ်နေလို့ ဘယ်ဖြစ်မလဲ၊ ကိုယ် မရှင်းတာကို ထပြီးမေးရမယ်။ ကိုယ်မကြိုက်တာကို ထပြီးကန့်ကွက် ရမယ်၊ အဲဒီလို မဟုတ်ဘူးလား၊ အခုတော့ ခင်ဗျားဥစ္စာက ဘာမှလဲ သေသေချာချာ နားမထောင်ဘူး၊ သူများလက်ခုပ်တီးသံကြားရင် လိုက်ပြီး တီးတာပဲ၊ ခင်ဗျားလိုလူမျိုး အစည်းအဝေးတက်လို့ ဘာထူးမှာလဲ၊ ခင်ဗျားလိုလူမျိုး အစည်းအဝေးတက်မယ့်အစား

ကျုပ်တို့လို ပုလင်းလွတ်တွေ အစည်းအဝေးတက်တာကမှ ကောင်းဦးမယ်၊ ခင်ဗျားက အစည်းအဝေးကိုလာမယ်၊ မက်နှာသေကြီးနဲ့ ထိုင်နေမယ်၊ သူများလက်ခုပ်တီးရင် လိုက်တီးမယ်၊ ခင်ဗျားဘာအမိပ္ပာယ်ရှိသလဲ၊ ခင်ဗျာဟာ အမိပ္ပာယ်မရှိတဲ့လူပဲ”ဟု ကျွန်ုပ်အား နားပူနားဆာလုပ်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်က. . .

“တစ်ဆိတ်ကလေး ငြိမ်ငြိမ်နေပါကွာ၊ ပြဿနာမရှာပါနဲ့”ဟု ပြောလိုက်လေ၏။ ထိုအခါ ပရုပ်ဆီပုလင်းက. . .

“စောစောတုန်းက လူကြီးက အခုလို ပြောသွားတယ်ဗျ”ဟု ကျွန်ုပ်အား ၎င်းက တိုးတိုးပြန်ပြော၏။ ထိုသို့ပြောပြပြီးနောက်. .

“ခင်ဗျားက အခုလို ထမေးစမ်းပါဗျာ”ဟု ဆိုပြီး မေးရမည့်စကားကို ကျွန်ုပ်အား တိုးတိုး ပြောလေ၏။ ကျွန်ုပ်သည် ပရုပ်ဆီပုလင်း၏ စကားကို ကြားရသောအခါ မျက်လုံးပြူးသွား၏။

“ဟေ့ကောင်. . ဟေ့ကောင်၊ မင်းကတော့ ငါဒုက္ခရောက်တာမြင်ချင်ပြီထင်တယ်ကွာ၊ တစ်ဆိတ်ကလေး ငြိမ်ငြိမ်နေစမ်းပါ ပုလင်းကလေးရယ်”ဟု ကျွန်ုပ်က ပြောလေ၏။ ထိုအခါပုလင်းကလေးက. .

“ခင်ဗျားလဲ ကျုပ်မေးခိုင်းသလို မေးချင်တယ် မဟုတ်လား၊ ဒါပေမယ့် ခင်ဗျား အကြောင်း တစ်ခုကြောင့် မမေးဘဲနေတာ မဟုတ်လား၊ မလိမ်ပါနဲ့ ဦးဘသောင်းရယ်၊ မေးလဲမမေးဝံ့၊ ပြောလဲ မပြောဝံ့ဘဲ ငုတ်တုတ်ကြီး ထိုင်နေမယ့်အစား ပြန်ကြတာ ကောင်းပါတယ်။ ခင်ဗျားဟာ ဒီလိုနေရာမျိုးကျရင် အသုံးမတွက်ဘူး၊ ကျုပ်တို့ပုလင်းလွတ်တွေရှေ့ကျရင် လူတတ်ကြီးလုပ်ပြီး ပြောပြီး ခင်ဗျားဟာ လူဖြစ်ဖို့ မကောင်းဘူး။ ပုလင်းလွတ်ဖြစ်ဖို့ ကောင်းတယ်၊





သေရင်လဲ ပုလင်းလွတ်ဖြစ်မယ့်လူပါ”ဟု ကျွန်ုပ်အား မခံချင်အောင် ပြောလေ၏။ ထိုအခါ ကျွန်ုပ်သည် အလွန်စိတ်ဆိုးသွား၏။ ထို့ကြောင့် ကျွန်ုပ်က. . .

“မင်းငြိမ်ငြိမ်နေမလား မနေဘူးလား။ ငြိမ်ငြိမ်မနေရင် သမံတလင်းမှာ ပေါက်ခွဲလိုက်မယ်”ဟု ပြောလိုက်မိလေ၏။

ထိုအခါ ပုလင်းကလေးက. . .

“ခင်ဗျားဒါပဲတတ်တယ်၊ အေးအေးဆေးဆေး ညှိနှိုင်းဖြေရှင်းပါဗျ၊ တစ်ဆိတ်ရှိ ခင်ဗျားမှာ အကြမ်းဖက်ဖို့ပဲ စိတ်ကူးနေတာပဲ၊ ခင်ဗျားလက်ထဲက ပုလင်းကလေးပဲဗျာ၊ ခင်ဗျားပေါက်ခွဲလဲ စိစိညက်ညက်ကြေရုံအပြင် ဘာရှိဦးမှာလဲ၊ ဒီမှာဦးဘသောင်း ခင်ဗျားဟာ ကျုပ်တို့ပုလင်းတွေဆိုရင် သိပ်ပြီး အနိုင်ကျင့်တယ်၊ တစ်နေ့တော့ ခင်ဗျား ဒုက္ခရောက်ဦးမယ်”ဟု ပုလင်းလေးက ပြောလိုက်ချိန်၌ပင် အစည်းအဝေးခန်းထဲမှ လူများက. . .

“တူပါတယ်” ဟူသော တစ်ခဲနက် ထောက်ခံသံကို ကြားရလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ယောင်ယမ်း၍. . .

“တူပါတယ်”ဟု အော်လိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏ အိတ်ကပ်ထဲမှ ပရုပ်ဆီပုလင်းလေးက တခစ်ခစ်ရယ်ပြီးလျှင်. . .

“ဗျို့. . . ဦးဘသောင်း၊ ဘာတူတာလဲဗျ၊ ဟိုက ဘာကိုမေးလို့ ခင်ဗျားက ဘာကိုတူရတာလဲ၊ ဘုမသိ ဘမသိထပြီး တူပါတယ်လို့ မအော်တာကတော့ ခင်ဗျားအစား ကျုပ်ရှက်တယ်၊ ဒါဟာ လေး

နက်တဲ့ အစည်းအဝေးကို သိကွကျအောင် လုပ်တာပဲ၊ သူများတွေက လေးလေးနက်နက် လုပ်နေတယ်၊ ခင်ဗျားက ဘုမသိ ဘမသိနဲ့ တူပါတယ်လို့ ထပြီးအော်တယ်၊ ဘာမှမသိဘဲအော်ရင် တူပါတယ်ပဲ အော်အော်၊ မတူပါဘူးပဲအော်အော် တရားမဝင်ဘူးဗျ၊ ခင်ဗျားဟာ သက်သက် လာပြီးဖြီးနေတာပဲ၊ ပြန်ပါတော့ဗျာ သူများတွေကို အနှောင့်အယှက် မပေးပါနဲ့”ဟု ပရုပ်ဆိုကလေးက ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာလေ၏။

ကျွန်ုပ်သည် လက်ခုပ်လက်ဝါးတီး၏။ ပရုပ်ဆိုပုလင်းကလေး ကလည်းတီး၏။

ထို့ကြောင့် ကျွန်ုပ်က. . .

“မင်းက ဘာဖြစ်လို့ တီးရတာလဲ”ဟု မေးလျှင် ပရုပ်ဆို ပုလင်းက. . .

“ခင်ဗျား မကြားဘူးလား၊ ဟိုမှာ အခမ်းအနားမှူးက ကြေညာတယ်လေဗျာ၊ **အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာအပ်ပါသည်’**တဲ့ ဘယ်လောက် နားထောင်လို့ကောင်းလဲ၊ အောင်မြင်တယ်ဆိုတဲ့ စကားလုံးဟာ ဘယ်လောက်ကောင်းလဲ၊ အဲဒါကို သဘောကျလို့ ကျုပ်ကတီးတာ၊ ခင်ဗျားက အိမ်ပြန်ရမှာမို့ လက်ခုပ်တီးတာ၊ ကျုပ်သိပါတယ်၊ ခင်ဗျားမညာပါနဲ့”ဟု ကျွန်ုပ်အား မညာမတာ တွယ်လေတော့၏။





ကျွန်ုပ်လည်း အိမ်သို့ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်လျှင် အခြားပြုဖွယ်ကိစ္စများ မရှိသောကြောင့် အထပ်ခိုးပေါ်သို့ တက်၍ ပုလင်းများ၏ အလယ်တွင် ထိုင်လေ၏။ အိတ်အတွင်းမှ ပရုပ်ဆို ပုလင်းလေးအားလည်း ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲချလိုက်လေ၏။

ထို့နောက် ကျွန်ုပ်သည် ပုလင်းကလေး တစ်လုံးကို ကောက် ယူလိုက်လေ၏။ ထိုပုလင်းကလေးက ကျွန်ုပ်အား တိုးတိုးညင်ညင် စကားပြောလေ၏။ ကျွန်ုပ်သည် ဘူးဆို့ကိုဖွင့်၍ နမ်းလိုက်လေ၏။ ယခုထက်တိုင် သူ၏ရနံ့ကို ရနေဆဲဖြစ်၏။

ထိုအခါ ထိုပုလင်းက. . .

“ခင်ဗျားကလဲဗျာ၊ ကျုပ်အနံ့ကို မမှတ်မိတော့ဘူးလား၊ ကျုပ်ကိုမေ့သွားပြီလား၊ ‘အော်ဒီကလုံး’လေဗျာ၊ ကျုပ်က ရေမွှေးသက် သက်မဟုတ်ဘူးဗျ၊ မူးရင်မောရင် လက်ကိုင်ပဝါမှာ ကျုပ်ကို ဆွတ်ပြီး ရှူလိုက်ရင် အမူးအမော် ပြေတယ်လေဗျာ၊ အဲဒီတော့ ကျုပ်ကို ဇိမ်ခံပစ္စည်းလို့ ပြောမယ့်အစား ဆေးဝါးပစ္စည်းလို့ ပြောရင်လဲ ရပါတယ်၊ ဒါနဲ့နေပါဦး၊ ခင်ဗျားက အစည်းအဝေးသွားတာ ဘာဖြစ်လို့ ဟိုပရုပ်ဆိုပုလင်းကို ခေါ်သွားရတာတုန်း၊ ဒီကောင်က ပူစပ်ပူလောင် သိပ်ပြီးပြောတတ်တဲ့ကောင်”ဟု ပြောလေ၏။

“ဘာပဲဖြစ်ဖြစ်ကွာ၊ သူလဲ သူမြင်တဲ့ ရှုထောင့်က ပြောတာပဲ၊ အပြစ်ယူဖို့ မရှိပါဘူး။ ငါက မင်းတို့ ပုလင်းတွေကို ချစ်ပါတယ်။ ဘယ်လိုအကြောင်းပဲဖြစ်ဖြစ် မင်းတို့ ငါ့ကို အထင်မလွဲစေချင်ဘူး”ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်၏ မိန်းမက. .

"အစ်ကိုရေ ဧည့်သည် ရောက်နေတယ်"ဟု လှမ်း၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"အဲဒီ ဧည့်သည်ကို အထပ်ခိုးကို လွှတ်လိုက်ပါကွာ"ဟု ပြောလိုက်ရာ ကျွန်ုပ်၏ မိန်းမလည်း ဧည့်သည်ကို ကျွန်ုပ်ထံသို့ လွှတ်လိုက်လေ၏။

ထိုဧည့်သည်သည် အပေါ်ထပ်သို့ရောက်၍ ပုလင်းပုံကြားတွင် ထိုင်နေသော ကျွန်ုပ်ကိုမြင်လျှင်. . .

"ဘယ်လိုလဲဟေ့ကောင်၊ ပုလင်းဆိုင်ဖွင့်မလို့လား" ဟုမေးလေ၏။ ထိုအခါ ကျွန်ုပ်က ထိုသူကို မော့ကြည့်လိုက်၏။ ထိုသူသည် တစ်ခါက ကျွန်ုပ်၏ အလုပ်ရှင်ဖြစ်ခဲ့ဖူး၏။ သူ့တွင် လုပ်ငန်းပေါင်းများစွာ ရှိခဲ့ဖူး၏။ ဆပ်ပြာစက်၊ ကလေးစီးစက်ဘီးနှင့် ဂျစ်ကားအလုပ်ရုံ၊ အထည်စက်ရုံ စသည့်ဖြင့် ရှိခဲ့ဖူး၏။ ထို့ပြင် ရန်ကုန်မြို့တွင်လည်း ဆန်စက်ကလေး တစ်စက်ကို ဝယ်၍ ဆန်စပါးလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့၏။ ကျွန်ုပ်က. . .

"ထိုင်ဗျာ. . . ဘယ်ကလာတာလဲ"ဟု မေးလိုက်လေ၏။

"မင်းနဲ့ မတွေ့ရတာလဲ ကြာလို့၊ တွေ့လဲတွေ့ချင်လို့။ ဒါတွေထားလိုက်ပါဦးကွာ၊ မင်းက ဒီပုလင်းတွေကို ဘာလုပ်ဖို့လဲ၊ ရောင်းစားဖို့လား"ဟု ထိုသူကမေးလိုက်လေ၏။

"ရောင်းစားဖို့ မဟုတ်ပါဘူးဗျာ၊ ကျုပ်က ပုလင်းဟောင်းစုတာ ဝါသနာပါလို့ စုထားတာပါ။ ကျုပ်က အားရင် ပုလင်းတွေကို ထိုင်ပြီး ကြည့်နေတာ၊ အဲဒီလိုကြည့်နေရရင် ကြည်နူးတယ်"ဟု ကျွန်ုပ်က ပြန်၍ဖြေလိုက်လေ၏။





"ဟကောင်ရ ဒီအလုပ်မျိုးက နိုင်ငံခြားမှာတောင် သန်းကြွယ်သူဌေးတွေ လုပ်ရတဲ့အလုပ်ကွ၊ မင်းလို ဖွတ်ကျားတွေ လုပ်ရတဲ့အလုပ်မဟုတ်ဘူး။ သူတို့ဆီမှာကျတော့ ဒါမျိုးကို ကတ်တလောက်တွေ ဘာတွေလုပ်ပြီး ဒီပစ္စည်းဟာ ဘယ်နှစ်ခုနှစ်က လုပ်တာ၊ ဘယ်နိုင်ငံကထုတ်တာ၊ ကမ္ဘာပေါ်မှာ ဒီပုလင်းမျိုး ဘယ်နှစ်လုံးလောက်သာ ကျန်တော့မယ် စတဲ့ စာရင်းဇယားတွေနဲ့ စုကြတာ။ ရှားပါးတဲ့ ပုလင်းကလေးတစ်လုံးရဖို့ မိုင်ပေါင်းများစွာကို လေယာဉ်ပျံနဲ့ သွားချင်သွားရတာ၊ ပုလင်းဝါသနာရှင် သူဌေးကြီး နှစ်ဦးသုံးဦးဟာ ပုလင်းကလေး တစ်လုံးအတွက် သန်းနဲ့ချီပြီး လေလံဆွဲချင် ဆွဲရတာ၊ သူဌေးတွေအလုပ်တဲ့ အလုပ်ကို မင်းဘာဖြစ်လို့ လုပ်နေရတာလဲ"ဟု ကျွန်ုပ်အလုပ်ရှင်ဟောင်းက ကျွန်ုပ်အား အပြစ်တင်လေတော့၏။ ကျွန်ုပ်လည်း သူ၏ ဆန်စက်တွင် အလုပ်လုပ်ခဲ့သော အလုပ်သမားတစ်ဦးသာဖြစ်၏။

"သူဌေးဖြစ်လို့တော့ မဟုတ်ဘူးပေါ့ဗျာ၊ ဝါသနာကပါ လို့ လက်လှမ်းမီသလောက် စုပြီး ကိုယ့်ဟာကိုယ် ကျေနပ်နေရတာပေါ့။ ဒါနဲ့ နေစမ်းပါဦး ခင်ဗျား အခု ဘာလုပ်နေလဲ"ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဘာလုပ်စရာရှိလို့လဲကွာ၊ ငါတို့ဟာ မင်းရဲ့ ပုလင်းလွတ်တွေလိုတော့ အသုံးမဝင်တော့ပါဘူး၊ ကားလေးစီး လိုင်းထဲထည့်ထားတယ်။ ငါးသားသုံးယောက်လဲ သင်္ဘောသားလုပ်ခိုင်းထားတယ်။ ငါ့အိမ်အောက်ထပ်ကိုတော့ တိုလီမိုလီ ရောင်းတဲ့စတိုး ဖွင့်ထားတယ်။

❖❖❖❖❖

အဲဒီစတိုးဆိုင်လေးနဲ့ ကပ်လျက်အခန်းမှာတော့ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင် ဖွင့်ထားတယ်။ ငါကတော့ တို့အရွယ် လူဟောင်းတွေရှိတဲ့ဆီကို လျှောက်လည်ပြီး စကားပြောလိုက်၊ တစ်ခါတလေလဲ နိုပ်သာသွားပြီး တရားဝင်လိုက်နဲ့ပဲ အချိန်ဖြုန်းနေရတော့တာပါပဲကွာ။ ငါ့ဘဝဟာ ရှေးဟောင်းပစ္စည်းတစ်ခုနဲ့ တူသွားပြီကွ”ဟု ကျွန်ုပ်၏ အလုပ်ရှင်ဟောင်းက ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က. . .

“ခင်ဗျား အခု တရားတွေ ဘာတွေ လိုက်စားနေပြီလား၊ အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ”ဟု ပြောလိုက်လေ၏။

“မင်းတို့ကလဲ ငါ့ဆီတောင် လာဖော်မရဘူး။ ငါ့ကို မေ့လျော့သွားပြီလား။ တကယ်တော့ ငါဟာ မင်းရဲ့ကျေးဇူးရှင်ကွ။ မင်းအမေကြီးသေတုန်းက သင်္ဂြိုဟ်စရိတ် မရှိလို့ ငါပဲ သင်္ဂြိုဟ်ခဲ့ရတာပဲကွ၊ မင်းအဖေကြီး ဆေးရုံတက်ရတုန်းကလဲ အဲဒီစရိတ်ကို ငါပဲ ထုတ်ပေးခဲ့ရတာ မဟုတ်လား။ အဲဒီကျေးဇူးတွေကို မမေ့ဘူးဆိုရင်တော့ ငါ့ဆီ တစ်ခေါက်တလေ လာသင့်တာပေါ့”ဟု ကျွန်ုပ်၏ အလုပ်ရှင်ဟောင်းက ကျွန်ုပ်အား ကျေးဇူးကန်းသူတစ်ဦးအဖြစ် စွပ်စွဲလေ၏။ ကျွန်ုပ်သည် ကျေးဇူးကန်းသူမဟုတ်၊ သို့ရာတွင် ၎င်းထံသို့ မရောက်ခဲ့သည်မှာလည်း အမှန်ပင်ဖြစ်၏။ ကျွန်ုပ်သည် လွန်စွာ စိတ်မကောင်းဖြစ်သွား၏။ ထို့ကြောင့် ဆင်ခြေအမျိုးမျိုးပေး၍ အလုပ်ရှင်ဟောင်းသူဌေးအား တောင်းပန်လိုက်ရလေ၏။ ထို့နောက် ကျွန်ုပ်၏ အလုပ်ရှင်ဟောင်းလည်း ပြန်သွားလေတော့၏။

ထိုသူပြန်သွားသောအခါ၌ ကျွန်ုပ်သည် စိတ်မကောင်းဖြစ်၍ ကျန်ခဲ့၏။ ကျွန်ုပ်သည် ကျေးဇူးကန်းသူ မဟုတ်ပါဘဲလျက် ထိုအလုပ်ရှင်ဟောင်းက ကျွန်ုပ်အား ကျေးဇူးကန်းသူဟု စွပ်စွဲသွား၏။ ဤယနေ့အဖို့ ကျွန်ုပ်သည် မည်သို့ဖြစ်သည်မသိ။ ကျွန်ုပ်၏ ပုလင်းဟောင်းများကလည်း ကျွန်ုပ်အား အတိတ်ကို မေ့ပစ်တတ်သူ၊ ကျေးဇူးကန်းသူဟု ပုတ်ခတ်ပြောဆို စွပ်စွဲကြ၏။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်၌ ပစ္စည်း





ဟောင်းများ၊ လူဟောင်းများသည် အဘယ်ကြောင့် ဤသို့လျှင် အပြစ်တင်ကြသနည်း။ ထိုအရာတို့သည် အတိတ်ကို ကိုယ်စားပြုသော အတိတ်၏ အမှတ်လက္ခဏာများ ဖြစ်၏။ ကျွန်ုပ်မှာမူ ပစ္စုပ္ပန်ကို ကိုယ်စားပြုသော ပစ္စုပ္ပန်၏ အမှတ်လက္ခဏာ ဖြစ်၏။

အစဉ်သဖြင့်ဆိုသလို အတိတ်သည် ပစ္စုပ္ပန်ကို အပြစ်မြင်တတ်၏။ ထိုအရာသည် သဘာဝဟုပင် ဆိုနိုင်၏။ ထို့ကြောင့် ကျွန်ုပ်သည် အတိတ်၏ ဝေဖန်ပြောဆိုမှုများကို အလေးအနက်ထားရန် မလိုသကဲ့သို့ မကျေမနပ်ဖြစ်ရန်လည်း အကြောင်းမရှိပေ။

သို့ရာတွင် ပစ္စုပ္ပန်ဖြစ်သော ကျွန်ုပ်က အတိတ်ကို အပြစ်မမြင်မိရန် အစဉ်သဖြင့် သတိပြုဖို့ လိုအပ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် အတိတ်ကို မဆက်ဆံနိုင်ဘဲနေလိုက နေနိုင်၏။ ထိုသို့ ကင်းကင်းရှင်းရှင်း နေနိုင်သော၊ သူစိမ်းပြင်ပြင်နေနိုင်သော အတိတ်အား ကျွန်ုပ်သည် အဘယ်ကြောင့် အပြစ်တင်မည်နည်း။

ဤသို့ အပြစ်တင်လျှင်ကော တရားပါမည်လား။ ထို့ထက် ဆိုရပါမူ ပစ္စုပ္ပန်သည်လည်း နောင်တချိန်၌ အတိတ်ဖြစ်သွားဦးမည် မဟုတ်ပါလား။ ထို့ထက် ထပ်၍ဆိုရပါမူ အနာဂတ်များသည်လည်း ပစ္စုပ္ပန်များ၊ အတိတ်များ ဖြစ်သွားဦးမည် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ဘယ်မှာလဲ ယခု၊ ဘယ်မှာလဲ ယခင်၊ ဘယ်မှာလဲ နောင်အခါ။ ဤသို့လျှင် တစ်ခုတည်း၊ တစ်ပေါင်းတည်း နားလည်ရမည့် အရာများကို ကျွန်ုပ်သည် အဘယ်အတွက်ကြောင့် အပိုင်းပိုင်း၊ အကန့်အကန့်လုပ်၍ မကျေမနပ်ဖြစ်စရာလိုမည်နည်း။

ထို့ကြောင့် ကျွန်ုပ်သည် အတိတ်ကိုလည်း အတိတ်အဖြစ် ကျေနပ်၏။ ပစ္စုပ္ပန်ကိုလည်း ပစ္စုပ္ပန်အနေဖြင့် ကျေနပ်၏။ အနာဂတ်ကိုလည်း အနာဂတ်အဖြစ်ဖြင့် ကျေနပ်နေဦးမည်သာ ဖြစ်ပေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**

